www.burmeseclassic.com


စိမ်းရောင်စိုစာပေ

# ဒုံ့မောင်

# လက်ပံတောင်းတောင်

## အရေးအခင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

29 JAN 2013

# လက်ပံတောင်းတောင် အရေးအခင်း

အုံမောင်

BURMESE CLASSIC .com

အသက်(၈၀) ပြည့် အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုပိုမို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား ရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# စိမ်းရောင်စိုစာပေ

တာအုပ်အမှတ် ( ၁၀ )

စိမ်းရောင်စိုစာပေ

**စိမ်းရောင်စိုစာပေ**

အမှတ် ၁၅၉ - (က)၊ ရွှေတိဂုံဘုရားလမ်း၊

ဘုရားကြီးရပ်ကွက်၊ ဒဂုံစာတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

ဖုန်း ၀၁ - ၃၇၄၇၁၄

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

# လက်ပံတောင်းတောင်အရေးအခင်း
**အံ့မောင်**

| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ပထမအကြိမ် (ဇန်နဝါရီလ ၊ ၂၀၁၃) |
| မျက်နှာဖုံးပန်းချီ | - | ဘိုစော |
| ထုတ်ဝေသူ | - | ပန်းဝေဝေစာပေ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | နန်းသဇင်ပုံနှိပ်တိုက် အမှတ် ၂၉၄/၁၉၆၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| စာအုပ်ချုပ် | - | ကိုမြင့်လွင် |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

၉၂၃

**အံ့မောင်**

**လက်ပံတောင်းတောင်အရေးအခင်း/အံ့မောင်၊ ရန်ကုန်**
**ပန်းဝေဝေစာပေ၊ ၂၀၁၂။**

**၂၄၀ - စာ၊ အလျား ၁၂.၉ × အနံ ၂၁ စင်တီ**

**(၁) လက်ပံတောင်းတောင်အရေးအခင်း**





၂၀၁၂ ခုနှစ် မုံရွာမှ စစ ပြည့်များ
ဦးစန်းမောင်၊ ဦးအေးဖေ၊ ဦးအံ့မောင်၊ မနေထွန်း၊ အောင်သာစံ
(၂၅-၇-၂၀၁၂ ဦးဝင်းမောင် အိမ်)

www.burmeseclassic.com



## မာတိကာ


၁။ ကမ္ဘာကိုအကောင်းဆုံးလက်ဆောင်ပေးကြရအောင် .. ၁

၂။ ကြမ်းတမ်းမှုမှ သိမ်မွေ့မှုသို့ .. ၁

၃။ ပြည်သူ့ညီလာခံ၊ ပြည်သူ့ကြွေးကြော်သံ .. ၂

၄။ ပြည်သူတွေပိုင်တဲ့ လက်ပံတောင်းတောင်ကို အဖြိုမခံနိုင်ဘူး .. ၂

၅။ လက်ပံတောင်းတောင်ကို ပျောက်သွားအောင် . . . .. ၃

၆။ လက်ပံတောင်းကြေးနီအရေး ပြည်သူ့ဆန္ဒကိုလေးစားကြ .. ၄

၇။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍. . . .. ၄

၈။ သမိုင်းတရားခံနာမည်မည်း စာရင်းကြီးထဲ အသွင်းခံရပါလိမ့်မယ် .. ၅

၉။ ရှစ်လေးလုံးကျောင်းသားများကို အရှင်လတ်လတ်တွေ့ရခြင်း .. ၅

၁၀။ မုံရွာလက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ဖျက်သိမ်းပါ .. ၆

၁၁။ မုံရွာမြို့၏ မြလည်ဆွဲကြီး ပျောက်ဆုံးတော့မည် .. ၆

၁၂။ တန်ပိုဂိတ်မှ ငြိမ်းချမ်းရေးသို့ .. ၇

၁၃။ အရောင်ကလေးတွေနဲ့ သတင်းစာတွေ .. ၇

၁၄။ ရွှေလမ်းငွေလမ်း သွယ်တန်းရေး .. ၇

၁၅။ လက်ပံတောင်းတောင်အရေးမှာ မဖြစ်မနေလုပ်ရမယ့်အချက် .. ၈

၁၆။ နောက်မဆုတ်ဘူးဆိုရင် အဆုံးရှုံးကြီး ဆုံးရှုံးကြပါလိမ့်မယ် .. ၈

၁၇။ ဝမ်းဘောင်ချူးချိ .. ၉

၁၈။ ဗိုလ်ချုပ်အောင်ဆန်း၏ခေါင်းပေါ်မှာ ခိုကလေးနားနေသည် .. ၁၀

၁၉။ ပြည်ညောင်ပင်ကြီး ပြိုလဲပြီ .. ၁၀

၂၀။ ငြိမ်းချမ်းသစ်ပင် စိုက်ပျိုးသူများ .. ၁၁

၂၁။ နေရာဟောင်းကို လွမ်းအောက်မေ့တာ .. ၁၁

၂၂။ ကံရာဇာကြီး ကံရာဇာယ်ပုံပြင်မှစ၍ .. ၁၂

၂၃။ ဗန်းမော်ညီနဲ့ (သို့မဟုတ်) အသံငြိမ်သူရဲကောင်း .. ၁၂

၂၄။ အိုပင်း ဆက်ဆမီ (Open Sesame!) ရွှေသော့ကြီး ရပြီလား .. ၁၃

၂၅။ ငြိမ်းချမ်းရေးကို တကယ်လုပ်ကြပါ .. ၁၃

၂၆။ လွမ်းငွေ့ဝေဝေ မြန်နန္ဒာရေ .. ၁၃

၂၇။ လေမှော်လျှင် ရဲရောက်ကြလိမ့်မယ် .. ၁၄

၂၈။ ကင်းခြေများကြီးရဲ့ ကျောပေါ်မှာ တွားသွားခြင်း .. ၁၄




## ကဗျာကဏ္ဍ


တောင်နဲ့လူ .. ၁၉၆

တောင်လက်ပံတောင်း မပျက်ကောင်း .. ၁၉၈

ပြည်သူ့ သူရဲကောင်းများ .. ၁၉၉

ဇီဝပင်ငယ်များသို့ .. ၂၀၀

WE NEVER AGREE ၊ သဘောမတူ .. ၂၀၂

Letbadaung mustn't be dest royed! .. ၂၀၃

အလုပ်သမားနဲ့ အလုပ်ရှင် ၊ Worker and Employer .. ၂၀၄

လားရာ သွားရာ ၊ The Way .. ၂၀၅

ဆန်ကော၊ ဆန်ခါ Sift it up! .. ၂၀၆

တီဗီဖမ်းစားခြင်း ၊ TV Spell .. ၂၀၇

မျက်ခြည်မပြတ်နဲ့ ၊ Shoulder a Mountain .. ၂၀၈

လူငယ် ၊ To the youth .. ၂၀၉

ရှစ်ဆယ် ၊ Eighty .. ၂၁၀

ခေါင်းလောင်း ၊ Good Gobe Mance .. ၂၁၁

ကျေးဇူး ၊ Grate Fulness .. ၂၁၂

နာဂစ်ထက်ဆိုး ကပ်ဆိုးများ .. ၂၁၃

မနေသာ ၊ Keep away .. ၂၁၄

ဆေး ၊ The medicine .. ၂၁၅

ကိုယ်ချင်းစာတရား .. ၂၁၆

ဘီလူးနက် .. ၂၁၇

လက်ပံတောင်းတောင်ကိုကာကွယ် ၊ Defend our Mountain .. ၂၁၉

၅၀။ တောင်ပျောက်မခံနိုင် ၊ We can't lose the mountain .. ၂၂၀


## နောက်ဆက်တွဲ ကဏ္ဍ


၅၁။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ၄၀ နှစ်မြောက်နေ့သို့ မေတ္တာလွှာ ..

၅၂။ လက်ပံတောင်းတောင် ပြည်သူ့ညီလာခံမှ ဆုံးဖြတ်ချက်(၂၆)ချက် ..

၅၃။ လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီ ..

၅၄။ လက်ပံတောင်တောင် အကြမ်းဖက်တိုက်ဖျက်ခြင်းကို ရှုံ့ချသည် ..

၅၅။ တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ပေးစာ ..

၅၆။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်သမ္မတပေးစာ ..


www.burmeseclassic.com

www.burmeseclassic.com



လက်ပံတောင်းတောင် မပျောက်ရေး ... တို့အရေး

လက်ပံတောင်းတောင် မပျောက်ရေး ... တို့အရေး

လက်ပံတောင်းတောင် မပျောက်ရေး ... တို့အရေး



**လက်ပံတောင်းတောင်အရေးနှင့်ပတ်သက်၍**

၁။ လက်ပံတောင်းတောင် မပျောက်ကွယ်ရေးမှာ အဓိကဖြစ်ပါသည်။

၂။ အခြားအရေးကိစ္စများမှာ လက်အောက်ခံ ကိစ္စငယ်များသာဖြစ်ပါသည်။

၃။ အဓိကကိစ္စကို အဓိကနေရာမှာထား၍

၄။ လက်အောက်ခံကိစ္စကို လက်အောက်ခံနေရာမှာ ထား၍

၅။ စဉ်းစားဆွေးနွေးဆုံးဖြတ်ရန် အရေးကြီးပါသည်။

၆။ လူထုမျက်စိထဲ သဲပက်၍ လှည့်ဖြားခြင်းမပြုကြရန် လိုသည်။

၇။ မြန်မာ့အရေးအတွက် မြန်မာအားလုံး ညီညွတ်ကြပါစို့။

www.burmeseclassic.com

www.burmeseclassic.com





ချင်းတွင်းမြစ် နှင့် လက်ပံတောင်းတောင် ကိုကြည့်၍
မရကာနသသတိဘာဝနာပွားနေသော သံဃာတော်တစ်ပါး



လက်ပံတောင်းတောင် အတွင်းပိုင်းကို
တရုတ်ဝမ်ပေါင်ကုမ္ပဏီက ရုတ်ထစ်လှီးဖြတ်ထားပုံ





## ကမ္ဘာကို အကောင်းဆုံး လက်ဆောင်ပေးကြရအောင်

မြန်မာနိုင်ငံမှာ သယံဇာတ မြေပေါ်၊ မြေအောက် ပစ္စည်းကောင်းတွေ ပေါများကြွယ်ဝသည့် နိုင်ငံဟု အများသိကြပါသည်။ မြန်မာမြေကြီးက စိုက်လိုက်သည့်အပင် အသီးသီးသည်၊ အပွင့်ပွင့် သည်။ မြန်မာသစ်တောတွေက အကောင်းဆုံး လူသုံးသစ်သားတွေပေးသည်။ မြန်မာတောင်တွေက အဖိုးတန်ဓာတ်သတ္တုများကို ဝမ်းတွင် လွယ်ပေးထားသည်။ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းစသော ကျောက်မျက်အမြုတေများကို ပေးသည်။

မြန်မာလူသားများကလည်း ချစ်စရာ အကောင်းဆုံး အပြုံးကို ပိုင်သူများဖြစ်သည်။ ထိုအပြုံးမှာ ရင်ထဲရှိ မေတ္တာဓာတ်မှ ဖူးပွင့်လာသော ပန်းဖြစ်သည်။ စိတ်ကောင်းထားဖို့က ပထမဟူသော မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ အဆုံးအမကို ရင်ထဲ အသည်းနှလုံးထဲမှာ မြဲမြဲထားသော လူမျိုးဖြစ်သည်။

သို့ရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် အုပ်စိုးခဲ့ကြသူ ခေါင်းပေါင်းများ၊ ဦးထုပ်များ၏ ရင်တွင်းမကောင်းမှု၊ အစီအမံ မတတ်



www.burmeseclassic.com

www.burmeseclassic.com



ရှုတို့ကြောင့် ဝန်းလိုလှ၊ ပန်းလို လန်းသော မြန်မာနိုင်ငံ၊ မြန်မာ လူမျိုးတို့မှာ ဝန်းလိုညှိုးခဲ့ရပါသည်။ ကမ္ဘာတွင် မျက်နှာငယ်ခဲ့ရပါသည်။ မြန်မာ့ အားသမီးများ သူများခြေထောက်အောက် ရောက်ရသည်။ သူများခြေတော်တင်ခံရသည်။

ယခုလည်း မြန်မာနိုင်ငံကို 'တံခါးဖွင့်' ပေးလိုက်သည်ဆိုသော အခါ အနိုင်နိုင်ငံမှ လူများ ဝေါခနဲ ဝုန်းခနဲ ဝင်လာကြစရာရှိသည်။ မြန်မာ့ကြွယ်ဝပစ္စည်းတို့ကို မြန်မာတို့က ထုတ်ယူသုံးစွဲနိုင်သော အင်အားနှင့် အတတ်ပညာမရှိမပြည့်စုံသောအခါ ထိုနိုင်ငံခြားသားများက ထုတ်ယူသုံးစွဲကြမည်၊ မြန်မာလူမျိုးတို့၏ ဦးခေါင်း၊ ခြေလက်၊ ကာယတို့ကိုလည်း ထိုနိုင်ငံခြားသားတို့က ခိုင်းစေအသုံးချကြလိမ့်မည်။ ယခုခေတ်မှာကား ထိုသို့နိုင်ငံခြားသားများ ငွေထုပ်ပိုက်ဝင်လာ၊ အတတ်ပညာထမ်းပြီး ဝင်လာခြင်းကို မင်္ဂလာကြီးတစ်ပါးအဖြစ် ကြိုဆိုနေကြသည်။ တိုင်းပြည်ဖွံ့ဖြိုးရေးဆိုသော အမျှော် (အမြော်မဟုတ်ပါ) အမြင်ဖြင့် ကြိုနေကြခြင်း ဖြစ်သည်။

ထို'ဖွံ့ဖြိုးရေး'ဆိုသော ကိစ္စကြီးမှာ ကျွန်တော်တို့တိုင်းပြည်၏ မြေများသြဇာခန်းရခြင်း၊ ပျက်စီးရခြင်းလည်း ဖြစ်လာပါသည်။ ကျွန်တော်တို့ သစ်တောများ မြေတလင်းဖြစ်ရသည်။ ကျွန်တော်တို့တောင်များ ကတုံးဖြစ်ရသည်။ ကျွန်တော့်သားများက ကားသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ရာ ကချင်ပြည်နယ် ဖားကန့်နယ်တစ်ဝိုက်ရှိ ကျောက်စိမ်းတောတောင်များတွင် နိုင်ငံခြားသားတို့ ကျောက်စိမ်းတူးဖော်ကြသည်မှာ ဧရာမစက်ကြီးများကိုသုံး၍ ခုတ်ထစ်တူးဖော်ကြသည့်အတွက် တောင်ပြိုတောပျက် ဧရိယာကြီးမှာ မော်တော်ကားမောင်း၍ မဆုံးနိုင်အောင် ရှည်ဝေးကျယ်ပြော





သည်ဟုသိရသည်။ အဝိစိရောက်အောင်များ သူတို့တူးယူကြမလားမသိ။ ကချင်ပြည်နယ်တွင်းရှိကြွယ်ဝထူထပ်လှသော သစ်တောကြီးများကို သူတို့ခုတ်ယူကြသည်မှာလည်း တောင်ကတုံး၊ မြေကတုံးတွေ ဖြစ်ကုန်ပြီ။ လာဘ်ပေးလာဘ်ယူစနစ်ကြီးကိုကျင့်သုံး၍ ထိုးပေးအပ်ကြလျှင် လောဘဆိုးလှသော နိုင်ငံခြားသားတို့ လက်တွင် တိုင်းပြည်မှာ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားနိုင်ပါသည်။ ဂျပန့်လက်ထက်က ကလေးတွေ ဆိုကြသော သီချင်းစကလေးကို ကြားမိနေသည်။ မာစတာကြီးက တိုကျိုပြန်၊ ဗိုက်တစ်လုံးနဲ့ကျန်။ ကျွန်တော်တို့ တိုင်းသူ ပြည်သားများမှာ ဗိုက်တစ်လုံးနဲ့ ကျန်ရမှာလား။ အပျိုရည်ပျက် အနှိပ်တော်ဆက်ဘဝ ရောက်ကြရမှာလား။ အစဉ်အဆက် နှစ် ၆၀ ကျော် အမှားအယွင်းကြီးများ လုပ်ခဲ့ကြသော စနစ်မှ ပွင့်လင်းစနစ်၊ ပြည်သူ့စနစ်၊ ငြိမ်းချမ်းဘဝ၊ လွတ်လပ်ဘဝ ပြောင်းကြမှ တိုင်းပြည်သည် လူ့ငရဲဘဝကြီးမှ လွတ်တော့မည်။

အချို့ကလည်း mind set ပြောင်းဖို့ အရေးကြီးသည်ဆိုသည်။ တိုင်းပြည်မှာ ငြိမ်းချမ်းရေးက ပထမ၊ လွတ်လပ်မှုတွေ ရရှိရေးက ဒုတိယ၊ တရားမျှတရေးက တတိယ၊ သန့်ရှင်းရေး (လာဘ်မစား အကျင့်မပျက်ရေး) က စတုတ္ထဟု တွေးမိပါသည်။ အထက်ပါ အချင်းချင်းဆက်နွယ်၍လည်း နေပါသည်။ ကိုယ်ကျိုးထက် တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုး အဓိကထားလာကြလျှင် ထို mind set ဆိုသော အရာလည်း ပြောင်းလာနိုင်မည်ထင်ပါသည်။ သို့သော် ငြိမ်းချမ်းရေး မရှိလျှင်တော့ လုပ်သမျှ ပျက်မည်သာ ဖြစ်ပါလိမ့်မည် ခင်ဗျား။

ဟိုတုန်းက ဝန်ကြီးချုပ်ဦးနုလည်း လာဘ်မစားရေး၊ ခြမစား ရေးစာရိတ္တမကျိုင် ကြံ့ခိုင်ရေး၊ ဘိုးသုညတွေ ပပျောက်ရေးကို လော်ဒ်ပီကာ



www.burmeseclassic.com

www.burmeseclassic.com



အလုံးတစ်ကုဋေသုံး၍ လုပ်ခဲ့ပါသည်။ သို့သော် ပြည်တွင်းစစ်ကြီးကို တိုက်နေတော့ ဦးနု ကောင်းကောင်းမွန်မွန် ဘာမျှလုပ်မရပါ။ သူသာ ပြုတ်သွားခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းလည်း စီးပွားရေးကို ပြည်သူပိုင် သိမ်းခြင်းမှ စ၍ 'ဆိုရှယ်လစ်' 'တော်လှန်ရေးကြီး' ဟီးထအောင်လုပ်ခဲ့ပါသည်။ သို့သော် ပြည်တွင်းစစ်ကြီးကို မလွှတ်တမ်းမလျှော့တမ်း တိုက်တော့ တိုင်းပြည်လည်း LDC အမွဲဘဝရောက်သွားပြီး လူမလေး၊ ခွေးမခန့် ဖြစ်ကာ သူ့အစိုးရလည်း ပြုတ်၊ သူ့ဘဝလည်း မလှမပ ဇာတ်သိမ်းခဲ့ရသည်။

ထို့ကြောင့် ပြန်ပြောချင်သည်။ ပြည်တွင်းစစ် တိုက်နေသမျှ တော့ တိုင်းပြည်ကောင်းအောင် ဘယ်လိုလုပ်လုပ် မရပါဘူး။

ငြိမ်းချမ်းရေးလုပ်ကြပါ။ ကိုယ့်နိုင်ငံသားတွေ အချင်းချင်း ရိုးရိုးသားသား ဆွေးနွေးကြပါ။ လောဘစိတ်ဆိုးကြီးတွေကို သတိထား ချုပ်ထိန်း ကြပါ။ ဒေါသကို ပိုချုပ်ထိန်းကြပါ။ ရောမကိုယ်ကျိုးကြီးတွေ မတည်ဆောက် ချင်ကြပါနှင့်။ ဗုဒ္ဓဘာသာနိုင်ငံတွင် ဘုရားအဆုံးအမ သစ္စာလေးပါး မတတ်နိုင်တောင် မေတ္တာတရားတော့ ကျင့်သုံးကြပါ။ အပြောမဟုတ်၊ ဝါဒဖြန့်မဟုတ်၊ တကယ်၊ မေတ္တာတရား ကျင့်သုံးကြပါ။ တိုင်းပြည်တကယ် ပြောင်းလာပါလိမ့်မည်။ မေတ္တာတရားသည် တိုင်းပြည်ကို အကောင်းဘက်သို့ တကယ်ပြောင်းလာစေနိုင်မည့် အကောင်းဆုံး အသေချာဆုံး ဘုရားဆေး တော်ကြီး ဖြစ်ပါသည်။

ကျွန်တော် တစ်ခုပြောချင်သည်။ ကျွန်တော့် စကားကို ကြိုက်ချင်မှ ကြိုက်ပါမည်။ နှိမ်-လိမ်-ဇိမ် လမ်းကြောင်းကြီးကို စွန့်သင့်ပါသည်။





လူတွေကို အင်အားသုံး၍ အကြမ်းဖက်၍ နှိမ်နင်းသည်။ ထိုနှိမ်နင်းမှုနှင့် ပတ်သက်ဆက်စပ်ပြီး မမှန်စကားတွေပြောသည်၊ လိမ်သည်။ အာဏာရှိသူများက မတန်တဆဥစ္စာပစ္စည်းရအောင် လုပ်ယူကြပြီး ဇိမ်ကြီးတွေနှင့်နေသည်။ ထို နှိမ်လိမ်ဇိမ်လမ်းမှာ တိုင်းပြည်ကောင်း မည့်လမ်းဟု မထင်ပါ။ မေတ္တာလမ်းပေါ်သို့ ခိုင်ခိုင်မြဲမြဲ တက်လိုက် ကြပါ။ တိုင်းပြည်လည်း ကောင်းလိမ့်မည်။ အာဏာရှိသူများ၊ သူတို့ မိသားစု၊ ဆွေမျိုး အဝန်းအဝိုင်းသည်များလည်း စိတ်၏ချမ်းသာ ခြင်း၊ ကိုယ်၏ ချမ်းသာခြင်း တကယ်ရလာကြပါလိမ့်မည်။ ထိုလမ်းမှာ ဗုဒ္ဓလိုလားသောလမ်း၊ ပြည်သူကြိုဆိုနှစ်ခြိုက်တွေးသောလမ်း၊ ထိုလမ်းသည် ယခုခေတ်လူတွေ ပြောနေကြသော အကောင်းဆုံး ဒီမိုကရေစီလမ်း။

ဗုဒ္ဓ၏ သားသမီးများ နေထိုင်ကြသော မြန်မာနိုင်ငံက ဗုဒ္ဓလမ်းကို အပြောမဟုတ်၊ အပြမဟုတ်၊ ဝါဒဖြန့်ရုံမဟုတ်၊ အဟုတ်တကယ် ကျင့်သုံးခြင်းဖြင့် လူတွေစိတ်ချမ်းသာ ကိုယ်ချမ်းသာကြသော အကောင်း ဆုံး၊ အလှဆုံး နိုင်ငံကို တည်ဆောက်နိုင်ပါသည်။ ထိုနည်းဖြင့် ကျွန်တော် တို့က တမ္ဘာကြီးအား အကောင်းဆုံးလက်ဆောင်၊ အကောင်းဆုံး စံနမူနာ the best contri bution ပေးနိုင်ပါသည်။ ဗုဒ္ဓလမ်းသည် တကယ် လုပ်လျှင် တကယ်ချမ်းသာကြပါလိမ့်မည်။

မေတ္တာရေသည် အသန့်ရှင်းဆုံး ရေဖြစ်သည်။ ကျွန်တော်တို့ စိတ်တွေကို မေတ္တာရေနှင့် ဆေးကြောကြစို့။

အံ့မောင်

၄-၁၂-၂၀၁၂ မုံရွာ


မှတ်ချက်။ ။ ကျွန်တော်၏ အသက် ၈၀ မွေးနေ့လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com





၂၉-၁၂-၂၀၁၂က
လက်ပံတောင်းတောင် သပိတ်စခန်းများကို ပစ်ခတ်ဖြိုခွဲသော
ပုံး၏အခွံ
- - - - - - - နှင့် မီးခိုး ဟု အင်္ဂလိပ်လို ရေးထားသည်





## ကြမ်းတမ်းမှုမှ သိမ်မွေ့မှုသို့

၂၉-၁၁-၂၀၁၂ အရုဏ်မတက်မီ သုံးနာရီခန့်တွင် အာဏာပိုင်တို့က လက်ပံတောင်းတောင်ရှိ ကြေးနီစီမံကိန်းကို ကန့်ကွက်ဆန္ဒပြနေကြသော သံဃာတော်များနှင့် လူထုများ၏ သပိတ်စခန်းတို့ကို ပြင်းထန်လက်နက်များသုံး၍ တိုက်ခိုက်ဖြိုခွဲသည်။

ထိုသို့ တိုက်ခိုက်ရာတွင် ထူးခြားသော မီးလောင်ဗုံးများကို သုံးသည်ဟု စွပ်စွဲသံများဆူညံနေသည်။ ထိုမီးလောင်ဗုံးဆိုသည့် ဗုံးခွံများတို့ မြင်တွေ့ရသည်။ အရှည် ၅ လက်မခန့်၊ အလျား ၂ လက်မခန့်၊ အနံ ၁ လက်မခွဲခန့်ရှိမည်ထင်သည်။ လေးထောင့်ဘူးပုံ။ ထိုဗုံးသည် မြေကြီးကိုထောက်ပြီး ထန်းပင်တစ်ရပ်ခန့်အမြင့်သို့ တက်သွားကာ မီးပွားများ ပြန့်လွင့်ဖြာကျပြီး ကျသည့်နေရာတွင် မီးလောင်သည်ဟု ဆိုသည်။ အထူးသဖြင့် ရေရှိသော နေရာများတွင် ရေနှင့်ထိသမျှ မီးထတောက်သည်ဟု ဆိုသည်။ အချို့ကလည်း White phosphorus bomb ဟု



www.burmeseclassic.com

www.burmeseclassic.com

ပြောကြသည်။ စာတုပါမောက္ခ ဒေါက်တာခင်မောင်ညိုကဆိုဒီယံခာတ်ပါသော မီးလောင်ပုံး နပမ်းပုံးမျိုးဖြစ်သည်ဟု ယူဆ ကြောင်းပြောသည်။ အခုနှင့် ပေါ်လာမှာပါပဲ။ မျက်ရည်ယိုပုံးသာ သုံးပါသည်ဟု သက်ဆိုင်ရာတို့က ပြောသည်။ ကျွန်တော်တို့တွေ့ဆုံဖူးသော မျက်ရည်ယိုပုံးကား ဤပုံမဟုတ်။ မျက်ရည်ယိုပုံးကြောင့် မီးလောင်သည်ဟုလည်း မကြားဖူးပါ။ ကဲ ပေါ်မှာပါ။ နှစ်ရှက် ရှက်ရတတ်တယ်။

ဤတိုက်ခိုက်မှုကြောင့် သံဃာတော် အပါး ၇၀ ခန့်နှင့် လူ ၅၀ ခန့် ဒဏ်ရာရသည်ဟု သိရသည်။ ပိုသေးသလားမသိ။ မြင်လိုက်ရသည့် ဒဏ်ရာရ သံဃာတော်တစ်ပါးမှာ မျက်စိဖွင့်မရတော့။ ပျက်စီးမည်လားမသိ။ အခြားသံဃာတော်တစ်ပါးမှာ ခြေသလုံးတွင် မီးလောင်၍ အရေပြားအချပ်လိုက်ကွာကျသွားသည်ထင်သည်။ ဤမီးလောင်နာတို့မှာ ရက်ပေါင်းများစွာ၊ လများစွာကြာအောင် ကုရသည်ဟု ဆိုသည်။ အသက် အန္တရာယ်ပင်ရှိသည်ဟု ပြောကြသည်။

ရှစ်ဆယ့်ရှစ်ကျောင်းသားများ မုံရွာသို့ ရောက်လာ၍ သူတို့နှင့် အတူ ဇောတိကာရာမကျောင်း ဆရာတော်ကြီးအား ဖူးကြသည်။ သက်တော် ၉၀ တန်း ဆရာတော်ကြီးက၊ ဘုရားကို ထိပ်ခေါက်ပြီးမှ တောင်းပန်လို့တော့ ကျေအေးခြင်းမဖြစ်နိုင်တော့ဘူးဟု အမိန့်ရှိသည်။ ရန်ကုန် မှ ရွှေညဝါဆရာတော်ကိုလည်း မုံရွာဆေးရုံထဲတွင် တွေ့သည်။ ဒဏ်ရာရ သံဃာတော်များကို ကူညီစောင့်ရှောက်ရန် ကြွလာခြင်းဖြစ်သည်။ ရှစ်ဆယ့်ရှစ် မျိုးဆက် ကျောင်းသားတွေကလည်း နှစ်ဆယ်ကျော်၊ ကိုမင်းကိုနိုင်၊ ကိုကိုကြီး တို့မှစ၍ အားလုံးလာသည်။ ပြည်သူတို့အရေးကို ပြည်သူများက ဝိုင်းဝန်းကူညီခြင်း။





နေရာပေါင်းစုံမှ ကန့်ကွက်ရှုတ်ချသံများ ထွက်လာသည်။ နိုင်ငံများအထိ ကန့်ကွက်လှိုင်းများ ရိုက်သွားသည်။ ခပ်ရှုပ်ရှုပ်ရှင်းလင်းချက်များ ဖတ်ရသည်။ မင်းတို့ဟာ ဟုတ်မှ ဟုတ်ကြရဲ့လားကွယ်ရို့ဟု တချို့ကလည်း မေးချင်ပုံ ပေါ်သည်။ ကန့်ကွက်ဆန္ဒပြပွဲများ မြို့ပေါင်းများစွာတွင် ထွက်ပေါ်လာသည်။ တိုက်ခိုက်နှိမ်နှင်းခံရပြီးစ လက်ပံတောင်းဒေသမှာပင် ကန့်ကွက်ပွဲလုပ်ကြသည်။

အစတုန်းကတော့ ဆော်ထည့်ပစ်လိုက်ပြီးရောဟု အောက်မေ့ကြပုံပေါ်သည်။ ဩော်-မပြီးပါကလား၊ နောက်ဆက်တွဲတွေ၊ နောက်ဆက်တွဲတွေ၊ မတွေ့ဆုံ မဆွေးနွေးချင်သူတွေနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းစေ့စပ်ကြရတာပါပဲ။ စားပွဲမှာ ဖြေရှင်းကြရတာပါပဲ။ သေနတ်ကို သုံးလို့မပြီး၊ ပါးစပ်ကိုသုံးမှ ပြီးသည်။ နှစ်ဘက်ပြေလည်စွာ။

ကြမ်းတမ်းခြင်းမှ သိမ်မွေ့ခြင်းသို့ ရွေ့ပြောင်းကြရသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ဆက်လုပ်သင့်သလား၊ ရပ်သင့်သလား။

လုပ်သင့်သည်ဟု တင်ပြလိုသည့်ဘက်က၊ ဤကိစ္စမှာ နှစ်နိုင်ငံစာချုပ်ချုပ်ထားပြီးဖြစ်သည်။ အရင်းစိုက်ထုတ်မှုလည်း ဒေါ်လာသန်းတစ်ထောင်နီးပါး ထည့်ဝင်ပြီးပြီ၊ ဤအလုပ်ကို ဆက်လုပ်လျှင် နှစ်နိုင်ငံလုံးအကျိုးရှိမည်၊ ဤစာချုပ်ကိုဖျက်လျှင် မြန်မာနိုင်ငံတွင် အရင်းမြှုပ်နှံဖို့ အခြားနိုင်ငံများကပါ ကြောက်သွားမည်၊ ထို့ပြင် နစ်နာကြေးများလည်း တနင့်တပိုး ပေးရလိမ့်မည်၊ မြန်မာနိုင်ငံလည်း ကမ္ဘာတွင် နာမည်အိုသွား၍ ထိခိုက်လိမ့်မည်ဆိုကြသည်။

ရပ်သင့်သည်ဟု တင်ပြလိုသည့်ဘက်က၊ ကြေးနီလုပ်ငန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်လျှင် လက်ပံတောင်းတောင်ကြီး ပျောက်သွားလိမ့်မည်၊ တောင် မပျောက်စေချင်လျှင် ကြေးနီလုပ်ငန်းကို လုပ်ကိုမလုပ်မှဖြစ်မည်။ လျှော့ လုပ်ပါဆို၍လည်းမဖြစ်။ ဤစီမံကိန်းကို လုံး၀ ရပ်သိမ်းမှသာ ဖြစ်မည်။ ဤ စီမံကိန်းကိုလုပ်လျှင် တောင်ကြီးနှင့်တစ်မိုင် နှစ်မိုင်သာဝေးသော ချင်းတွင်းမြစ်ကြီးမှာ အန္တရာယ်ကြီးစွာ ဆိုက်ရောက်နိုင်သည်။ နှစ်မိုင်မျှ ကွာသော မုံရွာမြို့ကြီးလည်း လေဘေးဆိုး၊ ရေဘေးဆိုးကြီးများ ကျ ရောက်နိုင်မည်။ ရာသီဥတုလည်း မိုးခေါင်မှု၊ ပူပြင်းမှု ပို၍ဖြစ်မည်၊ ဤဒေသ စိုက်ပျိုးရေး လုပ်ငန်းများကို ထိခိုက်မည်၊ မြစ်ထဲရှိ ရေနေသတ္တဝါ များလည်း သေပျောက်ကြဖွယ်ရာရှိသည်။ လူတို့၏ ကျန်းမာရေး၊ အသက် ရှည်ရေးလည်း ထိခိုက်နိုင်သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမျိုးမျ ိုးကို ထိခိုက်နိုင်သည်။ ဒေသခံတို့ လွယ်လင့်တကူ ဆွတ်ယူစားသုံးရောင်းချ နိုင်သော တောင်ပေါ်သဘာဝစိုက်ခင်းကြီးလည်း ပျက်သွားမည်။ စားကျက် မြေများပျက်စီး၍ နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမည်။ သောက်ရေရှားမည်၊ မြေနှင့်ရေ အဆိပ်သင့်မည်။

အထက်ပါ စဉ်းစားချက်များတွင် နိုင်ငံခြား အရင်းမြှုပ်နှံသူများက ကြောက်သွားဖွယ်ရာရှိသည်ဆိုသော အချက်ကား လုံး၀ မဖြစ်နိုင်ပါချေ။ တရုတ်ပြည်နှင့် စာချုပ်များချုပ်ခဲ့ရခြင်းမှာ နှစ်ဦး နှစ်ဘက် တန်းတူရည် တူနှင့် နှစ်ဘက်အကျိုးတူ ချုပ်ဆိုလုပ်ကိုင်ခဲ့ရခြင်း မဟုတ်ကြောင်းကို ကမ္ဘာ့နိုင်ငံများက သိပြီးဖြစ်ပါသည်။ dejure အစိုးရမဟုတ်၊ de facto အစိုးရနှင့် ချုပ်ခြင်းဖြစ်သည်။ ထိုကတိကဝတ်များ ချွတ်ယွင်းသည် ပျက်သည် ဆိုပါသော်လည်း မြန်မာနိုင်ငံသည် အထူးသဖြင့် နောက်ပိုင်းဆက်ဆံ လုပ်ကိုင်သော အခြားနိုင်ငံများနှင့် ကတိကဝတ် များကို ချိုးဖျက်လိမ့်မည်





မဟုတ်ကြောင်း ကမ္ဘာ့နိုင်ငံများက သိမြင်ကြ ယုံကြည်ကြပါလိမ့်မည်။ ထိုစိုးရိမ်ချက်မှာ စိုးရိမ်စရာမလိုပါပေ။

ခြုံ၍ကြည့်ပါလျှင် လက်ပံတောင်းတောင် ကြေးနီ စီမံကိန်း သည် မြန်မာနိုင်ငံ ပြည်သူတို့၏ အကျိုးနှင့်လည်း ဆန့်ကျင်သည်၊ ပြည်သူ့ ဆန္ဒနှင့်လည်း ဆန့်ကျင်သည်။ အရှည်မျှော်ကြည့်သော် နိုင်ငံ့အကျိုး၊ ဒေသအကျိုးတွေနှင့်လည်း ဆန့်ကျင်နေပါသည်။

ဤလက်ပံတောင်းတောင် အရေးသည် မြန်မာနိုင်ငံ ဒီမိုကရေစီ ဖူးပွင့်ရေးအတွက်လည်း အန္တရာယ်အနှောင့်အယှက်ပေးမည့် အခြေအနေ ရှိနေပါသေးသည်။ အခုပဲစစ်ပွဲလို တိုက်ခဲ့ရပြီမဟုတ်လား။ ပြန် လည် သင့်မြတ်ရေးမဟုတ်။

ထို့ကြောင့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ရပ်သင့် ရပ်သိမ်းသင့်သည်။

လက်ပံတောင်းတောင် အလှကို မပျောက်မပျက်အောင် ကာကွယ် ထိန်းသိမ်းသင့်သည်။

၂-၁၂-၂၀၁၂ မုံရွာမြို့
ည ၁၂ နာရီ



www.burmeseclassic.com

www.burmeseclassic.com





မျက်လုံး၊ လက်နှင့် ခန္ဓာကိုယ်တစ်ခုလုံး ရစရာမရှိအောင်
မီးလောင်ဒဏ်ရာ ရထားသော သံဃာတော်တစ်ပါး



မီးသတ်ပိုက်မှ ရေပက်သောအခါ သင်္ကန်းများ အပေါက်ပေါက်အပြဲပြဲ
ပျက်စီးသွားသည်။ ရေထိသည့်နေရာတွေကို မီးလိုက်လောင်သည်။

စိမ်းရောင်နီ စာပေ



## ပြည်သူညီလာခံ ပြည်သူ့ကြွေးကြော်သံ လက်ပံတောင်းတောင်ကို ကာယ်တင်ကြစို့

အလံနီများက တလူလူဝေနေသည်။ အနီရောင် အောက်ခံ တွင် ဖြူပြာရောင် မြစ်ကြောင်းနှစ်ခု ဆုံနေကြသည်။ ချင်းတွင်းနှင့် ဧရာဝတီ။ ချင်းတွင်းမြစ်ကြောင်း၏ ထိပ်တွင် ကြယ်တစ်ပွင့် လင်းပွင့်နေသည်။ ပြည်သူတို့ ဆုံတွေ့စုဝေး နှီးနှော အင်အားစု အောင်ပွဲ ပန်ကြရာ ပြည်သူ့ညီလာခံ။

ပြည်သူ့ညီလာခံဆိုတာ ဒီတိုင်းပြည်မှာ မကြုံဖူး၊ မတွေ့ဖူးတာ ကြာပြီဗျ။ ပြည်သူတွေ ညီညွတ်ကြ လက်တွဲကြ၊ တိုင်းပြည်အရေး ပြည်သူ့အရေးကို အင်အားတွေ စုပေါင်းဆောင်ရွက် ဆွေးနွေးကြတာ ကောင်းတယ်ဟု နာမည်ကျော် အသက် ၈၀ ကျော် သတင်းစာဆရာကြီး ဦးဝင်းတင်က ဝမ်းမြောက်စကားပြောသည်။

ပြည်သူ့ ညီညွတ်ရေးကို မြှင့်တင်ရမယ်ဟု အသက် ၉၄ နှစ် ကဗျာဆရာကြီး ဒဂုန်တာရာကလည်း ထိုပြည်သူ့ညီလာခံသို့ မေတ္တာ သဝဏ်လွှာပို့၍ မှာကြားသည်။

ပြည်သူသည် မိမိတို့အရေးအတွက် တိုက်ပွဲဝင်ရာတွင် အား အကောင်းဆုံး လက်နက်မှာ ညီညွတ်ရေးဖြစ်သည်။ ညီညွတ်ရေး လက်နက်

www.burmeseclassic.com



ကို ကိုင်စွဲနိုင်သမျှ အောင်ပွဲရဖို့လည်း သေချာလေသည်။

ထို့ကြောင့် ညီညွတ်ရေးကို မိမိတို့ မျက်စိမျက်ဆန်ကဲ့သို့ ကာကွယ်စောင့်ရှောက်။ မိခင်သည် ပာစ်ဦးတည်းသော သားငယ်ကို စောင့်ရှောက်သကဲ့သို့ ညီညွတ်ရေးကို စောင့်ရှောက်။

ပြည်သူကို မြတ်နိုးသူသည် ညီညွတ်ရေးကို မြတ်နိုးရာ၏။ ညီညွတ်ရေးကို မလေးစား မမြတ်နိုးကြလျှင် မွေးမိခင်၏ ရင်ကို ကန်ကျောက်သည်သို့ ဖြစ်လိမ့်မည်။

ညီညွတ်ရေးကို မြတ်နိုးမှု၊ ထိန်းသိမ်းမှု၊ စောင့်ရှောက်မှု၊ ခိုင်သည်ထက်ခိုင်အောင်လုပ်ကြမှ အောင်ပွဲသို့ ချီတက်နိုင်ကြပေလိမ့် မည်။ တစ်ခုတည်းသော ရည်မှန်းချက်သို့ အတူလက်တွဲ ချီတက်။

လက်ပံတောင်းတောင်အရေးနှင့် ပတ်သက်၍ဦးဝင်းတင်နှင့် စကားပြောရသောအခါ ညီညွတ်ရေး၏ အရေး ကြီးပုံမှာ လေးနက်သည်ထက် လေးနက်လာသည်။ တိုင်းပြည်အတွက်၊ ပြည်သူအတွက် ဆောင်ရွက်ကြသော အင်အားစုများ၊ ပုဂ္ဂိုလ်များသည် ညီညွတ်ရေးကို ဦးထိပ်ထားမှ ပြဒါးရှင်ရသကဲ့သို့ လိုရာဆောင်ရွက် နိုင်ကြလိမ့်မည်။ ရေတိုကြည့်ကြည့်၊ ရေရှည်ကြည့်ကြည့်။

ဒီမှာလည်း ကြည့်ပါ။ လက်ပံတောင်းတောင်ခြေ ဆည်တည်းရွာထိပ် ဘုန်းတော်ကြီးကျောင်းအနီး ကွင်းကြီးထဲမှာ ပရိသတ်များ ဖွေးဖွေးလှုပ်နေသည်။ ခမောက်တွေ ကိုယ်စီဆောင်းလို့၊ ခမောက်မဆောင်းလို့လည်း မဖြစ်ပါ။ နေတော်တော်ကို ပူပါသည်။ ပရိသတ်ကြီးမှာ နေလှန်းခံနေရသလို ဖြစ်သည်။ နေဘယ်လောက်ပူပူ ဘယ်သူမှ မထ၊ မလှုပ်။ ညီလာခံကြီးတွင် ပြောဆိုကြသော၊ ကြွေးကြော်ကြ သော လက်ပံတောင်းတောင် ကြေးနီလုပ်ငန်း လုံးဝဖျက်သိမ်းပစ် တောင်းဆိုသံများကို စင်ပေါ်နှင့် စင်အောက် လှိုင်းထံပိုးထအောင် ဟစ်အော်နေကြသည်။ လက်ခုပ်သံအမြောက်ကြီးများ ပစ်နေသည်။ အမြောက်ပစ်တာမှ တစ်ချက်နှစ်ချက်မဟုတ်၊ လက်ခုပ်အမြောက်သံတွေ၊ ဟိန်းဟိန်းညံနေသည်။





ဤမျှလောက်တက်ကြွသော လူထု မျိုးကို မမြင်ဖူးပါ။ မတက်ကြွဘဲ နေတော့မလား၊ သူတို့အိမ်၊ သူတို့ရွာ သူတို့ယာ၊ သူတို့ထန်း၊ သူတို့ရေတွင်း၊ သူတို့ဘုရား၊ သူတို့ကျောင်းတွေ ပျက်တော့မည်။ ကြေးနီလိုချင်သူများက ငြိမ်းချမ်း စိမ်းလန်းလှပ ရွာတွေကို ဖျက်တော့မည်။ ရွာသားတွေအသက်ရှင်ရဖို့ ခက်ကြ တော့မည်။ သေရေးရှင်ရေးနှင့် ထပ်တူ သူတို့အတွက် အရေးကြီး လာသည်။ လက်ဝါးတွေ နာပေ့စေ၊ လက်ခုပ်သံအမြောက်ကြီးတွေ ပစ်လိုက်မည်။ လည်ချောင်းတွေ နာပေ့စေ ကြေးနီလုပ်ငန်း ဖျက်သိမ်းမည်ဟု အော်ကြ ဟစ်ကြ ကြွေးကြော်ကြမည်။

လူထုသည် သူတို့၏ အသက်၊ သူတို့၏ ဘဝကို ကာကွယ်နိုင်ရန် လူထု၏ ညီညွတ်ရေးနှင့် ရုန်းကန်ခုခံရေး လက်နက်ကို သုံးနေခြင်းဖြစ်သည်။

ဆည်တည်းရွာ လူထုညီလာခံကြီးသို့ မြန်မာနိုင်ငံ မြောက်ပိုင်း တချင်ပြည်နယ်မှ တောင်ပိုင်း ဧရာဝတီ မြစ်ဝကျွန်းပေါ်၊ အရှေ့ပိုင်း ကယားပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှ အနောက် ပိုင်း ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်များအထိ မြင်းခြံ၊ ပခုက္ကူ၊ မိတ္ထီလာရန်ကုန် ဒေသပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ တက်ရောက်ကြသည်။ ဘဝ အတွေ့အကြုံချင်း ဖလှယ်ကြသည်။ ဆန္ဒချင်းပေါင်းယှက်ကြသည်။ ရိုးသားသော အညာသားများနှင့် တိုင်းရင်းသားပေါင်းစုံ ညီအစ်ကို မောင်နှမများ၊ တစ်ခါမျှ မရဖူးသော အတွေ့အကြုံ၊ တစ်ခါမျှ မတည်ဆောက်ဖူးသော တိုက်ပွဲဝင် စည်းလုံးညီညွတ်ရေး ရဲဘော်ဖွဲ့မှု။

အရပ်ဒေသပေါင်းစုံ၏ ဘဝပြဿနာများကို တင်ပြကြသည်။ လူ့အလွှာပေါင်းစုံ၏ ရုန်းကန်မှုများကို ဖလှယ်မျှဝေကြသည်။ ထူးခြားလှသည့် ပြည်သူ့ညီလာခံ။

အစည်းအဝေးကျင်းပရာ ကွင်းကြီးထဲသို့ တစ်ရွာပြီးတစ်ရွာ ပရိသတ်များ စီးဆင်းဝင်ရောက်လာနေကြသည်။ ပင်လာ မစဲ။ အဖွား ကြီးမှစ၍ သားသည်အမေ၊ မွေးစကလေးငယ်အထိ။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှူးသည်က လက်ပံတောင်းတောင် ပြည်သူ့အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးကော်မတီ၊ ထမ်းရွက်အကောင်အထည် ဖော်ကြသည်က ရွာသူရွာသားအမျိုးသားများ၊ မိန်းကလေးများ၊ ကျောင်းသား များ၊ ကိုယ်စားပြုသဝဏ်များပို့ကြသည်က အဖွဲ့အစည်း လေးဆယ် ကျော်။ ၉၄ နှစ်ရှိ ကဗျာဆရာကြီး ဒဂုန်တာရာမှစ၍ စည်းလုံးလက် တွဲခိုင်မြဲကြောင်း သစ္စာသဝဏ်များ ပို့ကြသည်။ နံရံပြင်ပ ရှုခင်းများကို ပြန်မြင်ရစ ပြည်သူ့ သားသမီးများလည်း တက်ကြွ ခိုင်မာစွာ လာကြသည်။ တိုက်ပွဲ အဆင့်ဆင့် အဆက်ဆက်၏ သားသမီးများ။ ဆရာတော်များ ကလည်း ဒါယကာ ရပ်သူရွာသားများ၏ ဘဝကို နားလည်ကြသည်။ စာနာကြသည်၊ ပြည်သူ့လွတ်လပ်ရေး လှိုင်းတံပိုးကြီးများအတွက် မေတ္တာပို့ကြသည်။ ဘာဝနာရှု ထပ်တူပြုကြသည်။

ကဗျာဆရာများကလည်း အသည်းနှလုံးထဲက ထွက်လာသော အသံ၊ အားနှင့်မာန်နှင့် ကဗျာရွတ်၍ လူထုနှင့် အသည်းနှလုံးချင်း ထပ်တူပြုကြသည်။


ပြည်သူတွေအားလုံး ညီနေပြီ။

သူတို့၏ အသံမှာ တစ်သံတည်း။

လက်ပံတောင်းတောင် ကြေးနီလုပ်ငန်း စီမံကိန်းကြီးကို လုံးဝ ဖျက်သိမ်းပစ်။

၂၀-၁၀-၂၀၁၂ မိုးရွာ





တရုတ်ဝမ်ပေါင်ကုမ္ပဏီက
လက်ပံတောင်းတောင်ကြီးကို ခုတ်လှီးထားပုံ



www.burmeseclassic.com

www.burmeseclassic.com





လူမျိုးစုံ လူတန်းစားစုံ အလွှာစုံ တက်ရောက်ကြသော
ပြည်သူ့ညီလာခံ - ဆည်တဲရွာ (၁၈ - ၁၀ - ၂၀၁၂)





## ပြည်သူတွေပိုင်တဲ့ လက်ပံတောင်းတောင်ကို အမြိုမခံနိုင်ဘူး

လက်ပံတောင်းတောင်ဟာ စိမ်းစိမ်းပြာပြာ ဝါဝါဝင်းဝင်းနဲ့ အတော်ကြည့်လို့ကောင်းလှတဲ့ တောင်ကြီးပါ။ အနီးကပ်ကြည့်ရင် ထုထည်ကြီးမားမြင့်စွင့်လွင့်တက်နေတယ်။ အဝေးကကြည့်ရင်တော့ ဆင်ကြီးဝပ်နေသလိုပဲ။ အေးချမ်း လှပငြိမ်းချမ်းခြင်း စိုးမိုးထုံပျံ့နေတဲ့ နေရာပါ။ ဒါကြောင့် လယ်တီဆရာတော် ဘုရားကြီးတောင် ခုနှစ်မှာ ဒီလက်ပံတောင်းတောင်ကို ၁၂၆၅ ခုနှစ်မှာ ကြွလာပြီး ဝါဆိုဝါကပ် သီတင်းသုံး ကျမ်းတွေ ပြုခဲ့တာပါပဲ။ လယ်တီဆရာတော်ကြီးဟာ ဒီလက်ပံတောင်းတောင်ကျောင်းမှာ စတုသစ္စဒီပနီ၊ သမ္မာဒိဋ္ဌိဒီပနီ၊ ကမ္မဋ္ဌာန ဒီပနီကျမ်းတွေကို ရေးပြုတော် မူခဲ့ပါတယ်။ ပိဋကတ်အစွယ်ချီး တေးထပ်၊ သီဟတောဘုရား ကျောက်စာ သံပိုင်း၊ မိုက်မလင်းနိုင်လို့ လေးချိုးကြီး၊ ရွှေခိုနိုခွင် အမေးအဖြေ၊ မြန်မာတမန် အဖြေစတာတွေကို ရေးပြု ခဲ့ပါတယ်။ လက်ပံတောင်းတောင်ဟာ ပညာအလင်းတောင်၊ ငြိမ်းချမ်းရေးတောင်လို့ ခေါ်သင့်ပါတယ်။

ခုတော့ ဒီလက်ပံတောင်းတောင်ကို ကြေးနီတူးဖော်ဖို့အတွက်ပြီး ဦးပိုင်ကုမ္ပဏီနဲ့ တရုတ်ဝမ်ပေါင်ကုမ္ပဏီတို့ ရောက်လာတဲ့ အချိန်ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ပံတောင်းတောင်ရဲ့ ပညာဝန်းကျင်၊ ငြိမ်းချမ်းဝန်းကျင် ပျက်သွားရယ်
တော့တယ်။ စိမ်းလန်းငြိမ်းချမ်းတဲ့ တောင်လုံးတွေကြား ကို မြေထိုးစက်မြေ
တူးစက် မြေသယ်ယာဉ်တွေ ဝင်လာတယ်။ လက်ပံတောင်းတောင်ကြီးရဲ့
အသားကို လှီးကြ၊ ဖဲ့ကြ၊ ခုတ်ကြ၊ ထစ်ကြ၊ ထိုးကြ၊ ဖောက်ကြလုပ်ပြီး
လက်ပံတောင်းရဲ့ အူအသည်းတွေကို နှုတ်ယူကြတယ်။ တောင်ကြီးရဲ့
အသားထဲကို တွင်းဖောက်၊ မိုင်းမြှုပ် ပြီး ဖောက်ခွဲကြတယ်။ လက်ပံတောင်း
တောင်ပေါ်က မိုင်းခွဲသံဟာ မုံရွာတစ်မြို့လုံး သိမ့်သိမ့်တုန်တယ်။ မိုင်းဆယ်နဲ့ရာနဲ့
ချီပြီး အသံဆိုး လှိုင်းကြီး ခုန်သွားတယ်။ မီးခိုးလုံးကြီးတွေ တောင်ပေါ်ကို
လုံးဝေ့တက် သွားတယ်။ ငြိမ်းချမ်းတဲ့ လက်ပံတောင်းတောင်ကြီးဟာ
မီးတောင်ကြီး ဖြစ်လာပါကလား။ လူဖောက်ခွဲဖန်တီးတဲ့ မီးတောင်၊
လက်ပံတောင်းရဲ့ ရင်ထဲက ကြေးနီကို လိုချင်လို့ ဖောက်ခွဲဖျက်ဆီး အသေ
သတ်နေတာ။ ဆဒ္ဒန်ဆင်မင်းကို သောနုတ္တိုရ်မုဆိုး မြားနဲ့ပစ်ခွင်းပြီး
သတ်နေ သလိုပါပဲ။

သူတို့က လက်ပံတောင်းတောင်ကို ဖောက်ခွဲခုတ်ဖြတ်နေရုံ
သာမက အဲဒီတောင်ထဲက ထွက်လာတဲ့မြေစာတွေကို ပတ်ဝန်းကျင်
မြေယာစိုက်ခင်းတွေထဲ သွားပုံတယ်။ စိုက်ခင်းမြေယာတွေ ပျက်စီး
ကုန်တာပေါ့။ ဒီလောက် မကသေးဘူး၊ ပတ်ဝန်းကျင်ရွာတွေပေါ်မှာ
လည်း ဒီမြေစာတွေပုံမယ်၊ ကြေးနီလုပ်ငန်းမျိုးစုံကို လုပ်မယ်၊ မြေကြီး
တူးပြီး တွင်းကြီးတွေလုပ်ချင်လည်း လုပ်မယ်။ ဒီတော့ ဒီရွာတွေ ဒီနား
မနေနဲ့ အဝေးကိုသွားလို့ နှင်ထုတ်တယ်။ ဘုန်းတော်ကြီးတွေလည်း
ဒီနားမနေနဲ့ ဝေးရာသွားကြလို့ နှင်ထုတ်တယ်။ လယ်တီဆရာတော်ကြီးရဲ့
ကျောင်းတွေ၊ သိမ်တွေ၊ ဘုရားတွေလည်း ပျက်အောင်လုပ်ကြ မလို့။
ညောင်ပင်ဒိုင်ဆရာတော်ကြီး ပြုပြင်ထားတဲ့ အဏုမြူ ကပ်ကျော်
စေတီလည်း ဖျက်မှာပဲ။ ကြေးနီကိုလိုချင်တဲ့သူတွေဟာ ဘုရားမှန်းလည်း
မသိတော့ဘူး၊ ကျောင်းမှန်းလည်း မသိတော့ဘူး၊ ရွာသားတွေကို





...တွေရယ်လို့လည်း အသိအမှတ်မပြုတော့ဘူး။ ဘနဖူး သိုက်တူးဆိုတဲ့
...စကားအတိုင်းပါပဲ။ တစ်ပြားနဲ့ ဘုရားကိုလဲကြမလို့။

ဒီတော့ ရပ်သူရွာသားတွေကလည်း မခံနိုင်ကြဘူး။ သေချင်သေ
...စေဆိုတဲ့ စိတ်ဓာတ်နဲ့ ကန့်ကွက်ကြတော့တာပေါ့။ လက်ပံတောင်း
...တောင်ဝန်းကျင် ထန်းပင်ထန်းတောတွေကြား၊ နှမ်းခင်း၊ ပဲခင်းတွေ တစ်ဝိုက်
...သူရွာသားတွေရဲ့ ကန့်ကွက်သံ ပွက်ပွက်ညံနေပါတယ်။ ကိုယ့်အိမ်ဆုံးရှုံးရမှာမို့
...ကိုယ့်ယာ ပျက်စီးဆုံးရှုံးရမှာမို့၊ ကိုယ့်ရွာ ဖျက်စီး ဆုံးရှုံးရမှာမို့ ကိုယ့်
...ဘုရားကျောင်းကန်တွေ ပျက်စီးရမှာမို့ ကိုယ့်ကို စားစရာတွေ အမြဲပေး၊
...လှုတွေ ပေးနေတဲ့ တောင်ကြီး ပျက်စီးဆုံးရှုံးရမှာမို့ ရွာသူရွာသားတွေဟာ
...ဖမ်းခံရမယ့် အန္တရာယ်ကိုလည်း မကြောက်၊ အသက်တောင်သေချင်
...သေပေစေဆိုတဲ့ သံဓိဋ္ဌာန်နဲ့ ဆန္ဒ ပြကြတာပါ။ ဘေးပယောဂကြောင့်ဆိုတဲ့
...တွေးကတော့ ချော်လွှန်း လှပါတယ်။ ပြည်သူ့အကျိုးကို လျစ်လျူရှုရာ
...ရောက်လွန်းပါတယ်။ မင်းကောင်း၊ အစိုးရကောင်းဆိုရင် ကိုယ့်ပြည်သူတွေ
...ဘယ်လိုခံနေ ကြရသလဲဆိုတာ အမိကထား စဉ်းစားမှာပါ။ ကိုယ့်ပြည်သူက
...အဓိကလား၊ လူမျိုးခြားကအဓိကလား။

ဒီလက်ပံတောင်း လူထုဆန္ဒပြကြတာကတော့ သူတို့ဘဝ၊
သူတို့အဖြစ် ကို လက်မခံနိုင်လို့ အသက်စွန့်ဆန္ဒပြကြရတာပါ။ ဘဝ
...နာက လူတွေကို သတ္တိပေးတယ်၊ အသိအလင်းပေးတယ်။ အဲဒီ
သတ္တိမျိုးက ငွေပေးဝယ်လို့လည်း မရပါဘူး။ မြှောက်ပင့်လှည့်ဖြား
...ဆွယ်လို့လည်း မရပါဘူး။ ဒီအသိအလင်း ကလည်း သူတို့ဘဝက
...ပေးနေတာ။ ဘဝအခြေအနေကြောင့် ပညာမျက်စိ ပွင့်လာကြတာ။
...အသိပွင့်လာကြတာ။ သတ္တိပွင့်လာကြတာ။

လူထုရဲ့ ဆန္ဒပြပွဲကြီးဟာ ကမ္ဘာမြေတုန်လောက်ခမန်းပါပဲ။
တစ်ရက်တည်း၊ တစ်ခါတည်း ဆန္ဒပြနေတာမဟုတ်ဘူး၊ ရက်ပေါင်း များစွာ
...အကြိမ်ပေါင်း အထပ်ထပ် အခါခါ။ သံဃာတော်တွေပါ။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံပေးလုပ်တဲ့၊ ခြိမ်းခြောက်လုပ်တဲ့ ဆန္ဒဖော်ထုတ်ပွဲ ဆိုတာတွေလည်း အကြိမ်ကြိမ် အခါခါ တွေ့ဖူးပါရဲ့။ စက်ရုပ် အမူ အရာ စက်ရုပ်လှုပ်ရှားမှု၊ စိတ်မပါလက်မပါ၊ လစ်သာရာ အခွင့်ကို ချောင်းပြီး ထွက်ပြေးကြရော။ အဲဒီလိုပွဲမျိုးတွေကမှ ပယောဂပွဲ အစစ် အမှန်ပါ။

အခု နိုဝင်ဘာ ၁၇-၁၈-၁၉ စတဲ့ ရက်တွေမှာလည်း လက်ပံ တောင်းကြေးနီကုမ္ပဏီရှေ့မှာ မရပ်တမ်း၊ မနားတမ်း ဆန္ဒပြနေကြ ပြန်ပြီ။ နေပူထဲ၊ ဆောင်းအအေးထဲတွေကြားထဲ ခန္ဓာကိုယ် အထိအခိုက် ခံပြီး ဆန္ဒပြကြရတာ။ ဘဝနာလွန်းလို့ခန္ဓာကိုယ်အနာခံ ဆန္ဒပြတာ။ တိဘက်မှာဆိုရင် လွတ်လပ်မှုလိုချင်ကြလို့ ကိုယ့်ကိုယ်ကိုယ် မီးရှို့ အသေခံဆန္ဒပြနေကြတာ။ မိုက်လုံးကြီးလို့ မဟုတ်ဘူး။ မတန်တဆ ကြီးမားတဲ့ အင်အားနဲ့ မတရား ဖိထားတော့ မတရားတာကို ကမ္ဘာကသိအောင် ကိုယ့်အသက်ကိုယ် အသေခံပြီး ဆန္ဒပြကြတာ။ အလွန်ကြီးမားတဲ့ ဆန္ဒနဲ့လိုအပ်ချက်ကြောင့်သာ ဒီလိုစွန့်လွှတ် အသက်ဆုံးရှုံး ခံကြတာပေါ့။

ပြည်သူတွေရဲ့ ဆန္ဒပြမှုတွေကို မှန်မှန်ကန်ကန် နားလည်ဖို့ အရေးကြီးတယ်။ မှန်မှန်ကန်ကန် သဘောထားဖို့ မှန်မှန်ကန်ကန် ရပ်တည်ဖို့ အရေးကြီးတယ်။ ပြည်သူဘက် ပြည်သူနဲ့ တစ်သားတည်း နေမလား၊ ခေါက်ရိုးကျိုးနေတဲ့ လုပ်ပုံဟောင်းကြီးအတိုင်း ပြည်သူကို ဖိ-နှိပ်ပစ်ချင်သလား၊ ပြည်သူ့ဆန္ဒပြမှုတွေကို nip in the bud အညွန့် ချိုးချေလိုက်ဆိုတဲ့ နည်းယုတ်မာအတိုင်း မလွန့်မလူးနိုင်အောင် ချေမှုန်း ပစ်မလား။ အဲဒီ သဘောထားမျိုးကို ခေတ်က ခွင့်မပြုတော့ပါဘူး။ အဲဒီသဘောထား ကျင့်သုံးမှုမျိုးတွေကို ခေတ်ဒီရေလှိုင်းကြီးနဲ့ ဆေးချ ခံရပါလိမ့်မယ်။

ကျွန်တော်တို့ နိုင်ငံက အမျိုးသားချင်း နားလည်ရေး၊ အမျိုး သားချင်း ပြန်လည်သင့်မြတ်ရေး၊ အမျိုးသားချင်း ပြန်လည်လက်တွဲ ရေး၊ ညီညွတ်ရေး လမ်းကြီးဆီကို ဦးတည်နေတော့ လမ်းပြောင်းပြန်





လျှောက်မှုကို ဘယ်သူကမှ ခွင့်ပြုချင်မှာ မဟုတ်ဘူး။ လမ်းပြောင်း ပြန်လျှောက်ရင်၊ ကိုယ့်ဂိုးကိုယ်ပြန်သွင်းကြရင်၊ တစ်သင်းလုံး တစ်ကွင်း လုံး အုန်းအုန်းကျွက်ကျွက် ကန့်ကွက်ကြလိမ့်မယ်။ မြန်မာ့ရွှေပိတောက် ဟာ နတ်တော်ပြာသိုမှာ မပွင့်လိုဘဲ တန်ခူးအထိစောင့်လိမ့်မယ်။ ချိန် ဆုန်းခါသင့် ပန်းနှယ်ပွင့်လိမ့်မယ်။ ပန်းအားလုံး ပွင့်ကြစေချင်တယ်။ မေတ္တာရနံ့ သင်းပျံ့စေချင်တယ်။ စိုတဲ့လက်လည်း မခြောက်စေချင် ပါဘူး။ နှစ်ဖက်လုံးက ဆန္ဒရှိမှ၊ အားထုတ်မှ။

လက်ပံတောင်းတောင်အရေးနဲ့ ပတ်သက်လို့ အရေးကြီးတာ တစ်ခုပြောချင်ပါတယ်။ တချို့က စေတနာကောင်းနဲ့ ကြေးနီလုပ်ငန်း ကြောင့် ပတ်ဝန်းကျင်လူထုထိခိုက်မှု ဘယ်လောက်ခံရတယ်၊ သဘာဝ လောကကြီး ဘယ်လောက်ထိခိုက်ခံရတယ်ဆိုတာကို အချက်အလက် နဲ့ အထောက်အထားခိုင်ခိုင်လုံလုံနဲ့ ထုထောင်တင်ပြစေချင်ကြပါတယ်။ တောင်ဝန်းကျင် ရပ်ရွာတွေ၊ လူထုတွေ ဘယ်လိုထိခိုက်ခံနေရသလဲ၊ ဘယ်လောက်ထိ ဆက်ထိခိုက်ဦးမှာလဲ ဆိုတာကို ပြသင့်သလောက် ပြပြီးကြ ပါပြီ။ အဲဒါထက် အများကြီးအရေးကြီးတာက ဒီဒေသလူထုတွေက ဒီတောင်လုံးကြီးကို လုံးဝမပျောက်ပျက်စေချင်တာပါ။ တောင် ပျောက်မခံ နိုင်ဘူး။ ဒါကို မစေ့စပ်နိုင်ဘူး။ စေ့စပ်ညှိနှိုင်းလို့ရတဲ့ ကိစ္စမဟုတ်ပါဘူး။

လက်ပံတောင်းတောင်ကြီးဟာ မုံရွာဘက်ကမ်းက ကြည့်ရင် လည်း အလွန်လှတယ်။ မုံရွာမြို့က ချင်းတွင်းမြစ်ရဲ့ အရှေ့ဘက် ကမ်းပေါ်မှာ၊ လက်ပံတောင်းတောင်ကြီးက အနောက်ဘက်ကမ်းပေါ် မှာ မျက်နှာချင်း ဆိုင်ဆိုတော့ လက်ပံတောင်းတောင်ကြီးဟာ မုံရွာ မြို့ရဲ့ အလှကျက်သရေ ဖြစ်ပါတယ်။ ဒီအလှကျက်သရေမျိုးကို ရန်ကုန် မြို့တောင်မရပါဘူး။ မြစ်နဲ့ တောင်နဲ့ မြို့နဲ့ အလွန်ရှားတဲ့အလှပါ။ အခုကြေးနီလုပ်ငန်း လုပ်ရင် ဒီ တောင်ကြီးလုံးဝပျက်စီးပျောက်ကွယ် သွားမှာပါ။ ဒီလိုလှတဲ့ တောင်ကြီး ဖြစ်လာအောင် ဘယ်ကုမ္ပဏီက ပြန်လုပ်ပေး နိုင်မှာတုံး။ ဒါကြောင့် မုံရွာ



www.burmeseclassic.com

www.burmeseclassic.com



မြို့သူမြို့သားတွေကတော့ ကိုယ့်မြို့ရဲ့ သဘာဝအလှကြီးကို ဖျက်ဆီးပစ် မခံနိုင်ပါဘူး။ ကျွန်တော်က ကဗျာတစ်ပုဒ် ရေးမိတယ်။

မန္တလေးတောင်ကို ဖြိုမယ်ကြံ
မန္တလေးသားတွေ ခံနိုင်မလား
စစ်ကိုင်းတောင်ကို ဖြိုမယ်ကြံ
စစ်ကိုင်းသားတွေ ခံနိုင်မလား
ကျောက်ဆည်တောင်ကို ဖြိုမယ်ကြံ
ကျောက်ဆည်သားတွေ ခံနိုင်မလား
သိင်္ဂုတ္တရကုန်းကို ဖြိုမယ်ကြံ
ရန်ကုန်သားတွေ ခံနိုင်မလား။

ဒီတော့ လက်ပံတောင်းတောင် ဖြိုမယ့်ကိစ္စကို မုံရွာသားတွေက ဘယ်လိုမှ မခံနိုင်ပါဘူး။ လက်ပံတောင်းတောင် ကြေးနီလုပ်ငန်းကြီးကို လုံးဝ (လုံးဝ) ဖျက်သိမ်းပါလို့ တောင်းဆိုလိုက်ပါတယ်။ ဒီ မြေဟာ ငါတို့မြေ ဒို့ရောင်းစားရမလေလို့ သီချင်းမဆိုချင်ပါဘူး။

၁၉-၁၁-၂၀၁၂ မုံရွာ








၂၅-၁၁-၂၀၁၂ ရက်က စာရေးသူ လက်ပံတောင်းတောင်သို့ ရောက်သွားစဉ် လယ်တီဆရာတော်ဘုရားကြီး၏ သိမ်၊ ဘုရားစေတီ၊ အာရုံခံတိုက် ပြိုလုနီးနီး အောက်ခံအမာခံမြေ မရှိတော့၊ တူးကော်ယူသွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





လက်ပံတောင်းတောင်နှင့် ချင်းတွင်းမြစ်





## လက်ပံတောင်းတောင်ကို ပျောက်သွားအောင် လုပ်ကြတော့ မည်လော

မုံရွာမြို့ အနောက်၊ ချင်းတွင်းမြစ်ကမ်းကို မေးတင်လျက် လက်ပံတောင်းတောင်ပြာကြီး မှိုမှိုမောက်မောက် လဲလျောင်းနေပါသည်။ တောင်ပြာကြီး ဇာတာမှာ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းလေရော့သလား၊ တောင်ကြီး၏ ရင်ထဲရှိ ကြေးနီသတ္တုများကို လိုချင်သဖြင့် တရုတ်ပြည်မှ ဝမ်ပေါင်ကုမ္ပဏီက မြန်မာဦးပိုင် ကုမ္ပဏီနှင့် တွဲ၍ လက်ပံတောင်းတောင်ကြီးကို ဖောက်ခွဲဖြိုချကာ ကြေးနီတူးနေလေသည်။

သာမန်အားဖြင့် မိမိတိုင်းပြည်၊ မိမိဒေသရှိ တောတောင် များမှ အဖိုးတန် ပစ္စည်းများ တူးဖော်ထုတ်ယူသော လုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြုနိုင်ဖွယ်ရာ ရှိ၍ ဝမ်းသာစရာ တိစ္စကြီးဟု ထင်မြင်ဖွယ်ရာ ဖြစ်ပါသည်။ သို့သော် လက်ပံတောင်းတောင် တဝိုက်ရှိ ကျေးရွာလူထုများ၊ မုံရွာလူထုများမှာ ဝမ်းသာဖို့နေနေသာသာ ပျော်ဖို့ဝေလာဝေး၊ မျက်ရည်ဖြေမဆည် ဖြစ်ကြရမည့်ကိန်း ဆိုက်နေပါသည်။ တက်ခေါက်သံ မိုးခြိမ်းကြရမည့် ကိန်း။

ဤကြေးနီလုပ်ငန်းကြီးကြောင့် လက်ပံတောင်းတောင်ကြီးမှာ ပျက်စီးပျောက်ကွယ်ပြီး ဧရာမ တွင်းနက်ကျယ်ကြီးဘဝ ရောက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



သချာနေပါသည်။ ဤသို့လုပ်လျှင် ဤသို့ဖြစ်မည့် ကိစ္စကို ကမ္ဘာပေါ်ရှိ ဘယ်ပညာရှင်ကမှ မတားဆီးနိုင်ပါ။ ဤသို့ တောင်ကြီးပျောက်ကွယ်မည့်ကိစ္စကို လက်ပံတောင်းတောင်ဝန်းကျင် လူထုကလည်း ရင်ထဲအသည်းထဲမှ လက်မခံနိုင်ကြပါ။ မုံရွာမြို့လူထု နယ်လူထုကလည်း တူးတူး ခါးခါး လက်မခံနိုင်ကြပါ။

လက်ပံတောင်းတောင်ဝန်းကျင် လူထုက ဘာကြောင့် လက်မခံနိုင်သလဲ။

ဤလက်ပံတောင်းတောင်ကြီးသည် သူတို့နှင့်အတူ နေသည့် အိမ်သူအိမ်သားဖြစ်နေ၍ ဤတောင်ကြီး ပျောက်ပျက်ခြင်းမှာ ကိုယ့်အိမ်သူ၊ အိမ်သား၊ ဆွေမျိုးသားချင်း အရင်းသေဆုံးရသကဲ့သို့ ဖြစ်သည်။ ဤတောင်ကြီးသည် သူတို့သွေးသား။

လက်ပံတောင်းတောင်ကြီးသည် ဝန်းကျင်ရပ်ရွာလူထုများ အတွက် မိုးဖို့ချောင်ကြီးဖြစ်သည်ဟု ဤတောင်ကြီးကို တိုင်းထွာစစ်ဆေး ရသော ဘူမိဗေဒ ပညာရှင်တစ်ဦးက ပြောသည်။

'ဟင်းသီးဟင်းရွက်မျိုးစုံရှိတယ်၊ ပြီးတော့ ရှားပါး ဘယဆေးပင်မျိုးစုံလည်းရှိတယ်'ဟု ရုက္ခဗေဒ ပညာရှင်တစ်ဦးကလည်း ပြောသည်။

ကြေးနီတူးဖော်၍ လက်ပံတောင်းတောင်ကြီး ပြိုပျက်မည့် အရေးကို တွေးမိသောအခါ မျက်ရည်မဆည်နိုင်ဖြစ်ရသည်ဟု ဘူမိဗေဒပညာရှင်က ပြောပြသည်။

ရွာတွေတော့ မီးဖိုချောင်ပျောက်ပါပြီဟုလည်း သူက ညည်းသည်။

နွားမွေး၊ ဆိတ်မွေးတဲ့ သူတွေအတွက်လည်း စားကျက်တွေ ပျက်ပါပြီဟု ရုက္ခဗေဒ ဆရာကဆိုသည်။

ရွာသူရွာသားများမှာ သူတို့၏ လယ်ယာစိုက်ကွက်များအပေါ်တွင် တောင်ပြိုမြေစာများ အပုံခံရ၍ ထိုစိုက်ခင်းများ ပျက်ကုန်သည်။ နောက်ထပ် စိုက်ပျိုးခွင့်လည်း မရတော့။





သူတို့ရွာနေရာများကိုပင် တရုတ်ကုမ္ပဏီက လိုချင်၍ ရွာရွှေ့ပြောင်းပေးရတော့မည်။ သူတို့ရွာတွေမှာ ကျယ်ကျယ်ဝန်းဝန်းရှိသည်။ သစ်ပင်ကြီးရိပ်များဖြင့် အေးမြသည်။ အိမ်တွေမှာ သပ်ရပ်သည်။ ခိုင်မာတောင့်တင်းသည်။ ထိုရွာ၊ ထိုအိမ်များကို ဘယ်လိုစွန့်ပစ်ရက်မည်နည်း။ သို့သော် ဝမ်ပေါင်နှင့် ဦးပိုင်တို့က ရွာသားများအား 'ထွက်စေဒိုင်းတော်'ဟု အော်ဟစ်အမိန့်ပေးနေသည်။ ရဲသားများကို ငွေပေးခိုင်းစေနေသည်။ ထမင်းကျွေး စီးကရက်တိုက်၍ ခိုင်းစေနေသည်။

ကြေးနီလုပ်ငန်းလုပ်သောအခါ အနီးတစ်ဝိုက်ရှိ လူထု ကျန်းမာရေး ထိခိုက်ကြလိမ့်မည်။ ရှူစရာလေကောင်းလေသန့်၊ သောက်စရာရေကောင်းရေသန့်၊ ရှိတော့မည် မဟုတ်။ လူတွေ အသက်ရှူလမ်းကြောင်းနှင့် ပတ်သက်သည့် ရောဂါများ၊ အရေပြားရောဂါများ၊ ကင်ဆာရောဂါများ၊ ပုံပျက်ပန်းပျက် ကလေးမွေးဖွားလာခြင်းများစသည်တို့ လည်း ရှိလာမည်ဆိုသည်။

ချင်းတွင်းမြစ်ကြီးပင် အဆိပ်သင့်ရေများ အဝင်ခံရ၍ မြစ်ရေပျက်ဖွယ်၊ ရေနေသတ္တဝါတို့ ထိခိုက်ဖွယ်ရှိသည်ဟု ဆိုကြသည်။ မြေစာပုံတို့ ရေတိုက်စား၍ မြစ်ထဲတွင် အနယ်ကျမှု ထုထည်ကြီးမားလာသောအခါ မြစ်ရေစီးကြောင်းပင် ဖရိုဖရဲ ပြောင်းလဲပျက်စီးနိုင်သေးသည်ဟု သိရသည်။

ဤသို့ ဤသို့သော အကြောင်းများကြောင့် လက်ပံတောင်းတောင် ဝန်းကျင်လူထုက လက်ပံတောင်းတောင်ကြီးကို မပျက်မစီး ပကတိအတိုင်း တောင်လုံး မပျောက်ရှိစေချင်ကြပါသည်။

မုံရွာနှင့် ချင်းတွင်းမြစ် အရှေ့ဘက်၊ တောင်ဘက်၊ မြောက် ဘက် တစ်ဝိုက်မှ လူထုများကလည်း ဘယ်တော့ကြည့်ကြည့် လုပ စိမ်းပြာသည့် တောင်တန်းကြီးမှာ သူတို့၏ အလှရတနာကြီးဖြစ်၍ ပျက်စီးပျောက်ကွယ် မခံလိုကြပါ။ လက်ပံတောင်းတောင် အလှကို သူတို့ဘိုးဘေးကြီးများ လက်ထက်မှစ၍ သူတို့လက်ထက်အထိ ခံစား လာရသကဲ့သို့ သူတို့သားစဉ်



www.burmeseclassic.com

www.burmeseclassic.com



မြေးဆက် နောင်လာနောင်သား အားလုံး လည်း ခံစားရစေချင်ပါသည်။

သို့သော် ဝမ်ပေါင်နှင့် ဦးပိုင်တို့က သူတို့ မြတ်နိုးမှုကို ဘူဒိုဇာ ကြီးများဖြင့် ဖျက်ဆီးချေမှုန်းပစ်နေကြပါသည်။

လက်ပံတောင်းတောင် ဖျက်ဆီးမှုသည် ဝန်းကျင်လူထု၏ ဘက်စုံအကျိုးစီးပွားကို ဖျက်ဆီးခြင်းဖြစ်သည်။ သဘာဝ၏ အကျိုးစီးပွားကို ဖျက်ဆီးခြင်းလည်း ဖြစ်သည်။ လာမည့်မျိုးဆက်သစ်များ၏ အကျိုးစီးပွားကို ဖျက်ဆီးခြင်းလည်း ဖြစ်သည်။

တန်ဖိုးဖြတ်နိုင်သည့် အကျိုးအမြတ်လည်း ဆုံးရှုံးလှပါသည်။ ပြည်သူ့အကျိုးပျက်လျှင်၊ ဒေသအကျိုးပျက်လျှင် နိုင်ငံတော်၏ အကျိုးကော မပျက်ဘူးလား။ နိုင်ငံတော်ဆိုသည်မှာ ပြည်သူတွေ၊ ဒေသတွေနှင့် ဖွဲ့ထားရတာမဟုတ်လား။

အချိန်ကာလ မရေမတွက်နိုင်အောင်၊ တန်ဖိုးမဖြတ်နိုင်သည့် အကျိုးအမြတ်များလည်း ဆုံးရှုံးမှု လွန်ကဲလှပါသည်။

ရနိုင်ခြေနှင့် ပျက်စီးဆုံးရှုံးခြေမှာ နှိုင်းယှဉ်၍ မရနိုင်အောင် ပြည်သူလူထုနှင့် လာမည့်ကာလမျိုးဆက်သစ်များက နင့်နေအောင် ခံကြရပါလိမ့်မည်။

ဉာဏ်ပညာ အမြော်အမြင်လည်း ကြီးကြသော၊ ပြည်သူကိုလည်း ချစ်သော၊ တိုင်းပြည်ကိုလည်း ချစ်သော၊ သဘာဝကိုလည်း မပျက်မစီးထိန်းသိမ်းလိုသော ခေါင်းဆောင်တို့သည် သတိကြီးကြီး၊ စာရိတ္တ သတ္တိကြီးကြီးနှင့် စဉ်းစားကြလိမ့်မည်ဟု မျှော်လင့်ရသည်။

လက်ပံတောင်းတောင်ကို ပျောက်အောင်လုပ်ကြလျှင် ဆိုးဝါးလှသော ပြစ်မှုကြီးဖြင့် ပြည်သူ့ကျိန်စာသင့်ကြမည် မလွဲ။

၂၆-၁၁-၂၀၁၂ မုံရွာ







မုံရွာမြို့ကြီးရှေ့ရှိ ချင်းတွင်းမြစ်နှင့် လက်ပံတောင်းတောင် နေဝင်ရှိန်ဆည်းဆာ



www.burmeseclassic.com

www.burmeseclassic.com



## လက်ပံတောင်းကြေးနီအရေး ပြည်သူ့ဆန္ဒကို လေးစားကြ

ယခု နိုဝင်ဘာလနောက်ပိုင်းရက်များတွင် မုံရွာမြို့ အနောက်ဘက်ကမ်းလက်ပံတောင်းတောင် တစ်ဝိုက်မှာ ကြွေးကြော်သံများ ဆူညံနေသည်။ ဒေသခံလူထုနှင့် ဝန်းကျင်မြို့ရွာများမှ လက်ပံတောင်းချ… သူတို့က ဤတောင်ကြီးကို ကြေးနီလုပ်ငန်းအတွက် ဖြိုဖျက်နေသည်ကို ချက်ချင်းရပ်စဲပြီး၊ တောင်ကြီး မပျောက်ကွယ်စေရန်အတွက် ကြေးနီ… တူးဖော်သည့်လုပ်ငန်းကို လုံးဝရုပ်သိမ်းသွားရန် တောင်းဆိုနေကြခြင်း ဖြစ်ပါသည်။

ဝမ်ပေါင် အလိုမရှိ

ဦးပိုင် အလိုမရှိ

ဟု ဒေသခံလူထုက အသံမစဲ ဟစ်အော်ကြွေးကြော်နေကြသည်။ ဝမ်ပေါင်နှင့် ဦးပိုင်ကုမ္ပဏီတို့သည် ဤဒေသလူထုချစ်မြတ်နိုးသော လက်ပံတောင်းတောင်ကြီးကို တစ်စမကြွင်း ဖြိုဖျက်ပစ်ကြမည်သာမက ဒေသခံအိုးအိမ်ကျေးရွာများကို ရွှေ့ပြောင်းခိုင်းခြင်း၊ ဒေသခံလူထု၏ ယာမြေများကို ပျက်စီးအောင်လုပ်ခြင်း၊ လူထုကျန်းမာရေး ထိခိုက်ပျက်ပြားအောင် လုပ်နေခြင်းတို့အတွက် အပြင်းအထန် အကြိတ်အခဲ ဆန့်ကျင်ကန့်ကွက်ခံနေရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လူထုသည်





…ဘဝ၊ သူတို့အသက်၊ သူတို့ထမင်းအိုး၊ သူတို့သောက်ရေတွင်းများကို …ကွယ်နေကြခြင်းဖြစ်သည်။ သူတို့ သားသမီးကလေးများကို ကျန်းမာရေး …ရ လူညွန့်တုံးမသွားအောင် ရုန်းကန်နေရခြင်း ဖြစ်သည်။

မုံရွာဘက်ကမ်းရှိ လူထုများကလည်း သူတို့မျက်စိရှေ့တွင် အမြဲ …တွေ့နေကြရသည့် ခံ့ညားလှပ ရောင်စုံယှက်သန်းသော တောင်တန်း …ကို အဆုံးရှုံး မခံနိုင်ကြ၍ ကျေးလက်လူထုနှင့် မြို့လူထုတစ်သားတည်း …ယှက် ဘုံတိုက်ပွဲကြီးကို လက်တွဲနွှဲနေခြင်းဖြစ်သည်။ လက်ပံတောင်း …တောင်ကြီးသည် မုံရွာနှင့် ချင်းတွင်းဒေသအတွက် အလှရတနာကြီး …၍ ဤအလှရတနာကို မုံရွာသား၊ ချင်းတွင်းသားတို့က ပျောက်ဆုံး …နိုင်ပါ။ ရွှေနှင့်လည်း မလဲနိုင်ပါ။ ဒေါ်လာနှင့်လည်း မလဲနိုင်ပါ။ …မ်ငွေနှင့်လည်း မလဲနိုင်ပါ။ သဘာဝ၏ ဤအလှအပကို ဘယ်ကုမ္ပဏီ၊ …ယ်အာဏာပိုင်များကမှ အစားထိုးတည်ဆောက်မပေးနိုင်ပါ။ သူတို့က …ကြေးနီလိုချင်သည့် လောဘဇော၊ ငွေလိုချင်သည့် လောဘဇောသာရှိပါ …သည်။ ပြည်သူတို့၏ ရုပ်ဝတ္ထုအဆုံးအရှုံး၊ စိတ်ဓာတ် နာကျင်ဆုံးရှုံးမှု …များကို လုံးဝစဉ်းစားကြသည်မဟုတ်ပါ။ ဘနဖူးသိုက်တူးမည့်သူများ။

ဤလက်ပံတောင်းတောင်ကြီးသည် ဤဒေသလူထုနှင့် အထူး …သဖြင့် ချင်းတွင်းဒေသသားတို့အား အမြဲတမ်းစိတ်နှလုံးရွှင်ပြုံးစေပါသည်။ ဤဒေသလူထု၏ လည်ဆွဲရတနာဖြစ်ပါသည်။ လူထု၏ လည်ဆွဲရတနာ …ကို လုယူဖျက်ဆီးသူများမှာ လူထု၏ ကိုယ်စားလှယ်လည်းမဟုတ်၊ လူထု၏ …ခေါင်းဆောင်လည်းမဟုတ်၊ လူထု၏ အာဏာပိုင်လည်း မဟုတ်ပါချေ။ ဤတောင်ကြီးကို ဤသို့ ဤပုံ ကြေးနီရှာဖွေဖို့အတွက် ဖျက်ဆီးမည့်ဆို …သည့် အစီအစဉ်ကို ဘယ်အာဏာပိုင်သူ၊ ဘယ်ငွေပိုင်သူကမှ လူထုနှင့် …တိုင်ပင်ဆွေးနွေး အကျေအလည် သဘောတူညီချက် မယူခဲ့ပါ။ လူထု၏ …လည်ဆွဲရတနာကို တိတ်တဆိတ် လုယက်သွားခြင်းသာဖြစ်၍ သဘာဝယုတ္တိ …အာဂမယုတ္တိမရှိပါ။

၂၀၀၈ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေ



www.burmeseclassic.com

www.burmeseclassic.com



ခံဥပဒေထဲမှာ ဤသို့တွေ့ရသည်။

နိဒါန်းမှာ 'နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေလျ တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခို မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားကြမည်ဟု သန္နိဋ္ဌာ ချမှတ်၍'ဟု အတိအလင်း ဖော်ပြရေးသားထားပါသည်။

၄။ နိုင်ငံတော်၏ အချုပ်အချာအာဏာသည် နိုင်ငံသားများ မှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်။

၄၅။ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိ စောင့်ရှောက်ရမည်။

၃၉၀။ နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါ ကိစ္စရပ်များတွ နိုင်ငံတော်အား ကူညီရန် တာဝန်ရှိသည်။

(က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ် စောင့်ရှောက်ခြင်း

(ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

၄၅၆။ အခြားနိုင်ငံကလည်း ပြည်ထောင်စု မြန်မာနိုင်ငံနှ စပ်လျဉ်း၍ ထားရှိအပ်သော ပဋိညာဉ်များကို လေးစားပါက ပြည်ထောင် သမ္မတမြန်မာနိုင်ငံတော်ကလည်း လေးစားသည်။

၃၅၄။ နိုင်ငံသားတိုင်းသည် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်း လှည့်လည် ခွင့်။

လောလောဆယ်အားဖြင့် လက်ပံတောင်းတောင် ကြေးနီကုမ္ပဏီ (ဦးပိုင် နှင့် ဝမ်ပေါင်) သည် ဤလုပ်ငန်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်





ထိခိုက် နစ်နာမှုများ မရှိကြောင်းကို စစ်ဆေးစမ်းသပ်၍ အာမခံသော ခွင့်ပြုချက် လက်မှတ်များမရှိဘဲ လုပ်ငန်းများကို လုပ်ကိုင်နေသည်ဟု သိရသည်။ ဤသို့ လုပ်နေခြင်းမှာ တရားဝင် အခွင့်လက်မှတ်များမရှိဘဲ လုပ်နေခြင်း ဖြစ်သဖြင့် ချက်ချင်းရပ်ဆိုင်းပေးရန်လိုသည်။

လက်ပံတောင်း ကြေးနီလုပ်ငန်းသမားများမှာ စကတည်းက ငါးလေ့ငါထိုး ပဲခူးရောက်ရောက်မှုနှင့် ပြည်သူကို ဂရုမစိုက်ဘဲ လုပ်လာကြပြီး ဆက်လက်၍ ထောင်လွှားမောက်မာစွာ လုပ်ကိုင်နေသည်။ သူတို့၏ အမွေစာရွက်စာတမ်းအချို့ကို ဆုပ်ကိုင်၍ ရှိတ်စပီးယားရေးသော ဗင်းနစ်မြို့မှ ကုန်သည်ကြီး ပြဇာတ်ထဲမှ ငွေတိုးကြီးစား ရှိုင်းလောက်ကဲ့သို့ အသားလှီး ယူနေကြသည်။ သူတို့၏ စာချုပ်သည် ရှိုင်းလော့စာချုပ်ဖြစ်သည်။

ထိုမတရားမှု၊ အနိုင်ကျင့်မှုကြီးများကို မခံနိုင်၍ လက်ပံတောင်း ပြည်သူ၊ မုံရွာပြည်သူတို့ အပြင်းအထန် ကန့်ကွက်သပိတ်မှောက်ပွဲကြီး လုပ်နေသည်။ ဝမ်ပေါင်ကုမ္ပဏီရှေ့တွင် သပိတ်စခန်း ၂ ခု၊ လယ်တီ ဆရာတော်ကြီး၏ ကျောင်းတွင် သပိတ်စခန်း ၁ ခု၊ လက်ပံတောင်းတောင်ပေါ် တွင် သပိတ်စခန်း ၁ခု၊ ဖွင့်၍ လူထုဆန္ဒကို ဖော်ထုတ်ပြသနေကြသည်။

အကြင်အစိုးရသည် ဒီမိုကရေစီ အစိုးရဆိုပါက လက်ပံတောင်း လူထု၏ ခံစားချက်များကို လေ့လာကြည့်ရှုကူညီလိမ့်မည်။ အကြင်တိုင်း တပါးအစိုးရသည် မြန်မာပြည်သူတို့နှင့် မိတ်ဆွေဖြစ်မှုကို တကယ်လိုလား ပါက လက်ပံတောင်းအရေးကို အမြန်အရေးယူ ဆောင်ရွက်လိမ့်မည်။

၂၃-၁၁-၂၀၁၂

မုံရွာ



www.burmeseclassic.com

www.burmeseclassic.com





ကဗျာဆရာ အံ့မောင် စကားပြောစဉ်
ပြည်သူ့ညီလာခံ - ဆည်တဲရွာ (၁၈ - ၁၀ - ၂၀၁၂)



## လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ တင်ပြ မေတ္တာစကား

မိတ်ဆွေများခင်ဗျား

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီတူးဖော်လုပ်ကိုင်ရေး စီမံကိန်းနဲ့ ပတ်သက်ပြီး ဒေသခံ မုံရွာမြို့က လူကြီးတစ်ယောက်အနေနဲ့ ပြောဆိုတင်ပြခွင့်ရတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။

၁။ ဒီလက်ပံတောင်းတောင် ကြေးနီတူးဖော်လုပ်ကိုင်ရေး စီမံကိန်းဟာ ဒီအရပ်ဒေသရဲ့ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးပစ်မယ့် အန္တရာယ်ကြီး ဖြစ်နေပါပြီ။

လက်ပံတောင်းတောင်ဟာ အလွန်လှပ တင့်တယ်တဲ့ တောင်တန်းတောင်စုကြီးဘဝ ပျက်စီးပျောက်ကွယ်သွားတော့မှာ ဖြစ်ပါတယ်။

ဒီတောင်ကြီး အနီးတစ်ဝိုက်မှာရှိတဲ့ ကျေးရွာတွေဟာ တောင်သူလယ်ယာလုပ်ကိုင် စားသောက်နိုင်တဲ့ အခြေအနေများပျက်စီးပြီး ဘဝရပ်တည်မှု ဆုံးရှုံးခြင်း နစ်နာခြင်းတွေကို ခံနေရပြီး ရှေ့ဆက် ပြီးတော့လည်း ဆိုးသထက် ဆိုးစွာ ခံကြရဖို့ ရှိနေပါတယ်။

ကိုယ့်ယာကွက်ကို ကိုယ်မလုပ်ရ၊ ကိုယ့်ရွာ ကိုယ့်အိမ်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မနေရ၊ ကိုယ့်ရေတွင်းတွေ ဖျက်စီးခံရ၊ ကိုယ်ရှုရိုက်တဲ့ လေ တောင်ထိခိုက်ပျက်စီးခံရဖို့ ရှိနေပါတယ်။

ဒီလိုအခြေအနေဆိုးတွေကို ရင်ဆိုင်နေရတဲ့အတွက် ကျေးရွာလူထုတွေက မခံမရပ်နိုင်တော့ဘဲ၊ ဒီလက်ပံတောင်းတောင် ကြေးနီ လုပ်ငန်းစီမံကိန်းကြီးကို လုံးဝ ဖျက်သိမ်းပေးပါလို့ တောင်းဆိုနေကြပါတယ်။

၂။ လက်ပံတောင်းတောင် အနီးတစ်ဝိုက်က လူထုတွေကသာ ဒီလိုတောင်းဆိုနေကြတာမဟုတ်ဘူး။ ဒီလက်ပံတောင်းတောင်ကြီးကို မြင်တွေ့နေကြရတဲ့ မုံရွာမြို့သူ မြို့သား၊ နယ်သူ နယ်သား၊ ချင်းတွင်း ဒေသသားတွေကလည်း ဘိုးစဉ်ဘောင်ဆက် ကမ္ဘာဦးအချိန်ကတည်းက ရရှိလာတဲ့ လက်ပံတောင်းတောင်ကြီးကို ကြည့်ရှုအလှခံစားခွင့်၊ စိတ်ဓာတ်စွမ်းအားကောင်းတွေ ရရှိခံစားခွင့်တွေ inspirational value ကို ထာဝစဉ် ဆုံးရှုံးရတော့မှာမို့ ဝမ်းနည်းကြေကွဲမှု အပြင်းအထန်နဲ့ ဒီလက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို လုံးဝဖျက်သိမ်းပစ်ပါလို့ တောင်းဆိုနေကြပါတယ်။ Aesthetic value လို့ခေါ်တဲ့ အလှတန်ဖိုးတွေ ပျက်စီးဆုံးရှုံးရမှာကလည်း အလွန်ကြေကွဲဝမ်းနည်းစရာ အဆုံးအရှုံးဖြစ်ပါတယ်။ လူ့တန်ဖိုးကို သိတဲ့သူတွေဟာ Aesthetic value အလှတန်ဖိုးကိုလည်း သိကြပါလိမ့်မယ်။

၃။ တောင်ငယ် ၃၃ လုံးနဲ့ စုဖွဲ့ထားတဲ့ ဒီလက်ပံတောင်းတောင်ကြီးဟာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အထွတ်အမြတ်ထားရာနေရာလည်း ဖြစ်ပါတယ်။ ဒီလက်ပံတောင်းတောင်ကြီးပေါ်မှာ လယ်တီဆရာတော် ဘုရားကြီး သီတင်းသုံး တရားကျင့်ခဲ့ရာကျောင်းလည်း ရှိပါတယ်။ အဏုမြူစစ်အန္တရာယ်မကျရောက်ပါစေနဲ့လို့ စလင်းမြို့ ကန်လယ်ဆရာတော်နဲ့ ညောင်ပင်အိုင် ဆရာတော်ကြီးတို့ တည်ထားတဲ့ အဏုမြူကပ်ကျော် စေတီလည်းရှိပါတယ်။ တောင်ခြေမှာရှိတဲ့ တုံရွာမှာလည်း ပုဂံခေတ်က နာမည်ကျော် ဆရာတော်ကြီး ရှင်မဟာကဿပရဲ့ တုံတောကျောင်း တည်ရှိပါတယ်။ ဒီကျောင်း ဒီဘုရားတွေဟာ အခုလက်ပံတောင်းတောင် ကြေးနီစီမံကိန်းကြောင့် ပျက်စီးရွှေ့ပြောင်းသွားရတော့မယ့် အန္တရာယ်ကို ရင်ဆိုင်





[illegible]ရပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေကလည်း ဒီလက်ပံတောင်း[illegible]တောင် ကြေးနီစီမံကိန်းကို လုံးဝဖျက်သိမ်းပစ်ဖို့ တောင်းဆိုနေကြပါ တယ်။

[illegible] လက်ပံတောင်းတောင်ကြီးဟာ ကျောက်ခေတ်လူသားများ မှီခို[illegible]ထိုင်ခဲ့တဲ့ သမိုင်းဝင်နေရာဖြစ်ပါတယ်။ ဒီတောင်ကြီးနားက ရွာပေါင်း[illegible]စွာမှာ ကျောက်ခေတ်သုံးလက်နက်ပစ္စည်းမျိုးစုံ တွေ့နေရပါတယ်။ [illegible]တ္တသိုလ်သမိုင်း ဌာနများက မကြာခဏကွင်းဆင်းလေ့လာနေရတဲ့[illegible]ရာဖြစ်ပါတယ်။ ပါမောက္ခဒေါက်တာသန်းထွန်းက လက်ပံတောင်း[illegible]တောင်တစ်ဝိုက်ဒေသသည် ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်သစ်[illegible]သားများနေထိုင်ရာ ဖြစ်ပြီး လွန်ခဲ့သော နှစ် ၇၀၀၀ မှ ၅၀၀၀ ခန့်[illegible]တွင်း ကျောက်ခေတ်လူများ အခြေချနေထိုင်ခဲ့ရာ နေရာဖြစ်သည်လို့[illegible]ရေးတဲ့ မြန်မာသမိုင်းပုံစာအုပ်မှာ ဖော်ပြထားပါတယ်။ ဒီလို ရှေးဟောင်း[illegible]မွေအနှစ်များ တည်ရှိတဲ့ သမိုင်းဝင်နေရာ Historical Sites မှာ စက်ရုံ[illegible]တွေ၊ ဆည်မြောင်းတာတမံတွေ၊ ဓာတ်သတ္တု တူးဖော်ရေးလုပ်ငန်းတွေ၊ [illegible]လယာဉ်ပျံကွင်းတွေ လုပ်ခွင့်မရှိလို့ နိုင်ငံတကာမှာ စည်းကမ်း သတ်[illegible]မှတ်ထားကြောင်း ဒေါက်တာသန်းထွန်းက သင်ကြားခဲ့ပါတယ်။ ဒါကြောင့် [illegible]လက်ပံတောင်းတောင် ဒေသမှာ ဒီကြေးနီစီမံကိန်းကြီး စတင်လုပ်ကိုင်[illegible]နေတာကို လုံးဝရပ်ပါလို့ တောင်းဆိုလိုက်ပါတယ်။

[illegible] ဒီလက်ပံတောင်းတောင် ၃၃ လုံးပေါ်မှာ ရှားပါးတဲ့ ဘယဆေး[illegible]ပင်တွေပေါက်ရောက်လို့ တိုင်းရင်းဆေးအတွက် ဒီဘယဆေးပင်တွေကို [illegible]အားထားနေရပါတယ်လို့ တိုင်းရင်းဆေးပညာရှင် ရုက္ခဗေဒပညာရှင်[illegible]များကလည်း ဖော်ပြကြပါတယ်။ ဒီအဖိုးတန် ရှားပါးဘယဆေးပင်များ[illegible]ဟာ အခု ကြေးနီစီမံကိန်းကြောင့် ပျောက်ကွယ်ရမယ့် အန္တရာယ်ကြုံ[illegible]ရပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးပညာရှင်တွေ ရုက္ခဗေဒ ပညာရှင်[illegible]တွေကလည်း ဒီလက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို လုံးဝအပြီး[illegible]ပိုင် ဖျက်သိမ်းဖို့တောင်းဆိုနေကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၆။ ဒီလိုကျေးလက်တောင်သူလူထုတွေ၊ မြို့နေလူထုတွေ၊ အဘက် ဘက် ပညာရှင်တွေ၊ သာသနာရေး ဆရာတော်ကြီးတွေက လက်ပံတောင်း တောင် ကြေးနီလုပ်ငန်း စီမံကိန်းကို လုံးဝအပြီးအပိုင် ဖျက်သိမ်းပေး ပါလို့ အုန်းအုန်းကျွက်ကျွက် တစ်ခဲနက် တောင်းဆိုနေကြတာဟာ ပြည် ထောင်စု သမ္မတမြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ နိုင်ငံတော် သီချင်းတို့က သင်ကြားလမ်းညွှန်တဲ့အတိုင်း တို့ဘိုးဘွား အမွေစစ်မို့ ချစ် မြတ်နိုးပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုကြတာသာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တဲ့ အပြုအမူမဟုတ်ပါဘူး။ တိုင်းတစ် ပါးကို ဆန့်ကျင်တဲ့ အပြုအမူမဟုတ်ပါဘူး။ ဘယ်အင်အားစုများကို ဆန့်ကျင်တဲ့ အပြုအမူလည်း မဟုတ်ပါဘူး။ ကိုယ့်ရေ ကိုယ့်မြေ ကိုယ့်ရွာ ကိုယ့်ပြည်သူတွေကို ကာကွယ်တဲ့ အလုပ်သာဖြစ်ပါတယ်။

၇။ အခုတောင်းဆိုဆန္ဒပြကြတာဟာ ယာမြေတွေ ထိခိုက်နစ်နာတဲ့ အတွက် လျော်ကြေးတောင်းတာမဟုတ်ပါဘူး။ ရွာတွေ ထိခိုက်နစ်နာတဲ့ အတွက် လျော်ကြေးတောင်းတာမဟုတ်ပါဘူး။ ဒီကြေးနီလုပ်ငန်းကြီးဟာ ပြည်သူပြည်သားတွေကို ထိခိုက်ဆုံးရှုံးစေပြီး ဒီဒေသနဲ့ တကွ နိုင်ငံတော် ကြီးတစ်ခုလုံးအတွက် ပြင်မရတဲ့ အဆုံးအရှုံးကြီးတွေ ဖြစ်မှာကြောင့် ဒီကြေးနီစီမံကိန်းကို လုံးဝအပြီးအပိုင် ဖျက်သိမ်းပေးပါလို့ တောင်း ဆို ရခြင်းဖြစ်ပါတယ်။

လူဟာ အမှားမကင်းနိုင်ဘူးဆိုတာ အားလုံး နားလည်ကြပါ တယ်။ ဒါပေမဲ့ အမှားကို သိလာတဲ့အခါ ပြင်ပစ်ဖို့ တာဝန်ရှိပါတယ်။ ဒီကြေးနီစီမံကိန်းက ရနိုင်မယ့် ဝင်ငွေဟာ၊ ဒီလုပ်ငန်းကြောင့် ဆုံးရှုံး သွားမှာတွေနဲ့ မကာမိတဲ့ ထာဝရ ဆုံးရှုံးမှုကြီး ဖြစ်မှာမို့ လက်ပံတောင်း တောင်ကြေးနီ စီမံကိန်းကို လုံးဝအပြီးအပြတ် ဖျက်သိမ်းပါလို့ မေတ္တာ ရပ်ခံပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

၃၀-၉-၂၀၁၂ ရန်ကုန်







၂၉-၁၂-၂၀၁၂ တွင်
မီးလောင်ဒဏ်ရာရကြသော သံဃာတော်များ



www.burmeseclassic.com

www.burmeseclassic.com



## သမိုင်းတရားခံ နာမည်မည်း စာရင်းကြီးထဲ အသွင်းခံရပါလိမ့်မယ်

မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းက အနောက်ဘက်ကို လှမ်းမျှေ ကြည့်လိုက်တဲ့အခါ မြစ်အနောက်ဘက်မှာ စီတန်းနေတဲ့ စိမ်းညိုပြာ တောင်တန်းတွေကို လှမ်းမြင်ရပါတယ်။ မုံရွာမြို့နားကပ်နေတဲ့ တောင် တောင်တန်းကြီးက လက်ပံတောင်းတောင်တဲ့။ ဟိုအနောက်ဆီမှာ ပြာပြ လက်လက် တွဲယှက်နေတဲ့တောင်တွေက ကြေးစင်တောင်တဲ့၊ စံပယ်တောင်တဲ့ တချို့ မျက်လုံးက နိမိတ်ပုံဖော်ကောင်းလို့ ဒေစီကျော်ဝင်းတောင်လို့တော ပြုံးစနဲ့နဲ့ ခေါ်တတ်ကြပါတယ်။ မြောက်ပိုင်းနားကျတော့ မုံရွာဘက်က ဝေးမော မျှော်လှမ်းရတဲ့ ကျောက်မျက်တောင်ဆိုတာရှိတယ်။ ရှေးမြန်မာ ဘုရင်တွေလက်ထက်က လှေတပ်အခြေစိုက်စခန်းလို့ ဆိုပါတယ်။ မြူပြာ ရီဝေ သိပ်လှတဲ့တောင်။

အညာက မုံရွာဟာ ပူပြင်းခြောက်ကပ်တဲ့ အရပ်မှာတည်ရှိပေမဲ့ ချင်းတွင်းမြစ်ကြီး မျက်စိတစ်ဝေး အနံတစ်မိုင်နီးနီး မိုးခါဆိုရင် ရေညိုဝါ ဆောင်းနဲ့နွေမှာ ရေပြာပြာ အမြဲစီးရှင်နေလို့ အအေးဓာတ် အလှဓာတ် ရစ်ပတ်ရရှိနေပါတယ်။ တစ်ဖက်ကမ်းက တောင်တွေရဲ့ အလှကြောင့် လည်း မိုးသောက်အရုဏ်ရောင်ဖြူလာချိန်ကအစ ညနေခင်းတိမ်ရောင် စုံ ပုံသဏ္ဍာန်အမျိုးမျိုး ဖူးပွင့်ချိန်အထိ သဘာဝအလှ ရောင်စဉ် ယှက်ပြိုး





ပြိုက် ကြည်လက်နေပါတယ်။ ဒီမြစ်ကြီးနဲ့ ဒီတောင်စုတောင်နွယ်တွေ ကြောင့် မုံရွာမှာ အပူဘယ်လောက်လျော့သွားမှန်း မသိဘူး။ အလှက အပူကို ထိန်းညှိဖြေလျော့ပေးလိုက်ပါတယ်။

ဒါကြောင့် မုံရွာသားတွေဟာ ချင်းတွင်းမြစ်ကြီးကိုလည်း မိခင်လို ချစ်တယ် လက်ပံတောင်းတောင်၊ ကျောက်မျက်တောင်၊ ကြေးစင်တောင်၊ စံပယ်တောင်တွေနဲ့ မြို့အရှေ့ဘက်ဆယ်မိုင်ဝေးတဲ့ ကျောက်ကာတောင် တွေကို ညီအစ်ကို မောင်နှမ သွေးရင်းသားရင်းလိုချစ်တယ်။

ကျွန်တော်တို့လူ့သမိုင်းမှာ လယ်ယာစိုက်ပျိုးကုန်ထုတ်လုပ်တဲ့ အဆင့်မှ စက်ကိရိယာတွေ တီထွင်ခိုင်းစေပြီး စက်နဲ့ ကုန်ပစ္စည်းအမြောက် အများ ထုတ်လုပ်တဲ့ စနစ်ကို ကူးပြောင်းလာလိုက်တာ ကုန်ပစ္စည်းတွေ ပေါပေါလောလော ကောင်းကောင်းမွန်မွန်တော့ ရပါရဲ့၊ ဒါပေမဲ့ ဒီစက်ရုံ အလုပ်ရုံတွေက လူမှာအညစ်အကြေး အမျိုးမျိုး စွန့်ရသလို မကောင်းတဲ့ အခိုးအငွေ့ အရည်အမှုန့် အစိုင်အခဲ အညစ်အကြေးတွေကို စွန့်ထုတ် ဝစ်တာကြောင့် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပါတယ်။ ရေပျက်၊ မြေပျက်၊ လေပျက် ပျက်စေပြီး လူတွေရဲ့ အသက်ကိုတောင် အန္တရာယ်ပေးလာပါ တယ်။

ဒီစက်မှုကုန်ထုတ်လုပ်ငန်းကို သူများနိုင်ငံတွေမှာ မချစ်ပေါင်း ကြီးပေါင်းနေရတဲ့ ခုလိုခေတ်ကျမှ ကျွန်တော်တို့ နိုင်ငံကလည်း အိပ်မှုန် စုံမွှား ကစုန်းကဝါးနဲ့ ထလုပ်ကြတော့ အကျိုးခံစားရတာထက် အပြစ် တွေနဲ့ ပိုထိခိုက်စူးရှခံလာရတယ်။ ခေတ်သစ်ကုန်ထုတ်လုပ်ငန်းရဲ့ ဆူးတွေ ကို ကျွန်တော်တို့ မသင်တတ်၊ မပယ်တတ်ကြသေးဘူး။ စက်မှုရဲ့ အာဟာ ရကို မစားရသေးခင် စက်မှုအဆိပ်သင့် ခံလာကြရတယ်။

သူများ ဆည်မြောင်း ဆည်မြောင်းဆိုလို့ ကျွန်တော်တို့လည်း နေရာမကျန်တော့လောက်အောင် ဆည်မြောင်းပစ်လိုက်ကြတယ်။ ရေစီး ဆင်းဖြန့်ဝေမှုတွေ အချိုးမကျလို့ ရှိပြီးသား ဥယျာဉ်သစ်ပင်တွေ လှီကုန် သေကုန်တယ်။ ရေတွင်းတွေ ရေခန်းကုန်တယ်။ တစ်ခါတစ်ခါ အဲဒီ ဆည်တွေ ရေလျှံတဲ့အခါ အောက်ခြေဒေသတွေ စိုက်ခင်းတွေ ရေလွှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးကုန်တယ်။

လုပ်ငန်းတွေရဲ့နောက်မှာ အကျိုးအပြစ်တွေကို ဆန်းစစ်မှု ဝေဖန် မှုတွေ လုပ်ကြဖို့လိုတယ်။ ပြင်တန်တာပြင်၊ ရပ်ပစ်တန်တာလည်း ရပ် ပစ်ကြဖို့လိုတယ်။

မုံရွာဘက်မှာလည်း ကြေးစင်တောင် စံပယ်တောင်ဆိုတာတွေကို ကြေးနီတူးဖော်တဲ့ လုပ်ငန်းတွေ ဦးနေဝင်း အစိုးရလက်ထက်ကတည်းက စလုပ်ပါတယ်။ ကိုယ့်ဒေသမှာ ခေတ်မီကြေးနီ တူးဖော်ရေးတွေလုပ်မယ် ဆိုတော့ ကျွန်တော်တို့လည်း ဝမ်းသာပါတယ်။ ပထမဆုံး ဂျပန်နဲ့ စလုပ် တယ်ထင်တယ်။ နောက် ယူဂိုဆလားဗီးယားနဲ့။ ဟိုက စက်ရုံအဟောင်း ကြီးကို ဒီရွှေ့ယူလာဆိုလား။ နောက် ကနေဒါနဲ့။ နောက်ဆုံး တရုတ်နဲ့ ထင်ပါရဲ့။

နှစ် နှစ်ဆယ်သုံးဆယ်လုပ်ပြီးတဲ့ အချိန်ကျတော့ ကျွန်တော်တို့ တောင်တွေ ပျောက်သွားပါတယ်။ ပင်လယ်မျက်နှာပြင်ထက်နက်တဲ့ ကျင်း ကြီးတွေ ကျန်နေရစ်ပါတယ်။ ပတ်ဝန်းကျင်ရွာတွေနားက ယာကွက်တွေ မြေပျက်စီးသွားပြီး စိုက်ပျိုးရေးလုပ်လို့ မရတော့ပါဘူး။ လူတွေရဲ့ အသက် မွေးဝမ်းကျောင်း ဘဝ ပျက်သွားရပါတယ်။ ဒီလောက်မကသေးဘူး ရွာကလူတွေမှာ အဆုပ်ထိခိုက်မှုတွေ ဖြစ်ကုန်တယ်။ အဆုပ်တွေမှာ အစက်အပြောက်တွေဖြစ်ကုန်သတဲ့။ မိန်းမတွေ ရင်သားကင်ဆာအဖြစ် များလာတယ်။ သားလျှောသားပျက်ပိုဖြစ်လာတယ်။ မွေးလာတဲ့ကလေး တွေ မသန်မစွမ်း၊ ကိုယ်လက်အင်္ဂါ မလုံမပဖြစ်လာကြတယ်ဆိုတယ်။

ဒီတော့ ဒီကြေးနီလုပ်ငန်းလုပ်တာဟာ လူထုဘက်ကတော့ ထမင်း အိုးလည်းကွဲပြီ၊ လူလည်း ရောဂါစွဲပြီ၊ ကိုယ့်မြေတွေယာတွေလည်း ပျက် ကြဆုံးကြပြီ။

ကြေးနီလုပ်ငန်း အရင်းရှင်တွေကတော့ ကြေးနီတန်ချိန်ပေါင်း ငါးသိန်းကျော်ထုတ်ယူရောင်းစားပြီးပြီလို့ သိရတယ်။ ကြေးနီအလွဲသုံး စားလုပ်မှုကြီးလည်း ဆူလို့ပွက်လို့။

အခု အဲဒီကြေးစင်တောင်၊ စံပယ်တောင်တို့ထက် အဆများစွာ





ကြီးတဲ့လက်ပံတောင်းတောင်မှာ ကြေးနီထုတ်လုပ်မှုကြီးကို ဧရာမစက်ကြီး ယာဉ်ကြီးတွေ သုံးပြီးလုပ်နေပြီ။ အနားကရွာ ၂၆ ရွာ ထိခိုက်မတဲ့။ ရွာသားတွေရဲ့ ယာမြေ ၇၈၀၀ ဧကကိုလည်း သိမ်းယူပြီးပြီ။ ရွာတချို့ ကိုလည်း ရွှေ့ခိုင်းနေတယ်။

ဒီတော့ ဒီမှာလည်း လူထုနာကြပြန်ပြီ။ ဒါကြောင့် အဲဒီရွာသူ ရွာသားတွေက ဘဝပျက်ကြရတော့မှာကို မခံမရပ်နိုင်ဖြစ်ပြီး၊ မရပ်မနား ဆန္ဒပြနေကြတယ်။ အဖမ်းအဆီးလည်း ခံကြရတယ်။ အဖမ်းခံရတဲ့ မိန်းကလေးက အနှိပ်စက်အညှဉ်းပမ်းလည်း ခံရတယ်လို့ ထုတ်ဖော်ပြော တယ်။

ဒီလက်ပံတောင်းတောင် စီမံကိန်းက အလွန်ကြီးကျယ်လို့ ဒီက အသုံးပြုတဲ့ အက်ဆစ်ငရဲမီးရည်တွေဟာ ယာတောတွေကိုလည်း ပျက် စေမယ်။ ဒါလောက်မက ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်အထိ ဒီအက်ဆစ် ရည်တွေစိမ့်စီးသွားတဲ့အခါ ငါး၊ ပုစွန်တွေ သေရုံမက ဒီမြစ်ရေတွေကို သောက်သုံးမိတဲ့ လူတွေလည်း ဘေးဥပဒ်ရောက်ကြပါလိမ့်မယ်။ တိုင်း ပြည်ပျက်လောက်တဲ့ ကိစ္စကြီးပါ။

ဒါကြောင့် ဒေသခံလူထုတွေနဲ့ တကွ တစ်ပြည်လုံး ပညာရှင်တွေ၊ အနုပညာရှင်တွေ၊ ပြည်သူတွေက ဒီလက်ပံတောင်းတောင် ကြေးနီစီ မံကိန်းကြီးကို အပြီးအပြတ် ဖျက်သိမ်းပေးပါလို့ တောင်းဆိုနေကြပါပြီ။

လျှော်ကြေးကလေးနည်းနည်းပါးပါးပေး၊ ချွေးသိပ်စကားကလေး နည်းနည်းပြောပြီး၊ ဒီကြေးနီလုပ်ငန်းကြီးကို ဇွတ်ဆက်လုပ်ကြရင်တော့ လုပ်တဲ့သူတွေ၊ လုပ်ခွင့်ပြုသူတွေ သမိုင်းတရားခံအဖြစ် ထာဝရ နာမည် မည်းစာရင်းကြီးထဲ အသွင်းခံရပါလိမ့်မယ်။ အမှိုက်ကစ ပြာသာဒ် မီးလောင် မဖြစ်စေချင်ဘူး။ တိုင်းရေးပြည်ရေးမှာ အထိအခိုက် အစူးအရှ မခံနိုင် တဲ့ အခုအချိန်မှာ လက်ပံတောင်းကိစ္စကစပြီး တစ်ပြည်လုံး မီးကူးမှာကို တော့ အလွန်စိုးရိမ်ပါတယ်။ ပြည်သူ့အသံ နားမှာလျှံ မဖြစ်စေချင်ပါဘူး။

၄-၁၀-၂၀၁၂ (ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com

## ရှစ်လေးလုံးကျောင်းသားများကို 'အရှင်လတ်လတ်' တွေ့ရခြင်း

'မိဘပြည်သူများခင်ဗျား'

'မိဘပြည်သူများရဲ့ သားသမီးတွေဖြစ်တဲ့ ရှစ်လေးလုံးကျောင်းသားတွေကို အရှင်လတ်လတ် တွေ့ရပါတော့မယ်ခင်ဗျား'

ဟု ဆံရှည်နောက်စည်းနှင့် အရုပ်မြင့်မြင့် အသားညို လုလင်ကြီးက အသံအောင်မြင်စွာ ပြောလိုက်သည်။

မုံရွာမြို့လယ်ရှိ မက်သဒစ်ခရစ်ယာန် အသင်းတော်၏ ရာပြည့်ခန်းမမှာ လူငယ်၊ လူကြီး၊ အမျိုးသမီး ပရိသတ်များလျှံအန်ထွက်နေ၏။ အားလုံးက စင်မြင့်ပေါ်သို့ မျှော်ကြည့်နေကြ၏။ ဤပရိသတ်များမှာလည်း ကြာကြာစုရသည်မဟုတ်၊ ၁၅ မိနစ်ခန့်အတွင်း ပြည့်လျှံလာခြင်း ဖြစ်၏။ ရှစ်လေးလုံးမျိုးဆက် ကျောင်းသားခေါင်းဆောင်များ ရန်ကုန်မှ လာမည်ဆိုသဖြင့် ကြိုဆိုကြည့်ရှုနားထောင်လေ့လာကြရန် မိဘများ၊ ညီအစ်ကိုမောင်နှမများ၊ ညီငယ်များက အားတက်ချစ်ခင်စွာ လာကြခြင်းဖြစ်သည်။ များလှစွာသော လူငယ်များမှာ ရှစ်လေးလုံး အရေးတော်ပုံကြီးပြီးမှ မွေးဖွားလာကြသူများ ဖြစ်သည်။ ရောင်စုံလိုင်းကြာယပ်တို့ဖြင့် ဆင်ယင်





ထားသည့် စင်မြင့်ပေါ်တွင် အင်္ကျီဖြူ ယောလုံချည် ဝတ်ဆင်ထားသည့် ရှစ်လေးလုံးကျောင်းသားများ ထိုင်နေကြသည်။

'ကျွန်တော်ကတော့ ရှစ်လေးလုံး ကျောင်းသား ထွန်းမြင့်အောင်ပါ။ အခု ရှစ်လေးလုံးကျောင်းသားတွေထဲက ဘယ်သူ့ကို မိတ်ဆက်ပေးရမလဲခင်ဗျာ။'

'မင်းကိုနိုင်'ဟု ပရိသတ်များက အော်ကြသည်။

မင်းကိုနိုင်ကို မိတ်ဆက်ပေးသောအခါ၊ နွမ်းနယ်နေပုံရသော ကျောင်းသားခေါင်းဆောင်က စာဖတ်အားကောင်းလှသော မုံရွာမြို့ကို လေးစားပါသည်ဟု ပြောပြီး၊ ဒီမိုကရေစီရရှိဖို့အတွက် အင်းစိန်ထောင်ထဲတွင် အသက်စွန့်သွားခဲ့သော မုံရွာဦးတင်ရွှေကို အလေးပြုသည့် အနေဖြင့် နှင်းဆီနီပန်းတစ်ပွင့် ချခွင့်ပြုပါဟု ပြောကာ ပန်းအိုးကြီးတွင် နှင်းဆီပန်းထိုးသည်။

ဤသို့ဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်တကွ ဒီမိုကရေစီတိုက်ပွဲတွင် ကျဆုံးခဲ့ကြသော အညတရ အာဇာနည်များအားလုံး အတွက်ပါ နှင်းဆီပန်းများချ၍ အလေးပြုကြသူများမှာ ရှစ်လေးလုံး ကျောင်းသား ကိုဂျင်မီခေါ် ကိုကျော်မင်းယု၊ ကိုဘသက်အောင်၊ ကိုထွန်းမြင့်အောင်၊ စိမ်းချောင်းကိုကိုကြီးခေါ် ကိုသိန်းသန်းထွန်း၊ ကိုကိုလှိုင်၊ ကိုအံ့ဘွယ်ကျော်၊ ကိုသက်ဇော်၊ ကိုကျော်ဇေယျ၊ မနီလာသိန်း၊ မမီးမီးခေါ် မသင်းသင်းအေး၊ မယုယုလှိုင်။ ဤနာမည်များမှာ ယခင်က ပြင်ပ ရေဒီယိုလှိုင်းများပေါ်တွင် ပေါ်ချည်မြုပ်ချည် ကြားခဲ့ရသော နာမည်များဖြစ်ပြီး ယခုမှ လူကောင်နှင့်တကွ 'အရှင်လတ်လတ်' တွေ့ရခြင်းဖြစ်သည်။

ရှစ်လေးလုံး ကျောင်းသားများက ခေတ်လူငယ်ဟန်ဖြင့် အသံလိုင်းမြင့် လှိုင်းအိစကားပြောကြပြီး ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ဖော်ဆောင်ရေး ဆွေးနွေးပွဲကို လက်ခုပ်သံလှိုင်းတံပိုးများကြားတွင် ဆက်လုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုလည်း မုံရွာမြို့၏ မြို့မိ၊ မြို့ဖအဖြစ် ပဏာမ စကားပြောခိုင်းကြ၍ အနည်းအကျဉ်း ကြိုဆိုမိတ်ဆက်စကားပြောရပါသည်။

ကျွန်တော်ကမူ သေနတ်ပြောင်းဝရှေ့တွင် ရင်ပေး၍၊ အကျဉ်းထောင်ထဲတွင် တံခါးသံတိုင်းများကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ နှုတ်ဖျှသော အသက်ကာလပိုင်းများ၊ တက္ကသိုလ်စာသင်ချိန်များကို စွန့်လွှတ် အဆုံးရှုံးခံ တိုက်ပွဲဝင်ကာ အောင်မြင်စွာ ခေါင်းမော့၍ ပြန်လာကြသည့် ရှစ်လေးလုံးသူရဲကောင်းများကို အလှိုက်လှဲဆုံး ကြိုဆိုကြောင်း ရှေးဦးပြောရသည်။

ယခု သူတို့ရောက်လာချိန်မှာလည်း ရှစ်လေးလုံး အရေးတော်ပုံကြီး ၂၄ နှစ်ပြည့်ချိန်နှင့် တိုက်ဆိုင်နေ၍ ထိုအချိန်က မုံရွာမြို့တွင် ဆင်နွှဲကြသော လူထုတစ်ရပ်လုံး ဆန္ဒပြပွဲကြီးများကို ပြန်အမှတ်ရမိကြောင်း ပြောမိသည်။

'ကျွန်တော်က ၅ တန်းကျောင်းသား ဘဝကစပြီး ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ကြတာတွေကို ယောက်ခံတဲ့ ဆန္ဒပြပွဲတွေ အများကြီးဆင်နွှဲခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ ရန်ကုန်မြို့တော်ကြီးမှာလည်း ငြိမ်းချမ်းရေးနဲ့ ကျောင်းသားဘဝတိုးတက်ရေးတွေအတွက် ဆန္ဒပြပွဲတွေ အများကြီး အများကြီး ဆင်နွှဲခဲ့ပါတယ်။ အခု ကျွန်တော့်အသက် ၈၀ ရှိသွားပြီ။ နှစ်ပေါင်း ၈၀ အတွင်းမှာ ရှစ်လေးလုံး ဆန္ဒပြပွဲတွေလောက် ကြီးကျယ်တာ မတွေ့ဖူးပါဘူး။

'ကျောင်းသူ ကျောင်းသားငယ်ငယ်ကလေးတွေက ကျောင်းစိမ်းလုံချည်တွေနဲ့ ခုန်ပေါက်ဟစ်အော် ဆန္ဒပြကြတယ်။ အရပ်သားတွေ ကလည်း နေ့စဉ်အဝတ်အစားတွေနဲ့ လက်သီးလက်မောင်းတန်း ပါဝင်ဆင်နွှဲကြတယ်။ မြစ်အနောက်ဘက် ကြေးစင်တောင်အလုပ်သမားတွေက အလုပ်





သမား ဟဲလမက် ဦးထုပ်တွေဆောင်းလို့၊ ကျေးရွာတွေက တောင်သူလယ်သမားတွေက ဝါးခမောက်တွေဆောင်းလို့၊ တန်းဖွဲ့တပ်ဖွဲ့ ချီတက်ဆန္ဒပြကြတယ်။ အိမ်ရှင်မတွေကတောင် ဒယ်အိုးတွေ၊ ယောက်မတွေတိုင်မြှောက်ပြီး ဒီမိုကရေစီရေး ကြွေးကြော်ကြတယ်။ ရဲသားတွေကလည်း ယူနီဖောင်းဝတ်ဆန္ဒပြကြတယ်။ တရားသူကြီးတွေကလည်း တိုက်ပုံ အင်္ကျီအနက်တွေဝတ်ပြီး ရှေ့ဆုံးက ကြွေးကြော်ဟစ်အော်ကြတယ်။ စိတ်လှုပ်ရှားစရာအကောင်းဆုံးက သံဃာတော်တွေ ဆန္ဒပြကြတာပဲ။ ကျောင်းတိုက်ပေါင်းစုံက သံဃာတွေ မဆုံးနိုင်အောင် ပါဝင်ကြတယ်။ သီလရှင်ဆရာလေးတွေကလည်း တန်းရှည်ကြီးစီတန်းပြီး ယဉ်ယဉ်ကျေးကျေး ဆုတောင်းရွတ်ဆိုပြီး ဆန္ဒပြကြတယ်။

ကမ္ဘာမြေ ပြောင်းပြန်လှန်သည့်နေ့။

မုံရွာမြို့၏ လမ်းကြီးများ ပြည့်လျှံသွားသည့် ထိုဆန္ဒပြပွဲကြီးများကို မျက်လုံးက ဓာတ်ပုံရိုက်ထားလိုက်နိုင်ပါသည်။

'အခု အချိန်မှာတော့ အခြေအနေတွေဟာ အရင်နှစ်တွေကထက် ပိုကောင်းလာပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လည်း လွတ်လပ်လာပြီး ရွေးကောက်ပွဲ အနိုင်ရ၊ လွှတ်တော်ထဲတောင် ရောက်နေပြီ။ အကျဉ်းထောင်တွေထဲမှာ ဆယ်စုနှစ်နဲ့ ချီပြီး အချုပ်အနှောင်ခံနေရတဲ့ ရှစ်လေးလုံးကျောင်းသားတွေလည်း ကနေ့ အပြင်ကို ရောက်လာပြီး လူထုအကျိုးဆောင်ရွက်နေနိုင်ကြပြီ။ ဒါမင်္ဂလာပါ။

'နောက်ထပ်မင်္ဂလာများဆင့်လောင်းလာနိုင်လိမ့်မယ်လို့ လည်း မျှော်လင့်ပါတယ်။ အဲဒါကတော့ အကျဉ်းထောင်တွေ အတွင်းမှာ ကျန်ရစ်နေသေးတဲ့ နိုင်ငံရေး အကျဉ်းသားအားလုံးကို အမြန်ဆုံး ပြန်လွှတ်ပေးဖို့ ဖြစ်ပါတယ်။ အဲဒီထက်ကြီးမားတဲ့ မင်္ဂလာလည်း ရှိပါသေးတယ်။ အဲဒါကတော့ တိုင်းပြည်လွတ်လပ်ရေး ရချိန်ကစပြီး ဖြစ်လာတဲ့ ပြည်တွင်း



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြီးကို ရပ်စဲကြပြီး ပြည်တွင်းငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ကြဖို့ပါပဲ။

'တိုင်းပြည်ကိစ္စအဝဝကိုဆောင်ရွက်ကြရာမှာ တရားမျှတမှု ရှိဖို့ အလွန်အရေးကြီးပါတယ်။ ငါသာ သူနာနည်း မဟုတ်ဘဲ အားလုံးတန်းတူညီမျှ နိုင်ငံရေးတရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ လူမှုရေး တရားမျှတမှု၊ တရားဥပဒေဘောင်မှာ တရားမျှတမှုတွေရှိအောင် ဆောင်ရွက်သွားကြရင် ကျွန်တော်တို့ တိုင်းပြည်မှာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ မင်္ဂလာကြီးများ ရပါလိမ့်မယ်။'

ကျွန်တော်၏ ခရီးဦးကြိုစကားကို ဖြစ်နိုင်သမျှ တိုတိုနှင့် နိဂုံးချုပ်ရသည်။

ထို့နောက် ကိုမင်းကိုနိုင်၊ ကိုဂျင်မီစသော ခေါင်းဆောင်များက ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ဖော်ဆောင်ရေး ကိစ္စများကို အကျယ်တဝင့် တင်ပြဆွေးနွေးကြသည်။ မေးခွန်းများကို ဖြေကြသည်။

ရှစ်လေးလုံးကျောင်းသားများသည် အချိန်ကို စက်ယန္တရားထံမှ အတင်းလုယူပြီး အပြေးအလွှား ဆောင်ရွက်နေကြရသည်။ ခြေကုန်လက်ပန်းကျ နာကျင် မောဟိုက်နေကြသည်။

နံနက် ၇-နာရီက မုံရွာမြောက်ဘက် ၆ မိုင်ဝေးသည့် အလုံမြို့ ချမ်းသာကြီးကျောင်းတိုက်တွင် ဝါဆိုသင်္ကန်းကပ်ပွဲ ပြုလုပ်ခဲ့ကြသည်။

ယခု မိတ်ဆက်ပွဲအပြီးတွင် ချင်းတွင်းမြစ်အနောက်ဘက် လက်ပံတောင်းတောင်တစ်ဝိုက်တွင် ကြေးနီသတ္တုတူးဖော်ရေး လုပ်ငန်းမှ တူးဖော်ထားသည့် မြေစာခဲတို့ကို ယာကွက်များပေါ် တွင် ပုံသဖြင့် စိုက်ပျိုး မြေယာနစ်နာဆုံးရှုံးကြသည့် တောင်သူများ၏ ကိစ္စကို သွားရောက်လေ့လာကူညီကြမည်။ ချင်းတွင်းမြစ်ကြီး လှိုင်းမုန်တိုင်းထအောင် ဆန္ဒပြခဲ့ကြသော ဝက်မွေးရွာ၊ ဆည်တဲ စသည်တို့မှ လူထုများနှင့် တွေ့ဆုံကြမည်။





နှ်အလုန် ပညာယူရမည်။


မုံရွာတွင် အိပ်စက်ခြင်းကို အတင်းလုယူမျက်စိပိတ်ကြပြီး၊ နောက် ားတွင် မုံရွေး၊ ကြေးမုံ၊ ရေစကြို၊ မြိုင်၊ ပခုက္ကူ၊ ညောင်ဦးဘက် သို့ ဆက်၍ ခရီးဆန့်ကြမည်။ လွတ်လပ်ခြင်း အလံတော်ကို ဆက်၍ င်ကြပါလေလော့။

ပြည်သူကို အလုပ်အကျွေးပြုသည့် လမ်းကြီးကား အဆုံးမရှိ၊ ကျယ်ပါဘိ၊ ခမ်းနားပါဘိ၊ ခက်ခဲကြမ်းတမ်းပါဘိ။ သူရဲကောင်းလမ်း။

၁၃-၈-၂၀၁၂ မုံရွာ



www.burmeseclassic.com



လက်ပံတောင်းတောင် ဝမ်ပေါင်ကုမ္ပဏီတဲခါးဝရှိ
သံဃာတော်များနှင့် လူထု၏ သပိတ်စခန်း ခွပ်ဒေါင်းအလံမှာ
ကျောင်းသားသမဂ္ဂအလံဖြစ်သည်





## မုံရွာ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ဖျက်သိမ်းပါ

ညနေ နေဝင်ချိန်တစ်ဝိုက်တွင် မုံရွာမြို့၏ အနောက်ဘက်ဆီသို့ မျှော်ရသည်မှာ အလှတွေ ဝေလက်ဖူးပွင့်တောက်ပနေသည်များကို သွေမလွဲ မြင်ရပါသည်။ မုံရွာ ညနေအလှမှာ ကမ္ဘာမြေပေါ် ရှိ အလှဆုံး တွေထဲမှာ မုချအပါအဝင် ဖြစ်ပါမည်။

ကျွန်တော်တို့ မုံရွာသားများသည် ညနေဆိုလျှင် ချင်းတွင်း မြစ်ကမ်းတစ်လျှောက် စက်ဘီးစီးသူက စီးကြသည်။ လမ်းလျှောက်သူက လျှောက်ကြသည်။ ချင်းတွင်းမြစ်ကမ်းညောင်ပင်ကြီးများ၊ မန်ကျည်း ပင်ကြီးများ၊ ကုက္ကိုပင်ကြီးများအောက်တွင် ထိုင်ရင်း၊ ရပ်ရင်း၊ ငေးရင်း၊ စကားပြောရင်း ချင်းတွင်းနေဝင်ချိန် အလှရှုကြပါသည်။

မုံရွာမြို့သည် တောင်မြောက်ဆယ်မိုင်မက ရှိသည်။ မြို့၏ အနောက်ဘက်မှာ ချင်းတွင်းမြစ်ကြီး တေးဆိုရင်း စီးဆင်းနေသည်။ ဆောင်းရာသီ၊ နွေရာသီတို့တွင် မြစ်ရေစီးကြောင်းမှာ ပြာနေသည်။ ငြိမ်ငြိမ် လှလှရှုရှု ညင်ညင်ဆင်မယဉ်သာလိုစီးသည်။ မြစ်ထဲတွင် ဖြူဝင်းလျှပ်လျှပ် သဲသောင်ပြင်ကြီးများ တစ်ဝန်းတစ်ဝိုက် တစ်မျှော်တစ်ခေါ် ရှိသည်။ မြစ်ရေ ပြာရီက သဲသောင်ရွှေဖြူ ပြန့်ကြီးများကြားတွင် လှည့်ပတ်စီးသည်။ လှေကူး ထွက်လျှင် ရမတတ်။ သို့သော် မရတတ်။ နွေချင်းတွင်းက စိမ်းရှုး ပြာဝါ

www.burmeseclassic.com



တသိမ့်သိမ့်စီးနေသည်။ ကြည်မြလျှပ်လက်၊ ရွှေရောင်မြရောင် ဟသ
မောင်နှံများ ချစ်တေးသံဂွီဂေါ် ဂွီဂေါ် အောင်တော်ခေါ်ကျူးပျော်မြ
ဝဲပျံနေကြသည်။

မိုးရာသီတွင်ကား ချင်းတွင်းမြစ်သည် အနံတစ်မိုင် နီးပါး ကျေ
လျှားစန့်လျက် ဧရာမလှုပ်ရှားရေပြင်ထုထည်ကြီးကို မဟာမောင်တ
တယ်အားဖြင့် ထုလုပ်ဖန်ဆင်းထားပြီး မြင်းများဒုန်းစိုင်းနေသလို ရေညီ
ဝါပြင်ကြီးပေါ် ဖန်ဖြူသားရောင်လှိုင်းများ တဝုန်းဝုန်းပျံသန်းထကြွ စီးဆင်
နေသည်။ အသည်းတုန်ချင် ယားချင်အောင် ကြောက်ခမန်းလိလိ မြစ်ရှ
ကြီး။ ဤမိုးရာသီတွင် နေဝင်ချိန်တစ်ဝိုက်၌ အနောက်မိုးပြင်ဆီမှာ တိမ်တော
တိမ်ပန်းများ ပုစွန်ဆီရောင်၊ ပတ္တမြားနီရောင်၊ ပီတောက်ရွှေဝါရောင
ငုဝါရောင်၊ နီလာပြာလဲ့ရောင်၊ စလင်းသားပြာကြည် အေးရောင်၊ ခရမ
ရင့်ရောင်၊ မရန်းစေ့ရောင်၊ မှိုင်းပြာကြည်ကြောင် ကျောက်ရောင်၊ တစ်ခ
တစ်ခါ နှင်းဆီပန်းနုရောင် အရောင်မျိုးစုံ ဝင်းလက်ကစားနေသည
တိမ်တို့မှာလည်း ဆင်ပုံ၊ နဂါးပုံ၊ ခြင်္သေ့ပုံ၊ ဝက်ဝံပုံ၊ ငှက်ကြီးပုံ စသည
ပုံမျိုးစုံ ရုပ်ပြောင်းနေကြသည်။ မုံရွာညနေ လှမှလှပါပေ။ တစ်ခါတစ်
ဝင်တော့မည့် နေနီလုံးကြီးက ချင်းတွင်းမြစ်မှိုင်းပြာပေါ်တွင် အနီလင
ကြောင်းကြီး၊ ရွှေဝါလင်းကြောင်းကြီး တလက်လက်ထိုးပေးနေသေးသည
ညနေ၏ ဇာတ်ဖြည့်ရုပ်ကလေးပမာ တံငါလှေငယ်များက မြစ်ပြာလင
ရီပေါ်မှာ တရွေ့ရွေ့လှော်ခတ်သွားကြသေး။

ချင်းတွင်းညနေရီ ဤမျှလောက်လှရာတွင် အားဖြည့်ပေးနေ
သော သဘာဝအကူအားကြီး ရှိနေ၏။ ထိုသဘာဝ အကူကား မုံရွာမြို့
နှင့် မျက်နှာချင်းဆိုင် တစ်ဘက်ကမ်းရှိ လက်ပံတောင်းတောင်ကြီးပ
တည်း။ မုံရွာသားများက လက်ဗဒေါင်းဟု အသံထွက်ပါသည်။ စာလုံး
ရေးပုံနှင့် အသံထွက်ပုံ ကွာတတ်ပါသည်။ ဆားလင်းကြီးကို ဆလင်းကြီး
ဆားထုံးကို ဆထုံး၊ ယင်းမာပင်ကို ယင်းမဗင်၊ ဒီပဲယင်းကို ဒဗယင်း
တန့်ဆည်ကို ဒဇယ်၊ အရာတော်ကို အရဒေါ်။



လက်ပံတောင်း တောင်ကြီးသည် ခန့်မှန်းခြေ တောင်မြောက်
မိုင်ခန့်၊ အရှေ့အနောက် ၅ မိုင်ခန့်ရှိမလားထင်သည်။ ကျွန်တော့်
ခန့်မှန်းအတိုင်းအတာ လွဲချင်လွဲနိုင်ပါသည်။ အမြင့်အားဖြင့် ပေ ၂၀၀
၃၀၀ ကျော်အထိ ရှိမလားထင်သည်။ တောင်ငယ် ၃၃ လုံး စုပေါင်း
ထည်နေသည့် တောင်တန်းဖြစ်သည်။ ဤတောင်ငယ်တို့၏ အလယ်
ွင် လယ်တီဆရာတော်ဘုရားကြီး တရားအားထုတ်တော်မူခဲ့သည့် နေရာ
ည်းရှိသည်။ တောင်ကြားကျောင်းဟု ခေါ်ကြသော ဘုန်းကြီးကျောင်း
သည်။ ဘုရားစေတီရှိသည်။ ဤလက်ပံတောင်းတောင် တစ်ဝိုက်တွင်
ပေါင်း ၂၆ ရွာကျော်ရှိသည်။ ဤတောင်ခြေတစ်ဝိုက်ရှိ မြေများကို
ွန်ယက်လုပ်ကိုင် စားသောက်ကြသည်။ ယင်းသို့မှီခိုနေရသည့် မြေဧက
၀၀၀ ကျော်ရှိသည်။ တောင်ကြီးပေါ်တွင် ဟင်းသီးဟင်းရွက်ပင် များရှိ
သည်။ ရှားပါးဘယဆေးပင်မျိုးစုံရှိသည်။ ထိုဘယဆေးပင်များဖြင့်
ဆေးဝါးထုတ်လုပ်ပြီး လူတို့၏ ကျန်းမာရေးကို စောင့်ရှောက်ရသည်။ ယခု
ဤသဘာဝ၏ လက်ဆောင်မွန်တို့ကို စက်ယန္တရားကြီးများက အကုန်
ဖျက်ပစ်တော့မည်။

ထိုထက် အဆတစ်သန်းဆိုးသည်ကား ဤ လက်ပံတောင်း ကြေးနီ
ထုပ်ငန်းမှ သုံးသည့်အက်ဆစ်ငရဲမီးရေတို့သည် မြေဧက ၇၈၀၀ ကျော်ပေါ်
တွင် စိမ့်ဝင်သွားပြီး ထိုအက်ဆစ်ပျော်ရည်တို့သည် ချင်းတွင်းမြစ်အတွင်း
စီးဝင်လာမည်။ ထို့နောက် ဧရာဝတီမြစ်အတွင်း စီးဝင်မည်။ မြန်မာ့
ဝင်လယ်များအထိ ရောက်မည်။ ငါးပုစွန်တွေ သေကုန်မည်။ လယ်ယာ
တွင်းများ မြေပျက်ကုန်မည်။ စိုက်မရ ပျိုးမရနှင့် မြန်မာတစ်ပြည်လုံး
ဆင်တ်ဘေးဆိုက်မည်။ အတိုချုပ်လျှင် ဤကြေးနီစီမံကိန်းကြီးကြောင့်
သားစဉ်မြေးဆက်အထိ တစ်ပြည်လုံးပျက်စီးခံရဖွယ်ရာ ရှိပါသည်။

ဤသို့ တစ်ပြည်လုံး ပျက်လောက်အောင် ဆိုးသည့် လုပ်ငန်းကြီး
တို မုံရွာချင်းတွင်းနယ်သားများက လက်မခံလိုပါ။ ရသမျှအကျိုးအမြတ်
များကိုလည်း တရုတ်အရင်းရှင်ကြီးများက ယူသွားကြမည်။ ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



များ၏ အရင်းအများဆုံးပါသော ဦးပိုင်ကုမ္ပဏီက တစ်ဝက်၊ တရုတ်ကုမ္ပဏီက တစ်ဝက်ရမည်ဆိုသည့် စာရွက်ပေါ်က ကိစ္စပင် ပျက်ပြီ။ ဦးပိုင်ကုမ္ပဏီ၏ အစုရှယ်ယာများကို တရုတ်ကုမ္ပဏီထံ အကုန်လွှဲပေးပြီးပြီဆိုသော ကောလဟာလများ ပြန့်နေသည်။ ဆိုင်ရာတို့ကလည်း လူထုကို အသိပေးမှု မလုပ်ကြ။ သူတို့လုပ်ငန်းများမှာ လူတွေရှေ့ချပြသည့်နည်းဖြင့် လုပ်ကြသည်သာ များသည်။ လူတွေ နစ်နာလည်း သူတို့နှင့် မဆိုင်သလို။ တိုင်းပြည်ပျက်မည့် အန္တရာယ်ရှိလည်း သူတို့နှင့် မဆိုင်သလို။

သူတို့ကတော့ ဒီက ကြေးနီတွေကို ယူမည်။ ကျည်ဆန်၊ ဗုံးဆန်၊ အမြောက်ဆန် လုပ်မည်။ လူ့အသက်တွေကို ဖျက်ဆီးဦးမည်။

ဒီမှာလည်း ဒီကြေးနီကြောင့် လူတွေ ဘဝပျက်မည်၊ တိုင်းပြည်ပျက်မည်၊ တတိတိ အသက်တွေ သေမည်။

ဟိုမှာလည်း လူ့အသက်တွေ သတ်ဖို့ ဤကြေးနီများကို သုံးမည်။ ဘယ်မှာလဲ ကောင်းကွက်။

ဤလက်ပံတောင်းတောင်ကြီး အဖျက်ခံရ၍ မုံရွာလူထု၊ ချင်းတွင်းလူထုတို့မှာ ဘဝအသက်မွေးဝမ်းကျောင်းပျက်၊ အသက်ထိခိုက်ကြရသည်သာမက နေ့စဉ်နှင့်အမျှ မိမိတို့ မျက်စိရှေ့တွင် မြရောင်၊ နီလာရောင်၊ ပယင်းရောင်၊ ပန်းရောင် ရွှန်းမြတောက်ပနေသည့် သဘာဝမျက်ရွဲ ရတနာကြီးကို ဆုံးရှုံးကြရမည်။ ရသတန်ဖိုးထာဝရဆုံးရှုံးသွားကြရတော့မည်။

ထို့ကြောင့် လက်ပံတောင်းတောင်ကြီး စီမံကိန်းကို လုံးဝအပြီးအပြတ် ဖျက်သိမ်းရေးကို တောင်းဆိုပါသည်။

မြန်မာနိုင်ငံကို ကာကွယ်ရန် မြန်မာပြည်သူ ပြည်သားအားလုံး သတိရှိကြပါကုန်လော့။ အဝတ်အဆင်မကွဲ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြပါလော့။

၁၆-၉-၂၀၁၂ (မုံရွာ)







## မုံရွာမြို့၏ မြလည်ဆွဲကြီး ပျောက်ဆုံးတော့မည်

ကျွန်တော်တို့ ငယ်စဉ်က ဇာတိလယ်ဇင်ရွာမှ မုံရွာမြို့သို့ သွားသောအခါ ရွာအနောက်အထွက်တွင် ပြာပြာညို့ညို့ထန်းတောကြီးကို မြင်ရပါသည်။ ထန်းပင်လုံးနက်ပြာမြင့်မြင့်ကြီးများကြားတွင် အရှေ့မှ ထွက်လာသည့် နေရောင်ဖြင့် လင်းလင်းလက်လက် မြစိမ်းရောင်တောက်နေသော တောင်တန်းမြင့်ကြီးကို လှမ်းမြင်ရပါသည်။ မဟာဆန်လိုက်တာ။ ထိုတောင်ကြီးမှာ လက်ပံတောင်းတောင် ဖြစ်သည်ဟု ဖခင်ကပြောပါသည်။ မြို့နားသို့ကပ်လာသောအခါ ပေတစ်ရာလမ်းက ချင်းတွင်းမြစ်နှင့် ယှဉ်ပြေးပါသည်။ လက်ပံတောင်းတောင်ကြီးနှင့်လည်း ယှဉ်ပြေးပါသည်။

မြစ်ထဲတွင် လှေများကရွက်ဖွင့်လျက် တောင်လေ၏ အားဖြင့် တက်ဘီးထက်မြန်မြန် တရွရွရွက်တိုက်ပြေးပါသည်။ မြစ်ရေပြင်ပေါ်တွင် ရွက်လှေအရိပ်များ ပြေးနေသည်။ လှေအရိပ်များနှင့် အတူ တောင်အရိပ်ကြီးကိုလည်း မြင်ရသည်။ ရေပြင်ပေါ်က အရိပ်တောင်။ မြေပြင်ပေါ်က စိမ်းစိမ်းပြာပြာတောင်။ ကြည့်မဝသည့် လှုပ်ရှားအရိပ်များ။

ကြည့်ရင်း ကြည့်ရင်း တောင်ကြီး၏ အရောင်မှာ အပြာလက်သည့် နေရာ လက်၊ အဝါယှက်သည့် နေရာယှက်၊ အစိမ်းပက်သည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာ ပက်၊ ရောင်မျိုးစုံ ယှက်သန်းလင်းလက်နေသည်။ တောင်အော ခြေမှာ အရောင်ရင့်ရင့်၊ တောင်လုံးများကြားတွင် အရောင်ရွှန်းလက် အထက်ပိုင်းတွင် ငါဝါဖြာလင်း။ တောင်ကြီး၏ အရောင်မျိုးစုံ ယှ ယှက်သန်းသန်း အလင်းကွက်တွေ ဝေနေသည်ကို ကြည့်၍ မဝ ကြ နေရသည်။

ပုံပန်းသဏ္ဌာန်အားဖြင့် တောင်တန်းကြီး၏ တောင်ဘက်ပိုင် မှာ မီးတောင်အေးပမာ မို့မို့ပြန့်ပြန့် မုန့်ပေါင်းဆင်း ပြေးသွားသည် မြောက်ဘက်ပိုင်းမှာ ဆင်ကြီးနှာမောင်းဆင်း၍ ဝပ်နေသည့်ပုံ ဖြစ်သည် တောင်၏ ပုံသဏ္ဌာန်ကို မုံရွာသားများက အမျိုးမျိုးမြင်ကြသည်။ ကဗျ ဆရာဘုတလင်ချစ်လေးက ဤလက်ပံတောင်းတောင်မှာ မုံရွာမြို့၏ မျက်နှ မွေးဖြစ်သည်ဟု မြင်သည်။ ချင်းတွင်းမြစ်ကမ်းသို့ ရေဆင်း၍ သောက် နေသည့် ဆင်နက်ပြာကြီးဟု ထင်သူကထင်သည်။ ကျွန်တော်ကတော လက်ပံတောင်းတောင်သည် မုံရွာ၏ မြလည်ဆွဲထင်သည်။ ဖိုဝန်းတော ကိုမူ ပိန်းကောလှေကြီး မှောက်ထားပုံနှင့် တူသည်ဟု ပြောကြသည်။

ဟိုအရင်က မုံရွာမှာ ဖိုဝန်းတောင်သို့ သွားသောအခါ လမ် မှာ စံပယ်တောင်၊ ကြေးစင်တောင်တို့ကို မလှမ်းမကမ်းမှာ မြင်ရပါသည် ထိုစဉ်က ထိုတောင်များတွင် ကြေးနီတူးဖော်ခြင်းမလုပ်ရသေးပါ။ တောင်န လုံးသည် မှေးယှက်နေကြရာ ဒေစီကျော်ဝင်းတောင်ဟု လူများက ခေါ် တတ်ကြသည်။ ထိုစဉ်ကမူ ထိုတောင်များမှာ အမှိုအမောက်တွေနှင့် ယနေ့ကား ပင်လယ်ပြင်ထက်နက်အောင်ပေ ၁၀၀၀ နီးပါးနက်ရှိုင်းသော ဧက ၇၀ ကျယ် ဧရာမကျင်းကြီး ဖြစ်နေပြီဟု သိရ၏။ ထိုတောင်များမှ ရသော ကြေးနီတန်ချိန် ငါးသိန်းကျော်ကို ထုတ်ယူငွေလုပ်လိုက်ကြပြီ အနားရှိ ရွာများမှာကား စိုက်ပျိုးမြေတွေ အကုန်ပျက်သည်။ ရေတွင် တွေအကုန်ပျက်သည်။ လူစဉ်မမီသည့် ကလေးများ မွေးလာကြသည် ရောဂါဆိုးများ ဖိစီးနှိပ်စက်လာသည်။ မြေပျက်၊ ရေပျက်၊ ရွာပျက် လေသန့်ပင် အသက်ရှူစရာ မရတော့။





ကြေးနီတူးဖော်မှုမှာ လူထုအတွက် ဆိုးကျိုးများသာ ခံမဆုံး ခံကြရသည်။ သူခိုးများအတွက်သာ အကျိုးရှိကြသည်။ ကြေးနီခိုးမှုကြီး ကို ဂျာနယ်အချို့တွင် တွေ့ရသည်။

ဤရှေ့သွားဖြစ်သော စံပယ်တောင်၊ ကြေးစင်တောင်တို့၏ နမူနာ ကို ကြည့်၍ ယခု လက်ပံတောင်းတောင် ကြေးနီလုပ်ငန်းကား အများ ကြီး ပိုဆိုးမည့် အခြေအနေရှိသည်။

ယခုပင် လက်ပံတောင်းတောင် တစ်ဝိုက်ရှိ ရွာ ၂၆ ရွာက လုပ်ကိုင်နေသော စိုက်ပျိုးမြေ ဧက ၇၈၀၀ ကျော်ကို သိမ်းယူပြီးပြီ။ ရွာ ၄ ရွာကို အဝေးသို့ နှင်သည်။ ရွာဘုန်းကြီးပင်မှ နှင်ထုတ်ခံရသည်။ စာသင်ကျောင်းများကိုလည်း နှင်ထုတ်သည်။ ရွာသူ ရွာသားများမှာ လုပ်စားစရာ မြေမရှိကြတော့။

ကြောက်စရာကောင်းသည်မှာ ကြေးနီလုပ်ဖို့အတွက် မြေဧက ၇၈၀၀ ပေါ်မှာ အက်ဆစ်ငရဲ မီးရည်များ ဖျန်းမည်။ ထိုအက်ဆစ်တို့ သည် မြေကြီးကို အဆိပ်သင့်ပျက်စီးသွားစေရုံသာမဟုတ်၊ ချင်းတွင်း မြစ်ထဲသို့ တစိမ့်စိမ့်စီးဆင်းသွားကာ မြစ်ရေကို အဆိပ်သင့်စေမည်။ ငါးပုစွန် ရေသတ္တဝါတို့ကို သေစေမည်။ ထိုအက်ဆစ်ရည်သည် ဧရာဝတီ မြစ်တွင်းသို့ပါ ဆက်စီးသွားပြီး ဧရာဝတီ ငါးပုစွန်များကို သေစေမည်။ ဧရာဝတီရေလွှမ်းသည့် လယ်မြေများကို အဆိပ်သင့်ပျက်စီးစေမည်။ စပါး ကောက်ပဲ စိုက်ပျိုးထုတ်လုပ်မှု ပျက်စီးစေမည်။

ဤကြေးနီလုပ်ငန်းလုပ်သည့်အတွက် လူထုမှာ ရက်ရက်စက် စက် သားစဉ်မြေးဆက်နာမည်။ တိုင်းပြည်လည်း နာတာရှည်ကြီး နာ မည်။ ဤလုပ်ငန်းမှ တိုင်းပြည်က ပြန်ရနိုင်သည့်ဝင်ငွေနှင့် တိုင်းပြည်နှင့် လူထုအရှုံးကြီး ရှုံးစရာတို့မှာ ထေ၍ မရနိုင်အောင် အရှုံးကြီးပါလိမ့်မည်။

မုံရွာ ချင်းတွင်းနယ်သူ နယ်သားတို့မှာလည်း ဤလှပသော တောင်ကြီးကို ထာဝစဉ် ဆုံးရှုံးသွားကြရလိမ့်မည်။ သူတို့၏ မြလည်ဆွဲ ကြီး ပျောက်သွားခံရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်သူတွေ မြေဆုံး၊ ရေဆုံး၊ သားသမီးလူလုံးမလှ အင်္ဂါမစုံ
မြို့လူထု နယ်လူထုတွေ သူတို့၏ မြလည်ဆွဲကြိုး ဆုံး။ မုံရွာမြို့၏ အလှဆုံးပန်းချီကားကြီး ပျက်။ ရသတန်ဖိုးတွေဆုံး။

တိုင်းပြည်မှာလည်း ဧရာဝတီမြစ်ရိုးတစ်လျှောက်၊ ဧရာဝတီမြစ်ဝကျွန်းပေါ် အထိ အနာကြီး နာနိုင်သည်။ နာဂစ်မုန်တိုင်းက ရက်ပိုင်းတိုက်ပြီး ဖျက်ဆီးသည်။ ဤကြေးနီလုပ်ငန်းကြီးက ထာဝရ ဆိုးကျိုးတစ်သီတစ်တန်းနှင့် အချိန်ကာလရှိသမျှ အနာကြီးနာနေအောင် လုပ်လိမ့်မည်။

နိုင်ငံတော်၏ အကြီးအကဲများသည် တိုင်းပြည်အတွက် ရစရာနှင့် ဆုံးရှုံးစရာများကို ချိန်စက်စဉ်းစား၍ နိုင်ငံအတွက် လူထုအတွက် အသက်သာဆုံးလမ်းကို စဉ်းစားရှာဖွေသင့်သည်။ best option ကို ရွေးချယ် ရလိမ့်မည်။

ဤကိစ္စသည် တိုင်းတစ်ပါး ဆန့်ကျင်ရေးလုပ်ငန်းမဟုတ်ပါ။ မိမိနိုင်ငံ မိမိလူမျိုးများကို ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းသာဖြစ်သည်။ အမြော်အမြင်ကြီးသော ပြည်ချစ်လုပ်ငန်းသာ ဖြစ်သည်။

မှားခဲ့မိသော အမှားကို ဆက်မှားလျှင် တစ်ပြည်လုံး ကြေးနီတွင်းထဲ စုံးစုံးနစ်ကြရဖို့ ရှိလိမ့်မည်။

အမှားကို မြင်၍၊ အမှားကိုသိ၍၊ ထိုအမှားကို စွန့်ပစ်ခြင်းမှာ သူတော်ကောင်းတို့ လုပ်ကောင်းသောအရာသာ ဖြစ်သည်။

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်း ကြေးနီစီမံကိန်းကို အပြီးအပြတ် ဖျက်သိမ်းခြင်းသည်သာ အသက်သာဆုံးလမ်း၊ တိုင်းပြည်နှင့် လူထုအသက် ဆက်ရှုနိုင်ဖွယ်ရာ လမ်းဖြစ်ပါသည်။

၁၈-၉-၂၀၁၂ မုံရွာ





## တန့်ပိုဂိတ်မှ ငြိမ်းချမ်းရေးသို့

လက်ပံတောင်းတောင်ကိစ္စနှင့် ပတ်သက်၍ နှီးနှောဖလှယ်ပွဲ တက်ရောက်ရန် ၈၈ မျိုးဆက်ကျောင်းသားများက ဖိတ်ကြားသဖြင့် မုံရွာမှ ရန်ကုန်သို့ မိုင် ၅၀၀ ခရီး ချီတက်လာရပါသည်။

ယခုအခါ မော်တော်ကားများ ကလည်းကောင်း၊ လမ်းကလည်းကောင်းသဖြင့် ခရီးအဆင်ပြေပါသည်။ မုံရွာမှ ည (၇) နာရီထွက်၊ ရန်ကုန်သို့ နံနက် (၆) နာရီခွဲဆိုက်။

ကျွန်တော်တို့ ဆယ်တန်းအောင်သော ၁၉၄၉ က မုံရွာ-မန္တလေး ၈၄ မိုင်ခရီးကို လေးရက်ကြာအောင် သွားခဲ့ရပါသည်။

ယခုတလော ဘခက်၏ ဘခက်အကြောင်းစာအုပ် ဖတ်ရသောအခါ သုံးပါတီ ညီညွတ်ရေးအစည်းအဝေး လုပ်ဖို့အတွက် သခင်စိုးက တွံတေးဘက်မှ ပခုက္ကူသို့ ခက်ခက်ခဲခဲ သွားခဲ့ရသည်။ သခင်သန်းထွန်းက ပဲခူးရိုးမဘက်မှ ပခုက္ကူသို့သွားရသည်။ သူတို့ခရီးများမှာ အများအားဖြင့် ခြေသာလျှင် ယာဉ်ရှိကုန်၏ဟူသော ခြေကျင်ခရီးများသာ ဖြစ်တတ်သည်။

ယခုကျွန်တော်တို့ အသွားအလာလွယ်ကူလှပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မုံရွာမှ ထွက်လာသော ရွှေစင်စကြာကားကြီးမှာ စစ်ကိုင်း ရောက်ခါနီး တန်ပိုဂိတ်တွင် နာရီဝက်ခန့် ရပ်နေရသည်။ တန်ပိုကြေးနှင့် ပတ်သက်၍ ဂိတ်အမှုထမ်းနှင့် ကားဆရာတို့ စကားများနေကြ၍ ကားမှာ နာရီဝက်ကြာအောင် လမ်းပိတ်ထားခံရသည်။ ခရီးသည်များ စိတ်မချမ်း မသာ ဖြစ်ကြရသည်။ လက်တွေ့ကျင့်သုံးဆောင်ရွက်မှုတွင် ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဓာတ်ကို စိုက်ထူထားကြသည်။ လူထုအကျိုးဆိုသည် နားမလည်။

ရန်ကုန်တွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း နှီးနှောဖလှယ်ပွဲတွင် ပညာရှင်တစ်ဦးက အချို့သော ဝန်ထမ်းများ အကိုင်အတွယ် ကြမ်းတမ်းမာကျောကြသည်နှင့်ပတ်သက်၍ ဝန်ထမ်းများအား ယဉ်ကျေးမှုသင်တန်းပေးသင့်သည်ဟု ပြောသည်။

ဝန်ထမ်းသည် ရှေးရှင်ဘုရင်လက်ထက်မှစ၊ ကိုလိုနီအလယ်၊ မျက်မှောက်ခေတ်အထိ သူ၏ လုပ်ပိုင်ခွင့်အာဏာကို အထက်မှစီးဆင်းလာသည်ဟုသာ နားလည်၍ အထက်အကြိုက် တင်းတင်းမာမာလုပ်ရေးသာ အရိုးစွဲနေသည်။ အာဏာပိုင်သူအစစ်မှာ ပြည်သူလူထုဖြစ်သည်ဟူသော အသိကို ဘယ်လိုမှ မရခဲ့ရှာ။ (ပြည်သူကတော့ တကယ်ပိုင်ရဲ့လားဗျာ) ထိုအယူများဖြင့်ပင် ယခုအထိ ပြည်သူလူထုကို ကျေးဇူးရှင်ဟူ၍မသိ၊ ကိုယ်နှိပ်စက်ချင်လျှင် နှိပ်စက်၍ရနိုင်သည်ဟု မောဟဖုံးနေကြလေသည်။ ဤအစွဲကို ပြင်နိုင်သောနေ့သည် ပြည်သူတို့မင်းကောင်းရသောနေ့ဖြစ်လိမ့်မည်။

တစ်ခါက သမိုင်းဆရာတစ်ဦး ပြောသောစကားကို ပြန်ကြားယောင်နေသည်။ ရှင်ဘုရင်တွေက တိုင်းသူပြည်သားကို ရင်ဝယ်သားလို သဘောထားပြီး အုပ်ချုပ်ပါတယ်ဆိုသည့် စကားက စကတည်းက မှားလာသည်။ တိုင်းသူပြည်သားက ရှင်ဘုရင်ရဲ့ ရင်ဝယ်သားလား၊ ရှင်ဘုရင်က တိုင်းသူပြည်သားရဲ့ ရင်ဝယ်သားလား။ အာဏာကိုင်ထားသူက အာဏာပိုင်သူလား၊ အာဏာပိုင်သူအစစ်က ဘယ်သူလဲ။





ဤအခြေခံသဘောကို ဝန်ထမ်းတွေ (မင်းစေမှစ၍ အမြင့်ဆုံးနေရာထူးရှိသူအထိ) နားလည်ကျင့်သုံးလာလျှင် တိုင်းပြည်မှာ မင်းကောင်းမင်းမြတ်ရပြီဟု ဆိုရမည်။

ကိုယ်ကိုင်ထားသောလက်နက်၊ ကိုယ်ရထားသော လုပ်ပိုင်ခွင့်တို့သည် ပြည်သူက (ယာယီ) အပ်နှင်းပေးထားတာသာဖြစ်ကြောင်း သိကြလျှင် ပြည်သူ့အပေါ် နေလို မီးလို ကျင့်ကြတော့မည်မဟုတ်။

ဇစ်မြစ်ကိုရှာမိသည်။ အကြောင်းကြောင်း စဉ်းစားလိုက်လျှင် ကျွန်တော်တို့နိုင်ငံတွင် ပြည်တွင်းစစ်သည် အဆိုးပေါင်းအသင်္ချေပေးသည်ဟု ပြောရတော့မည်။ ပြည်တွင်းစစ်ကြောင့် ဤပြည်သားတွေသေကြ နာရ ပစ္စည်းပျက်ကြရသည်။ ပြည်တွင်းစစ်ကြောင့် လူတွေအဆင်းရဲကြီး ဆင်းရဲရသည်။ အနှိပ်စက်ခံရသည်။

ဤပြည်တွင်းစစ်ကြီးကို အပြုတ်တိုက် လမ်းစဉ်ဖြင့် တိုက်ခိုက်သည့် ဖဆပလ အစိုးရကြီး ပြုတ်ကျပျက်စီးသွားပြီ။ ပထစ အစိုးရကလည်း ထိုလမ်းစဉ်အတိုင်းဆက်လုပ်ရာ ပထစအစိုးရ ပြုတ်ကျသွားသည်။ ဦးနေဝင်းအမှူးပြုသော အစိုးရအဆက်ဆက်ကလည်း ပြည်တွင်းစစ်ကို သဲကြီးမဲကြီးတိုက်ရာ ဦးနေဝင်း၏ အစိုးရများ ပြုတ်ကျပြီး နောက်ဆုံး သူကိုယ်တိုင်ပင် မရှုမလှ သားကောင်ကြီးဖြစ်သွားပြီ။

အခြားတစ်ဘက်ကလည်း ပြည်တွင်းစစ်ကို တိုက်ကြသော အဖွဲ့အစည်းများ၊ ခေါင်းဆောင်များလည်း ပျက်စီးကြရလေသည်။

ပြည်တွင်းစစ်ဘီလူးကြီးသည် သူနှင့်ထိစပ်မိသမျှသူအားလုံးကို ဖျက်ဆီးချေမှုန်းပစ်သည်။

သူနှင့်မထိတွေ့ကြမှ ပြည်တွင်းစစ်ကို အမှန်တကယ် ရပ်စဲကြမှ ဘီလူးစားခံရမည့်ဘေးမှ လွတ်လိမ့်မည်။

နောက်ဆုံး နိုင်ငံတော်ကြီးတစ်ခုလုံးပင် ပြည်တွင်းစစ်ဘီလူးကြီးကြောင့် နိုင်ငံသားတွေသေ၊ အဖိုးတန်ခေါင်းဆောင်တွေသေ၊ အနုပညာရှင် အတတ်ပညာရှင်တွေ သင်းကွပ်ခံရ၊ နိုင်ငံတော်ကြီး အဆင်းရဲဆုံး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံအဖြစ် ဒေဝါလီခံရ၊ သမီးပျိုများ ပျက်စီးကြ၊ သားငယ်များ ကျွန်ဖြ
ခံရ။

ထို့ကြောင့် ပြည်တွင်းစစ်ကို ရပ်ကို ရပ်မှ ဖြစ်မည်။

ပြည်တွင်းစစ်ကို ရပ်နိုင်ဖို့ တန်းတူညီမျှ သဘောထား၊ တရား
တမှုတို့ကို ကိုင်စွဲရမည်။

ယခုတလော အမေရိကန်သမ္မတရွေးပွဲအတွက် စကားစစ်
နေကြရာတွင် လက်ရှိသမ္မတ အိုဘားမားက ယှဉ်ပြိုင်ဘက် ရွန်နီအ
ခင်ဗျားအရွေးအလယ်ပိုင်းမှာ နောက်ထပ်စစ်ပွဲတစ်ပွဲ ဖြစ်စေချင်သလ
ဟု မေးလိုက်သည်။

စစ်ကို ဘယ်သူမှ မလိုလားကြပါ။ စစ်က စစ်တိုက်သူကို
မချန် ဝါးစားတတ်ပါသည်။

သတိချပ်ကြပါတော့။

တရားမျှတမှုနှင့် ငြိမ်းချမ်းရေး ညီညွတ်ရေးသာ ကျွန်တော်
တိုင်းပြည်အတွက် အသက်ဆက်ဆေးကြီး ဖြစ်ပါလိမ့်မည်။

တိုင်းပြည်ချစ်စိတ်ကို အခြေခံ၍ လက်တွဲကြပါတော့။

၄-၁၀-၂၀





## အရောင်ကလေးတွေနဲ့သတင်းစာတွေ

ယခုအောက်တိုဘာလထဲတွင် မြန်မာနိုင်ငံရှိ အစိုးရထုတ်သတင်း
များ ဆေးရောင်စုံပုံနှိပ် ထုတ်ဝေသည်ကို တွေ့ရသည်။ ပြောင်းလဲ
းတက်လာမှုပါပဲ။ အရောင်အသွေးတွေနှင့် ကြည်လင်ပါသည်။ စိုပြည်
ပါသည်။ စာဖတ်သူကို ဆွဲဆောင်အားတစ်ခု တိုးလာပါသည်။

သတင်းစာသည် နေ့စဉ်သတင်းများ၊ နေ့စဉ်ကိစ္စများကို ဖော်
ပေးနေသည်ဖြစ်ရာ နေ့စဉ်ဘဝနှင့် မကင်းကွာလိုသူတိုင်း သတင်းစာ
ကြည့်သင့်ပါသည်။ တီဗီကလည်း သတင်းကြေညာသားပဲ၊ ရေဒီယိုတွေ
ကလည်း သတင်းတွေ တစီစီ ပေးနေတာပဲ၊ ဒါတွေကြည့်၊ ဒါတွေနား
ထောင် တော်ရောပေါ့ဟု အချို့က ဆင်ခြေတက်ချင်ကြမည်။ ဒါပေမဲ့
သတင်းစာကိုတော့ ဖတ်ဖို့လိုကို လိုသေးတာပဲဗျာဟု ပြောရမည်ထင်သည်။

ပထမဆုံးအားဖြင့် သတင်းစာက သဘောကောင်းပါသည်။ ဘယ်
အချိန်ကြည့်ကြည့်ရသည်။ အဲဒါ သဘောတရားအရတော့ မှန်သည်။
လက်တွေ့တွင် ရန်ကုန်မှာ နေ့လယ်ပိုင်းလောက်ကျမှ အိမ်သို့ သတင်းစာ
ရောက်သည်။ စောစောစီးစီး ခေတ်မီချင်၍မရ။ နယ်မှာ ညနေပိုင်းကျမှ
သတင်းစာလာသည်။ တစ်နည်းအားဖြင့် လက်တွေ့ဖြန့်ဝေမှုတွင် သတင်း



www.burmeseclassic.com

www.burmeseclassic.com



စာများသည် ရန်ကုန်တွင် ၆ နာရီခန့်၊ နယ်တွင် ၁၀ နာရီကျော်ခ... နောက်ကျမှ လာတတ်ပါသည်။ သူများတွေက အင်တာနက်စီးပြီး စက္က... ပိုင်း မိနစ်ပိုင်းအတွင်း သတင်းရသည်။ ကျုပ်တို့သတင်းစာကတော့ . .

လှည်းကြမ်းခေတ်က မတက်သေးဘူးဆိုဆို သတင်းစာကိုတော့ 'ကြည့်' ရပါသည်။ ကျွန်တော်တို့ငယ်ငယ် ပါလီမန်ခေတ်၊ လွတ်လပ်ရေ... တိုက်ပွဲခေတ်တွေက သတင်းစာမှာ ဖတ်ရပါသည်။ အိမ်မှာ တစ်ယောက်... ဖတ်ပြ၊ အများက ဝိုင်းနားထောင်။ ထိုခေတ်မျိုးကို ဖြတ်သန်းခဲ့ရပါသည်...

ကျွန်တော်တို့ကြီးလာတော့ သတင်းစာများက ပြောင်းသွားကြ... သည်။ နှစ်စောင်သုံးစောင်ရှိသော်လည်း ခေါင်းစဉ်မှအစ အကြောင်း... အရာများအထိ တူနေတတ်သည်။ တစ်ခါတစ်ရံတွင် ကောက်စာများပင်... တူနေတတ်သေး။ သတင်းစာယိမ်းကနေသည်နှင့်တူသည်။ အယ်ဒီတာ... စာတည်းမှူးဆိုသူများမှာ အဓိကအားဖြင့် သတ်ပုံသာ ပြင်နေကြသလား ဟု... ထင်ရသည်။ သူတို့၏ ဉာဏ်စွမ်းလက်လက်ကို ပရိသတ်များ မခံစားရပါ...

သို့သော် သတင်းစာကို ဖတ်ကို ဖတ်ရပါသည်။ အထူးသဖြင့်... နာရေးသတင်း၊ ကိုယ့်မိတ်ဆွေ အသိအကျွမ်းတို့၏ နာရေးကိုဖတ်၍ လိုက်... ပို့တန်လျှင် လိုက်ပို့ရသည်။ ဖုန်းဆက်တန်လျှင် ဖုန်းဆက်မေးရသည်။ အချို့လည်း ရက်လည်ရောက်မှ သွားရသည်။ နာရေးကဏ္ဍမှာ သတင်း... လည်းပေးသည်။ သံဝေဂလည်းပေးသည်။ ဆင်ခြင်တွေးတောစရာတွေ... လည်း တစ်ပုံတစ်ခေါင်းပေးသည်။

သတင်းစာ၏ ကြော်ငြာများကလည်း လူကိုခေတ်နှင့်မကွာအောင်... လုပ်ပေးနေသည်။ လူသုံးပစ္စည်းအမျိုးမျိုး၊ အိမ်ရာမြေ တိုက်ခန်းအရောင်း... အဝယ်၊ ကိုယ်မဝယ်နိုင်သော်ရှိ နောက်ဆုံးပေါ် ကားများ၊ မင်္ဂလာဆောင်၊ လင်မယားကွာရှင်းမှု၊ သားသမီးအဖြစ်မှ ရပ်စဲမှု။ ဖတ်၍ ရင်အနာရဆုံး... မှာ ကိုယ်မွေးထားသော သားသမီးများ၊ တူ တူမများ၊ မောင်နှမ ညီအစ်ကို... များ ဆွေခန်းမျိုးခန်းပြတ်ကြသည့်ကြော်ငြာများ၊ လူ့အဖွဲ့အစည်းမှာ မူးယစ်... ဆေးကြောင့်သော်လည်းကောင်း၊ အခြားစီးပွားရေးအဆင်မပြေမှုများ၊





...ဘာဒေါသများကြောင့်သော်လည်းကောင်း အစိတ်စိတ်အမြွှာမြွှာ ...ကွဲနေရသည်။ တစ်ခါတစ်ရံ သားအဖ၊ သားအမိများ တရားဆိုင်ကြ... ...ည်ကိုလည်း ဖတ်ရတတ်သေးသည်။ ဒီလောက်ပစ္စည်း မက်ကြရသလား။ ...မာနိုင်ငံတွင် လောဘ ဒေါသများကို ချုပ်ထိန်းကြရန် ဟောပြောသော ...အရှင်ရှိပေလို့သာ။ ဗုဒ္ဓများမရှိပါရင်ဟု တွေးချင်မိသည်။

သတင်းစာဆိုတာ သိကြသည့်အတိုင်း ကျောင်းကြော်ငြာ၊ ဂျာနယ် ...ကြော်ငြာ၊ ရုပ်ရှင်ကြော်ငြာ၊ စာအုပ်ကြော်ငြာ၊ ဘောလုံးပွဲကြော်ငြာ စသည် ...များလည်းပါသေး။ ပြပွဲ၊ ဖွင့်ပွဲ၊ စသည်များလည်း ကိုယ်မသွားရလျှင် ...နေပစေ အာသာကလေးနှင့် ကြည့်ရသေးသည်။

ထို့ကြောင့် သတင်းစာမှာ ဆွဲဆောင်အားများစွာ ရှိပါသည်။

သတင်းစာဆရာကြီးများကသာ သတင်းစီစဉ်ရေးသားပုံမှအစ ...ဖတ်သူ ပြည်သူများ အကျိုးရှိရာရှိကြောင်း၊ ဉာဏ်ပညာမျက်စိကျယ်ရာ ...ကျယ်ကြောင်း ရေးသားဖော်ပြကြလျှင် များစွာပို၍ အကျိုးရှိနိုင်ပါသည်။

လွန်ခဲ့သောနှစ်လေးငါးဆယ် သတင်းစာများကား ပန်းနံ့မွှေးမွှေး ...ရှား ရှားလှပါသည်။ အစိုးရထုတ်သတင်းစာများဖြစ်၍ အစိုးရမူဝါဒနှင့် ...ညီ သတင်း၊ ခေါင်းကြီး၊ ဆောင်းပါးတို့ကို စီစဉ်ရရာ သာမန်စာဖတ်သူ ...ကြိုက်နှင့် အတော်ဝေးခဲ့ပါသည်။

အစည်းအဝေးများ၊ တွေ့ဆုံမှုများအကြောင်းရေးလျှင် ရာထူး ...ဂုဏ်ရည်နှင့် လူအမည်များကိုသာ ဖတ်ရသည်။ ဘာဆွေးနွေးသလဲ၊ ဘာ ...ပြောကြသလဲ၊ ဘာဆုံးဖြတ်သလဲ မသိရ။ မပြောကောင်း ပြောကောင်း ...သတင်းစာများမှာ အသေကြီးဖြစ်နေသည်။ ဖုတ်ဝင်နေသလိုသာဖြစ်သည်။ ...ကြည့်သူ့အသံကို ဖော်ပြသောအခါ ကားဘော်ဒီရုံက ထုရိုက်သံ ဆူညံသည့် ...အကြောင်းအကြော်ဖိုမှညော်နံ့သည့် အကြောင်းမျိုးလောက်သာ ဖတ်ရ ...တတ်သည်။

ခေါင်းကြီးပိုင်းများ၊ ဆောင်းပါးများကလည်း အစိုးရမူဝါဒကောင်း ...ကြောင်းသာ စကားတန်ဆာဆင်၍ ရေးသည်။ ကဗျာများပင် ကဗျာရှင်



www.burmeseclassic.com

www.burmeseclassic.com



ခုန်သံ မကြားရ။

ဒါတွေကို ဘယ်လောက်ပြောင်းလဲမလဲ။ အရောင်ကလေးတွေ ထည့်တာကောင်းပါသည်။ ထိုထက် ပြည်သူ့ဘဝကို ကြေးမုံပြင်လို ထင်ပါမှ ပိုကောင်းမည်။ ကြေးမုံမဟုတ်ရှာသော ကြေးမုံကြီးကို သနားမိသည်။ အခုတလော မုံရွာဘက်မှာ လက်ပံတောင်းတောင် ကြေးနီမုန်တိုင်းကြီး ထနေသည်။ ထိုအရောင်ကလေးတွေနှင့် သတင်းစာတွေထဲမှာရှာကြည့်မိသည်။ အို . . . ဘယ်မှာပါလိမ့်။

၂၂-၁၀-၂၀၁၂



တရုတ်ဝမ်ပေါင်ကုမ္ပဏီက
လက်ပံတောင်းတောင်ကြီးကို ခုတ်လှီးထားပုံ





## ရွှေလမ်း ငွေလမ်း သွယ်တန်းရေး

(၁)

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်မှ အသံကို ပြန်ကြားယောင်နေသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကွယ်လွန်ခါနီး နောက်ဆုံးမီးစာတောက်သလို ပြောကြားခဲ့သော မိန့်ခွန်း။ ၂၀-၈-၁၉၆၁ ရန်ကုန်ကြည့်မြင်တိုင် စလင်းကျောင်းတိုက်အတွင်း ပြည်တွင်းငြိမ်းချမ်းရေးမြတ်နိုးသူတို့အား ပြောကြားခဲ့ပုံ။

'အရာရာမှာ သတိတရားကြီးကြီးရှိကြဖို့ တို့ဗမာပြည်မှာ ဘေဒဥပါယ်ဆိုတဲ့ နိုင်ငံခြားပရိယာယ်၊ မာယာ၊ ကုန်းတိုက်ပြီးခွဲတာ ဖျက်တာ၊ အဲဒီသဘောမျိုးတွေဟာလည်း အများကြီးပါဝင်ခဲ့တယ်။ အဲဒါတွေကလည်း ဆင်ခြင်ကြဖို့လေ။

အမှန်အားဖြင့် သတိပြုစရာက ကျားနဲ့နွား မဟာမိတ်ဖွဲ့လို့မဖြစ်ပါဘူးလို့ မဖြစ်ပါဘူး၊ ဟုတ်ကလား။

အဲဒါကြောင့် ခု တို့ဟာ လူသာဆိုရတယ်၊ အမှန်ကဖြင့် တိရစ္ဆာန်တို့လောက်တောင် တကယ်လွတ်လပ်ရေးအစစ် မဟုတ်သေးပါဘူး။ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား။ နွားက တိရစ္ဆာန်၊ လူထက် ယုတ်ညံ့တယ်ဆိုစေကာမူ နွားဟာ နွားအသင်းအပင်း၊ နွားနေရာ၊ နွားစားကျက်နဲ့ နွားတစ်စုတစ်ရုံးတည်း သူတို့အမျိုးတွေ တစ်သင်းပဲလို့ ဟုတ်ကလား။ ကဲ . . နွားကွဲရင် ကျား ဆိုတာ သူတို့အုပ်ကြီးထဲက အကွဲတစ်ကောင် နှစ်ကောင် ဝင်ဆွဲတာ ဟုတ်ကလား။ အုပ်ကြီး အရှိန်နဲ့ ဝင်မဆွဲပါဘူး။ ဟုတ်ကလား။ မော တို့လည်း စဉ်းစားကြည့်ကြပါလေ။ နွားဟာလည်း ဘယ်လောက်ညံ့ည ကိုယ့်အသင်းအပင်းနဲ့ ကိုယ့်နေရာနဲ့ပဲ။ ကျားလည်း ဘယ်လောက်သတ္တိ ကောင်းကောင်း ကိုယ့်နေရာနဲ့ကိုယ်ပဲ။ နွားအုပ်ထဲမှာ ကျားရှင်ဘုရင်လုပ် နေတာ မတွေ့ရဘူး။

အဲ . . အင်မတန်သန့်တာပဲ၊ ဟုတ်ကလား။ အဲဒါကြောင့် မသ ရှင်းတဲ့ ကိစ္စကိုလည်း သန့်ရှင်းအောင် ကြိုးစားကြဖို့ အဲဒါအရေးကြီးတယ် ဟုတ်ကလား။

အဲဒါကြောင့် ပေါင်းသင်းဆက်ဆံတဲ့နေရာမှာလည်း သတိတရ ကြီးကြီးရှိဖို့ပေါ့လေ။ အဲ လူပေါင်းမမှားကြဖို့ပေါ့လေ၊ ဟုတ်ကလား။

လူပေါင်းမှားခဲ့တာ ပြယုဂ်က ဂျပန်နဲ့ ပေါင်းခဲ့တာ။ နို့ ဂျပ အဟုတ်ကြီးမှတ်ပြီးတော့ ရောက်ခဲ လာခဲ မျှော်လိုက်ရတာ လည်ပင တစ်တောင်ရှည်လို့ပေါ့လေ။ ရောက်လာပါတော့လည်း ဝေသာလီပြည် ထဲ သရဲဝင်တာထက် ဆိုးသေးတယ်။ သိပ်ညှဉ်းပမ်းလိုက်တာပဲ။'

လွန်ခဲ့သော နှစ်ငါးဆယ်ကျော်က ပြောကြားခဲ့သော ဆရာကြီ သခင်ကိုယ်တော်မှိုင်း၏ ရင်တွင်းစကား၊ ပညာစကားမှာ ယခုအချိန်အထ အထူးသတိထားစရာဖြစ်ပါလေသည်။

(၂)

ဤဆောင်းပါးရေးခါနီးတွင် ရေဒီယိုမှ အမေရိကန်သမ္မတအိုဘာ မား မြန်မာနိုင်ငံသို့ လာတော့မည်ဟု ကြေညာသည်။





အိုဘားမား မြန်မာနိုင်ငံသို့ လာမည်ဆိုသောကိစ္စမှာ မြန်မာ ပြည်သူတို့က ဖော်ရွေဝမ်းသာသော အပြုံးများနှင့် ကြိုကြမည်ထင်သည်။ ရှံ့ဗွက်ထဲတွင် လှည်းနစ်နေရာမှ ရုန်းမပြီးနိုင်သေးမီ အမေရိကန်သမ္မတ ကြီးလာမည်ဆိုသည်မှာ မြန်မာပြည်သူတို့အတွက် တိမ်တိုက်မည်းမှောင် ကြားမှ နေရောင် ပြူလက်လာသည်နှင့်တူသည်။

အမေရိကန်သမ္မတသည် ဒီမိုကရေစီလှည်းကြီးကို ရွှံ့ဗွက်မှ ရုန်း ထက်နိုင်အောင် ကူညီလိမ့်မည်ဟု မှန်းမျှော်ရသည်။ ဒါက ပြည်သူတို့ ဘက်က။

အစိုးရချင်း ဆက်ဆံရေးအတွက်လည်း စီးပွားရေးကန့်သတ် ထားမြစ်မှုများကို အကုန်လောက်လျှော့ပေးတော့မလား ထင်ရသည်။ နှစ်နိုင်ငံဆက်ဆံရေးအတွက် ကော်ဇောခင်းပေးရပေလိမ့်မည်။ ကုန်သွယ်မှုနှင့် အရင်းမြှုပ်နှံမှုများကိုလည်း နှစ်ဖက်အကျိုးရှိရှိ အင်နှင့်အားနှင့် လုပ်လာ ကြပေမည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘဏ္ဍာရေး အကူအညီများ ရက်ရက်ရောရော လာမည်။ စစ်ရေး လက်တွဲမှုကိုပင် ကြတော့မည်ထင်သည်။

မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ အကုန်အစင်လွှတ်ရေး ရှိုင်ငြိမ်းချမ်းရေး ပြေလည်ရေး၊ ကချင်ငြိမ်းချမ်းရေး ကိစ္စများအတွက် လည်း မိတ်ဆွေကောင်းတို့၏ စောင့်ရှောက်မှုရှိနိုင်ရာသည်။ မြန်မာနိုင်ငံ ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားအသက်ပြန်လည်နိုးထ ရေးတို့ကိုလည်း ဖေးမမည် ယူဆရသည်။

အိုဘားမားသည် လူဖြူ လူမည်း ကပြားလည်းဖြစ်ရာ အမေရိကန် နန်းတော်ပေါ်သို့ အိုဘားမားရောက်ရှိပြီး ဒုတိယနန်းသက်လေးနှစ် ဆက် ဦးမည်ဆိုသည်မှာ ကမ္ဘာနှင့်မြန်မာအတွက် ခြံလုံးကျွတ် ပန်းများပွင့်ခြင်း ဟုပင်ဆိုချင်သည်။

ဤသမ္မတကြီးသည် လာမည့်အချိန်ကာလတွင် ကမ္ဘာကို စစ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com


လက်ဆောင် မပေးပါစေနှင့်၊ လက်ရှိစစ်ပွဲများကိုလည်း အပြီးအပြတ် ရပ်ပေးပါစေဟု ဆုတောင်းရသည်။

(၃)

အမေရိကန်သမ္မတကြီး အာရှသို့လာချိန်မှာပင် တရုတ်ပြည်၌လည်း ခေါင်းဆောင်ပုဂ္ဂိုလ်များ ပြောင်းလဲချိန်ဖြစ်သည်။

ယနေ့တရုတ်ပြည်သည် ကမ္ဘာတွင် စီးပွားရေးအရ ဒုတိယနေရာသို့ ရောက်ရှိနေပြီ။ စစ်အင်အားတည်ဆောက်မှု၊ တိုးချဲ့မှု၊ လှုပ်ရှားမှုများကိုလည်း အရှိန်မြင့်မြင့် လုပ်နေသည်။ ဆိုရှယ်လစ် ကွန်မြူနစ်ဝါဒကို အခြေခံသည်ဆိုသော်လည်း လက်တွေ့တွင် အရင်းရှင်လုပ်ငန်းကြီးများကိုလုပ်နေသည်။ တရုတ်ပြည် ကွန်မြူနစ်ပါတီတွင်းမှာပင် အရင်းရှင်များကို ပါတီဝင်အဖြစ် လက်ခံနေပြီဟုလည်း ကြားရသည်။ တရုတ်ပြည်၏ လာမည့် အရောင်သည်ဘာလဲ။

ယခုကျင်းပနေသော တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်က ရှေ့လမ်းကြောင်းကို လျာထားလိမ့်မည်။

ယခုအချိန်တွင်ကား အရင်းရှင်လုပ်ငန်းတည်ဆောက်မှုသည် တရုတ်ပြည်ထဲတွင် အင်အားကြီးမားစွာ ဖြစ်မြောက်ခဲ့ရုံမက ကမ္ဘာ့တိုက်ကြီးအားလုံးသို့ပင် တရုတ်အရင်းမြုပ်နှံမှုများ ပျံ့နှံ့နေရာယူခဲ့ပြီဟု ဆိုရမည်။ အမေရိကန်ကိုပင် တရုတ်က ငွေချေးသည့်အခြေအနေသို့ ရောက်လာပြီထင်သည်။ အမေရိကန်ကလည်း စစ်ပွဲတွေအတိုက်များ၍သော်လည်းကောင်း၊ ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးအဖြစ် ရပ်တည်ချင်သည့် ကုန်ကျစရိတ်များကြောင့်သော်လည်းကောင်း၊ စီးပွားရေးကျခဲ့ရသည့်ဒဏ်များကို ခံမဆုံး ခံနေရသည်။ စစ်တိုက်ရင် အမေရိကန်လို သူဌေးနိုင်ငံကြီးတောင် မွဲသွားတာပဲ။ ၆၄ နှစ် စစ်တိုက်လာတဲ့ ကျုပ်တို့နိုင်ငံကတော့ ပိုလ်ချုပ်အောင်ဆန်းပြောတဲ့ နိုင်ငံမဖြစ်ရင် ဘာဖြစ်မလဲ။ အမေရိကန်က ဗွက်နစ်၊





တရုတ်က လမ်းသာနေသည့်အခါ တရုတ်စီးပွားရေးကလည်း ပို၍ ပို၍ တိုးချဲ့လာသည်။

ထိုတိုးချဲ့လာမှုများမှာ အဆင်ပြေမှုရှိသလောက် ရှိနိုင်သော်လည်း အဆင်မပြေမှုလည်း ကြီးမားပုံရသည်။ တရုတ်အရင်းရောက်ရာနေရာများတွင် တိုင်းရင်းသားတို့နှင့် တရုတ်အရင်းရှင်လုပ်ငန်းတို့၏ ပဋိပက္ခများများလာသည်ဟုသိရသည်။

မြန်မာနိုင်ငံတွင်လည်း တရုတ်အရင်းရှင်တို့ လုပ်လာသော ဧရာဝတီမြစ်ဆုံစီမံကိန်း၊ မုံရွာလက်ပံတောင်းတောင် ကြေးနီလုပ်ငန်း စီမံကိန်း၊ ကျောက်ဖြူ-ယူနန်ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းစသည်များမှာ ဒေသခံပြည်သူတို့နှင့် အကျိုးစီးပွား ပဋိပက္ခများဖြစ်၍ ဒေသခံတို့နှင့်တကွ မြန်မာပြည်သူလူထုများ၏ ဆန့်ကျင်ခါချမှု ခံနေရသည်။ ငွေအား၊ အာဏာအားလှည့်ဖြားအားတို့နှင့် ဖိနေရသည်။

မြန်မာပြည်သူတို့သည် တရုတ်ပြည်သူတို့နှင့် ချစ်ခင်နွေးထွေးသော ဆက်ဆံမှုများကို တစ်လျှောက်လုံး လုပ်ခဲ့ကြသော်လည်း မိမိတို့၏ အမျိုးသားအကျိုးစီးပွား ထိခိုက် နစ်နာလာရသည်များကိုမူ လက်ခံနိုင်မည်မဟုတ်ချေ။

တရုတ်ပြည်နှင့် မြန်မာပြည်တို့၏ ငြိမ်းချမ်းစွာ အတူနေရေးမူငါးချက်တို့သည် နှစ်နိုင်ငံဆက်ဆံရေး၏စံများ ဖြစ်ရပေမည်။ နှစ်နိုင်ငံတန်းတူရည်ဆက်ဆံ၍ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရေးဟူသောမူကို စာလုံးသာမက လက်တွေ့လေးစားလိုက်နာကြဖို့ လိုပေသည်။ အထူးသဖြင့် မြန်မာပြည်သူတို့၏ အကျိုးစီးပွား၊ မြန်မာပြည်သူတို့၏ ဆန္ဒကိုလေးစားရန် အလွန်အရေးကြီးသည်။ အစိုးရအဖွဲ့ဆိုသည်မှာ အင်္ဂလိပ်ကဗျာဆရာကြီး တင်နီဆင်၏ ချောင်းကလေးကဗျာကဲ့သို့ ရောက်လာလိုက်၊ စီးသွားလိုက် အတည်အမြဲမရှိပါချေ။ ပြည်သူသာ တကယ်တည်မြဲပေသည်။


www.burmeseclassic.com

www.burmeseclassic.com

ချောမွေ့လှပသော ဆက်ဆံရေးမှာ ပြည်သူနှင့် ဆက်ဆံရေးသာ ဖြစ်သည်။ ပြည်သူနှင့်ဆက်ဆံရေးကို အထူးလေးစား စိုက်ပျိုးကြဖို့ လိုပေမည်။

တရုတ်ပြည်၊ အိန္ဒိယပြည်၊ အမေရိကန်စသော နိုင်ငံကြီးများနှင့် ဆက်ဆံနေရသော မြန်မာနိုင်ငံသည် အားလုံးနှင့် တရားသဖြင့် တန်းတူ ရည်တူ ချစ်ခင်ပေါင်းသင်းသော ရွှေလမ်း ငွေလမ်းကိုသာ သွယ်တန်းလိုပေသည်။

၁၀-၁၁-၂၀၁၂

မုံရွာ





## လက်ပံတောင်းတောင်အရေးမှာ မဖြစ်မနေလုပ်ရမယ့်အချက်ကဘာလဲ

လက်ပံတောင်းတောင်အရေးတွင် ဆုံးရှုံးမြေယာများအတွက် လျော်ကြေးတောင်းကြတာတွေရှိသည်။ ဆုံးရှုံးအိမ်ရာများအတွက် လျော်ကြေးတောင်ကြတာတွေရှိသည်။ ဆုံးရှုံးသီးနှံများအတွက် လျော်ကြေး တောင်းကြတာတွေရှိသည်။ မြေပျက်စီးခြင်း၊ ရေပျက်စီးခြင်း၊ လေပျက် စီးခြင်းကိစ္စများရှိသည်။ ကလေးတွေ၊ မိန်းမတွေ၊ ရွာသားတွေ ရောဂါ မျိုးမျိုး ဖြစ်ကြတာရှိသည်။ ရေသတ္တဝါများပျက်စီးခြင်းရှိသည်။ သစ် တောသစ်ပင်၊ ဟင်းသီးဟင်းရွက်ပင်၊ ဘယဆေးပင်များ ပျက်စီးခြင်းရှိ သည်။ ကျွဲ၊ နွား၊ သိုး၊ ဆိတ် စားကျက်မြေများ ပျက်စီးခြင်းရှိသည်။ ဤသို့ပျက်စီးခြင်းအထွေထွေကြောင့် နစ်နာကြေးများပေးရန်လည်းရှိသည်။

ထို့ပြင် ၂၉-၁၁-၂၀၁၂ ရက်က ဖြစ်ပွားခဲ့သော သပိတ်စခန်း ခွဲမှုကြီးတွင် ပြင်းထန်စွာ မီးလောင်ဒဏ်ရာရခဲ့ကြသော သံဃာတော် အမျိုးသမီး အမျိုးသားများ ရှိကြသည်။ အချို့မှာ အသက်ဆုံးရှုံး သား၊ မျက်စိပျက်မလား၊ တစ်ကိုယ်လုံး ခရုသင်းလို ဖြူဖွေးကွေ့ကောက် သွားမလား၊ ဒဏ်ရာတွေ ဘယ်လောက်ကြာအောင် ကုရမလဲ။ အနာများ နိုးရိုးမီးလောင်နာနှင့်မတူ၊ ထပ်ပွားပြန့်တတ်သေးသည်။ မုံရွာဇောတိက မကျောင်းမှ ဒဏ်ရာရသော ဦးပဉ္ဇင်းအချို့မှာ ရေချိုးမိသဖြင့် ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com

အနာပွားလာသည်ဟု သိရသည်။ ဤမီးလောင်ဒဏ်ရာတို့ကြောင့် ရက် ကြာသောအခါ ရောဂါပိုဆိုးပြီး အသက်ဆုံးရှုံးမှုအထိ စိုးရိမ်ရသည် ဤဒဏ်ရာများကိုကုသရန် အထူးဆေးဝါးများကို အိန္ဒိယမှ ဝယ်ယူ လှူလိုက်ပြီဟု သီတဂူဆရာတော်ကြီးထံမှ ကြားသိရသည်။ သာသ မေတ္တာ၊ လူထုမေတ္တာမှာ ကြီးမားလှ၏။

ထို့ကြောင့် ဒဏ်ရာရရှိသော သံဃာတော်များအား တိုက်ခို ခဲ့မှုကို အမိန့်ပေးစေခိုင်းသူတို့အနေနှင့် တောင်းပန်ဝန်ချရန် သံဃာ နှင့် လူထုကတောင်းဆိုနေသည်။

လက်ပံတောင်းတောင်တွင် လယ်တီဆရာတော်ကြီးနှင့်ပတ်သ သော ဘုရားစေတီ၊ သိမ်၊ ကျောင်း၊ ဂူများနှင့် စလင်းကန်လယ်ဆ တော်၊ ညောင်ပင်အိုင်ဆရာတော်တို့ တည်ထားသော အဏုမြူကပ်ကျေ စေတီ၊ အခြားဘုရားစေတီများကို ပြိုပျက်မသွားအောင် ထိန်းသိမ်းရ လည်း တောင်းဆိုနေကြသည်။

စာစောက တင်ပြခဲ့သည့် ယာမြေ၊ ကျေးရွာ၊ အိုးအိမ်၊ သီး ရေမြေပျက်စီးမှု၊ ရောဂါဖြစ်မှု၊ ယခုနှင့်အနာဂတ် ပတ်ဝန်းကျင်ထိခို ပျက်စီးမှုများအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရန်နှင့် နစ်န ကြေးစသည်များပေးရန်လည်း တောင်းဆိုနေကြသည်။

ဤတောင်းဆိုမှုတို့သည် သူ့ဟာနှင့်သူ သင့်လျော်အဆင်ပြေ တရားမျှတကြပါ၏။ ဤတောင်းဆိုချက်များနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင် ဖြေရှင်း၍ ရနိုင်ပါသည်။ စေ့စပ်ညှိ နှိုင်း ဖြေရှင်းခြင်း၏တန်ဖိုးကိုလည် လူထုက နားလည်ပါသည်။ ပြည်တွင်း ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက် စေ့စပ်ဆွေးနွေးညှိနှိုင်းဖြေရှင်းကြရန် ဆရာကြီးသခင်ကိုယ်တော်မှိုင် အမှူးပြုသော ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရ (မြန်မာနိုင်ငံ) တို့က ၁၉၄၈ ပြည်တွင်း စစ်မဖြစ်သည့်အချိန်မှစ တောင်းဆိုပန်ကြားခဲ့သည်မဟုတ်လား။ စေ့ စပ်ညှိနှိုင်းမှု အကောင်အထည် ဖြစ်မလာအောင် ဘယ်သူတွေတားဆီး ခဲ့ကြသည်ကိုလည်း အများသိဖြစ်ပါသည်





တရေစီးအတွက် ပြည်သူ က အသက်တွေပေး၍ ဘဝတွေပေး၍ င်းဆိုလာခဲ့ကြသည်ကိုလည်း အများသိ ကမ္ဘာသိဖြစ်ပါသည်။ ယ်သူက ခရီးမပေါက်အောင် လုပ်နေ သလဲ။ ထိုလုပ်သူများ၏ ပေါက်အတွင်းရောက်အောင် စေ့စပ်ညှိနှိုင်း ရေးတရားများကို ာပေးကြဖို့ လိုလိမ့်မည်ထင်ပါသည်။

လက်ပံတောင်းတောင်နှင့်ပတ်သက်၍ တောင်ကြီးပျောက်မသွား ကို ကာယကံရှင်လူထုများက တစ်သမတ်တည်း တောင်းဆိုနေကြပါ သည်။ ဤတောင်မပျောက်ရေးကိစ္စမှာ ညှိနှိုင်းစေ့စပ်အပေးအယူ အလျော့ င်းလုပ်၍မရပါ။ ကြေးနီစီမံကိန်းလုပ်လျှင် တောင်ပျက်စီးပျောက်ကွယ် တွင်းနက်ကြီးသာ ကျန်မည်ဖြစ်ပါသည်။ တောင်၏ မြေသားမြေမှုန့် ကို ခုတ်ထစ်ထုတ်ယူမှ ကြေးနီရနိုင်ပါမည်။ ကြေးနီသတ္တုရိုင်းပါသော တောင်မြေကို ဖြိုခွဲပျက်ဆီးခြင်းမပြုဘဲ ကြေးနီကို ဘယ်လိုလုပ် ထုတ် မည်နည်း။

ထို့ကြောင့် ကြေးနီလုပ်လျှင် တောင်ပျက်မည်။ တောင်မပျက် ဆိုလျှင် ကြေးနီမလုပ်မှုဖြစ်မည်။ ထို့ကြောင့် လူထုက ဤကြေးနီစီမံ ကို လုံးဝ (လုံးဝ) ဖျက်သိမ်းပေးရန် တောင်းဆိုနေကြပါသည်။ ကိစ္စတွင် အချစ်အမုန်းပြဿနာ မပါပါ၊ ဒေါသမပါပါ။ ကြေးနီစီမံ း လုံးဝ ဖျက်သိမ်းမှသာ တောင်မပျောက်မည်ဖြစ်၍ လုံးဝ ဖျက်သိမ်း ချက်ချင်းလုပ်ငန်းလုပ်ရေးကို တောင်းဆိုနေရခြင်း ဖြစ်ပါသည်။

ဘာကြောင့် တောင်မပျောက်စေလိုရခြင်းအကြောင်းကို ထပ်ပြော င်ပါသေးသလား။ ပြောပါမည်။ ရန်ကုန်ရှိ ရွှေတိဂုံဘုရားစေတီတော် တည်ရှိရာ တောင်ကုန်းသည် စိန်တွေ ကိန်းအောင်းနေသည်ဆိုလျှင် သိင်္ဂုတ္တရကုန်းတောင်ကို ဖြိုပစ်ဖို့ သင်သဘောတူမလား။

မိတ်ဆွေများခင်ဗျာ။

လောကကြီးမှာ တန်ဖိုးဖြတ်မရသည့် အရာတွေ များစွာရှိပါ သည်။ ထိုအရာများကို ဖျက်ဆီးပစ်လျှင် မှန်မည်လား၊ မှားမည်လား



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြပါ။

နောင်ပြင်မရမည့် အမှားဆိုးကြီးကို ကျူးလွန်ကြမည်လာ
နောင်တ ရ၍ မဖြစ်နိုင်ပါ။ အချိန်ရှိတုန်း မျက်လုံးရဲရဲဖွင့်၍ သမာဓိရှိ
သစ္စာရှိရှိ ဆုံးဖြတ်ကြဖို့ လိုပါလိမ့်မည်။

၆-၁၂-၂၀၁
ရန်ကု



မီးသတ်ပိုက်မှ ရေပက်သောအခါ သင်္ကန်းများအပေါက်ပေါက်အပြဲပြဲ ပျက်စီးသွားသည်၊ ရေထိသည့်နေရာတွေကို မီးလိုက်လောင်သည်။





## နောက်မဆုတ်ဘူးဆိုရင် အသုံးရှုံးကြီး ဆုံးရှုံးကြပါလိမ့်မယ်

ဟိုတစ်နေ့က အိမ်နီးချင်းရဲ့ တယ်လီဖုန်းပျက်လို့ ဖုန်းအလုပ်သမားတွေ တယ်လီဖုန်းတိုင်ကိုတက်ပြီး ပြင်ကြတယ်။ အဲဒီညနေကစပြီး ကျွန်တော်တို့အိမ်ကဖုန်း ပျက်ပါလေရော။ လာပြင်ဖို့ အကြောင်းကြားတာ သုံးရက်ရှိပြီ။ ခုထက်ထိ ဘယ်သူမှ လာပြင်မပေးကြဘူး။ လာပြင်ရင်လည်း သူတို့ကို 'ခြေကြွခ' တော့ ပူဇော်ရစမြဲပါ။ အဲဒီလိုဖြစ်နေတာ လိုလားအပ်သလား။

ကျွန်တော်က ဒုတိယကမ္ဘာစစ်မတိုင်ခင်က မွေးတယ်။ တောရွာတစ်ရွာမှာ ရွာကို တစ်ခါတလေ ပုလိပ်သားတွေ လာတတ်တယ်။ အများအားဖြင့် ကုလားပုလိပ်တွေ သူတို့ဝင်လာရင် ခွေးဟောင်သံတွေ ဆူသွားတာပဲ။ အစိုးရဘက်သားတွေဟေ့လို့ ရွာသားတွေက ပြောကြပါတယ်။ တဲ့ .. ကလေး ငိုမနေနဲ့နော်၊ ပုလိပ်ကြီးဖမ်းသွားလိမ့်မယ်လို့လည်း ခြောက်တတ်ကြပါတယ်။ အစိုးရဘက်သားဆိုတာ ကြောက်စရာလို့ ရွာကလူတွေက နားလည်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါမှာ ရွာကလူတွေဟာ အမှုအခင်းကလေးဖြစ် မြို့ကရုံးကို သွားကြရပါတယ်။ အမှုကလည်း မပြီးနိုင်ဘူး။ ဟိုရက်ချိန်း လိုက်၊ ဒီရက်ချိန်းလိုက်။ တစ်ခုခုမေးရင် ပြာတာ (ဟိန္ဒူစကား ပြာ ကြီးကလည်း ငေါက်လိုက်ပါဘိသနဲ့။ ဟိုစာရေးကြီးကလည်း လ ဖက်ရည်ဖိုးဆိုလား၊ ဘာဖိုးဆိုလား ပေးရသေးတယ်။ တရားဆုံးဖြတ်တေ လည်း မဟုတ်မတရားတဲ့သူကို အနိုင်ပေးလိုပေး။ ရုံးဆိုတာ ကြောက်စရာ ရွံ့စရာကြီးပါကလားလို့ အသည်းစွဲသွားကြတယ်။

အဲဒါ ကိုလိုနီခေတ်ကပါ။ လွတ်လပ်ရေးရတဲ့ခေတ်ကျတော့လည်း ဒီပုံရိပ် မပြောင်းပါဘူး။ ပို ပိုတောင် ဆိုးလာပါသေးတယ်။ တရားရုံး မှာ စစ်ဆေးတာက လိပ်ပတ်မလည်သေးဘူး၊ တရားသူကြီးက တိုက် အင်္ကျီ မိုးကုတ်အိတ်ထဲက စာရွက်ကလေးယူဖတ်ပြီး စီရင်ချက်ချလိုက် တာပဲ။ 'ပါတာဖတ်' ခေတ်လေ။ အဲဒါ အရပ်သား တရားသူကြီး၊ 'ပြည် သူ့' တရားတရားသူကြီးပေါ့။ စနစ်မကောင်း ခေတ်မကောင်းလို့ ဒီလို ဖြစ်ရတယ် ပြောရမှာပဲ။ စနစ်မကောင်း ခေတ်မကောင်းရင် ဥပဒေပညာ ရှင်လည်း ပျက်တာပဲ၊ အရပ်သားတရားသူကြီး (သမာဓိမြို့ဝန်၊ သမာ ခုံရုံးလို့လည်း ခေါ်ခဲ့သေးတယ်) လည်း ပျက်တာပဲ။ စနစ်မကောင်း ခေတ်မကောင်းရင် ဘုရားလောင်းတောင် မပျက်ဘဲ ခံနိုင်မယ်မထင်ဘူး

ဟိုတုန်းက ကိုလိုနီခေတ်စောစောမှာ ပြာတာက တစ်လ ဂို- စာရေးက ၁၅၊ စာရေးပိုင်က ၃၀၀၀ိ အထိရတယ်လို့ ကြားဖူးတယ် ၃၀၀၀ိ ဆိုတာ အဲဒီခေတ်က ရွှေနှစ်ပိဿာဖိုးဗျ။ အိမ်ကြီးအိမ်ကောင်း နဲ့လည်း နေရတယ်၊ ဒရိုင်ဘာ၊ ထမင်းချက်၊ စားပွဲထိုး၊ ကလေးထိန်းစတဲ့ အစေခံတွေလည်း အများကြီး။ အဲဒီအရေးပိုင် 'ဗိုလ်ကြီး' အိုင်စီအက်တွေဟာ လာဘ်မစားဖူးလို့ ဆိုကြပါတယ်။ ရွှေနှစ်ပိဿာတောင် လစဉ်ရမှတော့



ဘ်စားဖို့ လိုဦးမလားဗျာလို့ ပြောကြမှာပေါ့။

အဲဒီသဘောတရား မှန်တယ်မထင်ဘူးဗျ။ အခုနောက်ပိုင်းခေတ် ကျတော့ အာဏာရှိတဲ့သူတွေက အဲဒီလောက်နဲ့လည်း မရပ်ကြဘူး င်တယ်။ ဟိုနေ့က လွှတ်တော်မှာ နိုင်ငံတော်စာရင်းစစ်အဖွဲ့ကဆိုလား ပြုတာ ဝန်ကြီးဌာနတွေမှာ ဟာငွေသန်းပေါင်း ငါးသောင်းကျော် ဆိုလား။ အလွဲသုံးစားမှုဟုတ်မဟုတ် မသိဘူး။ ဒီခေတ်မှာ တချို့က ည်း နိုင်ငံတော့်ပစ္စည်း ငါ့ပစ္စည်း အောက်မေ့ကြထင်ပါရဲ့။ လုပ်ပိုင်ခွင့် သူတွေ။

အဲပေါ့လေ၊ ကျွန်တော်တို့မှာလည်း လွတ်လပ်ရေးရတဲ့ အချိန်က ပြီး ပြည်တွင်းစစ်ကြီးရှိလာတော့ စစ်တိုက်ဖို့ သုံးရတဲ့ငွေတွေကလည်း လဟောပဲ၊ အဃိုအဖိတ် ရှိမှာပေါ့။ အဃိုအဖိတ်လောက်တောင်မကဘူး။ တစ်ခါတစ်ခါကျတော့ စစ်တိုက်တဲ့သူတွေက နိုင်ငံတော်အာဏာတစ်ခု လုံး သိမ်းယူလိုက်တယ်။ အဲဒီပြည်တွင်းစစ်ကလည်း ၆၄ နှစ်ရှိလာတဲ့ အထိလည်း မပြီးဘူး။ ပြည်တွင်းစစ် လုံးဝ မရှိတော့ပါဘူးလို့ ဘယ်တုန်းက ပြောနိုင်ခဲ့လို့လဲဗျာ။

ပြည်တွင်းစစ်ရှိတော့ အာဏာသုံးရတာလည်း တစ်ဘက်စောင်း နင်းပဲဗျ၊ ငွေသုံးရတာလည်း တစ်ဘက်စောင်းနင်းပဲဗျ။ စီမံခန့်ခွဲကြရတာ တွေကလည်း ကမောက်ကမ။ ပြည်တွင်းစစ်ဖြစ်နေတော့ လူတွေအကျင့် စရိုက် ပျက်လွယ်စရာလည်း ဖြစ်တာပေါ့လေ။ ကျန်းမာရေးအတွက် သုံးသင့်တာလည်း သုံးလို့မရဘူး၊ ပညာရေးအတွက် သုံးသင့်တာလည်း သုံးလို့မရဘူး၊ စီးပွားရေး လုပ်ဖို့ကိုင်ဖို့အတွက် သုံးသင့်တာလည်း သုံးလို့ မရဘူး။ ဒီတော့ နိုင်ငံတော်ကြီးဟာ ဘက်ပေါင်းစုံက ယိုယွင်းအောက် တန်းကျလာတာပေါ့။ ဗိုလ်ချုပ်အောင်ဆန်းစကားအတိုင်း ဖြစ်တော့မလား



www.burmeseclassic.com

www.burmeseclassic.com



လို့ စိုးရိမ်နေကြရပြီ။ ဖြစ်ကော ဖြစ်နေပြီလားမသိ။

ပြည်တွင်းစစ်ကို ချက်ချင်းရပ်ကြပါလို့ ပြောနေဖို့ လိုသေးလာ
ဗျာ။ တိုင်းပြည်ကို တကယ်ချစ်ကြလို့ရှိရင် ဒီပြည်တွင်းစစ်ကို ရပ်လိ
မယ်လို့ ယုံကြည်ရတယ်။ ကနေ့ တိုင်းပြည်ကို တကယ်ချစ်မချစ်ဆိုတ
ပြည်တွင်းစစ်ကို ရပ်မရပ်ဆိုတဲ့ ဆုံးဖြတ်ချက်အပေါ်မှာ တည်ပါလိမ့်မယ်

အရင်တုန်းကတော့ ကျွန်တော်တို့မှာ ပြည်သူ့ကိုယ်စားပြု ဒီ
ကရေစီ လွှတ်တော်တွေ မရှိခဲ့တော့ ပြည်သူ့ဆန္ဒ ပြည်သူ့အသံ မထွက်
နိုင်ခဲ့ဘူးပေါ့။ ကနေ့အတိုင်းအတာ အနည်းငယ်အထိ ပြည်သူ့အသံထွက်
ပေါ်လာနိုင်တဲ့အခါ ကျွန်တော်တို့ လွှတ်တော်ကြီးတွေက ပြည်တွင်းစ
ရပ်ပစ်ဖို့ ဆုံးဖြတ်ချက်မချနိုင်ဘူးလားလို့ မေးချင်လာပါတယ်။

ပြည်တွင်းစစ်လုံးဝရပ်ဖို့ ဒီလွှတ်တော်တွေမှာ အဆိုတင်သွင်းမယ်
ပြည်သူ့ ကိုယ်စားလှယ်တွေ မရှိကြဘူးလားခင်ဗျာ။ ကန့်ကွက်ချင်တဲ့သ
ကန့်ကွက်ပါစေ။ ပြည်သူ့အကျိုးကို ဘယ်သူလိုလား မလိုလား သိရတ
ပေါ့။

အခုတစ်လောမှာ ဆန္ဒပြကြတာတွေကလည်း တစ်မျိုးပြီးတ
မျိုးဆိုတော့ အစိုးရလုပ်တဲ့သူတွေဘက်က ဦးနှောက်ခြောက်စရာမျာ
ဖြစ်မလား။ ရာဇဝတ်မှု၊ လုယက်မှု၊ မုဒိမ်းမှု၊ ကိုယ့်ကိုယ်ကိုယ် သတ်သေမှ
တွေကလည်း များလိုက်တာ။

အရင်က အမွေဆိုးတွေလို့ ပြောရမှာပါပဲ။ အင်း . . ဆင်းရဲ
ချမ်းသာ ကွာခြားမှုကလည်း ကြီးကြီးလာတယ်။ ဆန္ဒထုတ်ဖော်မှုဆိုတာ
တွေ တစ်မိုးလုံး ဖျောက်ဆိပ်တောင် ပေါ်ထွက်နိုင်ပါတယ်။ နည်းဥပဒေ
အမျိုးမျိုးနဲ့ ဟန့်တားလို့လည်း မရပါဘူး။ တချို့နေရာတွေမှာ အဖမ်
အဆီး အနှိပ်အကွပ်တွေလည်း မြင်ရတယ်။ ဒီမိုကရေစီကို 'Look Froward







'ဆိုတဲ့စကားနဲ့ ရှေးရှုချီတက်နေတုန်း ဒီပုံကားတွေကတော့ အံမဝင်
ချုပ်မလှ ဖြစ်နေတာ အမှန်ပါပဲ။

ကိစ္စတစ်ရပ်ကို ဘယ်လိုကိုင်တွယ်မလဲဆိုတာ နည်းလမ်း မသတ်
မှတ်ခင် အဲဒီကိစ္စဟာ ဘယ်လောက်တရားတယ် မတရားဘူးဆိုတာကြည့်
ဖို့က အဓိကပါ။ တရားတဲ့ ကိစ္စကို နှိပ်ကွပ်နည်းတွေ သုံးနေရင်တော့
မှားရောပေါ့။

ကျွန်တော်တို့နားမှာရှိတဲ့ လက်ပံတောင်းတောင် ကြေးနီလုပ်ငန်း
ကိစ္စဟာလည်း ဆူပွက်နေတာပဲ။ လူတွေဟာ အလုပ်ပျက်၊ အကိုင်ပျက်၊
အအိပ်ပျက်၊ အနေပျက်၊ အစားပျက်ခံပြီး ဆန္ဒပြ သပိတ်မှောက်နေကြ
တယ်။ အနယ်နယ်အရပ်ရပ်က သံဃာတော်တွေလည်း ဒကာများကို
အားပေးကြတယ်။

ဒီကိစ္စကို ခြုံကြည့်လိုက်ရင် လက်ပံတောင်းတောင်ကြီး ပျောက်
ရေး၊ မပျောက်ရေးက အဓိက ဖြစ်လာပါတယ်။ မုံရွာလူထုနဲ့ ကျေးလက်
လူထုတွေက လှပပြီး မြို့နားကပ်နေတဲ့ ဒီတောင်ကြီးကို အပျောက်ဖျက်
မခံချင်ကြပါဘူး။ ဒီတောင်ကြီး ပျက်စီးပျောက်ကွယ်မသွားအောင် ဘယ်
ကုမ္ပဏီ ဘယ်သူလုပ်နိုင်မလဲ။ မလုပ်နိုင်ရင် နောက်ဆုတ်ကြပါ။ ပိုက်ဆံ
ကြေးငွေ လောဘသိပ်မကြီးပါနဲ့၊ စောစောဆုတ်သွားရင် အသက်သာဆုံး
ဖြစ်ကြမှာပါ။ လောဘဇောနဲ့ ကုတ်ကတ်ဆက်လုပ်ကြမယ်ဆိုရင်တော့
အနာကြီးနာ အဆုံးရှုံးကြီး ဆုံးရှုံးကြပါလိမ့်မယ်ဆိုတာကို Stakeholders
အားလုံးမြင်စေ သိစေချင်ပါတယ် ခင်ဗျား။

၂၄-၁၁-၂၀၁၂
မုံရွာ

စိမ်းရောင်စို စာပေ

www.burmeseclassic.com

www.burmeseclassic.com





မုံရွာမြို့ကမ်းနားလမ်း ကျူးတို့ဆိပ်တွင် ဇောတိကရာမကျောင်း၊
သံဃာတော်များ ကျူးတို့ကျူးခွင့်မရ၍ ထိုင်သပိတ်မှောက် ဆန္ဒပြနေကြပုံ





## ဝမ်ဘောင် ချူးချီ

အသက် ၈၀ ရောက်မှ ခရီးတွေတော်တော်သွားနေရသည်။ ရန်ကုန်မှ မုံရွာ၊ မုံရွာမှ ရန်ကုန်၊ တစ်ခါတစ်ရံ ရန်ကုန်မှ ရှမ်းပြည်နယ်၊ မန္တလေး၊ စစ်ကိုင်း ခရီးတွေ တော်တော်စုံသည်။ အခုတစ်ခါ ချင်းတွင်း မော်ကွန်းစာစောင်ကြီး ပြုစုရန်အတွက် မုံရွာမှ ချင်းတွင်းမြစ်ဖျားအထိ သွားရဦးမည်ဆိုသည်။ ခန္ဓာကိုမောင်း၍ အကျိုးစီးပွားများ တတ်နိုင်သမျှ သယ်ပေးရန် ကြိုးစားရသည်။ ချင်းတွင်းမြစ်ဖျား သုတေသနခရီး မသွားရခင် မုံရွာမှာ ကိစ္စတွေ လေနီကြမ်းဆင်၍ ရောက်လာသည်။ လက်ပံတောင်းတောင် ကြေးနီတူးဖော်ရေးကိစ္စ။

လက်ပံတောင်းတောင်သည် မုံရွာမြို့ အနောက်ဘက် ချင်းတွင်းမြစ် တစ်ဘက်ကမ်းမှာ တည်ရှိပါသည်။ မုံရွာ၏ မျက်ရှုမြပြာနီလာ ဇာခန်းဆီး၊ တောင်ကြီးက ပြာပြာမှိုင်းမှိုင်း ညို့ညို့စိမ်းစိမ်း ရှိန်းရှိန်းရွှေဝါ လက်လက်သန်းနေ၍ မုံရွာက လူတွေ အမြဲကြည့်ရမြင်ရချစ်ရသည်။ နေထွက်ချိန် တစ်မျိုးလှ၊ နေဝင်ချိန် တစ်မျိုး လွမ်းစရာကောင်း၊ မုံရွာသားနှင့် လက်ပံတောင်းတောင်၊ လက်ပံတောင်းတောင်နှင့် မုံရွာသားကား တစ်သွေးတည်း တစ်သားတည်း ဖြစ်နေသည်။ ထို့ကြောင့် ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



Let badaung mountain
part and parcel of monywa
our flesh and blood
our jewel, our ruby
our great painting
we simply can't lose you!

ဟု စိတ်ထဲတွင် ညည်းမိသည်။ မြန်မာလိုလည်း အကြမ်းဖျင်း ရွတ်ဆိုကြည့်မိသည်။

လက်ပံတောင်း တောင်မို့မို့
ငါတို့သွေးသား
ငါတို့မြေ ငါတို့ပတ္တမြား
ငါတို့မဟာ ပန်းချီကား
မျက်စိအောက်မှ
အပျောက်မခံနိုင်တကား။

လက်ပံတောင်းတောင် ကံဆိုးရှာပါပြီ။ အမြင့် ၁၀၅၇ ပေ (၃၂၂.၂ မီတာ)၊ သုံးမိုင်ခွဲ ပတ်ပတ်လည် အဝန်းအဝိုင်းရှိ၍ တောင်ပေါင်း ၃၃ လုံး စုပေါင်းဖွဲ့စည်းထားသော ဤတောင်ကြီးတွင် ကြေးနီသတ္တုသိုက်ကြီး ရှိ၍ တရုတ်နိုင်ငံမှ ဝမ်ပေါင်ကုမ္ပဏီနှင့် မြန်မာ့ဦးပိုင် ကုမ္ပဏီတို့ ပူးပေါင်း ၍ ကြေးနီတူးဖော်လုပ်ကိုင်ကြရာ ဤတောင်ကြီး တစ်တောင်လုံး ပျောက် ဆုံးသွားရတော့မည်သာမက ပတ်ဝန်းကျင် ဘုရားကျောင်းကန်များ၊ ကျေး ရွာများ၊ ယာတောများ၊ စိုက်ခင်းများ၊ စားကျက်မြေများပါ ပျက်စီး ကြရ မည့်ကိန်းဆိုက်လာသည်။

ထို့ကြောင့် လက်ပံတောင်းတောင် ဝန်းကျင်ကျေးရွာ ၂၆ ရွာ နှင့် မုံရွာမြို့ လူထု၊ အခြားမြို့ရွာများစွာ သံဃာတော်များ၊ လူထုများပါ လက်တွဲပေါင်းစုကြပြီး ကြေးနီလုပ်ငန်းကို လုံးဝဖျက်သိမ်းရန် တောင်း ဆို သပိတ်မှောက်လာကြသည်။ ဆောင်းရာသီ ချမ်းချမ်းစီးစီးကြီးထဲတွင်





ောင်ပေါ် လေဟာပြင် အအေးထဲ၊ လေတိုက်ထဲ၌ သပိတ်စခန်းများ ခိုင်တည်ဆောက်ဆန္ဒပြနေကြသည်။ ဤသပိတ်စခန်းများအတွက် ...လိုအပ်ချက်များကို ရပ်ရွာလူထုကလည်း ထောက်ပံ့သည်။ မုံရွာ ...ဝန်းကျင်လူထုကလည်း ဝိုင်းဝန်းယိုင်းပင်းကြသည်။ ထို့ပြင် မုံရွာ ...တမ်း၌လည်း ဤသပိတ်တိုက်ပွဲကြီးကို ထောက်ခံရန် လူထုက ညနေတိုင်း ...တောင်ကြည့်ပွဲများ ကျင်းပသည်။ မုံရွာလူထုကလည်း လက်ပံတောင်း ...ောင်ကြီး မပျောက်ကွယ်ရေးမှာ သူတို့အရေး အစစ်အမှန်ဖြစ်၍ စိတ် ...တိုယ်ပါ အူလှိုက်သည်းလှိုက် ထောက်ခံ တိုက်ပွဲဝင်ကြသည်။ ဤကိစ္စ ...တွင် နိုင်ငံရေး အရောင်ကွဲပြားခြင်းမရှိ၊ ဆင်းရဲချမ်းသာ ကွဲပြားခြင်း ... ပညာမြင့်နိမ့်ကွဲပြားခြင်းမရှိ၊ ရာထူးရှိမဲ့ ကွဲပြားခြင်းမရှိ၊ အားလုံး ...စိတ်တစ်ဝမ်းတည်း။ အားလုံးက သားစဉ်မြေးဆက်များအတွက် အမွေ ...ဖြစ် လက်ပံတောင်းတောင်ကြီးကို အလုံးအထည် မပျက်ထားခဲ့လိုကြ ...သည်။

ဤလူထုစိတ်ဓာတ်ကို အာဏာကိုင်ထားသူများ နှလုံးသွင်းမိပါ ...တု ဆုတောင်းရသည်။ ငွေမှိုင်းဖုံးလျှင် အသရေ မဆိုင်းဆုံးချိမ့်မည်။

၂၅-၁၁-၂၀၁၂ နေ့က နံနက် ၇ နာရီတွင် မင်းဆွေနှစ်၏ ...မီး မင်္ဂလာဆောင်သို့ သွားရမည်။ ၈ နာရီတွင် ဘူမိဗေဒ ပညာရှင် ...ဦးနှင့် ဆွေးနွေးရသည်။ ၁၀ နာရီတွင် ရန်ကုန်မှလာသော ပုလဲ ...နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်နှင့် တွေ့ဆုံ ...သည်။ ဒေါ်ခင်စန်းလှိုင်သည် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်း ...ကြည် မုံရွာမြို့နှင့် လက်ပံတောင်းတောင်သို့ လာမည့်ခရီးစဉ်အတွက် ...ဉ်ပေးနေရသည်။ ဒေါ်ခင်စန်းလှိုင်နှင့် ဆွေးနွေးပြောဆိုကြပြီးနောက် ...လွှတ်တော်ကိုယ်စားလှယ် ခေါင်းဆောင်၍ မုံရွာရှိ အမျိုးသား ဒီမို ...ရေစီအဖွဲ့ချုပ် ခေါင်းဆောင်အမျိုးသမီးများ၊ လက်ပံတောင်းတောင် ...ယ်တင်ရေးကော်မတီဝင်များ လူ ၃၀ ခန့်စုပေါင်း၍ ချင်းတွင်းမြစ် ...နောက်ဘက်ကမ်းသို့ ကူးကြသည်။



www.burmeseclassic.com

အနောက်ဘက်ကမ်း လက်ပံတောင်းတောင်ခြေသို့ ရော
သောအခါ ကြေးနီတူးဖော်ရေး ရုံးခန်းများ၊ လူနေတစ်ထပ်တိုက်များ
ဆေးဖြူဖွေးဖွေး မြို့ကလေးတမျှ မြင်ရသည်။ တိုက်အမိုးများပေါ်တွ
နေရောင်ခြည်အားသုံး လျှပ်စစ်ထုတ်ဆိုလာပြားများ ထောင်ထားသ
ကို တွေ့ရသည်။ ရှေ့နားတွင် ဝမ်ပေါင်ကုမ္ပဏီ၏ လက်ပံတောင်းတော
ရုံးချုပ်။ ထိုရုံးချုပ်ရှေ့တွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုံး
ရပ်ဆိုင်းရေး အထွေထွေသပိတ်အဖွဲ့ဆိုသော ဆိုင်းဘုတ်ကြီးကို တွေ့
သည်။ အနားတွင် ဗကသအဖွဲ့ချုပ် ကျောင်းသားများ၏ ခွပ်ဒေါင်းအ
နှင့် သာသနာ့အလံများ တလူလူလွင့်ပျံနေသည်။ သပိတ်စခန်းပြုလု
ထားသော ယာယီတဲမဏ္ဍပ်အတွင်းသို့ ဝင်သွားသောအခါ သပိတ် လူ
များက ဝမ်းသာလက်ခုပ်သံများဖြင့် ကြိုဆိုကြသည်။ စခန်းမဏ္ဍပ်ထိ
ပိုင်းတွင် သံဃာတော်များက အညိုရောင်သင်္ကန်းဖြင့် စံမြန်းလျက်
ကြ၏။ မဏ္ဍပ်ထဲတွင် ရွာသူရွာသားများက သပိတ်တိုက်ပွဲဝင်များပီ
တက်တက်ကြွကြွ လှုပ်ရှားနေကြသည်။

ဒေါ်ခင်စန်းလှိုင်နှင့် အဖွဲ့က ဝမ်ပေါင်ရုံးအတွင်းသို့ ဝင်ရော
စကားပြောခွင့် တောင်းရာ သံတံခါးဂိတ်ဝတွင် ၁၅ မိနစ်ခန့်ရပ်၍ စော
ရသည်။ ၄၅ မိနစ်လောက်ကြာအောင် ပြောဆိုပြီးကြမှ သူတို့ထွက်လ
ကြသည်။ စခန်းမဏ္ဍပ်အတွင်းတွင် လူထုနှင့် တွေ့၍ မကြာမီ အခ
သတင်းကိုသိရမည်ဟု ပြည်သူ့ကိုယ်စားလှယ် အမျိုးသမီးက ပြောပြ
လက်ခုပ်သံတွေ ဝေသွားသည်။

ကျွန်တော်တို့သည် ကား ၆ စင်းခန့်ဖြင့် လက်ပံတောင်းတော
ကို ရစ်ပိုင်းလှည့်ပတ်ကာ သပိတ်စခန်းများကို ကြည့်ရှုအားပေးကြသည
သပိတ်စခန်းတိုင်းတွင် သံဃာတော်များ ညို့နေသည်။

'လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုံးဝ ရပ်ရေး ဒို့အရေ
ဆိုသော ကြွေးကြော်သံများမှာ တရုတ်ဝမ်ပေါင်ကုမ္ပဏီက လှီးဖြတ်ထ
သော တောင်နံရံများဆီမှ ပဲ့တင်ပြန်နေ၏။





လက်ပံတောင်းတောင်ကြီးမှာ အတွင်းဝမ်းဗိုက်သားများ လှီးထုတ်
ထားရသည့်အပြင် တောင်ခါးပန်းများလည်း စင်းပြားလိုက် အရှည်ကြီး
ပစ်ခံထားရသည်။ မြေစာပုံကြီးမှာ တောင်တန်းရှည်ကြီးလောက်
မားဟီးတိုက်နေသည်။

'ဒီမှာ လှီးခုတ်ထားတဲ့ ကျောက်စ' ဟု တစ်ယောက်က လက်ဝါး
ယောက် ကျောက်ချပ်စတစ်စကို ကောက်ယူပြသည်။

'အဲဗျ၊ ဒီကျောက်ချပ်ပေါ်မှာတောင် ကြေးညို ကြေးရောင်တွေ
ထက်နေတာပဲ' ဟု အခြားခရီးရဲဘော်က ထောက်ပြသည်။

'ဟိုဘက်နားက တောင်နှစ်လုံး ကုန်သွားပြီ'ဟု ဒေသခံ သပိတ်
ရဲဘော်တစ်ဦးက မြေထိုးစက်ဝင်ထားပုံပေါ်သော မြေစာသစ်များကို
လက်ညှိုးထိုးပြီး ပြောသည်။

ကျွန်တော်တို့သည် တောင်ကြားချိုင့်ဝှမ်းတွင် လယ်တီ ဆရာတော်
ကြီး တည်ဆောက်သမုတ်ခဲ့သော သိမ်တိုက်နှင့် စေတီတော်တို့ပေါ်သို့
တက်ရောက်ဖူးမြော်ကြသည်။ ထိုသိမ်တိုက်နှင့် စေတီတော်မှာ အောက်ခံ
မြေကို တစ်မိုက်လောက်နီးနီး အနားကပ်၍ တိတိရိရိလှီးခုတ်ခံထားရ
သည်။ ပန္နက်မြေထုမှာ လူတစ်ရပ်လောက်မြင့်သည်။ ပန္နက်မြေပေါ်မှာ
ဘုရားနှင့် သိမ်ကို တင်ရုံကလေး။ နည်းနည်းလှုပ်လိုက်ရုံနှင့် ပြိုနိုင်
လောက်သည်။ မိုးကြီးလေကြီးထဲတွင် အိကျပြိုဆင်းသွားနိုင်သည်။

ရဲများက တောင်ခါးပန်းအမြင့်တစ်ခုပေါ်မှ စီး၍ ကျွန်တော်တို့
လှုပ်ရှားသွားလာမှုကို ဓာတ်ပုံရိုက်ယူနေသည်။ မြန်မာနိုင်ငံထဲမှာ ဗမာ
လူမျိုး ကျွန်တော်တို့က သူစိမ်းရန်သူတွေလား။

ဟိုတစ်နေ့က မိတ်ဆွေတစ်ယောက်က လက်ပံတောင်းတောင်
ပေါ် နေရာအနှံ့ လွှင့်ထူထားသော နီစိမ်းပြာဝါ အလံတွေပေါ်မှာ ရေး
ထားသည့် တရုတ်စာလုံးများကို ထောက်ပြပြီး တရုတ်လူမျိုးပိုင်မြေဟု
အဓိပ္ပာယ်ရကြောင်း ပြောပြသည်။

တစ်ယောက်ကလည်း လက်ပံတောင်းတောင် ဝမ်ရှေ့ ဝမ်ရှေ့



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဝမ်ဝမ်စွေ့ဟု အော်သည်။ ဝမ်ဘောင် ချူးချိဟုလည်း အော်လိုက်သည်

ချူးချိကဘာလဲဗျဟု မေးသောအခါ get out! ပေါ့ဗျာဟု သည်။

လက်ပံတောင်းတောင်ပေါ်မှာပင် နောက်ထပ် သပိတ်စခန်း ခု ထပ်တွေ့ရသေးသည်။ ဂျာနယ်တွေလည်း လှူသူက လှူထားကြပုံ သည်။ စာအုပ်တွေ။ ဆွမ်းကွမ်းကိစ္စ၊ စောင်ကိစ္စ စသည် စသည်ရှိ

လူထုက သူတို့ဝန်ကို သူတို့ထမ်းထားကြသည်။ ဆန်၊ ဆီ၊ ဆာ ပဲ၊ ရေစောင်တွေ ချင်းတွင်းမြစ်လို စီးလာနေသည်။

လက်ပံတောင်းတောင်ပေါ်တွင် လဖြူဖြူကလေးဝဲနေသည် ကောင်း ကင်က အေးမြမြ ငြိမ်းချမ်းရေး အပြာ။

အပြန်တွင် ကံကုန်းရွာ ဘုရားပွဲက ကျွန်တော်တို့ လူစု ၃၀ ညစာကျွေးသည်။ ကလေးတွေက အမေစု သီချင်းသံပြိုင် ဆိုနေသည်

ဗလမ်းဗလမ်းအသံတွေ ရှန်းကြွထွက်နေသော မြောက်ယမ် ကျော် ပြိုင်စံရှားတံတားပေါ်မှ ဖြတ်ကျော်လာကြသည်။ ချင်းတွင်းမြစ် သဲသောင်ညိုပြာလဲ့တို့ဖြင့် စုတ်ချက်ကြမ်းကြမ်း ဒီဇိုင်းကွက်များ ဖော် သည်။

'ဆရာတိတ်၊ ခင်ဗျား မျက်စိကြည့်ရတာ ခက်နေမယ်၊ မြစ်ကမ် နား လမ်းကမောင်း'ဟု ကမ်းနားလမ်းနေသူက အကြံပေး၍ အသက် ၇ တန်း ကဗျာဆရာ မောင်တိက္ခ (ဆားထုံး)က အောက်လမ်းကို မောင် သည်။ သစ်ရိပ်ကြီးများဖြင့် မှောင်ပိတ်နေသည်။ လမင်းကမူ ရွှေဝါရောင် ဝင်းဝင်းအိနေပြီ။

'ဒီနေရာက တိုင်းဒေသကြီးလွှတ်တော်ဗျ'ဟု တစ်ယောက်က မှောင်ထဲတွင် လက်ညှိုးထိုး၍ ပြောသည်။ ဩော် ဘယ်နားပါလိမ့်။

၂၇-၁၁-၂၀၁၂ မုံရွာ







## မိုလ်ချုပ်အောင်ဆန်း၏ ခေါင်းပေါ်မှာ ခိုကလေး နားနေသည်

သည်တစ်ခါ ရန်ကုန်မှ ကားထွက်သည်မှာ ခါတိုင်းလို ညနေ ၄ နာရီမဟုတ်။ ၆ နာရီခွဲဖြစ်သည်။ အမြန်ကားကြီးများက ပို၍ ပို၍ မြန်လာကြသည်။ ၁၉၈၈ တွင် ရှစ်လေးလုံးပြီးစ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကားများနှင့် သွားရသောအခါ မုံရွာမှ နံနက်ထွက်၊ ပျဉ်းမနား ညရောက်၊ ရွှေဆက်မမောင်းရ၊ ပျဉ်းမနားရှိ စာဖွဲ့လောက်အောင် ညှီလှသော တည်းခိုခန်းများတွင် ပင်ပန်းမှုဖြင့် တုံးခနဲ အိပ်ပျော်သွား၊ နံနက်ထကားမောင်း၊ ညကျမှ ရန်ကုန်ဝင်၊ နှစ်ရက်ခရီးသွားခဲ့ရသည်။ ထို့နောက် တစ်ရက်ခွဲခန့်၊ ယခု နောက်ပိုင်းတွင် ညနေစီး၊ နံနက်ရောက်၊ ကားများက ပို၍ ပို၍ မြန်လာကြသည်။ ပို၍ ပို၍လည်း ခြေခွင်လက်ခွင်ကျယ်လာသည်။ ကားပေါ်မှာ သန့်စင်ခန်းတော့ မပါသေး၊ အိပ်စီးရန်လည်း မဖြစ်သေး။ တဖြည်းဖြည်း ပို၍ ပို၍ တိုးတက်လာမည်။ ခရီးသည် သက်သာလာမည်ဟု အောက်မေ့ရ၏။ ကျွန်တော်တို့ အိမ်မှာ ရွှေမန်းသူကားဂိတ်နှင့်နီး၍ သူ့ကိုအလွယ်စီးတတ်သည်။ စီးစပိုင်းက ရန်ကုန်- မုံရွာ ကားခ ၁၅၀၀၊ ရန်ကုန်-မန္တလေး ၁၂၀၀။ ထိပ်တန်းစား ညစာလည်း မိတ္ထီလာမှာ၊ ပဲခူးမှာ ကျွေးတတ်သေးသည်။ ယခု ကားခ တစ်သောင်းကျော် ရေတစ်ပုလင်းပေးပါသည်။ ၁၁၅ မိုင်စခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



စံနိမ့်စားစရာတွေ။

လွန်ခဲ့သော လေးငါးရက်လုံး စာအုပ်များကို ချပ်ပုံး သေတ္တာ များထဲသို့ ထည့်ရသော အလုပ်က ကုပ်စီးထားသည်။ မနိုင်မနင်း၊ ဖ… ဖရဲ။ စာအုပ်တိုက်မှ ကျွမ်းကျင်သူ တစ်ဦးက ကူပေးမှ စာအုပ်များ ချပ်ပုံးတွေထဲရောက်သည်။ ၁၈ သေတ္တာ၊ အင်း ဘယ်လိုသယ်ရမလဲ၊ ပို့… မလဲ။ လေးလံသည့် အလုပ်မှာ တကယ်ဝန်လေးလှပါသည်။ ကိုယ်ကလည်း အသက် ၈၀။

ဒါတင်မကသေး၊ အဝတ်အထည်တွေ၊ ပန်းကန်ခွက်ယောက်တွေ၊ တိုလီမိုလီ ပစ္စည်းတွေ၊ ပြန့်ကျဲရှုပ်ထွေးနေသမျှတွေကို သိမ်းကျုံး၍ အိတ်… သေတ္တာ များထဲသို့ ထည့်ရသည်။ မကြည့်၊ အမယ်လေး စုစုပေါင်း ၃၆ ထုပ်။

ကားနှစ်စင်းခေါ်၍ တင်ရသည်။ ကားသမားများက ဝိုင်းသယ် ပေးကြသည်။ ရွှေမန်းသူကားဂိတ်မှာ ချပေးမည့် အလုပ်သမားမရှိ၊ ထူးတွေ့… တည့်အံ့ရသော။ တက္ကစီကားသမားများက အထုပ်များ၊ သေတ္တာများကို ချပေး စီပေးကြသည်။

တန်ဆာလုပ်ရသည်။ တစ်ပိဿာ ၃၂၅ နှုန်း။ ကားပေါ်က… ပစ္စည်းတင် ဆင့်ကလေးများမှာ ကျဉ်းကျဉ်းကျပ်ကျပ်ကလေး။ ဈေးကြော်… ဈေးကွက်၊ ဈေးကွက် စီးပွားရေး။ စားသုံးသူ၊ သုံးစွဲသူ အကျိုးကို အဓိက ကြည့်သည်မဟုတ်၊ လုပ်ငန်းရှင် ဝင်ငွေရရေး။ တော်ပါသေးရဲ့ ဝန်ထမ်း… တွေရဲ့ မျက်နှာက ဟိုတစ်ခေတ် ပြည်သူ့ဆိုင်က အရောင်းစာရေးမရဲ့ မျက်နှာနဲ့ မတူပေလို့။

မြောက်ဥက္ကလာပရှိ ပြင်နေသော အင်္ဂတေလမ်းများတွင် ရှုပ်ရှုပ် ထွေးထွေး ဖြည်းဖြည်းနှေးနှေး လေးဘက်တွားမောင်းရသည်။ ရန်ကုန်မြို့ ကြီးမှာ မျက်နှာသစ်ထားတာ မစင်သည့် ကလေးကဲ့သို့ ညစ်ကွက် ညစ် ကြောင်းအထပ်ထပ်။ ပြောင်းတာတွေလည်း အများကြီး ပြောင်းခဲ့ပြီ။ တဲအိုတဲစုတ်များမှ တိုက်တွေလည်း အင်္ဂတေတောထအောင် ဖြစ်လာ ခဲ့ပြီ။ လူအို လူစုတ်တွေတော့ များတုန်းထင်ရဲ့၊ လူအတိုးနှင့် တိုက်အတိုး





…ည်း ပြိုင်လို့မရသေးဘူး ထင်ပါရဲ့။ ကောင်းသည့်နေရာများက ဘုံဗျ… …တ်နန်းဖြစ်နေသော်လည်း ပြိတ္တာရွာတွေလည်း မနည်းလှဘူးထင်ပါရဲ့။ …တ်ရွာထက် ကျပ်ရွာများနေသလား။

အောင်မင်္ဂလာကားကွင်းမှ ထွက်ချိန်တွင် ၇ နာရီထိုးပြီးနေပြီ။ …ဝင်မှောင်ရီတွင် စက်ရုံအလုပ်ရုံကြီး အချို့ မီးရောင်တဝင်းဝင်း အလုပ် …ယ်နေကြပုံပေါ်၏။ အချို့ ငြိမ်သက်မှောင်ထိုးနေ၏။ စက်ရုံ အလုပ် သမားများမှာ လူ့အဖွဲ့အစည်းတွင် ဝင်ငွေအနည်းဆုံး ဖြစ်နေကြ၏။ သူတို့သွေးသားလုပ်အားဖြင့် အရင်း၏ နတ်ဘုံများကို ဆောက်လုပ် ပေးနေကြရ၏။ သူတို့ခန္ဓာကိုယ်များမှာ ပို၍ပို၍ ကြုံလှီလာကြ၏။

မှောင်လာသည်နှင့် အတူ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၏ ရှုခင်းများကို မမြင်ရတော့။ ပဲခူးရိုးမ ဘယ်ပျောက်သွားသနည်း။

ကားပေါ်တွင် ဗီဒီယို ဇာတ်ကားများကြည့်ရတတ်သည်။ ကျောက် ထောက်မာများတတ်သော်လည်း အလှများကိုလည်း တွေ့ရတတ်ပါသည်။ အချို့ ဒါရိုက်တာများက ပိုမို ရဲရင့်စွာ တွေးတတ် ရိုက်တတ်သည်။ ထိုအလှ ခန့်ဆင်းမှုများကို တွေ့ရသောအခါ ကြည်နူးကျေးဇူးတင် အားတက်မိသည်။ တို့ဆီမှာလည်း ဒီလို ပညာရှင်တွေ ရှိသားပဲ။

ဖြူး ၁၁၅ မိုင် စခန်းသို့ ရောက်သောအခါ ကားကြီးကြပ်သူက ကားနံပါတ်၊ ကားပုံပန်း၊ ကားအရောင်၊ ကားရပ်သော နေရာတို့ကို သေသေ ချာချာ မှတ်ထားရန် သတိပေး ပြောကြားသည်။ ကားများတတ်ကြသည် တဲ့။

စိတ်ထဲမှာ လိုတစ်ဝက် မလိုတစ်ဝက်ဖြင့် စားသောက်ဆိုင်ကြီး များမှ အစားအသောက်များကို လည်ချောင်းထဲသို့ လောင်းထည့်လိုက်ရ သည်။ ကိုယ်က အသက်ကြီးလာလို့လားမသိ အရသာအတွေ့ခက်လာ သည်။

ကားကြီးသည် အမှောင်ထဲတွင် မြား၏ အမြန်နှုန်းဖြင့် ဆက် မောင်းသွားသည်။ မိုးက အုံ့အေးအေး၊ လေအေးစက်ပေါက်များကို ပိတ် ထားရသည်။ ဘယ်ရောက်နေပြီဆိုတာကမသိ။



www.burmeseclassic.com

www.burmeseclassic.com



သည်အထဲ ကားမောင်းသူ လူငယ်နှင့် ကားကြီးကြပ်သူ လူ
တို့ ခွန်းကြီးခွန်းငယ် ပစ်ပေါက်တိုက်ခိုက်ကြသဖြင့် ရင်တထိတ်ထိတ်
ဖြစ်နေရသည်။ တော်ပါသေးရဲ့ နှုတ်အပြင် လက်မပါကြ။

ရောဝတီကို ကျော်၊ စစ်ကိုင်းကို ကျော်၍ ညောင်ပင်ဝန်း
ရောက်သွားပြီ။ အမှောင်နေရာတွင် ရောင်ဖြူအလင်းများ ထိုးပ
လာသဖြင့် ဝန်းကျင်ကိုလည်း မြင်ရပြီ။ အို-လှလိုက်တဲ့ အညာ။ ထ
ပင်ငယ်ကလေးများက ယာကန်သင်းတစ်လျှောက် တန်းစီလမ်းလျှော
နေကြသည်။ ထန်းပင်အလတ်များက မနီးမဝေးမှ လှမ်းကြည့်နေသည
အကွက်ချ အလှပြင် ထန်းဥယျာဉ်နှင့် တူပါဘိခြင်း။ တောင်သူကြီး
စိုက်ထားကြတာဖြစ်ပည်။ တောကလူများ သစ်ပင်စိုက်လျှင် ရှင်အော
စိုက်ကြသည်။ ဓာတ်ပုံအရိုက်ခံဖို့ ကြော်ငြာဖို့စိုက်သည်မဟုတ်။ သို့သေ
သူတို့ဝန်းကျင်မှာ စိုက်တတ်ကြပါသည်။ ရွာထဲမှာ စိုက်တတ်ကြပါသည
ဘုန်းကြီးကျောင်းဝင်းထဲမှာ စိုက်တတ်ကြပါသည်။ စိုက်လျှင် ရှင်အော
စိုက်ကြပါသည်။ ဓာတ်ပုံရိုက်ပြီး ပြီးရောမဟုတ်။

နန္ဒင်းနုံ့သာရောင်လက်လက် ရွှေအိုညိုနု ကွက်ကျိုကွက်ကျားနှ
အညာ၏ မင်းသမီးထနောင်းပင်ကလေးများ လက်ချိုးလက်ချီ က
ကဟန် ဆင်နေသည်ကိုလည်း မြင်ရပြီ။ တမာကျောက်စိမ်းစီ၊ ကုက္ကိုမြ
အပင်တန်းများကလည်း ခက်လက်ဝေ့ယမ်း ကြိုကြသည်။ ရုပ်မလှတ
သော်လည်း ညီညွတ်ခြင်းအလှကို ရုံးစုလက်တွဲပြတတ်ကြသည့် ဆူးဖြ
ပင်များကလည်း ပြန်လာပြီလား ပြန်လာပြီလားဟု အသံပေး နှုတ်ဆက
နေကြသယောင်။ လူ၏အေးချက်ကို ရက်ရက်စက်စက် ခံရသော ယူကလစ
ပင် ကြုံကြုံလှီလှီများကား မျက်နှာညှိုးညိုးငယ်ငယ် ဖျော့ဖျော့တော့တေ

မြင်းမူကိုကျော်ပြီ။ ပုဂံခေတ် ပုံပြင်မှာ အကျော်ဖေယျ တွေ့ခဲ့
ရသည့် မြင်းမူမှာ ယခုနှစ်တစ်ထောင် အလွန်၌ ဘာတွေတိုးတက်လာခဲ့
ပြီနည်း။

မြင်းမူတံစက်မြိတ်ရှိ ဝမ်းပြည့်ကား စားသောက်ဆိုင်တို့ဖြင့်
ဖိတ် ခေါ်နေသည်။ ဤနေရာတစ်ဝိုက် ပဲကူ ပဲတောင်း အဂ္ဂတောင်တို့မှ





င်း လောင်းမောင်သန့်ထ၍ နေမဝင် အင်ပိုင်ယာ ဗြိတိသျှအစိုးရတို့
ဏ် ကြီးတောင် ဓားတစ်လက်နှင့် ပုန်ကန်ထကြွခဲ့လေသည်တကား။
မောင်သန့်ကို ကြိုးပေးကွပ်မျက်၍ မောင်သန့်၏ ခန္ဓာကိုယ်သေခဲ့ရပါသည်။
သို့သော် မောင်သန့်၏ မျိုးချစ်စိတ်ဓာတ်က မသေ၊ ဘယ်တော့မှ မသေ။
အညွန့် အခက်များ တက်ဖြာသွားသည်။

မြင်းမူနှင့် မုံရွာကြား ရေပိုးစားကန်ကြီးမှာ ရေဆင်းရဲနေရွာ
သည်။ ကျေးရွာသားတို့မှာ ဤရေဆင်းရဲဆဲဖြစ်သော ကန်ကြီးသို့ ရေစည်
လှည်းဖြင့်လာ၍ သောက်ရန်သုံးရန် ရေကိုခပ်ယူနေကြရသည်။

ချောင်းဦးအဝင်တွင် ကားလမ်းရထားလမ်းများ အနောက်ဆီ
သို့ ဖြာထွက်သွားသည်။ ပခုက္ကူသို့သွားသော လမ်းများပေတကား။
ရောအနောက်ဒေသတို့နှင့် ဆက်ထားရန် ကြိုးစားခြင်း။ ချင်းတွင်း မြစ်ပေါ်
တွင် ရေမတံတားကြီးခင်း၍ မန္တလေး-ပခုက္ကူ၊ မုံရွာ-ပခုက္ကူ လက်တစ်
တမ်းခရီး ပဝါတစ်လှမ်း နီးခဲ့ပြီ။

ချောင်းဦးကို ကျော်လိုက်လျှင် မုံရွာဝင်ပြီ။ နာမည်ကျော် ဗောဓိ
တစ်ထောင် ရုပ်တော်မှ ရုပ်ပွားတော်ကြီး၊ မိုးညှင်း သမ္ဗုဒ္ဓေ စေတီတော်
ကြီးတို့ကို လှမ်းဖူး၍ ရပြီ။ မြင့်မြင့်သွန်းသွန်း၊ ချွန်းချွန်းလက်လက်။

အရှေ့ဘက်ရှိ ဖိုးခေါင်တောင်၊ နွယ်ခွေတောင်တို့ကား ညိုဝါဝါ
အဆင်းဖြင့် ပြားပြားဝပ်ဝပ်ရှိကြ၏။ ဟိုတုန်းက သစ်ပင်စိမ်းများ နတ်တို့
ဝှက်လိုက်လေပြီလား။

နွယ်ခွေကား မြန်မာ့သမိုင်းတွင် လွန်ခဲ့သော နှစ် သိန်းသန်း တ
တမ္ဘာတွင်အစောဆုံး မတ်တတ်ထ၍သွားသော လူသား Homoerectus
တို့ စတင်နေထိုင်ကျက်စားရာ အရပ်ဟု သမိုင်းနှင့် သိပ္ပံပညာရှင်တို့က
ဖော်ထုတ်ခဲ့ကြပြီ။ အင်းအိုင် ရေချောင်းတို့လည်း ရှိ၏။ သစ်ပင် တော
တောင်တို့လည်း ရှိ၏။ နေ လေ ရေ မြေပြည့်စုံသော အရပ်၊ ပထမဆုံး
မတ်တတ်သွားလူသားတို့၏ ဘူမိနက်သန်။

မုံရွာ အဝင်ဝတွင် ကားအကောက်စခန်း၊ ဓာတ်ဆီဆိုင်ကြီးများ
ကုမ္ပဏီများ ကြီးကြီးကျယ်ကျယ် နေရာယူထားသည်။ ဓာတ်ဆီဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ငယ်များပြေးရ ပျောက်ရတော့မည်။ အရင်းရှင်ပေါက်စမှ အတောင် အလက်ပြည့် အရင်းရှင်စနစ်သို့ တက်လှမ်းနေပြီ။ မုံရွာစက်မှုဇုန်ဘက်မှ မီးခိုးခေါင်းတိုင်များပင် မီးခိုးထွက်ချင် မထွက်ချင်။ အရင်းအနှီး စုစည်းမှု ပုံသဏ္ဌာန်သစ်များ ရှာကြရတော့မည်။

ညနေ ၆ နာရီခွဲမှ စထွက်လာသော ရွှေမန်းသူသည် နံနက် ၆ နာရီခွဲတွင် မုံရွာကားကွင်းသို့ ဝင်လေသည်။ သည်မှာကား၊ ဆရာဦးဝင်းမောင် (သမိုင်း) နှင့် လာကြိုကြသူများ၏ မေတ္တာကြောင့် ဝန်ထုပ်ဝန်ပိုး အလေး အပင်ကြီးများသည် ဖက်ရွက်တမျှပေါ့သွားပါတော့သည်။

နေ့လယ်ပိုင်းတွင် ဆရာဦးဝင်းမောင်က မော်တော်ဆိုင်ကယ်နှင့် လာခေါ်သဖြင့် စံပယ်နိုင်၏ လက်ဖက်ရည်ဆိုင်သို့ လိုက်သွားသည်။ အား-ဒါမှ မုံရွာပါကလား။ ပူလိုက်တာ။ ဖုန်တဝေ့ဝေ့။

နောက်ရက် လက်ဖက်ရည်ဆိုင်တွင် ပဏ္ဍိတ်ကိုကျော်မြင့်က ဆက်ခေါ်သွားသဖြင့် Eureka ဆိုသော ကော်ဖီ၊ အအေး၊ စားသောက်ဆိုင်သို့ ရောက်သွားသည်။ ဟာ-ဒါ မုံရွာဟုတ်ရဲ့လား။ ဆိုင်မှာ ခေတ်မီလိုက်သည့်ဖြစ်ခြင်း။ မှန်ကာထားသည်။ အအေးခာတ် လွှတ်ထားသည်။ သန့်ရှင်းပုံကလည်း အညစ်အပေ တစ်စွန်းတစ်ကွက်မရှိ။ စားစရာ ကိတ်မုန့်၊ ပေါင်မုန့်မျိုးစုံ၊ ရေခဲမုန့်၊ အအေး၊ အကြော်အလှော် အပေါင်းတို့ကလည်း ရန်ကုန်၏ ထိပ်တန်းနှင့် တန်းယှဉ်နေသည်။

ကဗျာဆရာ မင်းဆွေနှစ်ကလည်း စာအုပ်ဆိုင်သစ်၊ ပန်းချီပြခန်းသစ်ဖွင့်ဖို့ပြင်နေသည်။ စာရေးဆရာ မောင်ရဲခိုင်ကား ကျွန်းမာရေးအလွန်ဆိုးနေသည်။ Gangrene ဖြစ်နေပြီ။ ကိုဦး (မုံရွာ) က ချင်းတွင်းဂျာနယ်လှလှကလေးများ လက်ဆောင်ပေးသည်။ သန်းဆွေအေး (မန်းတက္ကသိုလ်) က အလောင်းတော် ကဿပ တောလားကြီး ရေးဖွဲ့ပြီး၍ လာပြသည်။ ထူးထူးခြားခြား ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်၏ ခေါင်းပေါ်မှာလည်း ခိုကလေးနားနေသည်။





## ပြည်ညောင်ပင်ကြီး ပြိုလဲပြီ

ဗိုလ်မှူးချုပ်ကျော်ဇော ကွယ်လွန်ပြီဟု ၁၀-၁၀-၂၀၁၂ နံနက်ခင်းတွင် သတင်းကြားရသည်။ အလို ပြည်ညောင်ပင်ကြီး ပြိုလဲပါ လေပြီကော။

သိကြသည့်အတိုင်း ၁၉၁၉ ခု ဒီဇင်ဘာ ၃ ရက်ဖွား ဗိုလ်မှူးချုပ်ကျော်ဇောသည် အသက် ၉၃ နှစ်ရှိသွားပြီ။ ငယ်စဉ်မှစ၍ ဘုန်းကြီးကျောင်းနှင့် မြန်မာကျောင်းတွင်နေခဲ့ပြီး ဇာတိဒေသတွင် ကျောင်းဆရာအလုပ်ကို ကာလတိုလုပ်ခဲ့သည်။ ရန်ကုန်ဆရာဖြစ်သင်ကျောင်းတွင် ပညာသင်ကြားနေစဉ်အတွင်း ၁၉၃၈ ဒီဇင်ဘာ ၂၀ ရက် ဗိုလ်အောင်ကျော်တို့ ခေါင်းဆောင်သော ကျောင်းသားဆန္ဒပြပွဲ ကြီးတွင် မိမိကျောင်းမှ ကျောင်းသားများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့သည်။ တို့ဗမာအစည်းအရုံးသို့ ဝင်၍ သခင်ရွှေဖြစ်လာသည်။ ဂျပန်ပြည်သို့ သွားရောက် စစ်ပညာ သင်ပြီး ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကျော်ဇော ဖြစ်လာသည်။

ဂျပန်ခေတ်က BIA, BDA ဗမာ့တပ်မတော်၏ စံပြတပ်ရင်းကို အုပ်ချုပ်၍ တပ်မတော်သားကောင်းများကို လေ့ကျင့်မွေးမြူပေး



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ ပဲခူးရှိ ထိုစံပြတပ်ရင်း ၄ တွင် တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်စိုးတို့ တွေ့ဆုံဆွေးနွေး၍ ဖဆပလ အဖွဲ့ချုပ်ကြီးကို စတင်တည်ထောင် နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးတွင် ပဲခူးတိုင်းကို ကြီးကြပ်၍၊ စစ်တောင်းမြစ်ကို ဖြတ်ကူးရန်ကြိုးစားသော ဂျပန်တပ်များစွာကို ချေမှုန်းပစ်ပြီး ဖက်ဆစ်တော်လှန်ရေး အောင်ပွဲရစေရန် ကြီးမားစွာ ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးအပြီးတွင် ကျင်းပသော ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး) အဖွဲ့ချုပ် ညီလာခံကြီးတွင် ဗိုလ်မှူးချုပ် ကျော်ဇောက အမျိုးသားညီညွတ်ရေး အဆိုကို တင်သွင်းခဲ့သည်။

ထိုအချိန်တွင် ကျင်းပသော ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဒုတိယ အကြိမ်မြောက် ကွန်ဂရက်သို့လည်း ပါတီဗဟိုကော်မတီဝင်အဖြစ် တက်ရောက် ခဲ့သည်။ (နောက်ပိုင်း ၁၉၈၅ တွင် အရှေ့မြောက်နယ်ခြားဒေသ၌ ကျင်းပသည့် ဗမာပြည် ကွန်မြူနစ်ပါတီ၏ တတိယ ကွန်ဂရက်သို့လည်း ဗဟိုကော်မတီဝင်အဖြစ် တက်ရောက်ခဲ့သည်။ တပ်မတော်သမိုင်း၊ ဆဋ္ဌမတွဲ၊ စာ -၁၉)

၁၉၄၉ တွင် အင်းစိန်ကို ကရင်တို့ သိမ်းပြီး ရန်ကုန်မြို့တော်ကိုပါ သိမ်းရန်ကြိုးစားသောအခါ ကရင်တို့၏ စနစ်ကျသော နေရာယူစစ်ကို ဗိုလ်မှူးချုပ်ကျော်ဇောကွပ်ကဲသော ဗမာ့တပ်မတော်က တိုက်ခိုက်အနိုင်ယူ၍ ရန်ကုန်မြို့ကြီးကို ကာကွယ်ထိန်းသိမ်းပေးခဲ့သည်။ (၁၂-၁၀-၂၀၁၂ ကြေးမုံသတင်းစာ စာ ၅)





မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများကို တရုတ်ဖြူ ကျူးကျော်သိမ်း...သောအခါ ဗမာ့တပ်မတော်က စစ်ဆင်ရေးအဆင့်ဆင့်ဖြင့် တိုက်...တွန်းလှန်ခဲ့ရသည်။ ပြည်ပကူညီမှုရှိသည့် အင်အားကြီးမားသော ...တ်ဖြူကျူးကျော်မှုကို တွန်းလှန်ဖြိုဖျက်ရာတွင် ဗိုလ်မှူးချုပ်ကျော်ဇော...ည် ဘုရင့်နောင်စစ်ဆင်ရေး၌ ပြောင်မြောက်သော မြန်မာ့မျိုးချစ်...မ်းရည်ကို ပြခဲ့သည်။ (ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်း လက်ထက် ...တ် ကျူးကျော်မှုများကိုလည်း မြန်မာ့ဝန်ကြီး စစ်သူကြီး မဟာသီဟ...ရ ခေါင်းဆောင်၍ တွန်းလှန်ချေမှုန်းခဲ့ရသည်။)

ဗိုလ်မှူးချုပ် ကျော်ဇောသည် စွမ်းရည်ထွန်းပြောင်သော စစ်ခေါင်းဆောင်ဖြစ်သော်လည်း ငြိမ်းချမ်းရေးကို အလွန်မြတ်နိုးသည်။ မြန်မာနိုင်ငံ၏ ဇာတာဆိုးလှသော ပြည်တွင်းစစ်ကြီးကို တိုင်းပြည်အကျိုး ပြည်သူ့အကျိုးနှင့် အညီ ရပ်စဲသွားစေရန် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် စည်းလုံးလက်တွဲ၍ ပြည်တွင်းငြိမ်းချမ်းရေးအတွက် စိတ်ရောကိုယ်ပါဆောင်ရွက်ခဲ့သည်။

၁၉၆၂ ခု ဗိုလ်ချုပ်ကြီးနေဝင်းအာဏာသိမ်းသည်ကို မလိုလား...ဖြစ်ပြီး မိမိကိုယ်တိုင်လည်း မွန်းကျပ်လာကာ ပြည်သူတို့၏ ဘဝကောင်းရာ ကောင်းကြောင်း ဖြစ်နိုင်စေရန် ရည်ရွယ်၍ ၁၉၇၆ ခုအသက် ၅၇တွင် ဗိုလ်မှူးချုပ်ကျော်ဇောနှင့် မိသားစုသည် အရှေ့မြောက်ဒေသသို့ သွား၍ ဗမာပြည် ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တိုက်ပွဲတွင် ပါဝင် ဆင်နွှဲကြသည်။ ...နှစ်ကြာပြီးနောက် ၁၉၈၉ မတ်နှင့် ဧပြီတွင် ဗမာပြည်ကွန်မြူနစ်ပါတီလက်အောက်ရှိ ကိုးကန့်နှင့် ဝတပ်ဖွဲ့များက တော်လှန်သဖြင့် ဗကပခေါင်းဆောင်များ ရှောင်တိမ်းသွားရကာ တစ်ဖက် နိုင်ငံတွင် ခိုလှုံနေထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။ ဗိုလ်မှူးချုပ်ကျော်ဇောလည်း ထို အချိန်မှစ၍ အသက် ၇
အထက် နှစ်ပေါင်း ၂၃ နှစ်တာကာလကို ထာဝရနွေဦးတည်ရှိသည်ဆို
ခွေ့မိန်ခေါ် ကူမင်းမြို့တွင် နေထိုင် ခဲ့ရသည်ဟု ယူဆရသည်။

ယခု ၂၀၁၂ စက်တင်ဘာလအတွင်းတွင် ဗိုလ်မှူးချုပ် ကျော်ဇေ
သည် အဆုပ်အအေးမိရောင်ရမ်း ရောဂါဖြင့် နာမကျန်းဖြစ်နေသည်ဟု
သတင်းထွက်လာသည်။ ရွှေတိဂုံဘုရားကြီးကို ဖူးချင်တယ်ဟု တော
တကြောင်းလည်း ကြားရသည်။ မြန်မာနိုင်ငံသို့ ပြန်လာရန်၊ နိုင်ငံတော်
သမ္မတဦးသိန်းစိန်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတရုံး ပြည်ထောင်
ဝန်ကြီးဦးအောင်မင်းက ဗိုလ်မှူးချုပ်ကျော်ဇော၏ မိသားစုထံ တယ်လီဖုန်း
ဆက်၍ ပြောကြားကြောင်း သိရ သည်။ မိသားစု၏ ဆန္ဒအရ ဆုံးဖြတ်ရ
ဗမာပြည်ကွန်မြူနစ်ပါတီကလည်း သဘောထားသည်ဟု ယင်းပါတီ
ပြောရေးဆိုခွင့်ရှိသူ ရဲဘော် ဖိုးသံချောင်းက ပြောကြောင်း ဂျာနယ်တချို့တွင်
ဖော်ပြသည်။

သို့သော် သူ့ရောဂါမှာ ပြင်းထန်သည်။ သူ့အသက်က ကြ
လှပြီ။ ၉၃ နှစ်၊ သူ့ဇနီးဒေါ်သန်းစိန်သည်လည်း ထိုအရပ်ဒေသတွင် ပ
ကွယ်လွန်ခဲ့ပြီ။ ဗိုလ်မှူးချုပ်ကျော်ဇောသည် ရောဂါကို မလွန် နိုင်တော့ဘ
၂၀၁၂ ခု အောက်တိုဘာ ၁၀ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၃း၃၀ နာရီတွင်
ကွယ်လွန်သွားလေပြီ။

သူသည် ၁၉၁၉ ဒီဇင်ဘာလ ၃-ရက် ဗုဒ္ဓဟူးနေ့တွင် မွေးဖွာ
ခဲ့ရာ မြန်မာလူမျိုးအချို့ ယုံကြည်တတ်ကြသလိုဆိုလျှင် သူ့မွေးနေ့မှာပင်
ကွယ်လွန်လေသည်။

သူသည် တပ်မတော်သားကောင်းကြီးလည်း ဖြစ်သည်။ တပ်မှူး





သူကြီးကောင်းလည်း ဖြစ်သည်။ နိုင်ငံသားကောင်း၊ ပြည်သူ့ပြည်သား
ကောင်းလည်းဖြစ်သည်။ ပြည်သူ့ခေါင်းဆောင်လည်း ဖြစ်သည်။

သူသည် မြန်မာပြည်သူ့အတွက်၊ မြန်မာနိုင်ငံအတွက် ရပ်တည်
သည်။ အခြားနိုင်ငံ ပြည်သူတို့နှင့် မိတ်ဆွေဖြစ်ရေး၊ ငြိမ်းချမ်းရေး၊ အတူ
တက်ရေးတို့အတွက်လည်း ရပ်တည်သည်။

ဗိုလ်မှူးချုပ်ကျော်ဇောသည် မျိုးချစ်စိတ်အလွန်ထက်သန်သော
လ်ဖြစ်သည်။ ထိုမျိုးချစ်စိတ်အရ မိမိနိုင်ငံ၏ လွတ်လပ်ရေးကို
ည်တခိုင်မာစေလိုသည်။ မိမိ နိုင်ငံ၏ စီးပွားရေးကို တောင့်တင်းအားကောင်း
လိုသည်။ မိမိနိုင်ငံ၏ ပညာရေးကို အဆင့်အတန်း မြင့်တိုးတက်စေလိုသည်။
ပြည်သူများ ကို လွတ်လပ်မှု အပြည့်အဝ ခံစား၍ စီးပွားရေး၊ အသက်ရှင်
တည် ရေးအတွက် မပူမပင် မကြောင့်မကြ ဘဝတွင် နေရစေလိုသည်။
နှင့် အနီးကပ် ထိတွေ့ရသောအခါ ပြည်သူတို့အပေါ်တွင်ထား
သော သူ၏ မေတ္တာစိတ်ကို လန်းလန်းဝေဝေ တွေ့မြင်ခံစားရပါသည်။
တူ လုပ်ကိုင်ကြသည့် ငယ်သားများအပေါ် ထားသည့် သူ၏ မေတ္တာ
တ်ကိုလည်း မြင်နေ ကြားနေသိနေရသည်။ အလုပ်နှင့် ပတ်သက်၍
နက်ဂရုစိုက်တိကျ လှသော သူ့လုပ်ဟန်ကိုလည်း မြင်ရထိတွေ့ရသည်။
ပ်သေချာစွာ တွက်ချက်တွေးခေါ် စီမံတတ်ပုံများကိုလည်း မြင်ရသည်။

ဗိုလ်မှူးချုပ်ကျော်ဇောသည် လူတစ်ယောက်အနေဖြင့် အလွန်
တ်ကောင်းရှိသူ၊ အလွန်ကြိုးစားဆောင်ရွက်သူ၊ အရည်အချင်း အလွန်
မားသူအဖြစ် မြင်ရပါသည်။ ပြည်သူ့ခေါင်းဆောင်အဖြစ် ပြည်သူ့
ပေါ်တွင် သစ္စာစောင့်သိသူ၊ ဘယ်တော့မှ ကိုယ်ကျိုးမရှာသူ၊ ပြည်
တို့ မနှိပ်စက်သူ၊ ပြည်သူကို ကာကွယ်သူ အဖြစ်မြင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြန်မာနိုင်ငံ၏ သမိုင်းသည် ရက်စက်လေစွ။ ပြည်တွ
စစ်ဘီလူးထင်ရာ စိုင်းလေစွ။ ဗိုလ်ချုပ်အောင်ဆန်းလို ခေါင်းဆော
ကိုလည်း ကြာရှည်အသက်ရှင်ခွင့်မပေး။ ဗိုလ်မှူးချုပ်ကျော်ဇော
ခွပ်ဒေါင်းကြီးကိုလည်း အတောင်အလက် ချိုးဖျက်ထားတတ်လေ
သမဂ္ဂါနံတပေါ သုခေါဆိုသည့် စကားကို နားလည်ခက်လွန်းကြလေ

၁၂-၁၀-၂၀၁၂ မှ





## ငြိမ်းချမ်းသစ်ပင် စိုက်ပျိုးသူများ

(၁)

မြန်မာနိုင်ငံတွင် လူဖြစ်လာရသည်မှာ ဝမ်းနည်းကြေကွဲရမှု ကြီး ကြိမ်တွေ့ရလေသည်။

ပထမဆုံးဝမ်းနည်းကြေကွဲရမှုမှာ ၁၉၄၇ ဇူလိုင် ၁၉ က ဗိုလ်ချုပ် အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံသတ်ဖြတ်ခံရမှုဖြစ် သည်။

ဒုတိယအကြိမ် ဝမ်းနည်းကြေကွဲရမှုမှာ တိုင်းပြည်တွင် ငြိမ်းချမ်းရေး င်းမဲ့ကာလကြီး ရှည်လျားလွန်းသဖြင့် ငြိမ်းချမ်းရေးကို ယူဆောင် နိုင်မည့် ပုဂ္ဂိုလ်ကို မျှော်နေရစဉ်အတွင်း ထိုငြိမ်းချမ်းရေး ဆောင်ကြဉ်း နိုင်ရန် ကြိုးစားသည့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ၂၃-၇-၁၉၆၄ င် ကွယ်လွန်သွားမှုကြီး ဖြစ်သည်။

တတိယအကြိမ် ဝမ်းနည်းကြေကွဲရမှုမှာ မြန်မာနိုင်ငံ၏ အမျိုးသား ရေးအောင်မြင်မှုများကိုလည်းကောင်း၊ အမျိုးသားငြိမ်းချမ်းရေးနှင့် တ်မြောက်ရေး ကြိုးပမ်းမှုများကိုလည်းကောင်း ပေးအပ်ခဲ့သူ ဗိုလ်မှူးချုပ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇော ၁၀-၁၀-၂၀၁၂ ရက်က ကွယ်လွန်မှု ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရမှုကြီးမှာ 'လူမသမာ ဦးစေ
လက်ချက်ဟူ၍ အစိုးရဘက်မှ ထပ်ခါတလဲလဲ ကြေညာခဲ့သော် လည်း
အရင်းခံအားဖြင့် နယ်ချဲ့လက်ချက်ဖြစ်ကြောင်း အဖြစ်အပျက်များ
ဖော်ပြပေသည်။ ဦးစောအား ဘရင်းဂန်း ၂၀၀ နှင့် ခဲယမ်းမီးကျော
များပေးအပ်ခဲ့ခြင်းသည် သာမန်ခြစားမှုဟု ယုံနိုင်စရာမရှိချေ။ ထိုအ
နှင့် ပတ်သက်၍ အင်္ဂလိပ် စစ်ဗိုလ်အချို့ကို ဖမ်းဆီးအရေးယူခြ
မှာလည်း အကောင်ကြီးများကို ကာကွယ်ရန် အကောင်ငယ်များ
ထိုးကျွေးခဲ့ခြင်းသာ ဖြစ်နိုင်သည်ဟု ယူဆရသည်။ လုပ်ကြံမှုသတင်း န
ဆက်စပ်ထွက်ပေါ်လာသည့် အကောင်ကြီးအချို့၏ နာမည်မှာလည်
လျှို့ဝှက်ချက်ပင်မဟုတ်ပေ။ ဤအတွင်း ၂၀၁၂ ဇူလိုင် ၁၈ ရက်နေ့ည
ဝါရင့်နိုင်ငံရေးသမားကြီး သံရုံးအမှုထမ်းဟောင်း ဦးထွေး မြင့်န
RFA အသံလွှင့်ဌာန တွေ့ဆုံ ပြောဆိုမှုမှာ စူးစိုက်နားထောင် စရ
ဖြစ်လာသည်။ ဦးထွေးမြင့်က ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံမှုတွ
အင်္ဂလိပ်ဝန်ကြီးချုပ်ရုံးအောက်ရှိ M.I. (5) နှင့် M.I. (6) ထော
လှမ်းရေးတို့ ပတ်သက်ကြောင်းတွေ့ရသည်ဟု ပြောသည်။ သို့ဆိုလျှ
အင်္ဂလိပ်ဝန်ကြီးချုပ်ရုံးသည် ဤအမှုနှင့် ပတ်သက်ခဲ့လေသလော။ မြန်မ
အစိုးရ ခေါင်းဆောင်များလည်း ဤအကြောင်းကို သိကြသည်ဆို
ထိုစဉ်က (၁၉၄၇) လွတ်လပ်ရေးရခါနီး ဖြစ်နေ၍ ဤအကြောင်း
ထုတ်မပြောကြတာဖြစ်သည်ဟု ထိုခေါင်းဆောင်များက ပြောပြခဲ့ကြော
ဦးထွေးမြင့်က ဖော်ပြသည်။ နိုင်ငံတော်လုပ်ကြံမှုကြီး၏ တရားခံအစ
များမှာ မည်သူလဲ။ နိုင်ငံတော်နှင့် ပြည်သူကို တာဝန်ယူထားရသူမျ





...ဆိတ်လှ၏။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှာလည်း အသက် ၉၀ နီးနီးတွင်
...သေခင် ငြိမ်းချမ်းရေးကို မြင်သွားချင်တယ်ဟု တတမ်းတတပြောရင်း
...ယ်လွန်သွားခဲ့ရရှာလေသည်။

'အသက်ကလဲ ၈၆ နှစ်ရှိလာပြီပေါ့လေ။ အဲဒါကြောင့် ဆရာတို့
...တနာက ကိုယ်မသေခင်လေးမှာ အဲ တိုင်းပြည်မှာ တကယ့်ငြိမ်းချမ်း
... အစစ်ကို တွေ့မြင်ကြားသိ တွေ့သွားချင်တယ်။ နို့မှလဲ အသေ
...င့်လိမ့်မယ်လို့ စိတ်မှာထင်သပေါ့လေ။' (၂၀-၈-၁၉၆၁)

(ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ စလင်းကျောင်းတိုက်အတွင်း
...င်းပသော ရန်ကုန်ခရိုင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ တိုက်နယ်
...ဒါပေါင်းစုံ အစည်းအဝေးပွဲကြီးတွင် ပြောကြားသည်။)

(၂)

ဗိုလ်မှူးချုပ်ကျော်ဇောနှင့် ပတ်သက်၍ အမှတ်ရစရာများ ရှိ
...သည်။ ကျွန်တော်တို့သည် ၁၉၆၀ တစ်ဝိုက်ကမှ ပြည်တွင်းငြိမ်းချမ်းရေ
...ိုင်းအတွင်းသို့ ရောက်လာရာ ထိုစဉ်က တောတွင်းအင်အားစုများ ဝင်လာ
...တော့မည်လောဟု စိတ်စောနေရချိန်ဖြစ်ပါသည်။

လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပါတီတရားဝင်တည်ရှိခွင့်ရလျှင်
...င်သာဝင်လာကြတော့ဟု စေတနာစောသူတို့က ပြောကြသည်။

ယင်းနှစ်ချက်နှင့် မလုံလောက်၊ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်
...ခွင့် ဒီမိုကရေစီ ရှိဖို့လိုသည်။

"ပြည်တွင်းစစ်ကို ရပ်စဲရာမှာလည်း အမြန်ဆုံး ရပ်စဲနိုင်မယ့်
...နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေး အခြေခံပေါ်မှာ တိုင်းပြည်နဲ့ လူမျိုး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အကျိုးအတွက် ဆွေးနွေးဖြေရှင်းကြပြီး ရပ်စဲကြဖို့ ဆရာတို့က တိုက်တွန်း နေခြင်းဖြစ်တယ်"ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်းက အစာငတ်ခံ ဆန္ဒပြနေကြသော ဗကသ၊ တကသ၊ ရကသ ကျောင်းသားများသို့ ပေး သော သဝဏ်လွှာတွင် ဖော်ပြသည်။ (၁၁-၉-၁၉၆၁)။

ဗိုလ်မှူးချုပ်ကျော်ဇောကလည်း ၂၀-၈-၁၉၆၁ ပြည်တွင်း ငြိမ်း ချမ်းရေး အစည်းအဝေးတွင် "တကယ်ငြိမ်းချမ်းရေး ရရှိဖို့ကတော့ တစ်မျိုးသားလုံးအကျိုး အတွက် ဒီမိုကရေစီ အတိုင်းအတာ ဘယ်လောက် ကျယ်ကျယ်ပြန့်ပြန့်နဲ့ လုပ်ဆောင်နိုင်ခွင့် ရှိကြတယ်။ မရှိကြဘူးဆိုတဲ့ အချက်အပေါ်မှာ အဓိကတည်ပါတယ်။ စစ်ရပ်စဲပြီးနောက် မိမိတို့ အမျိုးသား ရေး လုပ်ငန်းများကို ပြည်သူလူထုကြီးကိုယ်တိုင် အချုပ်အချယ်မရှိ လွတ်လပ် ကျယ်ပြန့်စွာ လုပ်ဆောင်သွားနိုင်ဖို့ လိုပါတယ်" ဟု ပြောကြားသည်။

"စစ်တစ်ခုကို ဆွေးနွေးဖြေရှင်းပြီး ရပ်စဲတဲ့အခါ စစ်မရပ်စဲခင် မိမိတို့ရဲ့ အခြေခံပြဿနာများကို ပြေလည်အောင် ဆွေးနွေးကြလည်ပြီး မှသာ ရပ်စဲနိုင်ကြပါတယ်။ အခုတော့ ဆွေးနွေးမှုဟာ ဒုတိယ၊ စစ်ကို ပထမရပ်ရမယ့် သဘောဖြစ်နေပါတယ်။ ဒါဟာ အခြေခံ အားဖြင့် လက်တွေ့ မဖြစ်နိုင်တဲ့ အခြေအနေ ဖြစ်ပါတယ်"ဟု စစ်ရေး ပါရဂူဗိုလ်မှူးချုပ် ကျော်ဇောက ပြောသည်။

"ဒါကြောင့် စစ်ရပ်စဲပြီးမှ ဆွေးနွေးခြင်းဆိုတဲ့ လက်နက်ချစေ ရေး သဘောထားမျိုး မထားကြဘဲ အချင်းချင်း သဘာဝတ္တကျစွာ ပြည်သူ့ အကျိုးဆန္ဒများအပေါ် အခြေခံထားပြီး ပြေလည်စွာ ဆွေးနွေးဖြေရှင်းကြရင် ပြည်တွင်းစစ်ကို အလျင်အမြန်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြမည်ဖြစ်ပါတယ်"ဟု ဗိုလ်မှူးချုပ်ကျော်ဇောက





အေးလမ်းကို ညွှန်ပြခဲ့သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကလည်း ထိုအစည်းအဝေး၏ နိဂုံးချုပ်စကားတွင် "ဆရာတို့ပေါ့လေ၊ အဲဒီမသေခင်လေးမှာ ကိုယ့် တိုင်း ကိုယ့်ပြည်၊ ကိုယ့်လူမျိုး ချမ်းချမ်းသာသာ ကျန်းကျန်းမာမာနဲ့ပေါ့လေ၊ လူမျိုးခြားလက်အောက် ကျွန်သပေါက် မဖြစ်အောင် တစ်စည်းတစ်ရုံး တစ်လုံးတစ်ဝတည်း ညီညီညွတ်ညွတ်နဲ့ တိုင်းပြည်၏ ကောင်းကျိုးချမ်းသာ ခင်းလာကို ကောင်းစွာ ဆောင်ရွက်နိုင်ကြပါစေ ဆိုတာ ဆရာ နောက်ဆုံး စကားပြောကြား မေတ္တာရပ်ခံအပ်ပါတယ် . . . ဒါပါပဲ"ဟု မြွက်ကြားသွားသည်။

ထိုအချိန်ကာလက ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှု၏ ရင်ခုန် သံများကို ကြားနေရသည်။ ပြည်သူတို့၏ ပြည်တွင်းငြိမ်းချမ်းရေး တောင်း ဆိုသံမှာ ပို၍ ပို၍ ကျယ်လောင်အားကောင်း ထုထည်ဖြစ်လာသည်။ ထိုအချိန်တွင်ပင် ၁၉၆၂ မတ် ၂ စစ်အာဏာသိမ်းမှုဖြစ်လေသည်။

ဗိုလ်မှူးချုပ်ကျော်ဇောကား ၁၉၆၄ ဇူလိုင် ဆရာကြီးသခင် ကိုယ်တော်မှိုင်း၏ စျာပနကို ဆရာကြီး၏ ဂုဏ်နှင့် ညီအောင်၊ ပြည်သူ့ ဆန္ဒနှင့် ညီအောင် ကြီးကျယ်စွာ လူထုအားနှင့် ကျင်းပခဲ့သည်။ ကျွန်တော်တို့ မှာလည်း စျာပနတွင် ပြထားသည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ စတာလင် ကမ္ဘာ့ငြိမ်းချမ်းရေးဆု ရွှေတံဆိပ်ကြီးကို ပျောက်ပျက်ခြင်းမရှိ ရအောင် ဗိုလ်ချုပ်ကျော်ဇော၏ တာဝန်ပေးချက်ဖြင့် တစ်ညလုံးမအိပ်ဘဲ စောင့်ရှောက်ကြရလေသည်။

စမ်းချောင်း၊ ဆီဆုံလမ်း၊ ၃၆ ရှိ အိမ်ကလေးထဲတွင် ဆင်းရဲဒုက္ခ ရောက်စွာ သူနေသွားသည်။ အိမ်ရှိ အမြတ်တနိုး အမှတ်တရ ပစ္စည်းများ တိုပင် ရောင်းစားနေရသည်။ သားတစ်ယောက်မှာလည်း စားမှုပေါက်စွဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရေတိမ်နစ်အသက်ဆုံးသွားခဲ့ရသည်။ အခြား သားတစ်ယောက်နှင့် ဇနီးသည်လည်း ဆုံးပါးသွားသည်။

ဗိုလ်ချုပ်ကျော်ဇောကား အလွန် အရည်အချင်းမြင့်မားသူ၊ အလွန်စိတ်ထားကောင်းသူ၊ ခံယူချက်ခိုင်မာဖြောင့်မတ်သူ။ အဆိပ်ပြင်းမြွေတောထဲတွင် ကြံ့ခိုင်သစ္စာကြီးစွာ ရပ်တည်လှုပ်ရှားအသက်ရှင် ခဲ့သောသူ့စံနမူနာသည် ကာလဒေသတို့၏ အလင်းတိုင်ကြီး ဖြစ်လိမ့်မည်တကား။

၁၅-၁၀-၂၀၁၂ မုံရွာ





BURMESE CLASSIC .com

## နေရာဟောင်းကို လွှမ်းအောက်မေ့တာ

၂၄-၆-၂၀၁၂ တွင် မုံရွာသို့ ပြန်ရောက်သည်မှစ၍ မုံရွာပွဲများဆက်ကာ ဆက်ကာ ဆင်နွှဲနေရသည်။ မုံရွာစာချစ်သူများနှင့် လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြသည်။ လက်ဖက်ရည်သောက်ဖို့ အဓိကမဟုတ်၊ တိုဟိုသည်သည် စကားပြောချင်ကြ၍။ အသက်ကြီးလာကြသောအခါအများအားဖြင့် မတ်မောမှုဟူ၍ စွဲစွဲလမ်းလမ်း မရှိကြတော့ဘဲ ရွယ်တူစိတ်တူများနှင့် စကားပြောရခြင်းဖြင့် အပန်းဖြေလေ့ရှိကြပါသည်။ လက်ဖက်ရည်ဝိုင်းတော်သားများ၏ အကြောင်းကြီးငယ်များကိုလည်း သယ်မလေ့ရှိကြပါသည်။ ၂၉-၆-၂၀၁၂ တွင် ဆရာမုံရွာစန်းမောင် (မောင်းထောင်)၏ ဇနီးမွေးနေ့အတွက် ဒေါ်ဧသုဝတီကျောင်း ဆွမ်းကပ်ရာသို့ သွားကြ၍ စကားနှောကြရသည်။ ၂-၇-၂၀၁၂ တွင် ကဗျာဆရာ မင်းဆွေနှစ်၏ ချင်းတွင်းအိမ်စာပေ ၁၇ နှစ်မြောက် စာအုပ်ဈေးပွဲတော်နှင့် စာပေဟောပြောပွဲသို့ တက်ရောက်ရသည်။ အကောင်းဆုံး စာအုပ်များကို တစ်စုတစ်စည်းမြင်ခွင့်ဝယ်ခွင့်ရကြသည်။ ကျွန်တော်၏ အန်းဒါးဆင်း ပုံဝတ္ထုအတွဲကြီးနှစ်တွဲကိုလည်း တွေ့ရသည်။ မုံရွာရှိ စာချစ်သူ စာရေးသူမိတ်



www.burmeseclassic.com

www.burmeseclassic.com

ဆွေများကိုလည်း ပန်းပေါင်းစုံ တွေ့ရနှုတ်ဆက်ရသည်။ ချင်းတွင်းအိမ် စာအုပ်ဆိုင်မှာ ပန်းဥယျာဉ်ကို ပျားတွေဝိုင်းအုံကျလာသည်သို့။

ထိုညတွင်လည်း စာအုပ်ဆိုင်ရှေ့ရှိ မက်သဒစ် အသင်းတော် ဝင်းကြီးအတွင်း၌ လေဟာပြင် စာပေဟောပြောပွဲ ကျင်းပသည်။ ဆရာ ချစ်ဦးညို၊ ဆရာမန္တလေးသိန်းဇော်၊ ဆရာမစမ်းစမ်းနွဲ့ (သာယာဝတီ) တို့ ဟောပြောကြသည်။ ကျွန်တော့်ကိုလည်း မြို့ခံလူကြီးအဖြစ် မိတ်ဆက် စကားပြောပေးပါဦးဆို၍ ပြောရသည်။ ရန်ကုန်အတွေ့အကြုံများကို ပြောပြ၍ ရန်ကုန်လူငယ်များ၏ ကြိုးစားအားထုတ် ပညာရှာကြပုံ၊ အလုပ်လုပ်ကြပုံများကို ပြောပြရသည်။ နောက်တစ်နေ့တွင် ဆရာမောင်တိက္ခ (ဆားထုံး) ၏ ရှင်ပြုအလှူပွဲကို အရာတော်မြို့နယ် တောင်ပေါ်ရွာတစ်ရွာ၌ ကျင်းပဖို့ရှိ၍ နံနက် ၄ နာရီသွားရမည်ဖြစ်သဖြင့် စာပေဟောပြောပွဲ မှ စောစောထပြန်ခဲ့ရသည်။ ပြန်ထွက်လာသောအခါ ပရိသတ်ကြီးမှာ တစ်ကွင်းလုံး ပြည့်နေရုံသာမက ကုလားထိုင်မရတော့သူများက မြေကြီး ပေါ်တွင်ပင် ထိုင်ကာ ဟောပြောပွဲရသခံစားနေကြသည်ကို တွေ့ရသည်။ မလင်းတလင်း ညရီဝိုးဝါးထဲမှ ကွင်းလုံးပြည့် ပရိသတ်များနှင့် လက်ခုပ် သံများ။

နံနက် ၄ နာရီထိုးသောအခါလာကြိုသည့် ဆရာဝင်းမောင် (သမိုင်း)၏ မော်တော်ကား ရောက်လာသည်။ ဆရာမနေထွန်း၊ ကိုဦး (မုံရွာ)၊ ဦးခင်မောင်လေးတို့လည်း ပါလာကြသည်။ ရွှေရောင်ရေတွေ တဝေါဝေါစီးဆင်းနေသည့် ချင်းတွင်းမြစ်၏ ကမ်းဘေးတွင် အလှူသွား မည့် အမြန်ယာဉ်ဘတ်စကားကြီးလည်း ရောက်နေပြီ။ မုံရွာ-မန္တလေး ပြေးသော မဟာနွယ်-အာရှကြယ်စင်ဘတ်စကားကြီး ဖြစ်သည်။ လေအေး စက်၊ အဲယားကူရှင်တို့နှင့် စီးကောင်းသော ပန်ကားကြီး။ ကဗျာဆရာ မောင်တိက္ခ(ဆားထုံး) ခေါ် ဦးခင်မောင်ထွေး ဇနီးဒေါ်ယဉ်ယဉ်တို့မှာ





…က်လုပ်ငန်းလုပ်သည်။ အင်္ဂလန်မှာရှိသော သမီးက အမြဲခေါ် …ချင်သော်လည်း မောင်တိက္ခက အင်္ဂလန်တွင် တစ်ပတ်ကြာနေပြီး …တ် ပျင်းတယ်ဆိုပြီး ပြန်လာသည်။ ယခု အလှူမှာလည်း သူ့အိမ်ရှိ …ဖော်မကလေးက သူတို့မိဘများဆင်းရဲကြလွန်း၍ မောင်ကလေး …ပြုရသေးကြောင်း ပြောသည်တွင် ရွာရှိအခက်အခဲရှိသည့် ကလေး … ယောက်ကို ရှင်ပြုပေးခြင်းဖြစ်သည်။ တစ်ခါကလည်း ဆရာ မုံရွာ …မောင်က သူ့ရွာ မောင်းထောင်တစ်ဝိုက်ရှိ ရှင်မပြုရသေးသော ကလေး … ကို အကြီးအကျယ် ရှင်ပြုပေးခဲ့သည်ကို သာဓုခေါ်ခဲ့ရပါသည်။

ဘတ်စကားကြီး တအိအိထွက်လာပါပြီ။ ကားကြီးပြည့်အောင် …တွေလည်း များလှသည်။ ပစ္စည်းတွေလည်း များလှသည်။ လှူစရာ၊ …စရာ၊ စားစရာ။ ကားကြီးပေလို့သာ ထမ်းနိုင်ပေတယ်။ ဗိုလ်ချုပ် …ာင်ဆန်းကြေးရုပ်နားမှ ပတ်ပြီး သာစည်လမ်းအတိုင်း ထွက်လာခဲ့ …ည်၊ မီးရထားသံလမ်းကိုကျော်သည်။ ဤနေရာမှာ ၁၉၄၉ ခုနှစ်က …ီးရပိုင်နယ်နိမိတ်။ ဤနေရာကို ကျော်သောအခါ ဘယ်သူပိုင်မှန်း …သိတော့။ ပြည်သူ့ရဲဘော်များရှိသည်။ တပ်နီများလည်း ရှိသည်။ တပ်နီ …ိုသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီကို လူအများခေါ်သည့် အမည်။ …လံနီကွန်မြူနစ်ပါတီက မုံရွာတောင်ဘက်ရွာများပေါ်တွင် တောင်ပံ …ထားသည်။ ထိုအချိန်မှာပင် ထိုစဉ်က ဝန်ကြီးချုပ်ဦးနုက ရေယာဉ် …တာလေးဖြင့် ချင်းတွင်းမြစ်ပေါ်သို့ ဆင်းလာကာ မုံရွာ ငွေတိုက်မှ ငွေများ …ို သိမ်းယူသွားခဲ့သည် ထင်သည်။ မုံရွာတောင်ဘက်ရှိ သူပုန်များက … ရေယာဉ်ပျံကလေးကို တဒိုင်းဒိုင်းပစ်ခဲ့ကြသည်။ ထိမှန်သာ ထိမှန်ခဲ့ …ျင် . . .

ကားကြီးက မုံရွာမြို့ထဲမှ ထွက်လာသည်။ ကမ္ဘာပေါ်တွင် အလှဆုံး …ု ဆိုနိုင်ကောင်းသည့် ထနောင်းပင်များကို ဤ မုံရွာ-သာစည်လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ ထနောင်းပင်တို့၏ ရောင်နုရင့် အကွေးအညွတ် အပေ
အပျောင်း အချိုးအဆန့်တို့ကို ဤလမ်းကလေးမှာ ငေးကြည့်ရနိုင်ပါသည်။

မြို့စွန်ရွာကလေးများကို ကျော်၍ ကျော်၍ သွားသည်။ အညာ ရှေးဘုရားများ၊ တိုက်များ၊ ကျောင်းများ။ အညာပီသ ရွာများ။ တစ်နေရာ တွင် ကျွန်တော်တို့လမ်းက အခြားလမ်းကလေးတစ်လမ်းကို ကန့်လ ဖြတ်ကျော်လိုက်သည်။

'အဲဒါ၊ မြို့ရှောင်လမ်းဟဲ့'ဟု အသက်ကြီးကြီး အမျိုးသမီးများ က ပြောသည်။ ဤလမ်း၏ ထူးခြားလှသော သမိုင်းစဉ်ကလေးကိုလည်း သူတို့သိကြပါသည်။ သမိုင်း ဦးဝင်းမောင်ကိုပင် မေးစရာမလို။

အက်တော၊ ကျောက်စစ်ပုံ၊ ကံပြားကြီး၊ သာစည်စသော စသော ရွာများ။ ကျောက်စစ်ပုံနားမှာ ခိုးသန်းရွာရှိသည်။ လင်းယုန်ဘဝင်၊ မော တင်ရွှေ၊ မင်းရှင်နောင်၊ မုံရွာအောင်ရှင်၊ နောင်ဝင်းထွန်း စသူတို့၏ ရွာ ကျောက်စစ်ပုံက ပန်းချီဆရာကိုအောင်မောင်း၊ ကိုညိုသိန်းတို့၏ရွာ ကံပြားရွာကား သားရေဖိနပ်လုပ်ငန်းကို ရှေးကစ၍ လုပ်ခဲ့သည့်ရွာ သာစည်နားသို့ ရောက်သောအခါ ချောင်းရေစီးကြောင်းများ လွတ်လွတ် လပ်လပ် လူးလွန့်လှုပ်ရှား၍ သဲများမင်းမူနေသည်။ သာစည်ရွာသား FRCS ဘွဲ့သုံးဘွဲ့ရသည့် ဆရာဝန်ကြီး ဦးမောင်မောင်အေးကို သတိရ သည်။ မယားသုံးဆယ်ကျော်ယူသည်ဆိုသော မြေပိုင်ရှင် သူဌေးကြီး ဦးဘိုးရှိကိုလည်း မြင်ယောင်မိသည်။

သာစည်တွင် ကျွန်တော်တို့ ကားကြီးသည် လက်ဖက်ရည်ဆိုင် ကလေးတစ်ဆိုင်ရှေ့တွင် ရပ်၍ ဝမ်းဟာလာဟင်းလင်းကို ဖြည့်တင်း ကြရသည်။ အနားရှိ အကြော်ဆိုင်မှ မတ်ပဲကြော်၊ တိုဟူးကြော်၊ ပဲကပ် ကြော်၊ ဘူးသီးကြော်များကိုလည်း ရသမျှအကုန်စားကြသည်။ လက်ဖက် ရည်ဆိုင်ကလည်း ဖျော်ပြီးရင်းဖျော်၊ အကြော်ဆိုင်ကလည်း ကြော်ပြီးရင်



ကြာ၊ 'ဒီလို မနက်မျိုး မတွေ့ဖူး မကြုံဖူးပါဘူးတော်'ဟု ဆိုင်မှ မိန်း လေးတစ်ဦးက ပြောသည်။ ရောမမြို့ကြီး လူရိုင်းအုပ်ဝင်သလို။

သာစည်မှ ထွက်လာတော့ တောင်ကုန်းမြင့်များပေါ်သို့ တက်ရ သည်။ သာစည် ဆည်ကြီးနားမှ ပတ်တက်သည်။ လမ်းမှာ ချောပါဘိ၊ ပါဘိ၊ ကျယ်ပါဘိခြင်း။ မြေလမ်းညက်ညက်ဖြစ်၍ ရန်ကုန်-မန္တလေး မြန်လမ်းကြီးထက် ညက်သည်။

ကျွန်တော်ကား အလွန်အံ့ဩရသည်။ ကျွန်တော်သည် ဤလမ်း င် မစိမ်းပါ။ လွန်ခဲ့သော နှစ်ခြောက်ဆယ်ကျော်က ဤလမ်းတွင် စက်ဘီး နှင့် သွားခဲ့ဖူးပါသည်။ စက်ဘီးတစ်စင်းသွားလောက်အောင်ပင် လမ်းရာ အိဖို့ညက်ဖို့ကား ဝေလာဝေး။ အဖုအထစ် ချိုင့်ကျင်းများသာ ရှိသည်။ က်ဘီးစီးရသည်မှာ မြင်းရိုင်းကြီး စီးရသလို။ ကျွန်တော်ကလည်း မသွားဖူး လာဖူးသောလမ်းကို ဟိုမေးလိုက် သည်မေးလိုက်နှင့် စက်ဘီးစီးခဲ့ရသည်။ တစ်နေ့လုံးစီးရသည်။ ရွာတွေ့လျှင် ရေတောင်းသောက်၊ နေပူလျှင် ခဏနား။ ထိုရာကို နေအဝင်ရောက်အောင် စက်ဘီးခြေနင်းထဲ အားအကုန်ထည့် ၍ နင်း။

ထိုစဉ်က သွားမဖြစ်အောင် ဆိုးသော၊ လမ်းရာကလေးမျှ မရှိ ည့်လမ်းမှာ ယနေ့ ကျယ်ပြန့်အိညက်နေပါပြီကော။ ဤလမ်းပေါ်တွင် မော်တော်ဆိုင်ကယ်တွေ အသံချင်းဆက်အောင် မောင်းနေကြသည်။ မော်တော်ကားကြီးများလည်း သက်သက်သာသာ စိတ်ချလက်ချ မောင်း၍ နေသည်။ တောင်ကုန်းမြင့်များပေါ်မှလမ်း ၁၈ ပေခန့်အထိ ကျယ်နိုင် သော ၌ မြေလမ်းမသည် သာစည်မှ ဝါးတောမအထိ၊ နောင်ကြီးအိုင် အထိ ရောက်မည်ထင်သည်။ လမ်းမမှချိုးကွေ့ဆင်းသွားသောအခါ နှစ်မိုင် ခန့်တွင် ရွာတွေ့သည်။ အလှူလုပ်မည့်ချင်ပင်ရွာ။

လွန်ခဲ့သော နှစ်ခြောက်ဆယ်ကျော်က ရွာများမှာ ထန်းရွက်မိုး



www.burmeseclassic.com

www.burmeseclassic.com



တဲညှိုညှိုများသာ ဖြစ်သည်။ မသပ်မရပ်၊ ကုပ်ကုပ်။ ယနေ့ကား ရွာတွ အိမ်ကောင်းများစွာ ရောက်လာသည်။ တိုက်အချို့လည်း စိမ်းစိမ်းဝါ ပြာပြာ။ ဟိုတုန်းကမွဲလှသော ရွာများမှာ ယနေ့သိပ်မမွဲတော့။ အမွဲဒဏ် ခံနေရဆဲများလည်း ရှိသည်။ လူရတတ်ဆိုသူများပင် သီးနှံထွက်ကုန်မျာ ဈေးမကိုက်၍ ညည်းနေကြသည်။ လောင်းကစားမှုများကလည်း ရွာက လွှမ်းမိုးတုန်း။ ပိန်၍ ခြောက်သွေ့သူ များသည်။ ကျန်းမာရေးညံ့ကြတုန်း ရေကန်မှာ ရေမရှိ။

'ရွာက အိမ်ခြေဘယ်လောက်ရှိလဲ'ဟု သတင်းထောက် ကိုမျိုး ဝင်းထွန်း (မုံရွာ) က မေးသည်။

'အဲ ကျွန်တော်တို့ ချင်ပင်ရွာကတော့ အိမ်ခြေ ၃၇၅ ရှိတယ် ကျေးရွာအုပ်စုထဲပါတဲ့ သံပုရာကျင်းရွာက ၂၈၉၊ သာကြည်အေးရွာက ၇၅၊ ထိန်ပင်ကားရွာက ၃၁၉ ဗျ'ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော် စိုးက ပြောပြသည်။

'ရွာရဲ့ စီးပွားရေးကတော့ကောဗျာ'ဟု ကျွန်တော်က ကြားဖောက် မေးသည်။

'ရွာက ထန်းလုပ်ငန်း၊ နှမ်းလုပ်ငန်း၊ ပဲစင်းငုံလုပ်ငန်း၊ ဝါလုပ် ငန်းတွေလုပ်တယ်၊ သနပ်ခါးခြံလည်း လုပ်တယ်။ ရက်ကန်းလည် ရက်တယ်။ အိမ်သုံးပုံတစ်ပုံလောက် ရက်ကန်းလုပ်ကြတယ်။ ရက်ကန်းဆိုတ စောင်တွေ များတာပေါ့။ ဝါးတောမ စောင်လို့ ခေါ်တဲ့ စောင်မျိုးတွေ'ဟု ရွာဥက္ကဋ္ဌ က ရှင်းပြသည်။

'ထန်းက ထန်းဖို၊ ထန်းမ ဘယ်လိုခွဲလုပ်ကြသလဲ။'

'ထန်းဖိုက တပို့တွဲက တန်ခူးလပြည့်အထိ။ ထန်းမက တန်ခူး က ဝါခေါင်အထိ'

'အထွက်ဘယ်လောက်ရှိလဲဗျာ'





'ထန်းဖိုက ပိဿာ ငါးသောင်းလောက်ရမယ်။ ထန်းမက ငါးသောင်း ခွဲလောက်။

'အခု ထန်းလျက်ဈေးနဲ့ လုပ်လို့ဖြစ်ရဲ့လား'

'မဖြစ်ဘူး။ ဒါကြောင့် ထုတ်မရောင်းကြသေးဘဲ လှောင်ထား ကြတယ်'

'ကျောင်းကတော့ ကောဗျာ'

'ဘုန်းကြီးကျောင်း ၂ ကျောင်း။ အစိုးရ အလယ်တန်းကျောင်းခွဲ တစ်ကျောင်း။'

'ကျောင်းသားက'

'၄၃၈ ယောက်ဗျ။

| | |
|---|---|
| သူငယ်တန်း | ၅၀ |
| ပထမတန်း | ၄၃ |
| ဒုတိယတန်း | ၅၁ |
| တတိယတန်း | ၇၁ |
| စတုတ္ထတန်း | ၅၆ |
| ပဉ္စမတန်း | ၇၅ |
| ဆဋ္ဌမတန်း | ၄၁ |
| သတ္တမတန်း | ၂၇ |
| အဋ္ဌမတန်း | ၂၄' |

အတန်းကြီးပိုင်းအထိ ကျောင်းထားကြသည်ကိုမြင်ရသည်။ သို့သော် စီးပွားရေးအခက်အခဲတွေ ရှိသည်တဲ့။

'ဒါပေမဲ့ ရွာကျောင်းက ဆေးတက္ကသိုလ် နောက်ဆုံးနှစ် တစ် ယောက်၊ အထက်တန်းပြ ဆရာတစ်ယောက်၊ ရှေ့နေတစ်ယောက် ထွက်သွား ပါပြီ'ဟု ကိုယ်တိုင် ဆယ်တန်း ရွာခေါင်းဆောင်က ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ကလည်း သားသမီး ၉ ယောက်ကျောင်းထားရတယ် ဒီနှစ်ဆိုဝါထပ်တော့ မိုးခေါင်၊ လုပ်ရတာမလွယ်ဘူး'ဟု အုပ်ချုပ်ရေး အဖွဲ့ဝင် ဦးမြင့်သန်းက ဝင်ပြောသည်။

ဤဒေသမှာ ကုန်းမြင့် ကုန်းနိမ့်သစ်ပင် ယာကွက် ထန်းတောများ ဖြင့် ကြည့်၍အလွန်လှသည်။ ကုန်းမြင့်မြင့်၊ လေသန့်ရှင်း၊ တောလမ်း ကလေးများ။ တကယ်ပင် နေချင်သည့်အရပ်။ အင်ကြင်းပင်ချောင်းက တောင်မှ မြောက်သို့ စီးပြီးရွာတွေကိုရစ်ပတ်သွားသည်။ ရေက ကန်တွေ မှာလည်း မရသေးဘူး။ စက်တွင်းက ပေ ၂၅၀ ဟု ရွာသားတစ်ဦးက ပြောသည်။

'ဒကာကြီးတို့ ရေချိုးကြဗျ' ဟု ကျောင်းဆရာတော်က မိန့်သည်။

သည်ဘက်မှာ ဧည့်သည်တွေကို တကယ်ခင်ရင် ရေချိုးပါဦးလို့ ပြောတာဗျဟု မိတ်ဆွေတစ်ဦး ပြောခဲ့ဖူးသည်ကို အမှတ်ရမိသည်။

ဝါးတောမမှာ ဆရာအောင်သာစံ၏ ဖခင်ကြီးကို ရေချိုးပါဆိုလို့ အားရပါးရ ချိုးမိတော့ အိမ်ရှင့်သားကလေးက 'အေနိုးကြီး ရေတွေ ခွချိုးနေ'ဟု ဆဲသံနာခံခဲ့ရသည် ဆိုသည်။

ထိုကြောင့် အရာတော်နယ်က ရွှေကိုမလို၊ ငွေကိုမလို၊ ရေကို သာလိုသည်ဟု ကြွေးကြော်ခဲ့ရသည်။ ယခုကား အထိုက်အလျောက်တော့ ပြေလည်ပါပြီ။

'ဝါးတောမက ဘယ်လောက်ဝေးသလဲဗျ။'

'၆ မိုင်'

'သူ့ကျေးရွာအုပ်စုကကော'

'တမာပင်၊ ရွာစည်ကုန်း၊ အောင်ချမ်းသာ၊ မန်ကျည်းစု၊ စည်သာ'

ကျွန်တော်သည် ဝါးတောမသို့ ရောက်ဖူး၍ ဝါးတောမ ဘုရား ကိုလည်း ဖူးဖူးသည်။ တမာ၊ မန်ကျည်းစသော ရွာငယ်၊ ချောင်းငယ်များ





တောအုပ်များကိုလည်း လည်ဖူးသည်။ လှပသော အညာတောတောင်ရွာများ။ ပသော နှလုံးသားများ။ ဝါးရုံစိမ်းယှက် ကိုစောဖေနေတဲ့တဲ။

မော်တော၊ ရေယို၊ သစ်ကျင်းကြီး၊ ကြာပင်လှ၊ ဘော်ဂါရွာများ ကိုလည်း ရင်းနှီးသည်။ မော်တောရွာမှ လူငယ်ကလေးတစ်ယောက်၏ သတ်မှုကိုလည်း Dock brief အစိုးရငွား ရှေ့နေအဖြစ်လိုက်ပါ ဆောင်ရွက်ဖူးသည်။ ရှေ့နေခသကာအိုးတစ်လုံးရသည်။ ဥသျှစ်ကျေး ကြီးအိုင်တို့ကလည်း ဆွေမျိုးရွာကြီးများ။

ထမင်းစားကြရအောင်ဟု လာခေါ်သဖြင့် ဆွမ်းစားကျောင်း လေးသို့ သွားကြသည်။ အလှူ့ဒကာ၏ အစီအစဉ် ထင်ပါရဲ့၊ ဒွန်း ချင်းများနှင့် စားရသည်။ ဝက်သားကြော်ချက်၊ ငါးခြောက်ထိုး၊ အစိမ်းကြော်၊ ရက်သီးသုပ်၊ ပဲတီချဉ်သုပ်၊ ငရုတ်သီးကြော်၊ ကုလားပဲဟင်းချို၊ ကြာဆံ ဟင်းစသဖြင့် စုံလှကောင်းလှသည်။ မုန့်မျိုးစုံ၊ လက်ဖက်ရည်ကြမ်း။

ရွာထဲမှာလည်း ရှင်လောင်းလှည့်ကြပြီ။ ကြန်ကြန်ဖြန်း ဗြော သံကိုကြားရပြီ။ ရှင်လောင်း ၁၅ ပါးကို ထမ်းစင်ဝေါများဖြင့် ထမ်း ကြ၏။ ကွမ်းတောင်ကိုင်များကလည်း အချိတ်လုံချည်၊ ခေတ်အင်္ကျီ ပါဆံများဖြင့် ကျေးလက်မင်းသမီးကလေးများပမာ၊ အဝတ်အဆင် တို့မှာ ရုပ်မြင် ဗီဒီယိုများအောက် မလျော့။ ကျောင်းသို့ရောက်သော် ကျောင်းကြီးကို သုံးပတ်ပြည့်အောင် ပတ်၍ ကန်တော့ကြသည်။ ရှင်ပြု အလှူများတွင် အလှူ့ဒကာ၊ အလှူ့အမမှစ၍ လာသူတွေ အားလုံးက သော ထုံးစံလည်းရှိလေသည်ဆိုသည်။

ထို့နောက်သော်ကား ဆံချ၊ သင်္ကန်းဝတ်၊ သီလယူ၊ ရှင်ပြုအလှူ ရားဟော၊ ရေစက်ချ၍ အလှူပွဲကြီးအောင်မြင်ပါလေသတည်း။ အလှူ ယကာ၊ ဒါယိကာမတို့ကလည်း ဝမ်းသာလွန်းကြ၍ ပရိယတ်ကြီးအဆောင် တွင် ရွှေမိုးငွေမိုးရွာသည်မှာ အုန်းအုန်းညံသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စာသင်ကျောင်းမှ ကလေးများကို စုကာ စာအုပ် များ ပေးလှူသည်။ အဝတ်များဝေသည်။ ကလေးတွေလည်း ပျော်သည်။ ကိုရင်ကလေးများကိုကား တစ်ပါးတစ်သောင်းကပ်သည်။ ကိုရင်ကလေးများ လည်း ပျော်သည်။

'ကျောင်းက ပိန္နဲသီးကလည်း စားလေချိုလေဘုရား'ဟု သမိုင်း ဦးဝင်းမောင်က လျှောက်ထားရာ ဦးပဥ္စင်းက ပိန္နဲသီးထုပ်ကြီးတစ်ထုပ် စွန့်သည်။

မကြာမီ ဦးဝင်းမောင်အပြင်ထွက်သွားစဉ် ပစ္စည်းသိမ်းသော အမျိုးသမီးတစ်ဦးက 'ဟောတော့ ပိန္နဲသီးထုပ်ကြီး'ဟု ဆိုကာ သိမ်းယူ သွားလေသည်။ မှတ်ကရော။

'ဆန် ဘယ်လောက်ကုန်လဲဗျ' ဟု မေးလိုက်သောအခါ စားဖို ဆောင်မှ ရွာသားတစ်ဦးက ၁၂တင်းဟု ဖြေလိုက်သည်။

ကားကြီးနှင့် ပြန်ကြပြီ။ လမ်းတွင်မြင်ရသည့် ရှားပင်များမှာ ပင်စည်တုတ်ခိုင်ခိုင်တွင် အရစ်အမြောင်းကြီးများ လိမ်၍အင်အား တည်ဆောက်စုစည်းလျက်ရှိကြသည်ကို တွေ့ရသည်။ မြန်မာရွာသား တို့ကား ရှားနှစ်ရှားသား။

၄-၇-၂၀၁၂ မုံရွာမြို့





## ကံရာဇာကြီး ကံရာဇာငယ်ပုံပြင်မှ စ၍

ကံရာဇာကြီး ကံရာဇာငယ်ပုံပြင်မှစ၍ ကျွန်တော်တို့ သမိုင်း ကို နှစ်သက်ခဲ့ရသည်။ သမိုင်းတွင် ပုံပြင်ဆန်သော၊ သက်သေအထောက် အထားလုံလောက်အောင် မပြနိုင်သေးသော အပိုင်းနှင့် အသင့်အတင့် အတော်အတန်သက်သေ အထောက်အထားပြနိုင်သော အပိုင်းတို့ တည် ရှိသည်ကို တွေ့ရပါသည်။

ယခုခေတ်တွင် အထောက်အထားမရှိ သမိုင်းမရှိဟု မှတ်ယူ ကြပါသည်။ ထိုအထောက်အထားဆိုသည်မှာလည်း ယနေ့တွေ့လျှင် တွေ့ပြီး ယနေ့မတွေ့သေးဘဲ တစ်နေ့နေ့တွေ့ပါလေသော် သမိုင်းလမ်းကြောင်း ပြောင်း၍ ရေးချင်ရေးရမည်။ အပြောင်းအလဲ အသစ်မတွေ့သေးသမျှ တွေ့ပြီးအထောက်အထားရှိသည့် ချင်းရာကိုသာ ယူထားကြရသည်။ ရှာစရာရှိတာတော့ ဆက်ရှာကြ။

ကျွန်တော်တို့က သမိုင်းကို ပုံပြင်ဆန်သော ဂန္ထဝင်များနှင့် ချီးဆိမ့် ကြီးပြင်းလာကြသည်။ ကမ္ဘာ့သမိုင်းတွင်လည်း ဗုဒ္ဓဝင် မဟာဂင်တို့က ကျွန်တော်တို့ အသည်းနှလုံးထဲတွင် ကျောက်စာစိုက်ထူပြီး ဖြစ်သည်။

ဤသို့သော သမိုင်းအခံတွင် အနောက်နိုင်ငံသားတို့၏ အထောက်



www.burmeseclassic.com

www.burmeseclassic.com



အထား ပဓာနသမိုင်း ရေးတင်မှုများနှင့် တွေ့ရသောအခါ ကျွန်တော်တို့အတွက် ဓာတ်ကြောမတည့်လှပါချေ။ သို့သော် အထောက်အထား အချက်အလက်နှင့် သူတို့က တင်ပြသောအခါ ကျွန်တော်တို့နှင့် မျက်နှာကြောမတည့်ချင်လှသော ခေတ်သစ်အထောက်အထား ပဓာနသမိုင်းလုပ်ပုံလုပ်နည်းမှာ ကျွန်တော်တို့ ဘဝထဲတွင် ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ အမြစ်ကုပ်တွယ်လာလေသည်။

မည်သို့သော နည်းများဖြင့်ပင် ရေးရေး၊ လက်တွေ့တွင် သမိုင်းကို အနိုင်ရသူ အပေါ်စီးရသူတို့က သူတို့စိတ်ကြိုက်ရေးတတ်သည်ကလည်းများသည်။ သမိုင်းတို့မှာ အနိုင်ရသူ၏ စိတ်ကြိုက် ရေးခြယ်တတ်သည်များလေသည်ဟု ဆိုရပါတော့မည်။

ထို့ကြောင့်သမိုင်းတို့သည် မှန်လေသည်ဟု အဆိုရခက်ပါသည်။

ဤအထဲကပင် ရေးသမျှ အထောက်အထား အကျိုးအကြောင်း သင့်လျော်သည်ဆိုလျှင် ထိုခေတ်တွင် လက်ခံကြရလေသည်။

ခေတ်တိုင်းတွင် သူ၏ ကျိုးကြောင်း ဆင်ခြင်တရား raison d'etre ရေဆွန်ဒေတြ ရှိကြရာ သမိုင်းတို့သည်လည်း သူ့ခေတ်သဘောနှင့်သူ လျော်အောင်ရေးကြရပါသည်။ မှန်နန်းခေတ်တုန်းကလည်း မှန်နန်းလို၊ သန်းထွန်းခေတ်ကျတော့လည်း သန်းထွန်းလို။

ကျွန်တော်တို့သည် အလိမ်ထဲမှာ အဖြောင့်ရှာကြရပါသည်။ ခေတ်ပြောင်းလျှင် သဘောပြောင်းတတ်သည့် အလျောက်သမိုင်းများကို ပြင်ပြင်ရေးပေးနေဖို့ လိုသည်ဟု ပညာရှင်များက ဆိုတတ်ကြပါသည်။ ပညာရှင်များကား ခေတ်တိုင်းလိုပင် မင်းကြိုက်လိုက်တတ်များတကား။ တောင်းနားတောင်း ဝတ်လုံနှင့် ယုံကြည်မှုလဲကြရလေသည်။

ထိုအထဲတွင် သူ ယုံကြည်သမျှ အမှန်ကို စွဲယူရပ်တည်သော ပညာရှင်အချို့လည်း ရှိတတ်ပါသည်။ သူတို့၏ ရပ်တည်မှုများကို လေးစားစွာ လေ့လာသင့်ပါသည်။





ဤသို့သောသူ ရှားပါးသည့် အထဲတွင် သမိုင်းဆရာ ဒေါက်တာသန်းထွန်းသည် အမှန်ကို မျက်လုံးဖွင့်၍ ကြည့်တတ်သူဟု ယူဆကြပါသည်။

ဘာဖြစ်လို့ သမိုင်းကိုသင်တာလဲ၊ မအ,အောင်ဟု ဒေါက်တာသန်းထွန်းက ပြောခဲ့ပါသည်။

သဘောတူပါသည်။ သမိုင်းကို ဖတ်ရှုလေ့လာသောအခါတွင်လည်း မအ,အောင် ဝေဖန်စိစစ်လေ့လာကြဖို့ လိုပါလိမ့်မည်။ ရေးထားသည့် အတိုင်း တစ်သဝေမတိမ်း လိုက်လို့မရ။

မအ,အောင် သမိုင်းကို လေ့လာဖို့လိုသည်ဟူသော စကားတွင် တစ်ခုတိုးထည့်လိုပါသည်။ မအ,အောင် ပထဝီကိုလည်း လေ့လာကြရမည်။

ယခုအခါ ပထဝီအ,နေသူများစွာကို တွေ့ရလှသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းလေ့လာမှုတွင် ကွက်ဟာကြီးတစ်ခု တည်ရှိနေပုံပေါ်သော အဖြစ်မှန်နှင့် နီးစပ်သည့်သမိုင်း စာအုပ်မရှိမှု၊ ရှားပါးမှုကို ဒေါက်တာသန်းထွန်းက 'ခေတ်သစ် မြန်မာနိုင်ငံသမိုင်း A Modern History of Myanmar'ဟု ရေးလိုက်သည်။

စာအုပ်မှာ မူလက တက္ကသိုလ်သမိုင်း အဓိက ကျောင်းသားများအတွက် ပြဋ္ဌာန်းစာရေးခဲ့ပုံဖြစ်၏။ နောက်မှ အသင့်အတင့် ပြင်ဆင်တည်းဖြတ်ပြီး စာအုပ်အဖြစ်ထုတ်ပုံပေါ်သည်။

အမှားများရှေ့တွင် မှင်တက်မိနေခဲ့ပုံပေါ်သော သမိုင်းပရိသတ်များမှာ ဒေါက်တာသန်းထွန်း၏ စာအုပ်နှင့်တွေ့သောအခါ လန့်ဖျပ်တုန်လှုပ်သွားကြရပါသည်။ အချက်အလက်သစ်တွေ၊ အခြားသမိုင်း စာပေများ၌ ကွယ်ထိမ်နေခဲ့သည့် အကြောင်းအရာတွေ ဝုန်းခနဲ တွေ့ရလေသည်။ ထိုအချက်အလက် အကြောင်းအရာများမှာ အထောက်အထား



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလက်ချ တင်ပြထားပုံရှိသဖြင့် စာဖတ်သူ တုန်လှုပ်ရသည်။ ထို
အထောက်အထားတို့မှာ အများအားဖြင့် အနောက်အရပ် အထောက်
အထားများ ဖြစ်နိုင်သော်လည်း ဤပေးဝေမှုအသစ်အတွက် အလင်း
တန်းသစ်များရပါသည်။

ကျွန်တော်တို့သည် မျက်လုံးကို ရဲရဲဖွင့်၍ ကြည့်သောသတ္တိ
လာကြဖို့လိုမည် ထင်ပါသည်။ ကိုယ်ကြိုက်တာဆိုလျှင် မျက်လုံးဖွင့်ကြည့်
မည် (ဆလိုက်မီးမောင်းပင် ထိုးကောင်းထိုးထားဦးမည်) ကိုယ်မကြိုက်
တာဆိုလျှင် မျက်လုံးမှိတ်ထားလိုက်မည်၊ ဖွင့်သည်ဆိုသော်မှ မေးမှေး
ကလေးမဝံ့မရဲ ဖွင့်ကြည့်မည်။ ဤစိတ်ဓာတ်၊ ဤအလေ့အကျင့်နှင့် ကမ္ဘာ
ကြီးထဲသို့ ဝင်လျှင် နှုတ်ဆက်ချင်သူတောင်ရှိမှ ရှိနိုင်ပါလေမလား။

အမှန်ကို မဆုပ်ကိုင်ရဲလျှင် လူရာမဝင် ဖြစ်ကြရပါတော့မည်။

ဒေါက်တာသန်းထွန်း၏ စာအုပ်သည် အကုန်အမှန် အကောင်း
ဟု ပြောကောင်းမှ ပြောနိုင်မည်ဖြစ်သော်လည်း သမိုင်းလေ့လာရေး
သမိုင်းကြည့်ရေး၊ သမိုင်းကိုင်တွယ်ရေးအတွက် အကျိုးပြုဖွယ်များစွာ
ရှိပါသည်။ အထူးသဖြင့် အမှန်ကို ရဲရဲဆုပ်ကိုင်ကြမလားဟူသော စိန်ခေါ်
သံ ဒင်ဒင်မြည်နေပေလိမ့်မည်။ ကျွန်တော်တို့ အတွေ့ရများခဲ့သည်မှာ
သနပ်ခါး၊ မိတ်ကပ်လိမ်းခြယ်ထားသော၊ ပန်းပန်ထားသော၊ ပုတီးနား
တောင်းလက်ဝတ်တန်ဆာ ပြိုးပြိုးပြက်ပြက်ရှိသော သမိုင်းစာအုပ်များ
ဖြစ်သည်။ ဒေါက်တာသန်းထွန်း၏ စာအုပ်ကား သနပ်ခါး ရေကျဲ ကလေး
ပွတ်မထားသော စာအုပ်။

ဘာသာပြန်သူ အောင်ကျော်ဆန်းကို ဤစာအုပ် ဘာသာပြန်
သည့်အတွက် မြန်မာသမိုင်းဖတ်သူများက အလွန်ကျေးဇူးတင်ကြပေလိမ့်
မည်။

အောင်ကျော်ဆန်းသည် ကျောင်းသားအရေး၊ ပြည်သူ့အရေး
ဆောင်ရွက်လာသူ ဖြစ်သည်။ နာဂစ်လေမုန်တိုင်းကြီး ဖြစ်စဉ်က ရေဘေး

သားဖြင့် သေခဲ့ရသူများစွာ၏ ရုပ်အလောင်းများကို ကောက်ယူ
သင်္ဂြိုဟ်ပေးခဲ့သူလည်း ဖြစ်သည်။ ထိုကိစ္စနှင့် တစ်ဆက်တည်း သူသည်
ကြည့်နယ် တောင်တန်းမြင့်ကြီးများကို ကြည့်ရှုခံစားနေနိုင်ခွင့် ရက်ပေါင်း
ကျော်ရခဲ့သည်ကိုလည်း သတိပြုမိရပါသည်။

စာအုပ်ဘာသာပြန်ကို တည်းဖြတ်ပေးရန် မေတ္တာရပ်ခံသဖြင့်
တော်နှင့် ဆရာဝင်းမောင် (သမိုင်း) တို့က တတ်နိုင်သမျှ ကြည့်
ကြပါသည်။

ဒေါက်တာသန်းထွန်းက သမိုင်းမဟာဝိဇ္ဇာ (ပထမတန်း) ဘွဲ့ကို
ကိုယ်တိုင်လက်ရေးဖြင့် ရေးသားပေးအပ်ခြင်း ခံရသော ဆရာဝင်းမောင်
မိုင်း) (ယခုဝါကြိတ်စက်ပိုင်)က ဘာသာပြန်၏ သမိုင်းဘာသာဆိုင်ရာ
ဆုံး အနှုန်းများ အယူအဆများကို အဓိကထား၍ ကြည့်ရှုပေးပါသည်။

ကျွန်တော်က အထူးသဖြင့် ဘာသာပြန်ဆိုမှု၊ အင်္ဂလိပ်ဝါကျမှ
မာဝါကျသို့ ပြောင်းမှုများကို ဂရုစိုက်ကြည့်ပေးပါသည်။

အောင်ကျော်ဆန်း၏ စေတနာနှင့် ကြိုးစားအားထုတ်မှုကြီး
လှသည်ကို ကွက်ကွက်ကွင်းကွင်း မြင်ရပါသည်။ တစ်ချိန်တည်းမှာပင်
ခေတ်ပညာရေးစနစ်၏ သားကောင်များ ဖြစ်ကြရသော ခေတ်မျိုးဆက်
ဆက် လူလတ်ပိုင်း (လူငယ်ပိုင်း ပါ,မပါ မသိသေး)တို့၏ ပညာ
ည်းပူးရရှိမှု ခါးပြတ်ခဲ့ရပုံကိုလည်း ရွှေမြင်တင်တောင် နားရွက်ဆွဲပြ
ည်ထက် ထင်ရှားစွာ မြင်ရပါသည်။ •

အင်္ဂလိပ်စာဘာသာပြန်ရာတွင် အင်္ဂလိပ်ဝါကျ တည်ဆောက်ပုံ
မြန်မာပြောင်းရာ၌ ကပြောင်းကပြန်လုန်ပြီး မြန်မာဝါကျကောင်း
ကောင်းဖြစ်သွားအောင် ဘာသာပြန်သူက ဖလှော်ဖလှယ် ကြိုးစားဖို့
သည်။ အင်္ဂလိပ်ဝါကျနောက်မျက်စိမှိတ် လိုက်မိလျှင်ကား မြန်မာစာ
ကောင်းနိုင်ဖို့ မရှိပါတော့။ အင်္ဂလိပ် Passive Voice များကလည်း
ဘာသာပြန်သူကို အလွန်ပညာ စမ်းတတ်ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်ဆန်း ဘာသာပြန်ပုံမှာ ဒေါက်တာသန်းထွန်း ကလည်း ပြတ်ပြတ်တိတိ။ အောင်ကျော်ဆန်းကလည်း ပြတ်ပြတ်တိတိ။

အောင်ကျော်ဆန်းကို ကျေးဇူးတင်ကြောင်း အလေးအနက် ထပ်ပြောပါရစေ။

သမိုင်းကို အနာဂတ်က ရေးသွားပါလိမ့်မည်။

မြန်မာနိုင်ငံကိုလည်း မြန်မာမျိုးဆက်သစ်တို့က ထမ်းသွားကြပါ လိမ့်မည်။ ပခုံးအားကောင်းအောင် ပြင်ကြပါတော့ အမောင်တို့။

၁၄-၇-၂၀၁၂ (မုံရွာ)





## မန်းမော်ညိုနှင့်(သို့မဟုတ်) အသံငြိမ် သူရဲကောင်း

ဒုတိယ ကမ္ဘာစစ်ပြီးစ မြန်မာပြည်သူများ ငြိမ်းချမ်းရေးကို ဆာမွတ် တောင့်တနေချိန်၊ လွတ်လပ်ရေးလည်း မရသေး၍ လွတ်လပ်ရေးကို အာသာ ငမ်းငမ်းဆာမွတ် တောင့်တနေချိန်တွင် အထက်မြန်မာနိုင်ငံမှ စစ်ယမ်းခိုး ယမ်းငွေ့များ ဝေနေဆဲမှာပင် အစိမ်း၊ အပြာ၊ အဝါ၊ အညိုရောင်စုံ ထုန်ထုတ်စက္ကူကြမ်းများဖြင့် ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ပြည်သူ များ ဆင်းရဲဘဝမှ လွတ်မြောက်ရေးတို့အတွက်လူထုဂျာနယ်ထွက်ပေါ် လာလေသည်။ 'ကမ္ဘာစစ်ကြီးပြီးဆုံးအောင် လူထုစစ်ပွဲ ဆင်နွှဲကြရမယ်' သီချင်းသံလွင့်ပျံ့နေသည်။

အောက်မြန်မာနိုင်ငံမှလည်း မကြာမြင့်လှမီတွင် ဂျာနယ်ကျော်၊ တာရာမဂ္ဂဇင်းတို့ ထွက်လာသည်။ ဇဝနကပင် ဇဝနဂျာနယ်ဟူ၍ ၁၆ မျက်နှာဆိုက်သေး အုပ်ပါးကလေးဖြင့် လွတ်လပ်ရေးတိုက်ပွဲ ဟာသတပ်စိတ် ခွဲ၍ ပါဝင်လေသည်။ ထိုအချိန်တွင် ပို၍ တည်တည်ငြိမ်ငြိမ် လှလှပပ စာပေမဂ္ဂဇင်း တစ်စောင်ကို ရှုမဝဟု အမည်ပေး၍ ရွှေတောင်သား ဦးကျော်က ထုတ်ဝေလိုက်လေသည်။

ရှုမဝသည် မြန်မာဘာသာစကားကို မျက်လှည့်ပြသလို လှလှပပ



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျွမ်းကျင်ကျင် ရေးနိုင်သော တင့်တယ်၊ အလွမ်းဖွဲ့ရေးသူ သန်းဆေ
ဟာသဝိဇ္ဇာ သော်တာဆွေ စသူတို့၏ ဖတ်ချင်စရာ ဝတ္ထုများ၊ ဇော
ဇော်ဂျီ၊ မင်းသုဝဏ် စသူတို့၏ ဆောင်းပါးများ၊ ဇော်ဂျီ၊ မင်းသုဝ
ငွေတာရီတို့၏ ကဗျာများ၊ ဦးဘဂျမ်း၏ ချစ်စဖွယ် ပြုံးစဖွယ် ကာတွ
များတို့ဖြင့် အလွန် မြိုင်ဆိုင်တောင့်တင်းလှပါသည်။

ကဗျာများတွင် လေးလုံးစပ် လင်္ကာနှင့် သံချိုလေးချိုးများ
အရေးများကြသည်။ သဘာဝစာဆို မင်းသုဝဏ်၏ ရှင်းလင်းကြည်လ
စေတနာဖြူစင်လှသော ကဗျာများ၊ ကဗျာဝိဇ္ဇာဇော်ဂျီ၏ ခံ့ညားထေ
နက် ဒဿနရနံ့ ထုံသောကဗျာများ၊ အမျိုးသမီးငယ် ငွေတာရီ၏ ရိုးသ
စေတနာပွားသော ကဗျာများကို ဖတ်ရတတ်ပါသည်။

ထိုကဗျာများအပြင် ရှုမဝမဂ္ဂဇင်းတွင် ခြယ်မှုန်းပြာရီ ပန်း
အလှဖြင့် ဖော်ပြသော ကဗျာအချို့ကိုလည်း တွေ့လာရသည်။ ထိုက
များကို ဖတ်ကြည့်သောအခါ အေးမြသည်၊ စေတနာဖြူသည်၊ လှပသည
မြန်မာပီသသည်။ ကဗျာများက စာဖတ်သူကို ရိုးရိုးသားသား မိတ်ဆေ
ဖွဲ့သွားသည်။ ထိုကဗျာများမှာ ဇန်းမော်ညိုနွဲ့၏ ကဗျာများပေတည်း။

ကျွန်တော်တို့သည် ငယ်ငယ်မောမော၊ ကျောင်းသားလှုပ်ရှား
တိုင်းရေးပြည်ရာ မုန်တိုင်းများကြားတွင် မျောနေရသော အချိန်က အထက်
စာဆိုကြီးများ၏ ကဗျာများကို ဖတ်ကာ၊ အားသစ်မွေးရသည်။ တာ
မဂ္ဂဇင်းကို ဖတ်ကာ ရင်ခုန်သံချင်းထပ်ဟပ်၍ မိုးမှောင်မုန်တိုင်းကြ
က လမ်းဝေဝါးဝါးကို ရင်ခုန်သံပိုး၍ ကြည့်ရသည်။ ဤကဗျာ ဤစာမျ
သည် ကျွန်တော်တို့ကို ရက်စက်သော လှိုင်းမုန်တိုင်းများကြားတွင် န
မြုပ်မသွားဘဲ ဇနကမင်းသားကဲ့သို့ ဆက်လက်ကူးခတ်ရန် အင်အာ
ပေးခဲ့သည်။

(၂)

ဆရာ ဇန်းမော်ညိုနွဲ့ကို ချစ်ခင်စိတ်ထဲတွင် ပုံဖွဲ့၍ ကြည့်မိ သည





၂၂ ခုဖွား ဆရာသည် ကျွန်တော့်ထက် အသက် ၁၀ နှစ်ကြီး သည်၊
ဘုတလင်ချစ်လေးနှင့် ဆရာဇန်းမော်ညိုနွဲ့တို့ ရွယ်တူလောက်။

သူတို့သည် မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှု ဝံသာနု ဂျီစီဘီအေ
တပိုးကြီးများကြားတွင် မွေးဖွားလာသူများ ဖြစ်၏။ ထိုအချိန်တစ်
တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဘိလပ်သွား မြန်မာကိုယ်စား
မ်များကို အားပေးသော လေးချိုးကြီးရေးဖွဲ့လိုက်သည်။

'ဩော် - ပြေအမှုပေမို့
ငွေခရုငယ်နှင့်
ဇေယျတုပါကွဲ့
သပြေနုချိန် တင်ရန်ပန်းတွေကလဲ မှားလိုက်ပါဘိသနှင့် . . .'

ဆရာဇန်းမော်ညိုနွဲ့ရော၊ ဆရာဘုတလင်ချစ်လေးပါ လူလတ်
စားအောက်လွှာမှ မွေးဖွားလာခဲ့ပြီး ထိုအလွှာထဲတွင် တအဲလူလူ
ရှားရုန်းကန် အသက်ရှင်ခဲ့ကြရလေသည်။

သူတို့သည် ဝံသာနုမိုးသက်မုန်တိုင်းကြီးထဲတွင် မွေးဖွားလာ
နောက် အညာဒီပဲယင်းသား ဆရာစံခေါင်းဆောင်သော တောင်သူ
ယ်သမားလက်နက်ကိုင် တော်လှန်ရေးကြီး၏ သေနတ်သံ၊ မောင်းသံ
ကို ကြားခဲ့ကြရသည်။

ထို့နောက် တိုင်းပြည်လွတ်လပ်ရေးအတွက် တို့ရုန်းမဟာဗူသော
ဋ္ဌာန် (သန္နိဋ္ဌာန်မဟုတ်) ချ၍ ရုန်းကန်တိုက်ပွဲဝင်ကြသော တို့ဗမာ
င်များ၏ စွန့်လွှတ်ဆောင်ရွက်မှုများ၊ ကျောင်းသား သပိတ်များ၊ အလုပ်
ား တောင်သူလယ်သမားမြို့နေ လူလတ်တန်းစား ကျောင်းသားတို့
ပေါင်းစုဖွဲ့ကြသော ၁၃၀၀ ပြည့်အရေးတော်ပုံ၊ ဗိုလ်ချုပ်အောင်ဆန်း
ပြုသော BIA ဗမာ့လွတ်လပ်ရေး တပ်မတော်တိုက်ပွဲများ၊ ဗမာ့တပ်
တော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီတို့ စုပေါင်းခေါင်း
ဆောင်တိုက်ပွဲဝင်ကြသော ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်တိုက်ပွဲဝင်မှုများ၊ ပြည်တွင်းစစ်နှင့် အမည်အမျိုးမျိုးတ
အာဏာရှင်စနစ် ညသန်းခေါင်များကို ပြည်သူတို့နှင့်အတူ အလူးလူ
အလဲလဲ အလွန့်လွန့် အလိမ့်လိမ့် ဖြတ်သန်းခဲ့ကြရပေသည်။

သက်တူ ရွယ်တူ ဘဝတူ ကဗျာဆရာကြီး နှစ်ဦးလုံးတို့၏ ကဗျ
များသည် ဤရေမြေ အခြေအနေမှ ပေါက်ဖွားဖူးပွင့်လာလျက် ဤရေမြေ
ဤတိုက်ပွဲ ဤဘဝတို့ကို အထောက်အကူ ပြုကြလေသည်။

သူတို့သည် ကျောင်းဆရာများလည်းဖြစ်ကြသည်။ ငယ်နုစဉ်က
အာရုလူငယ်အစည်းအရုံး၏ ပြည်ချစ် မျိုးချစ်လှုပ်ရှားမှုတွင် ပါဝင်
ကြသူများလည်း ဖြစ်သည်။

ထို့ကြောင့် သူတို့ကဗျာများသည် တိုင်းပြည်ကို ချစ်ကြောင်
အမျိုးမျိုး အိုးဝေသံ ကျူးကြသည်။ ဆရာဇန်းမော်ညိုနွဲ့က အိအိပြေပြေ
ကလေးရေး၍ ဆရာဘုတလင်ချစ်လေးက ဆတ်ဆတ်သွက်သွက် ရေ
တတ်သည်။

ပြည်သူနှင့် တစ်သားတည်း နေကြ၍ ပြည်သူခံရသမျှသော ဒုက
များအတွက် သူတို့ကဗျာများက ထပ်တူခံစားမှု ပြုကာ ပြည်သူအတွက
ရည်မှန်းရာချီတက်ရာ လမ်းကိုလည်း ညွှန်ပြကြသည်။

သူတို့သည် သူတို့ခေတ်ကပေးသော တာဝန်များကို ဦးလည်မသုံ
ထမ်းဆောင်ခဲ့ကြသော အနုပညာတပ်သားကောင်းကြီးများ ဖြစ်သည်။

(၃)

ဇန်းမော်ညိုနွဲ့၏ 'နောက်ဆုံးကဗျာ ၁၀၀' စာအုပ်ကို လှန်လိုက
သောအခါ ပထမဆုံးတွေ့ရသည့်ကဗျာမှာ 'ဦးနှောက်၌ ပွင့်သောပန်း
ဖြစ်သည်။ ၂၀၀၈ နိုဝင်ဘာလ ၃-ရက်က ရေးသည်။ သူမကွယ်လွန်
တစ်နှစ်အလို။

အတင်းအကျပ်၊ တရစပ်ဖြင့်
မရပ်မဆိုင်း၊ ယုံကြည်နိုင်း၍





စိတ်တံတိုင်းထွင်းဖောက်
သူ မရောက်နိုင်။
ယုံကြည်ခြင်းမှာ၊ စိတ်ကလာ၏။
ရင်တွင်းဟာဒယ၊ စိတ်မကြွဘဲ
ထဟဲ့ မိန့်ပေး၊ သူ မလေးဘူး၊
ဦးနှောက်၌ပွင့်၊ ပန်းဆင့်ဆင့်၌
မုံရင့်ဝေစည်၊ ယုံကြည်ခြင်းကား
တင်းခန့်မှု၊ ပန်းတစ်ခုတည့်
ပြု၍ ခိုင်း၍ မပွင့်တတ်။

ဇန်းမော်ညိုနွဲ့သည် အဓမ္မ အမိန့်ပေး စနစ်ကို မနှစ်သက်၊
ဓမ္မအာဏာရှင်စနစ်ကို လက်မခံသော စာဆို။

ကိုအောင်ဆန်း အယ်ဒီတာလုပ်သော ရန်ကုန်တက္ကသိုလ် ကျောင်း
သားသမဂ္ဂ၏ အိုးဝေ မဂ္ဂဇင်းကို သူချီးကျူးသည်။

အိုးဝေမဂ္ဂဇင်း၊ သူ့အချင်းသည်
ရင်တွင်းမှာစွဲ၊ စိတ်ထဲမှာနေ
ဖတ်လေရှုတိုင်း၊ ပြည့်သမိုင်း။
အိုးဝေဟူသည်၊ တို့တိုင်းပြည်တည့်
အိုးဝေဟူငြား၊ တို့တိုင်းကားတည့်
အိုးဝေနုမျစ်၊ တို့ပြည်သစ်တည့်။

ဇန်းမော်ညိုနွဲ့သည် တိုင်းပြည်ကို ချစ်သော စာဆို၊ မျိုးချစ်
စာဆို။

ဇန်းမော်ညိုနွဲ့၏ တောင်သူကဗျာ၊ မယ်တို့လောက ကဗျာ၊ မေတ္တာ
ကဗျာ၊ ကျော်သူကဗျာ၊ စာဆိုတော်များ အတ္ထုပ္ပတ္တိနှင့် ဦးဆောင် ကဗျာ
တို့သည် တိုင်းသူပြည်သား အတန်းတန်းအစားစားတို့အတွက် သူပုပင်
သောကရောက်ပုံများကို ဖော်ပြသည်။ ပြည်သူတို့အပေါ် သူ့မေတ္တာကို



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြသည်။

တံပြာကို ကိုင်တွယ်မြှောက်
နွားကြန်စုံ အော်ငင်ငေါက်ကာပ
တစ်ဆောင်းကုန် တစ်နွေပေါက်သော်ထိ
သေလောက်အောင် နိုင်နိုင်ခဲပေမင့်
မွဲလေငဲ့ သူ့ခမျာ
ဝမ်းစာက ကျပ်အတဲ

ဟု တောင်သူကဗျာတွင် ရေးသည်။

ရွှေရုပ်နှယ် ဝေဝေဆာတဲ့
ပဒေသာ လှူစခန်းဆီသို့
ဘယ်သောခါ တို့တွေလှမ်းရပ့်
တမ်းတမျှော်ဆဲ

ဟု ပဒေသာပင် ခေတ်မျိုးသို့ ရောက်ရန် မျှော်ကြောင်း ၁၉၄၇ က ရေးသ

ကြမ်းပြင်မှ ချည့်နဲ့
နှမထွေးမယ်တို့နေသည့် အိမ်ယိုင်ရွဲ့မှာ
လဲ့ညို့ ဘယ့်နှယ် လှမ်းရမယ်။
စားဖို့ရယ်မှ ရှင်းရှင်း
အိုးစလယ်မှာ ဗလာကျင်းလို့
ထမင်း ဘယ်သို့ စားပါ့မယ်။
ပျိုလေးဖြူမှာ အပူနှောလို့
မပြောလိုက်လို
ကျောင်းဆရာမ မွဲပြာကျမို့

ဟု မယ်တို့လောက ကဗျာတွင် ရင်ဖွင့်ထားသည်။

တိုင်းပြည်လွတ်လပ်ရေးရခါစတွင် သူ ဤသို့တွေးခဲ့သည်။

လွတ်ပြီတဲ့ လပ်ပြီ





ဗမာတွေ အောင်လံလွှင့်
ဝင့်နိုင်ကြပြီ။
အလို-ဗမာပြည်
သာကြည်စ သူမေး
အို-ဗမာပြည်
ဝါဒီနဲ့ ရှုပ်ထွေး
ညီလဲ ချစ်လှာစောင်နဲ့
နောင်လဲ ချစ်မာလာနဲ့
မေတ္တာ မှန်ရည်ခင်းရင်
ရှင်းနိုင်ငဲ့လေး

နိုင်ငံ့ပြဿနာ ဖြေရှင်းနည်းမှာ မေတ္တာသာရှိသည်ဟု လွတ်လပ်ရေး ကြညာအပြီး ၁၂ ရက်ကြာတွင် ရေးခဲ့၏။

ပန်းမော်ညိုနွဲ့သည် ရှမ်းလူမျိုးများနှင့် နီးနီးကပ်ကပ် နေသဖြင့် ရိုးရာကို ချစ်သည်။ ရှမ်းကောက်ဦးဆွမ်းသို့ ကဗျာတွင်

ကောက်ဦးကို ဆွမ်းချက်လို့
မနက်က လှူလိုက်လေ၊
ကောက်ဦး ဆန်အလှာနဲ့
သံသရာ ဟိုဖက်လှမ်းနိုင်ဖို့
ရှမ်းတို့ ဆုခြွေ၊
ရှမ်းအိုးစည် ထုံပေပေ
ရိုးပေတဲ့ အစဉ်လှ၊
သမာဓိ
သတိထင်စွာနဲ့
နမာမိ
အရှိ မင်္ဂလာနဲ့



www.burmeseclassic.com

www.burmeseclassic.com



စဉ်အလာ သည်ဆမှုကို

သာဓုခေါ်ရ

ဟု သူပီတိဖြစ်လေသည်။

အသုဘကိစ္စများကို ကူညီဆောင်ရွက်သည့် ရုပ်ရှင်မင်းသား ကျော်သူကို သူချီးကျူးသည်။ ကျေးလက်အကြောင်းရေးရာတွင် ရွှင်လန်း ပေါ်လွင်လှသည့် စာဆိုဦးဆောင်းကို စာဆိုတော်များ အထူးပွဲတော်တွင် ဘာကြောင့်မထည့်ရပါသနည်းဟု သူမကျေမနပ် ဖြစ်သည်။

သူသည် ပြည်သူကိုချစ်သည့် စာဆို။ ပြည်သူ့ စာဆို။

သဗ္ဗည္ဗူ ပစ္စယံမှ ကဗျာတွင်

နန္ဒဂူ၏၊ အလျှဒါယကာ

ပြည်ရွာကိုချစ်၊ မင်းကျွန်စစ်ကား

အနှစ်ပြည့်ငြား၊ ပြည်၏သားတည့်

အောက်သားထက်သား၊ စိတ်ဝမ်းပြားလျက်

လှုပ်ရှားမငြိမ်၊ ပြည်ကွဲချိန်တွင်

မွေ့သိမ်ပရိယာယ်၊ အသွယ်သွယ်ဖြင့်

လှယ်လှယ်ဆင့်ကမ်း၊ သူကြိုးပမ်း၍

စိတ်ဝမ်းလန့်ချောက်၊ အထက်အောက်တို့

ရက်ဖောက်ရစ်ထုံး၊ ပြည်စည်းလုံးခဲ့

ဟု အချက်အလက်ပြ၊ အကျိုးအကြောင်းပြ နိုင်ငံပြုကဗျာ သူရေးခဲ့ သည်။

ဇန်းမော်ညိုနွဲ့ကား အစဉ်အလာ ကောင်းကို ချစ်သောစာဆို၊ သမိုင်းကောင်းကို ချစ်သောစာဆို။ နိုင်ငံပြုစာဆို။

ဥမ္မာဒန္တီနှင့် သီဝိကဗျာတွင် သူ့မယားကို တပ်မက်မိခြင်းသည် မမှန်ပါတကားဟု ပြည့်ရှင်မင်းသီဝိ သိရှိ ဆင်ခြင်မိပုံကို ဇန်းမော်ညိုနွဲ့ က ချီးကျူး၏။

ကိုယ့်အမှားကို အမှားဟု ညီ





တရားသိသူ

ဟု သူက သာဓုခေါ်၏။

ဇန်းမော်ညိုနွဲ့ကား အမှန်ကို ချစ်သောစာဆို။

သူကြမ်းကိုယ်ရမ်း နှစ်ဘက်ကြမ်းသော် ကဗျာတွင်

ရန်မလိုနှင့်

ရန်လို ရန်ပို

ရန်မလိုက

ရန်ပြုသတတ်

ဟုသော မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာကို ကိုးကား၍ ဇန်း မော်ညိုနွဲ့က ရေးသည်။ သူကား ညီညွတ်ရေး စာဆို။

စာဆို့အတွေး ကဗျာတွင်

ဆောင်းရတုလျှင်

ပျောင်းနုဆွတ်သွယ်၊ သနားဖွယ်သား

ငှက်ငယ်ပိန်ညှင်း၊ တေးစုံသွင်းသော်

ငွေနှင်းဆို့ဆို့၊ ခွာပန်းစို့၍

မြေသို့ ဦးညွတ်၊ ခိုင်လုံးစွတ်သည်

မြဝတ်ရည်လော၊ နှင်းရည်လော

ဟု နုနယ်လှပစွာ သူရေးခဲ့ပုံကို ထောက်၍ ဇန်းမော်ညိုနွဲ့ကား အလှစာဆို။

ခြုံ၍ကြည့်လျှင် ဇန်းမော်ညိုနွဲ့သည် အမွေအာဏာရှင်စနစ် ကို လက်မခံသောစာဆို၊ မျိုးချစ်စာဆို၊ ပြည်သူ့စာဆို၊ အစဉ်အလာ ကောင်း သမိုင်းကောင်းကို ချစ်သော စာဆို၊ နိုင်ငံပြုစာဆို၊ အမှန်ကို ချစ်သော စာဆို၊ ညီညွတ်ရေးစာဆို၊ အလှစာဆို ဖြစ်ကြောင်း တွေ့ရပါ သည်။

ဘဝလက်တွေ့တွင်လည်း သူသည် ဒီမိုကရေစီဘက်တော်သား ကြီးအဖြစ် မားမားမတ်မတ် ရပ်တည်ခဲ့သည်ကို တွေ့ရသည်။

(၄)



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဗန်းမော်ညိုနွဲ့သည် လှပသော၊ မြန်မာပီသသော၊ ကော
လက်ဆန်သော ကဗျာများကိုရေး၍ မြန်မာစာပေကို လှအောင် ပြုလု
ပေးခဲ့ပြီ။ သူ၏ ခေတ်အတွက် လှပသော စာပေ တံခွန်ကို လွှင့်တင် ခဲ့ပြီ

တိုင်းပြည်၏ သမိုင်းသစ်တည်ဆောက်မှုတွင်လည်း ပြောင်မြော
မြောက်မြောက် တာဝန်ကျေပွန်စွာ ပါဝင်ထမ်းဆောင်ခဲ့ပြီ။

သူသည် အသံငြိမ်သော သူရဲကောင်းဖြစ်ပေသည်။

ဆရာ ဗန်းမော်ညိုနွဲ့ကို ကျွန်တော်တို့ ဂါရဝပြုကြပါစို့။ အလေ
ပြုကြပါစို့။

၂၁-၉-၂၀၁၂ မုံရွာ





**အိုပင်း ဆက်ဆမီ** (Open sesame!) **ရွှေသော့ကြီး ရပြီလား**

ယခုရက်များတွင် ရေဒီယိုနှင့် ရုပ်မြင်ကြည့်လိုက်လျှင် ကျွန်တော်
၏ နိုင်ငံတော် သမ္မတကြီး ကုလသမဂ္ဂနှင့် အမေရိကန်သို့ သွားသည်
ကြားရမြင်ရသည်။ ဒီမိုကရေစီရေး ခေါင်းဆောင် ဒေါ်အောင်ဆန်း
ကြည် အမေရိကန်သို့ သွားသည့်အကြောင်း ကြားရမြင်ရသည်။
မေရိကန်တွင် နိုင်ငံတော် သမ္မတကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့
တွေ့ဆုံဆွေးနွေးကြသည့် သတင်းကိုလည်း ကြားရသည်။

လွန်ခဲ့သည့် လေးငါးနှစ်က စိတ်ကူး၍ပင် မရခဲ့သော ကိစ္စများ၊
ယခု မျက်စိရှေ့တွင် မြင်နေရသည်။ ဝမ်းမြောက်စရာ။ မဖြစ်သေးတာ
တွေလည်း အများကြီးရှိသည်။ ဒီမိုကရေစီနှင့် မအပ်စပ်တာတွေ ကဏ္ဍာ
တောစတွေလည်း ကြားနေရ၊ မြင်နေရသည်။ စိတ်မကောင်းစရာ။

အကူးအပြောင်းအချိန်မှာ ဒီလိုအဆင်မပြေတာတွေ ရှိဦးမှာပေါ့
ဆိုသည့် ဆင်ခြေလဲ စကားများလည်း ကြားရသည်။ ဟိုအရင်နှစ် ၅၀



www.burmeseclassic.com

www.burmeseclassic.com



လောက်ကလည်း အခက်အခဲ အဆင်မပြေမှုများ တွေ့သောအခါ စပ်
မပ်ကူး ကာလမို့ပါဟု ဆင်ခြေပေးကြသည်။ သဘာဝအရင်းအမြစ် မ
သောအခါ ထိုအောက်ကလိအာစနစ် ပျက်သွားခဲ့သည်။ 'စပ်ကူးမပ်ကူ
လည်း အပျက်ပုံထဲ တစ်ခါတည်းပါသွားသည်။

ယခုလည်း အဆင်မတည့်မှု၊ မအပ်စပ်မှုများနှင့် ပတ်သက်
အကူးအပြောင်းကာလမို့ပါဟူသော ဆင်ခြေကို ပေး၍ တော်ပါ့မလားစ
စားမိသည်။ အဆင်မပြေသည်ကို ဆင်ခြေနှင့်ဖုံး၍ကောင်းသည်မထ
အဆင်မပြေတာတွေ၊ မအပ်စပ်တာတွေမြင်လျှင် တွေ့လျှင် ဒီမိုကရေ
ကူးပြောင်းမှုနှင့် အဆင်မပြေတဲ့ဟာတွေ၊ မအပ်စပ်တဲ့ဟာတွေ၊ ကဏ္ဍကေ
စတွေဟူ၍ အသိအမှတ်ပြု၊ တည့်တည့်ရှုကြ မြင်ကြပြီး၊ ယင်းတို့ကို ပြ
ပစ်မှ ပြောင်းပစ်မှ ခေတ်တိုးတက်ခြေလှမ်းနှင့် ညီလိမ့်မည်။ သို့မဟု
လျှင် ယင်းတို့က ခေတ်တိုးတက်မှုကို နဖားကြိုးဆောင့်ဆွဲကုန်ကြလိ
မည်၊ ခေတ်နောက်ပြန်ဆွဲတွေ ဖြစ်ကုန်ကြလိမ့်မည်။

ဤသို့ခေတ်နောက်ပြန်ဆွဲဖွယ်ရှိသော အပြုအမူ ဟူသမျှကို ပြ
ပစ်မှ၊ ရပ်ပစ်မှ၊ ပြောင်းပစ်မှခေတ်သည် ရှေ့ကိုတိုးတက်နိုင်လိမ့်မည်။

ယခု နိုင်ငံတော်သမ္မတကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်တ
အမေရိကန်သွားရာမှ ဘာအကျိုးကျေးဇူးများရမလဲ။ မြောက်မြားစွ
ရနိုင်ဖွယ်ရှိသည်ဟု ထင်ပါသည်။

ပထမဆုံးအားဖြင့် အမေရိကန်နှင့် အနောက်နိုင်ငံများက မြန်မ
နိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုကို ထောက်ခံပါမည်ဆိုသော ကတိ
ဖြစ်သည်။ တစ်နည်းဆိုလျှင် နိုင်ငံရေးထောက်ခံမှုကြီး မုချရလိမ့်မည်ဟု





ကြည်ရ၏။

ဒုတိယအားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးထူထောင်မှုအတွက်
ညီထောက်ခံမည်ဆိုသော အာမခံချက်လည်း ရလိမ့်မည်ဟုပင်ထင်၏။
ရင်းမြှုပ်နှံမှုများ လာဖွယ်ရှိ၏။ တတိယအားဖြင့် မြန်မာနိုင်ငံ၏ အဘက်
တ် ဖွံ့ဖြိုးတည်ဆောက်ရေးအတွက် ဘဏ္ဍာရေး၊ ပညာရေး၊ ကျန်းမာ
နည်းပညာ၊ မီဒီယာ၊ ရုပ်ဝတ္ထု၊ လေ့ကျင့်သင်ကြားမှု စသည့် အကူ
ညီများပေးဖွယ်လည်း ရှိသည်။

စတုတ္ထအားဖြင့် တပ်မတော်အတွက် လေ့ကျင့်သင်ကြားမှု၊
လက်နက် ပစ္စည်းရောင်းချမှု၊ ကူညီမှု၊ အတူတွဲစစ်လေ့ကျင့်မှု စသည်
လည်း တစ်စတစ်စရလာနိုင်ဖွယ် ရှိသည်။

ပဉ္စမအားဖြင့် မြန်မာနိုင်ငံ၏ အမျိုးသား ပြန်လည်သင့်မြတ်
ငြိမ်းချမ်းရေး လုပ်ငန်းများအတွက် အကူအညီ အဝန်းအဝိုင်း
လာဖွယ်ရှိသည်။

ကမ္ဘာကြီးနှင့် ပြန်လည်ပေါင်းသင်းဆက်ဆံသည့် မြန်မာနိုင်ငံ
တွက်လည်း ဒီမိုကရေစီ ကူးပြောင်းမှု ခိုင်မာစိတ်ချလာရသည်နှင့်အမျှ
ပေါင်းဆက်ဆံမီ (Open Sesame!) ရွှေသော့ကိုလည်း ရလာဖွယ် ရှိလေ
သည်။

အမေရိကန်နှင့် အနောက်နိုင်ငံများနှင့် ဆက်ဆံရသည်မှာ ဖော်
ပါအကျိုးကျေးဇူးများ ရလာနိုင်သော်လည်း တစ်ခါတစ်ရံတွင် စစ်မက်
များဖြစ်ပွားပါက သူတို့နောက်လိုက်နောက်ပါ ထမင်းအိုးထမ်း၊ ဟင်းအိုး
ထမ်း၊ ပေါ်တာလိုက်ရတတ်သည်များလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၀ တစ်ဝိုက် ကိုရီးယားစစ်ဖြစ်စဉ်ကဆိုလျှင် အမေရိက
နှင့် အတူ အနောက်နိုင်ငံ တစ်သီတစ်တန်း၊ အာရှသြစတြေးလျနိုင်
တစ်သီတစ်တန်းတို့ နောက်တော်ပါးက လိုက်ရတိုက်ရသည်။

၁၉၆၀-၇၅ ဗီယက်နမ်စစ်ဖြစ်စဉ်ကလည်း အလားတူပင် ဖြ
သည်။ ကျွန်တော်တို့၏ အိမ်နီးချင်းနိုင်ငံအချို့မှာ အမေရိကန်၏ ဗေ
င်းတော်ညိတ်စိတ်တော်သိများဖြစ်ကြလေသည်။

မကြာမီက ယူဂိုဆလားဗီးယား နိုင်ငံဟောင်းကို အမေရိကန်တို
စဉ်ကလည်း ဝန်းကျင်နိုင်ငံများတွင် အမေရိကန် လေတပ်ချထားေ
မှုစ၍ စစ်ကိစ္စအသုံးပြုခဲ့သည်။

အာဖဂန်နစ္စတန် နိုင်ငံနှင့် အီရတ်နိုင်ငံတို့ကို အမေရိက
တိုက်သောအခါတွင်လည်း ဝန်းကျင်နိုင်ငံများတွင် လေတပ်ချမှု၊ ကြည်
တပ်ဖြတ်မှု၊ ရိက္ခာ၊ လောင်စာတင်ပို့မှု၊ အမေရိကန် စစ်သင်္ဘောတို့
ဂျပန်က စာတ်ဆီဖြည့်ပေးရမှု စသည့်တာဝန်ပေါင်းများစွာကို အထ
ခိုင်းလေသည်။

ထို့ကြောင့် အမေရိကန်နှင့် အနောက်နိုင်ငံများနှင့် ပေါင်းရသည
မှာ ချောကလက်စားရတာရှိသော်လည်း ပုခုံးပွန်းရတာများလည်း ရှိတ
ကြောင်း သိထားကြဖို့လိုပေသည်။

ကျွန်တော်တို့ နိုင်ငံသည် လွတ်လပ်ပြီး သမိုင်းစဉ်တစ်လျှော
လုံး ကြားနေရေး၊ ဘက်မလိုက်ရေး ပေါ်လစီကို စွဲစွဲမြဲမြဲ ကျင့်သုံးခဲ့သည်
ယခင်စစ်အေးခေတ်ကလည်း ဘက်မလိုက်ရေး ကျင့်သုံးခဲ့သည်။ ကေ
ဘက်မလိုက်ရေးပင် ကျင့်သုံးသေးသည်။





ယခုအချိန်တွင်လည်း ကမ္ဘာတွင် နိုင်ငံကြီးများ၏ အားပြိုင်မှု ဆက်လက်တည်ရှိနေသည်သာဖြစ်သည်။ ဆိုဗီယက် ယူနီယံ ပြိုကွဲခဲ့သော်လည်း ရုရှားနှင့် အနောက်အုပ်စု၏ ပြိုင်ဆိုင်မှုမှာ ရှိနေဆဲ။ ရုရှားသည် အမေရိကန်နှင့် တန်းတူနီးပါး (သို့မဟုတ်ပို၍) နျူကလီးယားလက်နက်အား ရှိသူဖြစ်သည်။ အမေရိကန်က ရုရှားနားတွင် ဒုံးပျံစနစ်လက်နက် တပ်ဆင်ရန်ကြိုးစားသဖြင့် ဆက်ဆံရေး အဆင်မပြေကြ။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည်လည်း စစ်အင်အားပြိုင်၊ စီးပွားပြိုင်၊ နိုင်ငံရေးပြိုင်နေကြသည်။ အမေရိကန်က တရုတ်ပြည်ကို ကွန်မြူနစ်စနစ်မှ သူ့လို ဒီမိုကရေစီစနစ်သို့ ပြောင်းလဲစေရန် နည်း ပျော့ နည်းမာ၊ နည်းချို၊ နည်းခါး အမျိုးမျိုးဖြင့် ကြိုးပမ်းနေသည်။ ယင်းတို့ကို တရုတ်ကလည်း ဆန့်ကျင်နေသည်။

အမေရိကန်နှင့် တရုတ်တို့သည် အရင်းအနှီး မြှုပ်နှံစီးပွား လုပ်ကိုင်မှု အပြန်အလှန်ရှိကြသည်။ သူတို့ချင်း ပူးပေါင်းဆောင်ရွက်၍လည်း နေကြသည်။ ပြိုင်ဆိုင်၍လည်း နေကြသည်။ စစ်ရေးတွင်လည်း ပြိုင်နေကြသည်။ သို့သော် အမေရိကန်၏ စစ်ရေးသုံးစွဲမှု၊ တည်ဆောက်မှု၊ လှုပ်ရှားမှုတို့က အဆများစွာ ပိုလိမ့်မည်။ ဆူပါပါဝါရောဂါကြီး စွဲနေတုန်းဖြစ်သည်။

ကျွန်တော်တို့ နိုင်ငံသည် ဤကမ္ဘာ့ အခြေအနေနှင့်လည်း ရင်ဆိုင်ရသည်။ အားကောင်းသော တရုတ်ပြည်၊ အိန္ဒိယပြည်တို့၏ ကြားလူဦးရေများသော မွတ်ဆလင်နိုင်ငံများနှင့်လည်း ဆက်လျက်ကပ်လျက် တည်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအခြေအနေအားလုံးတို့က ကျွန်တော်တို့ နိုင်ငံအား ကြား နေရေးကို တိတိကျကျ၊ မှန်မှန်ကန်ကန်၊ စေတနာကောင်းထား၍ ရိုးသား ဖြောင့်မတ်စွာ ကျင့်သုံးသွားရန် ဆက်လက်တောင်းဆိုနေပေလိမ့်မည်။

ဤအခြေအနေအားလုံးနှင့် အညီ ကျွန်တော်တို့ နိုင်ငံထဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားရန်မီးမမွှေးရေး၊ အမြန်ဆုံးနှင့် လုံးဝဥဿုံ ပြည်တွင်းစစ်ကို ရပ်စဲငြိမ်းသတ်ဖြေရှင်းရေးတို့ကို မလုပ်မဖြစ် အားလုံးလုပ်ကြရန် လိုအပ်ကြောင်း ပြဋ္ဌာန်းနေပေသည်။

ဤကိစ္စက နိုင်ငံရေး အင်အားစု အမျိုးမျိုးတို့၏ ပြည်ချစ်စိတ် ရှိမှု၊ မရှိမှု၊ ရိုးသားမှုရှိမှု မရှိမှုတို့ကို စမ်းသပ်မှတ်ကျောက်တင်လိမ့်မည်။

၂၆-၉-၂၀၁၂ မုံရွာ





## ငြိမ်းချမ်းရေးကို တကယ်လုပ်ကြပါ

အခုခေတ်မှာ လွတ်လပ်တဲ့ လူတစ်ဦးစီ စုပေါင်းပြီး အဲဒီအစု အပေါင်း (ရဲ့ကိုယ်စားလှယ်များ)က အရေးကြီးသမျှကို ဆုံးဖြတ်စီမံ ခန့်ခွဲ လုပ်ဆောင်နေကြတာ ဖြစ်လေတော့ အစုအပေါင်းထဲမှာ အပါအဝင် ဖြစ်တဲ့ တစ်ဦးချင်းစီဟာ ကိုယ့်ကိုယ်ကိုယ် အခွင့်အာဏာရှိသူလိုလို ထင် လာရတယ်။ အခွင့်အာဏာကတော့ တကယ်ရှိ မထင်ရပေါင်ဗျာ။ တကယ့် အရေးကြီးဆုံးကိစ္စတွေကို ထိပ်ဆုံးက လူတစ်ယောက် နှစ်ယောက်၊ လေးငါး ယောက်က ဆုံးဖြတ်သွားတာတွေပဲ။ သမိုင်းလက်တွေ့မှာ မြင်တတ်ကြ ရပါတယ်။ ဒါပေမဲ့ တစ်ဦးချင်း တစ်ယောက်ချင်းစီမှာလည်း ဖြစ်သမျှ ပျက်သမျှတွေကို နားစွင့်နေမိရတဲ့ ဒုက္ခ၊ ဘယ်လိုဖြစ်ရင် ပျက်ရင်တော့ ကောင်းမှာပဲလို့ တောင်စဉ်ရေမရ တွေးတောမိရတဲ့ ဒုက္ခတွေ ခံစားရ တတ်ပါတယ်။

အခုဆောင်းပါးစရေးမလို့ လုပ်တုန်းပဲ ဂျာနယ်နှစ်စောင်ကို ရက်အကန့်အသတ်မရှိ ပိတ်တယ်ဆိုတဲ့ သတင်းလည်းကြားရတယ်။ ဟုတ် ဟုတ်တော့မသိဘူး။ တစ်ပတ်ပိတ်တာပါလို့ အင်တာနက်က ရေးတယ် ဆိုသူကဆို။ တခြားဂျာနယ်တွေ၊ မီဒီယာတွေကို မင်းတို့သတိထားလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါ။ ထင်သူကထင်။ ဘာပဲဖြစ်ဖြစ် အခြေအနေမငြိမ်လှဘူး မသာယာလှဘူးဆိုတာတော့ အမှန်ပဲ။

ဒီအတွင်း အမေရိကန်လွှတ်တော်ကလည်း မြန်မာပြည်က ပို့တဲ့ ကုန်တွေကို ပိတ်မိန့်သက်တမ်းတိုးတဲ့ ဆုံးဖြတ်ချက်ချတယ်လို့ ကြားရတယ်။ နိုင်ငံရေး (ယုံကြည်ချက်) အကျဉ်းသားတွေကို အားလုံး မလွှတ်သေးလို့တဲ့။ ကချင်နဲ့ ရခိုင်မှာ မီးတောက်၊ မီးခိုးထွက်နေလို့တဲ့။ စသဖြင့် စသဖြင့် ဆိုလာတယ်။

နိုင်ငံရေးကိစ္စဆိုတာ အင်အားချိန်ခွင်လျှာပါပဲ။ အင်အားက အဆုံးအဖြတ်ပေးတတ်ပါတယ်။ အင်အားရှိရင် ရှိသလောက်၊ အင်အားကြီးရင် ကြီးသလောက် အသံတွေ ထွက်တတ်ပါတယ်။ အနိုင်အထက်လည်း ပြုမူတတ်ပါတယ်။

ဒီသဘောတွေကို ဆင်ခြင်မိတော့ နိုင်ငံရေးစိတ်ဝင်စားရတာ စိတ်မအေးပါဘူး။ ဘယ်သူမှ စိတ်အေးမယ် မထင်ပါဘူး။ ကိုယ့်ကိုယ်ကိုယ်အထင်တကြီး အာဏာပင်ထိပ်မှာနေတဲ့သူတွေလည်း အာဏာပင်ပေါ်က ကျွမ်းပြန်ကျတတ်ကြတာကို မြင်ရတယ်။ တရားဆန်ဆန်ပြောရင် အာဏာက ဒုက္ခပါဗျာ။ ယာယီဝင်းဝင်းလက်လက်တွေကို မြင်ပြီး တချို့လူတွေက မက်ရှာတာပါ။ အဲတိုင်းပြည်ကို တကယ်ချစ်လို့၊ ပြည်သူတွေလူတွေကို တကယ်ချစ်လို့ ဘာဖြစ်ဖြစ်ဆိုပြီး စွန့်လွှတ်လုပ်ကိုင်သူတွေကိုတော့ အထူးလေးစား ပါတယ်။ အလေးပြုပါတယ်။

ဒီတော့ နိုင်ငံရေးအကြောင်းတွေရတာ စိတ်အေးဘူးဗျ။ (စိတ်မအေးရတာလည်း မွေးကတည်းကလိုလိုပါ။)

ကျွန်တော်တို့တိုင်းပြည်မှာလည်း အေးမလိုလိုနဲ့ မအေးနိုင်ဘူး။ ရင်ကြားစေ့မလိုလိုနဲ့ မစေ့နိုင်ဘူး။ ပယောဂလို့လည်း ပြောချင်ပြော မယ်။ ကိုယ်ကျိုးကြည့်စိတ်ကြောင့်လို့လည်း သတ္တုချချင်ချမယ်။ ကိုယ့်ဘက်ကိုယ်ကြည့်စစ်ဖို့ လိုမှာ။

ဒါပေမဲ့ လက်ရှိ အခြေအနေကိုတော့ တိုင်းပြည်က မကြိုက်ပါ





ဘူး ဆိုင်ရာ ဆိုင်ရာတွေကလည်း ကြိုက်ကြမှာ မဟုတ်ဘူး။

ဒါဖြင့် မင်းက ဘာကြိုက်တာလဲလို့ မေးရင်တော့ ရင်ထဲရှိတဲ့အတိုင်း ဖြေပါ့မယ်။ ငြိမ်းချမ်းတာကို ကြိုက်တာပေါ့ဗျ။ ဘယ်လို အကြောင်းပြချက်နဲ့မှ တိုင်းပြည်ငြိမ်းချမ်းရေးကို အချိန်ဆွဲမထားသင့်ပါဘူး။

ကျွန်တော့်အထင်ကတော့ ခုခေတ်နိုင်ငံရေးဆိုပြီး လုပ်ကြ တာတွေဟာ ပြန်ပေးဆွဲတဲ့ အလုပ်မျိုးတွေပဲ။ ငြိမ်းချမ်းရေးကလည်း ပြန်ပေးဆွဲခံရတာပဲ။ နိုင်ငံရေးအကျဉ်းသားကလည်း ပြန်ပေးဆွဲခံရတာပဲ။ Sanction ဆိုတဲ့ ဟာလည်း ပြန်ပေးနဲ့ ပြန်ပေးဆွဲခံရတာပဲ။ ပြန်ပေးဆွဲ ransom တောင်း။ ပါးကိုက်၊ နားကိုက်၊ နိုင်ငံရေးက အဆင့်နိမ့်နေကြပါတယ်။ အဆင့်နိမ့်တော့ dirty ဖြစ်နေတယ်။ ဗမာလို မရေးတတ်လို့ မဟုတ်ပါဘူး။ မျက်စိထဲရင်ထဲ ကွက်ခနဲ ကွင်းခနဲဖြစ်သွားအောင် dirty လို့ ပြောလိုက်တာပါပဲ။ dirty ဆိုတာကလည်း Clean ရဲ့ ဆန့်ကျင်ဘက်ပဲ။

ကျွန်တော်တို့က dirty နွံထဲက ရုန်းထွက်ပြီး Cleanကို ဖြောင့်ဖြောင့်တန်းတန်းသွားဖို့ လိုမှာပေါ့ဗျာ။

good ဆိုတာက ဘာ၊ bad ဆိုတာက ဘာလို့ပြောစရာ မလိုတော့ဘူးထင်ပါတယ်။ မသိချင်ယောင်ဆောင်တာလည်း bad ပဲ။ မသိသလိုလိုနဲ့ ပြောင်လုပ်လည်း bad ပဲပေါ့ဗျာ။

good က ပွင့်လင်းမှုနဲ့လည်း ဆက်နေတယ်။ ရိုးသားမှုနဲ့လည်း ဆက်သားတည်းပဲ။ ပွင့်လင်းမှု၊ ရိုးသားမှုအပြင် မေတ္တာတရားနဲ့လည်း ဆက်စပ်တစ်စပ် တစ်သွေးတစ်သားတည်းဗျ။ good ဖြစ်အောင် မေတ္တာတရားကို အခြေခံရမှာပဲ။ အမုန်းတရားကို အခြေခံလို့များတော့ ဘာ good မှ ဖြစ်မှာမဟုတ်ဘူး။ ဒါကို ရင်နာစရာသမိုင်းကာလကြီးက ပြခဲ့ပြီ။

ကျွန်တော့်အထင်တော့ တခြားသူတွေအတွက် goodလုပ်ပေးရင် ကိုယ့်အတွက်လည်း good ဖြစ်လာတာပဲ။ ဒါ မဖောက်ပြန်တဲ့ အမှန်တရားပါ။ မေတ္တာရဲ့ အတုံ့အပြန်တရားဟာ မေတ္တာပဲ ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဟာ တစ်ဘက်ကိုသာမက နှစ်ဘက်စလုံးကို အေး
နိုင်တယ်။ ပတ်ဝန်းကျင်ကိုလည်း အေးစေနိုင်ပါတယ်။

မေတ္တာဟာ ငြိမ်းချမ်းရေးရဲ့ အခြေခံအကြောင်းတရား ဖြစ်
တယ်။ ပြင်ပသာမက မိမိရဲ့ အတွင်းငြိမ်းချမ်းရေးကိုလည်း ဖြစ်စေနိုင်
တယ်။

မေတ္တာကို လောဘတွေ၊ ဒေါသတွေကလည်း တားဆီးနိုင်
တယ်။ မာနနဲ့ မောဟကလည်း ဖျက်ဆီးနိုင်ပါတယ်။ အဲဒီလောဘ၊ ဒေါ
မာန၊ မောဟ စတာတွေကို ထိန်းနိုင်မှ ငြိမ်းချမ်းရေးနဲ့ နီးမှာပါဗျာ။
ခင်ဗျားကိုယ်ကို ခင်ဗျားမေးကြည့်စမ်းပါဦး၊ ငြိမ်းချမ်းရေး နီးပြီလား။

ကျွန်တော်တို့ တိုင်းပြည်မှာ အမှောင်လိုဏ်ပိတ်ကြီးထဲက ထွက်
တော့ ငြိမ်းချမ်းရေးအပေါက် ဖောက်ကြပါဗျာ။

ငြိမ်းချမ်းရေးရရင်လည်း နိုင်ငံရေးအကျဉ်းသားတို့ Sanctio
တို့ဆိုတဲ့ ကိစ္စတွေ ကျွဲကူးရေပါ ပြီးကြမှာပါ။ ငြိမ်းချမ်းရေးမရှိဘဲနဲ့
ကရေစီဆိုတာလည်း တည်ဆောက်လို့ မရပါဘူး။ ငြိမ်းချမ်းရေးဟ
ကောင်းကျိုး အားလုံးရဲ့ မိခင်ပါ ခင်ဗျားဘဝရဲ့ မိခင်လည်း အမှန်။

ဒါအတွက် မွေးဖို့အား၊ စားဖို့ဆေးကလည်း မေတ္တာအား မေတ္တ
ဆေးပါပဲ။ ကိုယ့်အတွက်ပဲ ကိုယ်မေတ္တာထားဖို့ မဟုတ်ဘူးနော်၊ အခြ
သူတွေအတွက် မေတ္တာ၊ ရန်သူလို့ ကိုယ်အောက်မေ့ထင်မြင်မိသူ
အတွက် မေတ္တာ၊ အားလုံး အားလုံး အားလုံးအတွက် မေတ္တာ။

မြန်မာပြည် သာစေသတည်း။

ကမ္ဘာမြေ သာစေသတည်း။

၃-၈-၂၀၀၂ မုံရွာ





## လွမ်းငွေ့ဝေဝေ မြန်မာ့ရေ

(၁)

၁၉၄၉

တိုင်းပြည်အတွက် ကံဆိုးသလား၊ ကံကောင်းသလား။ ကံဆိုးထဲက ကံကောင်းလား။ ကံကောင်းထဲက ကံဆိုးလား။

ပြီးခဲ့သည့် ၁၉၄၈ က တိုင်းပြည်က အလွန်လိုချင်ကြသည့် လွတ်လပ်ရေးကို ရခဲ့သည်။

ကြုံ၍၊ လွတ်လပ်ရေးဆိုသော စကားလုံးအကြောင်း ပြောချင်သည်။ ကျွန်တော်တို့တိုင်းပြည်တွင် နယ်ချဲ့ကျွန်အဖြစ်မှ လွတ်မြောက်၍ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ရခြင်းကို လွတ်လပ်ရေးဟု သုံးကြသည်။ အင်္ဂလိပ်ဘာသာအားဖြင့် Independence (အမှီခိုကင်းခြင်း) ဟု ရေးသည်။ တစ်ဖန်ခေတ်နောက်ကျသော အစိုးရစနစ်များတွင် လူ့အခွင့်အရေး ခေါင်းပါးရာမှ လူ့အခွင့်အရေး ရရှိလာခြင်းကို အင်္ဂလိပ်လို freedom (လွတ်လပ်မှု) ဟု ရေးသည်။ Independence မှာ တိုင်းပြည်လွတ်လပ်ရေးကို ဆိုလို၍ freedom မှာ ပုဂ္ဂိုလ်လွတ်လပ်ခွင့်ကို ဆိုလိုတတ်သည်။ ဤအင်္ဂလိပ်စကားနှစ်လုံးမှာ ဘာသာပြန်သူတို့အား တော်တော် ဒုက္ခပေး



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါသည်။ အဓိပ္ပာယ် အယှက်အတင်လည်း ရှိနိုင်သည်။

ထို ၁၉၄၈ မတ် ၁၂ တွင် အိုးဝေ၊ ပြည်သူ့ဟစ်တိုင်၊ စီးပွားရေး သတင်းစာတိုက်သုံးခုကို အာဏာရ ဖဆပလ ဆိုရှယ်လစ်ပါတီ၏ လူများ က တိုက်ခိုက်ချိုးဖျက်ခဲ့ကြသဖြင့် စာနယ်ဇင်းသမားများ အပါအဝင် ပြည်သူတို့နှင့် ဖဆပလ အစိုးရ၏ ပဋိပက္ခမှာ အလွန်ပြင်းထန်စူးရှ ပါသည်။

ထို့အပြင် ဖဆပလဝန်ကြီး တစ်ဦးနှင့် ပတ်သက်သည့် မိန်းမ အရှုပ်သတင်း၊ အခြားဆိုရှယ်လစ်ဝန်ကြီး တစ်ဦးနှင့် ပတ်သက်သည့် ငွေရေးကြေးရေး အရှုပ်သတင်းများလည်း ဆက်လက်ဖြစ်ပေါ်ခဲ့ရာ အာဏာ ရအဖွဲ့မှာ လှေမြုပ်လုတဲတဲ ဖြစ်သွားသည်။ ထိုအချိန်တွင်ပင် ကွန်မြူနစ် များကို သိမ်းကျုံးဖမ်းသဖြင့် ၁၉၄၈ မတ် ၂၈ တွင် ကွန်မြူနစ်များထွက် ပြေးပြီး ခုခံမှုပြုလုပ်ကြရာ ပြည်တွင်းစစ်ကြီးစဖြစ်သည်ဟု မှတ်ယူရသည်။

ထိုရှုပ်ထွေးနေသော အချိန်တွင် တိုင်းပြည်ရှိ လက်ဝဲအင်အားစု များ ညီညွတ်ရန် ကွန်မြူနစ်ပါတီမှ အပြင်သို့ ရောက်နေသော ဦးသိန်း ဖေ (မြင့်)၊ ဝန်ကြီးချုပ်ဦးနု၊ ပြည်သူ့ရဲဘော်အဖွဲ့တို့က ကိုယ့်မူနှင့် ကိုယ် တင်ပြ ကြိုးစားသော်လည်း မအောင်မြင်ခဲ့။

ထိုအတွင်းကျောင်းသားများ၊ အစိုးရဝန်ထမ်းများ၊ မြို့နေ လူလတ် တန်းစားများ၊ အလုပ်သမားများ၊ တောင်သူ လယ်သမားများက အစိုးရ ကို ဆန့်ကျင်မှု ပို၍ ပို၍ ပြင်းထန်အားကောင်းလာသည်။

ကရင်တို့ကလည်း KNDO (Karen National Defence Organization) ဖွဲ့၍ ပုန်ကန်တိုက်ခိုက်ကြသည်။ မွန်တို့ကလည်း MNDO သူပုန်ထသည်။

ပြည်သူ့ရဲဘော်တို့ကလည်း နုမူ၊ ရဲဘော်မူ ကွဲရာမှ ဖိနှိပ်ခံရမှုများတို့ တော်လှန် ပုန်ကန်ကြသည်။ ဗမာ့တပ်မတော်မှ တပ်ရင်းအချို့လည်း တော်လှန်ထကြွကြသည်။





ကရင်သူပုန်တို့သည် အင်းစိန်ကိုသိမ်းပြီး ရန်ကုန်ကို တိုက်ခိုက်သိမ်းပိုက်ရန် ကြိုးစားလာသည်။ မိတ္ထီလာ၊ မန္တလေး၊ မေမြို့(ပြင်ဦးလွင်) နှင့် ရန်ကုန်-မန္တလေးလမ်း တစ်လျှောက်ရှိ မြို့များကို သိမ်းနိုင်သည်။

ကျောင်းသားများ၊ အစိုးရဝန်ထမ်းများက အဓိကအားဖြင့် နိုင်ငံရေး မကျေနပ်မှုဖြင့် သပိတ်မှောက်ကြသည်။ ပင်မအဖွဲ့အစည်း အချို့လည်း တောထဲသို့ ရောက်သွားကြသည်။ အများအားဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းကြသည်။

အစိုးရကလည်း ‘ချောက်ထဲကျရန် လက်နှစ်လုံးအလို’။ တော်လှန်သူများဘက်တွင်လည်း ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ် ပါတီ၊ ပြည်သူ့ရဲဘော်အဖွဲ့ (ပါတီ)၊ ကရင်သူပုန်၊ မွန်သူပုန်စသဖြင့် အမျိုးမျိုးရှိနေသည်။ အစိုးရနှင့် အဓိကတိုက်နေကြသော်လည်း သူပုန်အချင်းချင်းလည်း တိုက်ကြသည်။ သူပုန်အင်အား စုစုပေါင်းက အစိုးရထက် အဆများစွာ သာသော်လည်း သူပုန်တို့ မညီညွတ်ကြ။ အစိုးရကို နိုင်အောင် မတိုက်နိုင်ကြ။

ထိုအတွင်း အစိုးရအတွက် မြေပြင်ပြောက်ကျားစစ်တွင် အလွန်အရေးပါလှသော သံချပ်ကာယာဉ်များ (armour) နှင့် အခြားလက်နက်များရရှိလာ၍ စစ်မြေပြင် အခြေအနေသည် ပြတ်ပြတ်သားသား ပြောင်းလဲသွားသည်။ ခံစစ်တိုက်နေရာမှ ထိုးစစ်များတိုက်လာနိုင်သည်။ ပြင်ပအင်အားစုများကလည်း ကရင်ကို အဓိက အကူအညီမပေးတော့ဘဲ အစိုးရဘက်သို့ ချိန်ခွင်လျှာစောင်းလိုက်သည်။ ကျွန်တော်တို့ ပြည်တွင်းစစ်၏ ချိန်ခွင်လျှာကို ကိုင်ထားသောလက်မှာ ပြင်ပလက်ဖြစ်ကြောင်း မြင်သာသည်။

(၂)

ဤသို့ တိုင်းပြည်တစ်ပြည်လုံး ပြည်တွင်းစစ်မုန်တိုင်းကြီး ထန်နေစဉ် တွင် ကျွန်တော်သည် ၁၉၄၈ ၌ မုံရွာမြို့ နိုင်ငံတော်တန်းမြင့်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



(State Post Primary School) တွင် ၉ တန်း/၁၀တန်းကျောင်းသား ဖြစ်လာသည်။ ၉ တန်းဆိုသည်မှာ ကျွန်တော်တို့ကျောင်း၏ နောက်ဆုံး အတန်းမှာ School Leaving Certificate (SLC) စာမေးပွဲအဖြစ် ဖြေရသည် ဖြစ်ပါသည်။ SLC စာမေးပွဲအောင်လျှင် စာရေးစာချီကျောင်းဆရာ မြေတိုင်းစသော ဝန်ထမ်းငယ်အလုပ် လုပ်နိုင်သည်။ သို့သော် တက္ကသိုလ် သို့ ဆက်တက်ခွင့်မရှိ။ တက္ကသိုလ်သို့ ဆက်တက်လိုလျှင် တက္ကသိုလ်ဝင် စာမေးပွဲ (ဆယ်တန်းလို့ လွယ်အောင်ခေါ်ပါစို့) အောင်ရမည်။ ပညာရေး စနစ်၏ ထူးခြားလှသည့် အချက်မှာ ထိုတက္ကသိုလ်ဝင်တန်းကို ဘယ် (အစိုးရ) ကျောင်းမှာမှ မထားပါ။ ကျွန်တော်တို့ကျောင်းတွင် ကျောင်း အုပ်ဆရာကြီး ဦးသာခင်က ဆယ်တန်းအင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း စသည်များကို စနေ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် အခမဲ့ အလွတ်သင်ပေးပါ သည်။ ၉ တန်း၊ ၈ တန်းတို့မှ တက္ကသိုလ်ဝင်တန်းဖြေလိုသူ ကျောင်းသား များ တက်ကြပါသည်။ တစ်ဖန် ထူးခြားပြန်သည်မှာ ထိုတက္ကသိုလ်ဝင်တန်း ကို အတန်းမရွေးကျောင်းသားများ ဝင်ဖြေနိုင်ပါသည်။ ၉ တန်း၊ ၈ တန်း ၇ တန်း၊ အတန်းမရှိ ကျောင်းသားများ ဝင်ဖြေနိုင်သည်။ ထိုခေတ် က တက္ကသိုလ်ကျောင်းသားရှား၍ တံခါးပေါက်ကျယ်ကျယ်ကြီး ဖွင့်ပေး ခြင်းဖြစ်သည်။

ကျွန်တော်ကား ၉ တန်း (နောက်ဆုံးအတန်း) ရောက်မှ တက္ကသိုလ် ဝင်တန်းဖြေမည်ဖြစ်ရာ တန်းစဉ်အတိုင်းဖြစ်ပါသည်။ ၈ တန်းတုန်းက အသက် မမီတတ်၍ မဖြေခဲ့။

ကျွန်တော်တို့ကျောင်းတွင် ကျောင်းစာကို ဖိဖိစီးစီး သင်သကဲ့ သို့ ကျောင်းသားသမဂ္ဂကလည်း တက်ကြွစွာ အလုပ်လုပ်ပါသည်။ ၁၉၄၅ ကျွန်တော်တို့ ငါးတန်းကျောင်းသားဘဝမှစ၍ လွတ်လပ်ရေး ဆန္ဒပြပွဲ များကို မကြာခဏဆင်နွှဲခဲ့ရပါသည်။ ထိုစဉ်က ကျွန်တော်တို့ ကျောင်း သားများ၏ ကြွေးကြော်သံတို့မှာ ချစ်စရာကောင်းပါသည်။ ‘လွတ်လပ်





ရေး ချက်ချင်းပေး’ဟု ဗမာလို ကြွေးကြော်သကဲ့သို့

Down, down the Union Jack!

Up, up the National flag!

British Army getout getout!

governor, governor go back, go back!

ဟု အင်္ဂလိပ်လိုလည်း ကြွေးကြော်၍ မြို့ထဲတွင် လှည့်လည် ချီတက်ခဲ့ ကြပါသည်။

ကျွန်တော် ၆ တန်းတွင် အစမ်းနှင့် အတန်းတင် စာမေးပွဲ သုံးခုလုံး၌ ပထမသုံးကြိမ်ရသဖြင့် ၆ တန်းမှ ၈ တန်းသို့ အတန်းကျော် တက်ခွင့် Jump promotion ရခဲ့ပါသည်။ ထို ၆ တန်း နှစ်စာမေးပွဲ ဖြေခါနီးတွင် (၁၉၄၇) ဗိုလ်ချုပ်အောင်ဆန်းတို့ အင်္ဂလန်သွား အရေးဆို သည်ကို ထောက်ခံသည့် အနေဖြင့် ကျောင်းသားသပိတ်ကြီး မှောက်ကြ ပါသည်။ မုံရွာမြို့ ရွှေစည်းခုံဘုရားကြီးတွင် သပိတ်စခန်းလုပ်ခဲ့ကြသည်။ ကျောင်းသားခေါင်းဆောင်ကိုမျိုးဆွေ၊ ကို(ချစ်)သန်းထွန်းတို့က ရန်ကုန် ဒကာသညီလာခံသို့ တက်ရောက်ပါဝင်ဆွေးနွေးကြသည်။ သပိတ်စခန်း တွင် ကျောင်းသားကြီးများက ကျောင်းသားငယ်များကို စာသင်ပေးကြ သည်။ နေ့စဉ် Roll Call လုပ်သည်။

ကျွန်တော် ၉ တန်း၊ ၁၀ တန်းနှစ်တွင်လည်း နှစ်ကုန်ခါနီး၌ စာမေးပွဲဖြေရလုဆဲဆဲတွင် ရရှိသော လွတ်လပ်ရေးကို မကျေနပ်၍ သပိတ်မှောက်ကြပြန်သည်။ ဤအကြိမ်တွင်ကား ကျွန်တော်သည် ကျောင်း သားကြီးဖြစ်၍ ခရိုင်ကျောင်းသားသမဂ္ဂ အမှုဆောင်ဖြစ်နေပြီ။ ၁၉၄၉ အစ။

ကျွန်တော်တို့သည် ၇ တန်း၊ ၈ တန်းမှစ၍ အတန်းထဲတွင် လက်ရေးစာစောင် (မဂ္ဂဇင်း)များထုတ်ကြသည်။ အတန်းတွင်း ကျောင်း သားစာကြည့်တိုက်ဖွင့်ကြသည်။ နံရံကပ်သတင်းစာ ထုတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စကား ရည်လုပွဲများလုပ်သည်။ ပုံနှိပ်ဂျာနယ်ထုတ်သည်။

ကျောင်းသားသမဂ္ဂလုပ်ငန်းများကား ပို၍ ထွေပြားပေသည်။ အခြားမြို့နယ် ကျောင်းသားသမဂ္ဂများ၊ အလွတ်သင်ကျောင်းသား သမဂ္ဂများနှင့် ဆက်သွယ်ပေါင်းစည်းကွန်ရက်ဖွဲ့ထားကြသည်။ ဗဟိုသဘာနချုပ်၏ ညွှန်ကြားချက်များကို ကျောင်းသားအားလုံးထံ ပြန့်အောင်၊ အလုပ်လုပ်ကြအောင် စုစည်းရသည်။ ကျောင်းသားတပ်ဦးခေါ် ကျောင်းသား သမဂ္ဂ၏ စစ်ရေးပြေးတပ်ဖွဲ့ (military arm) ကို ဖွဲ့စည်း၍ စစ်ပညာမှအစ လေ့ကျင့်ရသည်။ ဖက်ဆစ်တော်လှန်ရေး ဗိုလ်ဟောင်းများနှင့် ပြည်သူ့ရဲဘော် တပ်နီခေါင်းဆောင်များက သင်ပေးကြသည်။ ညတိုက်ပွဲများအထိ သင်တန်းဆင်းကြရသည်။ သေနတ်ကိုင်ရသည်။

ဤကျောင်းသားရဲဘော်များ၏ စားရေးနေရေး သင်တန်းတက်ရေးများကို စီစဉ်ရသည်။ ဘဏ္ဍာရေး ရှာဖွေရသည်။ ဆိုရှယ်လစ်များနှင့် အဆင်မပြေသည်ကလည်း တစ်ဖက်၊ ကရင်နှင့် တိုက်ရမလားဟု စိုးရိမ်ရသည်ကလည်း တစ်ဖက်။

ဤနိုင်ငံရေး စစ်ရေးကိစ္စများနှင့် လုံးထွေးလာ၍ နှစ်ကုန် စာမေးပွဲကြီးဆိုသည်မှာလည်း ဘယ်ဆီရောက်သွားမှန်းပင်မသိ။ အစိုးရကလည်း ထိုစာမေးပွဲများကို လုပ်ပေးဖို့ စိတ်ကူးနိုင်ဟန် မတူတော့။ သူကိုယ်တိုင် 'ချောက်ထဲကျဖို့ လက်နှစ်လုံးသာလိုတော့သည်' ဆိုလား။

တကယ်တော့ ဘယ်သူ့ကိုမှ ဘယ်သူကမှ အစိုးမရတော့သည့် အခြေအနေတွင် မှုန်ရီလေပြင်းတို့သာ သူတို့တိုက်ချင်ရာ တိုက်ခတ်နေကြသည်။

အတွေ့အကြုံများသော တိုင်းပြည်၏ ခေါင်းဆောင်ကြီးများပင် ဖက်ကိုင်၍မရသော အခြေအနေတွင် အသက် ၁၆ နှစ်တစ်ဝိုက်သာရှိသေးသော ကျွန်တော်တို့ကျောင်းသားများမှာ ညီညွတ်ရေးကို အာပေါက်မတတ်အော်ရုံမှလွဲ၍ စွမ်းဆောင်အားမရှိကြပါလေ။ ညီညွတ်ရေးဆိုသည်





မှာလည်း ထိုသွေးနားထင်ရောက်နေကြသည့် ခေါင်းဆောင်များ ထိုအချိန်က ကြားလိုကြသည့်အသံ ဟုတ်မှဟုတ်ပါလေစ။

နွေရက်ကုန်၍ ကျောင်းများပြန်ဖွင့်သောအခါ သပိတ်လည်း ကွဲသည်။ ကျွန်တော်တို့ ကျောင်းသားခေါင်းဆောင်များလည်း ရင်ကွဲသည်။ ကျောင်းသားများ ကျောင်းပြန်တက်ကြသည်။ အချို့ ကျောင်းသားများလည်း ဖောင်တိန်အစားသေနတ်ကိုင်ကြသည်။

ထိုနှစ်က ၁၀ တန်း စာမေးပွဲကို မတ်လမှာ မကျင်းပနိုင်ဘဲ ဩဂုတ်လကျမှ ကျင်းပရသည်။ စိတ်ပျက်လက်ပျက်ဖြင့် ကျွန်တော်တို့ စာမေးပွဲ ဖြေကြရသည်။

အောင်စာရင်းကို တစ်လ နှစ်လနှင့် မထုတ်ပြန်နိုင်။ အခြား မြို့များအတွက် အောင်စာရင်းထွက်သော်လည်း မုံရွာအတွက် မထွက်။ နောက်ဆုံး ဒီဇင်ဘာလကျမှ ထွက်သည်။

အတော်အတန် အောင်ကြပါသည်။ ကျွန်တော်လည်း အောင်ပါသည်။ အချို့သမဂ္ဂခေါင်းဆောင်များ မအောင်။

မန္တလေးတက္ကသိုလ်သို့ အပြေးသွားကြရသည်။

ထိုစဉ်က လုံခြုံရေးမရှိ၍ မော်တော်ကားများသည် ရှိသမျှစုပြီး Convoy အစောင့်တပ်တွေနှင့် သွားရသည်။ ငါးဆယ်လောက် ရှိကောင်းရှိမည့် ကားတန်းကြီး၏ ရှေ့၊ အလယ်၊ နောက်တို့တွင် ရဲကားများ ညှပ်၍ လိုက်ရသည်။

ကားတန်းကြီးသည်လည်း တရွေ့ရွေ့သာ ဖြည်းဖြည်းမောင်းရသည်။ ဓာတ်ဆီနံ့၊ ဖုန်မှုန့်၊ အင်ဂျင်အော်သံ၊ နေစူးစူး၊ တောင်ကုန်းတောမိုင်းများ။

ကျွန်တော်သည် ဆယ်တန်းအတူအောင်လာသော ကိုမောင်မောင် တင့်ထံမှ ရှိတ်စပီးယားစာအုပ်ကလေးကို ခဏယူကြည့်မိရာ စာအုပ်နှင့် ညေးစားဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားတန်းကြီးက တဝူးဝူးတရှူးရှူး အော်မြည်မောင်းနေသည် ကျွန်တော်သည် ဝန်းကျင်ကို သတိမထားမိ၊ ကားတန်းကြီးရပ်သွားသည် ဘာဖြစ်လဲ။

သူပုန်ကလေးနှစ်ယောက်ကိုမြင်၍ အစောင့်ရှေ့ကားမှ ရဲမ[..] က လိုက်ကြရာ သူပုန်ကလေးတွေလည်း တောင်ကြိုတောင်ကြား[..] ပျောက်သွားသည်ဆိုသည်။

'ဟင်း . . . ဒီကောင်တွေတော့ မမီလိုက်လို့မို့သာကွာ'ဟု ရဲ[..] တစ်ယောက်က ချွေးသီးချွေးပေါက်ရွှဲရွှဲ ကွမ်းငုံထားသံနှင့် အားမ[..] အားမရပြောသည်။

ကားတန်းကြီးသည် တစ်နေ့လုံးတအိအိ မောင်းပြီးနောက် ၁[..] မိုင်ဝေးသော မြင်းမူသို့နေကုန်မှ ဝင်လေသည်။

ဟိုက်-ဒုက္ခပဲ၊ မြင်းမူမှ မန္တလေးသို့ ဆန်တက်မည့် ဆွဲသင်္ဘော[..] သည် နောက်သုံးရက်ကြာမှ ထွက်မည်တဲ့။ ကျွန်တော်တို့ မြင်းမူတွ[..] သုံးရက်သောင်တင်ကြပါသည်။

သုံးရက်ကြာမှ ဆွဲသင်္ဘောသည် မြင်းမူမှထွက်သည်။ ဧရာဝ[..] မြစ်ကြီးကို ကြည့်ရသည်မှာ အားအင်ကြီးမားပါဘိ၊ လှလည်း လှပါ[..] ဆောင်းခါဖြစ်၍ သောင်ကြီးများက မြစ်ပြာထဲတွင် ကျောလျားခင်း[..] ကြသည်။ သို့သော် ဤအလှထဲတွင် နှစ်မြုပ်မနေရဲ။

'ကျောက်တစ်လုံးနားမှာ သူပုန်တွေက ပစ်ချင်ပစ်တတ်တ[..] သံပြားကြီးတွေ နောက်မှာ ဝပ်နေ'ဟု သင်္ဘောသားက သတိပေးသည်

ကျောက်တစ်လုံးနားကပ်တော့ ရင်တလှပ်လှပ်၊ တော်ပါသေး[..] ရဲ့ ဘာသံမှ မကြား။

အလွန်လှသည့် စစ်ကိုင်းတောင်နား ကပ်မောင်းပြီး မြစ်လ[..] တွင် စိတ်ရှိလက်ရှိ လွှတ်လပ်နေကြသော သဲသောင်များကြား ကွေ့ကာ ပတ်ကာ ရှောင်ခဲ့ရသည်။





'ရှင် ဘယ်ဘာသာ ယူမလဲ'ဟု အတူအောင်လာသည့် သမဂ္ဂ [..]ဘော်မ မသန်းရင်က မေးသည်။

'ဘောဂဗေဒ စိတ်ကူးတယ်'ဟု ကျွန်တော်ဖြေမိသည်။

သင်္ဘောဦးချွန်က စလင်းမှန်စရေ မြွှာများကို တရှဲရှဲခွဲနေသည်။

(၃)

နေဝင်မိုးစုပ်စုပ်ချုပ်မှ မန္တလေးသို့ ရောက်သည်။

ဂေါဝိန်ဆိပ်မှာ ရှုပ်ထွေးဆူညံနေသည်။ ကျွန်တော်တို့သည် [..]ယ့် သေတ္တာများကို ကိုယ်ပိုင်းမ၍ ညွတ်ပဲ့ ညွတ်ပဲ့ ကုန်းပေါင်ပေါ်မှ [..]တိထား ဆင်းကြသည်။ ရှေ့မှသွားသည့် ကျောင်းသားနောက်သို့ [..]လိုက်ကြ သည်။ ရထားလုံးများငှားပြီး စီးလာကြသည်။

မှောင်နေပြီဖြစ်၍ တက္ကသိုလ်သို့ မသွားဘဲ ၂၆ ဘီလမ်းရှိ မုံရွာ [..]ယ်ယူနီဘာဆယ် ကိတ်မုန့်တိုက်တွင် အိပ်ကြသည်။

မနက်ကျမှ ရထားလုံးများဖြင့် တက္ကသိုလ်သို့ သွားကြသည်။ [..]ကျိုပင်မြစိမ်းခုံးကြီးများကြားမှ မန္တလေးတက္ကသိုလ်၏ ရှေ့မုခ်ဦးတိုင် [..]ကြီးများကို လှမ်းမြင်ရသောအခါ ရင်တဒိတ်ဒိတ် ခုန်သွားလေသည်။ [..]ွန်တော်တို့မှာ မုံရွာမြို့တွင် ပွဲစားကြီး ဦးရုံး လှူသောဆပ်ပြာများကို [..]အနှံ့ရှာတကာလည်ရောင်းပြီးမှ ရသည့်ငွေ မတီမတာဖြင့် မလုံမလဲ [..]ပ်တဲကျောင်းကလေးဆောက်၍ စာသင်ခဲ့ရသည်။ အချို့အတန်းများ [..]စ်ပင်အောက်တွင်သင်ရသည်။ ယခု မန္တလေးတက္ကသိုလ်၏ ဂန္ဓဝင် [..]ခ်ဦးကြီးကို မြင်ရသောအခါ အဘယ်မှာရင်မခုန်ဘဲ နေနိုင်ပါတော့ [..]ည်နည်း။

ကျွန်တော်သည် ကျောင်းဆောင်စရိတ်သက်သာအောင် စိုက်ပျိုး [..]ရေး မဟာဌာနမှူး (Deam) ဆရာကြီးဦးလှအုန်း၏ တိုက်တွင် နေရသည်။ [..]ဆရာကြီးက လူပျိုကြီး။ ထမင်းချက်လူငယ်တစ်ယောက်နှင့် သာနေသဖြင့် [..]ကျယ်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတက္ကသိုလ်မှာ ထိုအချိန်က Mandalay University College ဟု ခေါ်သည် တက္ကသိုလ်အဆင့် အပြည့်မရောက်သေး။ အတန်းလေးတန်းရှိသည်။ ဥပစာ အောက်တန်း၊ အထက်တန်း၊ ဝိဇ္ဇာအောက်တန်း၊ အထက်တန်း။ စိုက်ပျိုးရေးက သီးခြားသင်သည်။ စိုက်ပျိုးရေးကျောင်းသားပါ ပေါင်းပါမှ တစ်ကျောင်းလုံး ကျောင်းသား ၂၀၀ သာရှိသည်။ အလွန်စာသင်၍ ကောင်းသည့်ကျောင်း။ ဆရာများမှာလည်း တစ်ယောက်တည်းနှင့် အတန်းလေးတန်းလုံး ကိုင်ရသည်။ အားလုံးရင်းနှီးလိုက်ကြသည့် ဖြစ်ခြင်း။

တိုက်ကျောင်းကိုပင် မမြင်ဖူးသည့် ကျွန်တော်တို့အတွက် မန္တလေးတက္ကသိုလ်မှာ ကြီးကျယ်ခမ်းနားလှသော်လည်း ကျောင်းဝင်မှတ်ပုံတင်၍ ဘာသာရပ်တွဲများ တင်ပြရသောအခါ ကျွန်တော် ပက်လက်လန်သွားခဲ့ရပါသည်။ ရည်မှန်းသည့် ဘောဂဗေဒ မယူနိုင်တော့ပါ။ ထိုအချိန်က မန္တလေးတက္ကသိုလ်တွင် ဘောဂဗေဒ ဘာသာမပေးနိုင်ပါ။ စောစောက ဘောဂဗေဒသင်သော အိန္ဒိယမှ ငှားထားသည့် ဆရာရှိသည်။ မန္တလေးကို သူပုန်သိမ်းခြင်းကြောင့် ထိုဆရာပြန်သွားပြီ။ မန္တလေးမှာ ဘောဂဗေဒသင်မည့် ဆရာမရှိ။ ထို့ကြောင့် ဘောဂ-သင်္ချာ-ပထဝီ တွဲမည်ကြံစည်ခဲ့သည်ကို လျှော့ပြီး သင်္ချာ-ပထဝီ-သမိုင်းတွဲ ယူလိုက်သည်။

သင်္ချာကို ဆရာကြီး ဦးနက်ကိုင်သည်။ ဦးနက်ဆိုသော်လည်း အသားဖြူပါသည်။ ဝပါသည်။ အလွန်သဘောပြည့်ဝပါသည်။ ကျွန်တော်တို့ မုံရွာကျောင်းသားများသည် ကျောင်းရောက် နှစ်လခန့်နောက်ကျပါသည်။ ထို့ကြောင့် စာနှစ်လခန့် နောက်ကျသည်။ မျက်စိသူငယ် ဖြစ်နေရသည်။ သို့သော် ဆရာဦးနက်က စနေ၊ တနင်္ဂနွေတွင် သူ့အိမ်ခေါ်ပြီး ကျွန်တော်တို့ မမီလိုက်သည့် စာများကို သင်ပေးသည်။ ကော်ဖီတိုက်သည်။ တက္ကသိုလ်က သင်္ချာကို သင်ရမှ ကျွန်တော်တို့ အထက်တန်းကျောင်းသင်္ချာနှင့် ရိုးမကြီးများ ခြားနေသည်ကို တွေ့ရသည်။ တက္ကသိုလ်





မြန်မာစာကလည်း အထက်တန်းကျောင်းနှင့် ဟိမဝန္တာ ခြားသည်ဟုပင် ထင်ပါသည်။ အထက်တန်းတုန်းက သက်သက်သာသာ လိုက်လို့ရသော်လည်း တက္ကသိုလ်မှာ ခါးတောင်းကျိုက်ရပါသည်။

ကျွန်တော်တို့သည် နှစ်လစာ စာတွေကူးရပါသည်။ အရင်ရောက်နှင့်ကြသော ကျောင်းသားများက မေတ္တာထား၍ ကူကြပါသည်။ ကျေးဇူးကြီးပါပေတယ်။ အထူးသဖြင့် စစ်ကိုင်း၊ ကသာ၊ မေမြို့၊ ရွှေဘိုစသောမြို့များမှ အဆောင်နေကျောင်းသားများက ကူညီကြပါသည်။ မန္တလေးနေ ကျောင်းသားကိုလှမောင်ကလည်း တစ်မြို့လုံးရှိ ဘုရားများသို့ သူ့စက်ဘီးနှင့် လိုက်ပို့၍ ဘုရားဖူးရသည်။ ကျွန်တော်တို့မှာ စာလိုက်ကူးရနားလည်အောင်လုပ်ရ၊ အသစ်သင်သည်များကို မျက်စိသူငယ်၊ နားသူငယ် လိုက်ရနှင့် ချာလပတ်လည်နေကြပါသည်။ ဆရာများ လက်ချာပေးသည့် အင်္ဂလိပ်အသံများကိုလည်း မမှီတမီ မမိတမိ။ အချို့ကျောင်းသားများ စာအုပ်ထဲတွင် ကွက်ဟာများစွာ ကျန်ကြပါသည်။ သမိုင်းဆရာ ဦးမောင်မောင်ကြီး (ဒေါက်တာမောင်မောင်ကြီး) ဆိုလျှင် ဗိုလ်သံပါပါ ပြောလွန်း၍ ပိုမလိုက်နိုင်ကြပါ။ ပထဝီဆရာ ဦးသိန်းမောင်ကတော့ ဗမာသံ အေးအေးနှင့် သင်သဖြင့် ပိုလိုက်နိုင်ပါသည်။ ဆရာများသည် အတန်းလေးတန်း ဘာသာရပ်ခွဲ အမျိုးမျိုးကို တစ်ယောက်တည်း သင်ကြရသဖြင့် အလွန့်အလွန် ပင်ပန်းပါသည်။ သို့သော် သူတို့စေတနာနှင့် တာဝန်သိစိတ်မှာ နွေစမ်းချောင်းကလေးထက် ကြည်အေးပါသည်။ ပုပ္ပားတောင်ပမာ ခိုင်မာပါသည်။

မြန်မာစာဌာနတွင် ကုသဟု လူသိများကြသော ဆရာကြီး ဦးတိုးအောင်က ဌာနမှူးဖြစ်သည်။ ဝဖြိုးဖြိုး ရယ်လျှင်စိတ်ဆိုးလျှင် အသားနီလာတတ်သည်။ ဆရာကြီးဦးတိုးအောင်၏ ဟာသအစွမ်းကို ခေတ်စမ်းပုံပြင်များကတည်းက သိခဲ့ရပြီ။ လူမှာကား ရယ်လည်း မရယ်၊ ပြုံးလည်းမပြုံး၊ လွမ်းလည်းမလွမ်း၊ မနှိုင်းကောင်း နှိုင်းကောင်း အကျောက်ဖြူရုပ်တုတော် မျက်နှာတော်ကြီးလို ချောပြောင်ဝင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူစာသင်သောအခါ ရယ်စရာမပြောပါ။ သို့သော် တစ်တန်းလုံး ဝါးခ
ဝါးခနဲ ဆူသွားတတ်သည်။ ထိုစဉ်က A-1 ခန်းမတွင် လူတစ်ရာခန့်ဆံ့
သည်။ မြန်မာစာ အင်္ဂလိပ်စာတို့ကို ထိုခန်းမထဲမှာ သင်သည်။ သင်္ချ
ခန်းလည်း ကျယ်သည်။ အခြားဘာသာရပ် အခန်းများက ငယ်သည်။

အင်္ဂလိပ်စာကိုကား ဆရာမူနီနှင့် ဆရာဦးကိုကိုကြီးတို့က သင်
သည်။ ဆရာဦးကိုကိုကြီးက Modern Essays ကို သင်၍ ဆရာမူနီက
ရှိတ်စပီးယား၏ Merchant of Venice ကို သင်သည်။ ဆရာဦးကိုကို
ကြီးမှာ နောက်တွင် အာမခံဌာန၌ အရာရှိကြီး ဖြစ်သွားပါသည်။ ဆရာ
ဦးကိုကိုကြီးလောက် အနေရိုးသော သူကိုတွေ့ဖို့ခက်ပါလိမ့်မည်။ အတန်း
ခန်းထဲဝင်လာသောအခါတွင်လည်း ဘယ်သူ့ကိုမှ မကြည့်၊ စာတန်း
သင်သည်၊ ထွက်သွားတော့လည်း ဘယ်သူ့ကိုမှ မကြည့်။

ဆရာကြီးမူနီမှာ ဟိန္ဒူဘာသာဝင်ကြီး ဖြစ်ပုံပေါ်သည်။ မေမြို့
မှာ နေသူဖြစ်သည်။ သူက ရှပ်လက်တိုနှင့် ဘောင်းဘီတို အကျယ်ကြီး
ကို ဝတ်တတ်သည်။ အတန်းခန်းထဲသို့ ဝင်လာပြီး ရှေ့က စားပွဲပေါ်တွင်
တင်ပါးလွှဲထိုင်သည်။ စီးကရက်က လက်ထဲမှာ။ စီးကရက်ဖွာလိုက်၊
စာသင်လိုက်။ သူသည် အလွန်လွယ်ပြီး အလွန်အဓိပ္ပာယ်ပေါ်သည့် အင်္ဂလိပ်
စကားကို ပြော၍သင်သည်။ သူသင်တာကို နားမလည်သူ မရှိနိုင်သလောက်၊
ဖဆပလအစိုးရကို ရယ်သွမ်းသွေးတတ်သည်။ တွေးလုံးဟာသရွှမ်းရွှမ်း
ဝေ။ ကျွန်တော်တို့ ဥပစာတန်းတွင် ပြဋ္ဌာန်းသော At the Zoo ဆိုသည့်
စာအုပ်မှာ ဘယ်သူမှ ရှာလို့ဝယ်လို့ မရပါ။ ဆရာမူနီထံမှာ တစ်အုပ်သာ
ရှိသည်။ တစ်တန်းလုံး ဖတ်စာအုပ်မရှိ။ ဆရာမူနီက ထုံးစံအတိုင်း စီးကရက်
လက်ကြားညှပ်၊ စာအုပ်ကို တစ်ဘက်က လက်ကြားညှပ်၊ သူ့ဘောင်းဘီ
တို ကျယ်ကြီးနှင့် စားပွဲပေါ်တင်ပါးလွှဲထိုင်ရင်း At the Zoo စာအုပ်
အကြောင်း ပုံပြောသလိုပြောသည်။ ကျွန်တော်တို့မှာ ဆရာမူနီပြောပြ
သမျှကို မှတ်ယူရင်း စာမေးပွဲ ဖြေခဲ့ရသည်။ ကောင်းကောင်းဖြေနိုင်





အောင်သူ သင်ပေးပါသည်။

အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာမ သုံးယောက်ရှိသည်။ မစ္စ
ရိုစ်ယား၊ မစ္စရပ်စတန်၊ ဒေါ်လှရွှေ။ ကျွန်တော်သည် မစ္စရိုစ်ယားနှင့်
သင်ရသည်။ စိတ်ရှည်လက်ရှည်နှင့် အင်္ဂလိပ်စာကောင်းကောင်း သင်
ပေးပါသည်။ အင်္ဂလိပ်ကဗျာများ၏ ကာရန်စနစ်ကို ထုံးလိုချေ ရေလို
ပေါက်နိုင်အောင် သင်ပေးသည်။ မစ္စရပ်စတန်ကား ဘွဲ့ရပြီးစ ဆရာမ
အပျိုကလေးဖြစ်သည်။ သူ့ကို တချို့ကျောင်းသားတွေက စာပေးကြတယ်
တဲ့ အင်္ဂလန်သို့ ပြောင်းရွှေ့နေပြီး အသက် ၇၀ လောက်တွင် ပြန်တွေ့
ရသောအခါ မစ္စရပ်စတန်က ပြုံးရယ်၍ ပြောသည်။

ဒေါ်လှရွှေကား နာမည်ကျော်မိုးဒေဝါသီချင်းကို ဆိုသူ။ မိုးဒေဝါ
သီချင်းတွင် ဒေါ်လှရွှေ၏ အသံသည် အလွန်လှ၊ အလွန်ချို၊ အလွန်နွဲ့
သော်လည်း လူဒေါ်လှရွှေကား ဆူပါဟဲဝီးဝိတ်ပါတည်း။ ဆရာမူနီထံ
မှာ စပုတ်တံဘီးနှင့် ကားအိုနီညိုညိုကလေး ရှိပါသည်။ ကျောင်းဆင်း၍
ဆရာမူနီက ဒေါ်လှရွှေကို သူ့ကားကလေးနှင့် လိုက်ပို့သောအခါ ဆရာမူနီ
ဘားပေါ်သို့ တက်လိုက်ချိန်တွင် ကားမှာ တစ်ဘက်စောင်းသွားသည်။
ဒေါ်လှရွှေ တက်လိုက်သောအခါ အခြားဘက်သို့ စောင်းသွားပြီး အနေ
တော်ဖြစ်သွားသည်။ သို့သော် ကားအိုကလေးမှာ ပြားအိသွားရှာလေ
သည်။

မြန်မာစာတွင် ဆရာဦးဘသောင်း (မောင်သုတ) လည်းရှိသည်။
အလွန်စာသင်ရှင်းလှပါသည်။ စကားအပိုတော့ ပြောလှသည်မဟုတ်။
ဆရာဦးဘသောင်းသည် မန္တလေးကို သူပုန်ဝင်သိမ်းစဉ်က ကျောင်းသား
များနှင့် အတူ ခုခံတိုက်ခိုက်ခဲ့သည်။ နောက်တွင် တပ်မတော်သို့ ဝင်
သွားရာ ဗိုလ်မှူးဘသောင်း ဖြစ်လေသည်။ မြန်မာစာဌာနမှ လေးစား
စွာ ဂုဏ်ပြုသင့်သည့် ဆရာမမှာ ဒေါ်သန်းမေဖြစ်သည်။ ပိန်ပိန်ပါးပါး
နှင့် မရပ်မနားသင်နိုင်သည်။ အလွန်စေ့စပ်သည်။ မြန်မာစာဆရာတို့၏



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ဘာသာစကားကို အလွန်ဂရုစိုက်သည်။ စိတ်ရှည်သည်။

ပါဠိကို ဆရာမကြီး ဒေါ်အုန်း(မအုန်း M.A) သင်သည်။ ဆရာမကြီးသည် ကျောင်းသူများ၏ ရွှေမန်းဆောင်ကိုလည်း အုပ်ချုပ်သည်။ ကျွန်တော့်အထင် ထိုအချိန်က အဆောင်ကျောင်းသူ သုံးဆယ်တစ်ဝိုက်လောက်သာရှိသည်။

ကျောင်းသားများနေသော အဆောင်မှာ ရတနာပုံ ကျောင်းဆောင်ဖြစ်သည်။ အဆောက်အအုံကောင်းသည်။ လေးယောက်တစ်ခန်း နေကြရသည်ထင်သည်။ သဟာယနှင့် စာဖတ်သင်းလည်းကောင်းသည်။ ဂျာနယ်မျိုးစုံထားသည်။ ကျွန်တော်သည် တနင်္ဂနွေနေ့တိုင်း အဆောင်သို့ သွား၍ ဂျာနယ်ဖတ်သည်။ မြန်မာအစိုးရနှင့် အမေရိကန်အစိုးရ ချုပ်ဆိုသော Economic Cooperation Apreement (ECA) အကြောင်းများကို ထိုဂျာနယ်များမှ လေ့လာရသည်။

မန္တလေးတက္ကသိုလ်၏ ကျောင်းအုပ်ဆရာကြီးမှာ ဦးကိုလေး (စာရေးဆရာ ဇေယျာမောင်)ဖြစ်သည်။ ဆရာကြီး ဦးကိုလေးသည် နိုင်ငံခြားတွင် Soil Chemistry နှင့် ပြီးခဲ့၍ စိုက်ပျိုးရေးကျောင်းသားများကို စာသင်ပေးသည်။ ကျွန်တော်တို့နှင့်ကား မတွေ့ရပါ။ သို့သော် ကျွန်တော်နှင့် တွေ့ရဖို့အကြောင်း ဖြစ်လာပါသည်။ ဖြစ်ပုံမှာ ဥပစာအထက်တန်း၌ ကျွန်တော်သည် သင်္ချာကို မလိုချင်တော့ဘဲ စိတ်ကြိုက်မြန်မာစာ ပြောင်းယူချင်၍ ဖြစ်ပါသည်။ ဒုတိယနှစ်ကျမှ ပြောင်းချင်လို့ မရတော့ဘူး။ သင်္ချာပဲဆက်ယူရမယ်ဟု ဆရာကြီးကပြောရာ ကျွန်တော်က သင်္ချာဆက်ယူရမယ်ဆိုရင်တော့ ကျောင်းထွက်ရမှာပဲဟု ပြောလိုက်ပါသည်။ ကျွန်တော်သည် သင်္ချာကို ကောင်းကောင်းလိုက်နိုင်ပါသည်။ သို့သော် မလိုချင်တော့၍ ပြောင်းရန်ကြိုးစားခြင်းဖြစ်ပါသည်။ ကျွန်တော်၏ ကျောင်းထွက်မယ်ဆိုသော စကားကြောင့်လားမသိ၊ ကျွန်တော့်ကို စိတ်ကြိုက်မြန်မာစာသို့ ပြောင်းခွင့်ပေးလိုက်ပါသည်။ မင်း ပထမ အစမ်းမှာ အောင်ရမယ် မအောင်ရင် သင်္ချာပြန်သွားဟုလည်း ချုပ်လိုက်သေးသည်။ ပထမအစမ်းတွင် ကျွန်တော်သည် ဖျားလျက်နှင့်ဖြေရာ စိတ်ကြိုက်မြန်မာစာမှာ ပထမရပါသည်။ ထိုနှစ် ဥပစာတန်းတွင် ကျွန်တော်သည် စိတ်ကြိုက်နှင့် ပင်ရင်းမြန်မာစာ နှစ်မျိုးပေါင်း ပထမရ၍ သာဒိုးအောင် ရွှေတံဆိပ်ဆုချီးမြှင့်ခံခဲ့ရပါသည်။





ကျွန်တော်တို့ မန္တလေးတက္ကသိုလ်ရောက်ချိန်မှာ ၁၉၄၉ ဒီဇင်ဘာ။ ရောက်ပြီး ရက်မကြာမီ ဒီဇင်ဘာကျောင်းပိတ်သည်။ လွတ်လပ်ရေးနေ့ အပြီးကျောင်းပြန်ဖွင့်သောအခါ စာသင်ချိန်တစ်လလောက်သာရှိသည်။ ဖေဖော်ဝါရီနောက်ပိုင်းတွင် နွေရာသီအတွက် ကျောင်းပိတ်လိုက်လေသည်။ ကျွန်တော်တို့ ဥပစာအောင်တန်းများကိုလည်း စာမေးပွဲမစစ်ဘဲ အအောင်ပေးလိုက်သည်။ သို့သော် နောက်နှစ်တွင် နှစ်နှစ်ပေါင်းစာများ လုပ်ရသောအခါ လူအိပြားသွားလေသည်။

ကျွန်တော်တို့ မရောက်ခင်က မန္တလေးကို သူပုန်မျိုးစုံ ခေတ္တသိမ်းခဲ့သည်။ ကျွန်တော်တို့ရောက်ချိန်တွင် အစိုးရလက်ထဲသို့ ပြန်ရောက်သည်မှာ မကြာလှသေး။ မြို့ပြင်မဝေးလှသော အရပ်များတွင်ပင် သူပုန်တို့ရှိနေသည်။ ကျောက်ဆည်၊ မြင်းခြံ၊ တံတားဦး၊ မိုးကုတ်၊ မတ္တရာ၊ ရှမ်းပြည်နယ်။ အခြေအနေမှာ မအေးလှ။ ရန်ကုန်-မန္တလေးလမ်းကြီးလည်း ပြန်မပွင့်သေး။

ကျောင်းတွင်ကျောင်းသား သမဂ္ဂ လှုပ်ရှားမှုလည်း ပျောက်နေသလောက်။ လုံးလုံးတော့လည်းမပျောက်။ ကျွန်တော်တို့ ရောက်သောနှစ်တွင် မန္တလေးတက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌမှာ ကိုကျော်ကျော်ထင်သည်။ ကိုကျော်ကျော်သည် နောက်တွင် ရဲမင်းကြီး ဖြစ်သွားသည်။ နောက်တစ်နှစ်တွင် သမဂ္ဂဥက္ကဋ္ဌမှာ စိုက်ပျိုးရေးကျောင်းသား ကိုလှမျိုးသန်းဖြစ်လာသည်။ ဘာမှ မည်မည်ရရ လုပ်နိုင်ကြသည် မထင်ပါ။ သမဂ္ဂရှိသည်ဟုတော့ ပြနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲရှိ အထက်တန်းကျောင်းများ အတွက် မန္တလေးခရိုင် ကျော သားသမဂ္ဂ ဥက္ကဋ္ဌမှာ ကိုညာဏ်ထွန်းဖြစ်လေသည်။ သူသည် ဝိဇ္ဇာအော တန်းလားထင်သည်။ မုံရွာသား။ ပျော်ပျော်နေတတ်သူ။ သို့သော် ကိုညာ ထွန်းသည် လူထုဂျာနယ်တွင် ကျောင်းသားလှုပ်ရှားမှုအကြောင်း ဆော ပါးများရေးသည်။ သူသည် ဗကသအနွယ်ဖြစ်၍ မန္တလေးကျောင်းသာ လှုပ်ရှားမှုကို အတော်အသင့်ထိန်းထားနိုင်သည်။ စောစောပိုင်းက မန္တလေ ကျောင်းသားသမဂ္ဂတွင် တက်ကြွစွာလုပ်ခဲ့ကြသော ကိုသိန်းရှင် စသည် ကျောင်းသားများကား တောထဲရောက်နေကြသည်။ အနယ်နယ်အရပ်ရ တောထဲတွင် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များ ရှိကြသည်။ စာရေ သမဂ္ဂခေါင်းဆောင်များရှိကြသည်။ အချို့လည်း ကွန်မြူနစ်ပါတီ ခေါ ဆောင်များအဖြစ် ကူးပြောင်းသွားကြလေသည်။ ဗကသ ဥက္ကဋ္ဌဖြစ်သ ကိုတင်ရွှေ (ပျဉ်းမနား) မှာ ရဲဘော်ချမ်းအေးခေါ် စာရေးဆရာ မော စူးစမ်းဖြစ်လာလေသည်။

နိုင်ငံရေးလှုပ်ရှားမှုမှာ မျက်နှာပြင်တွင် ငြိမ်နေသည်။ မျက်နှ ပြင်အောက်တွင်ကား လှိုင်းများလှုပ်နေသည်။ ရေစီးကြောင်းများလည် လှုပ်ရှားစီးသွားနေကြသည်။ လူထုရှိလေရာတွင် လှုပ်ရှားမှုရှိသည်သာ မန္တလေးခရိုင် ကျောင်းသားများ၏ လှုပ်ရှားမှုများလည်း မျက်နှာပြ အောက်တွင် စီးနေကြသည်။ မန္တလေးတက္ကသိုလ်တွင်လည်း အရှိန်ယူနေ သည်။

မန္တလေးတက္ကသိုလ် မြန်မာစာအသင်း အတွင်းရေးမှူး ကိုညာဏ် သည် တိုးတက်သော ကျောင်းသားလှုပ်ရှားမှုကို အခြေပျိုးနေသည် သို့သော် သူသည် နောက်ပိုင်းတွင် အာဏာပိုင်တို့ဘက်သို့ ပြောင်းသွာ သည်။

ကျွန်တော်ကမူ လူထုဂျာနယ်တွင် ငြိမ်းချမ်းရေး၊ နိုင်ငံရေ ကဗျာများ စရေးလာသည်။ ဦးလေးလှက လင်ကွန်းအတ္ထုပ္ပတ္တိ စာအုပ်





တက်ဆောင်ပေးသည်။

လူထုတိုက်ရှိ စာအုပ်ဆိုင်မှ လီနင်လက်ရွေးစင်ကျမ်းများ ဝယ်ဖတ် သည်။ ဈေးချိုရှိ လူထုစာအုပ်ဆိုင်မှလည်း လက်ဝဲစာအုပ်များ ဝယ်ဖတ် သည်။ ကျွန်တော်သည် ဂေါ်ကီ၏ Mother ဝတ္ထုကြီးကိုလည်း ကြိုးစား ၍ပြီးအောင်ဖြတ်သည်။ အခြားမာ့ခ်ဝါဒစာအုပ်များကိုလည်း အင်္ဂလိပ် လို ဖတ်သည်။ အသင့်အတင့် နားလည်သည် ထင်ပါသည်။ မြို့ထဲရှိ တိုက်သို့ စာဖတ်ခန်းမှလည်း စာအုပ်စာတမ်းများ ဖတ်ရသည်။

ထို့ကြောင့် ကျောင်းတွင် သမိုင်းဆိုင်ရာ စာစီစာကုံးများရေး ရသောအခါ ဝေဖန်ဆန်းစစ်အားကောင်းမွန်ခိုင်မာလာသည်။ ဆရာဦးမောင် မောင်ကြီးက ကျွန်တော့်သမိုင်း စာစီစာကုံးများကို နှစ်သက်ပုံရသည်။ သူက ကျွန်တော့်ကို သမိုင်းဂုဏ်ထူးတန်းတက်စေလိုသည်။ ဘယ်ဘာသာ ဖြစ်ဖြစ် ဂုဏ်ထူးတန်းတော့ တက်ဖြစ်အောင်တက်ပါဟု ဆရာက သမ်းညွှန်သည်။ ကျွန်တော့်မှာမူ နိုင်ငံရေးတိမ်းညွတ်မှုများနေသည်။ ဂုဏ် ထူးတန်းများကို စိတ်မဝင်စား။ တစ်ခါက မန္တလေးဝင်းလိုက်ရုံတွင် အော် ကောဆုရ အမေရိကန်ရုပ်ရှင်ကားကို ကျောင်းသားကျောင်းသူများ သွား ကြည့်ချိန်တွင် ကျွန်တော်က မစိုးရိမ်ရုံတွင်ပြနေသော တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၏ Crossing the Vanatse ရုပ်ရှင်ကားကို ကြည့်သည်။

မန္တလေးတက္ကသိုလ်တွင် နိုင်ငံရေးစိတ်ရှိသော ကျောင်းသားများ လည်း ရှိသည်။ ကျောက်ဆည်မှ စိုက်ပျိုးရေးကျောင်းသား ကိုသန်းရွှေ ဆိုလျှင် ကျွန်တော်နှင့် ရင်းရင်းနှီးနှီး စကားပြောဖြစ်ကြသည်။ အယူ အဆရေးရာလောက်သာမက သုံးပါတီညီညွတ်ရေးကိစ္စတွေအထိ ဆွေး နွေးမှုကျယ်သွားလေသည်။ ၁၉၅၀ မှာပင် ကျွန်တော်တို့က သုံးပါတီ ညီညွတ်ရေးကိစ္စပြောနေကြသည်။

'ကိုသန်းရွှေ ရှိသေးလားဗျ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော်က အမေမာမွေးနေ့ပွဲသို့လာသော ကျောက်ဆည်မှ သခင်တင်ရွှေ၏ ဇနီးအမေဒေါ်မြရီအား မေးကြည့်သောအခါ 'ရှိတယ် ရှိတယ်' ဟု ဒေါ်မြရီက ဖြေသည်။

ကျွန်တော်တို့ရှိသော အချိန်က မန္တလေးတက္ကသိုလ်မှာ ငြိမ်နေပါသည်။ ရေအောက်လှိုင်းများ လှုပ်နေသည်ကို မမြင်ရ။ လူထုရှိရာ လှုပ်ရှားမည်သာ။

၁၉၅၁ တွင် ဥပစာတန်းအောင်၍ ကျွန်တော် ရန်ကုန်တက္ကသိုလ်သို့ ပြောင်းသောအခါတွင်ကား ရန်ကုန်တွင်လည်း ကျောင်းသားလှုပ်ရှားမှု၊ ငြိမ်းချမ်းရေး လှုပ်ရှားမှု လှိုင်းတံပိုးကြီးများတက်လာပါသည်။ မန္တလေးတွင်လည်း ကိုသာနိုး၊ ကိုအောင်ကျော်၊ ကိုစိုးဝင်းမောင်၊ ကိုစောလွင်၊ မခင်သန်းလှိုင်၊ မတင်ရီ၊ မအမာစန်း စသော ကျောင်းသူကျောင်းသားတို့၏ လှုပ်ရှားရုန်းကန် တည်ဆောက်မှုဖြင့် ကျောင်းသားလှုပ်ရှားမှု ငြိမ်းချမ်းရေးလှုပ်ရှားမှုတို့သည် မျိုးဆက်အဆက်ဆက်ဖြင့် အဆက်မပြတ်သော လှိုင်းတံပိုးကြီးများထလျက် ပြည်သူတို့၏ ဒီမိုကရေစီ မုန်တိုင်းကြီးအဖြစ်သို့ကူးပြောင်းရောက်ရှိသွားလေပြီ။

၂၀-၈-၂၀၁၂ မုံရွာမြို့





## လေမှောက်လျှင် ဇရဲရောက်ကြလိမ့်မည်

ယခုတလော နားချိုစရာစကားများကိုလည်း ကြားရသည်။ နားခါးစရာ စကားများကိုလည်း ကြားရသည်။

နားချိုစရာမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ပို၍ ခရီးပေါက်လာသည့်သဘော။ ထိုကူးပြောင်းမှုနှင့် ပတ်သက်၍ သဟဇာတဖြစ်လာသည့် သတင်းများကို ကြားရသည်။ ဝန်ကြီးအပြောင်းအလဲများ၊ ဒုတိယဝန်ကြီး အားသစ်သွင်းမှုများ၊ ကိစ္စရပ်များဖြစ်လာလျှင် စုံစမ်းရေး ကော်မရှင်ခပ်မြန်မြန်ဖွဲ့၍ လုပ်ဆောင်လာမှုများ (တကယ့်အဖြစ်နှင့် ညီမညီတော့မသိ)။ ရှစ်လေးလုံးနှစ်ပတ်လည်တွင် ဝန်ကြီးနှစ်ဦးလာရောက် တွေ့ဆုံမှု၊ ရှစ်လေးလုံးကျောင်းသားခေါင်းဆောင်များ၏ လှုပ်ရှားဆောင်ရွက်ရေး မိုးကာပ်စက်ဝိုင်းကျယ်လာမှု၊ အမည် မည်းစာရင်းအချို့ ပယ်ဖျက်၍ နိုင်ငံခြားရောက် မြန်မာဒီမိုကရေစီခေါင်းဆောင်အချို့ ပြန်လာကြမှု၊ တွေ့ဆုံပြောဆိုကြမှု၊ သတင်းမီဒီယာလောကတွင် လေကြမ်းတန့်သွားမှု၊ ကမ္ဘာနှင့် ဆက်ဆံရေး ပိုပွင့်လာမှု၊ နိုင်ငံတော်သမ္မတကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည် အမေရိကန်သို့ သွားမှုစသည် စသည်တို့မှာ မဂ်လာသတင်းများဟု ယူဆမိပါသည်။ ဒီမိုကရေစီစမ်းရေစီးသံမှာ ထင်ချင် မိပါသည်။

သို့သော် အခြားတစ်ဘက်တွင် မိုးလင်းလာသည်မှစ၍ နားခါး စရာသတင်းများကလည်း ဝင်လာသည်။

ကချင်ပြည်နယ် ဖားကန့်ဘက်တွင် တိုက်ပွဲများဖြစ်၍ ရွာသူ ရွာသားများထွက်ပြေးပြီး ဒုက္ခသည်ဖြစ်နေကြရသည့်အကြောင်း၊ ကချင် ပြည်နယ်တွင်း တိုက်ပွဲများကြောင့် တရုတ်ပြည်ဘက်သို့ ထွက်ပြေးခိုလှုံ ကြသော စစ်ပြေးဒုက္ခသည်များကို တရုတ်ပြည်ဘက်မှ နှင်လွှတ်ခံရသည့် အကြောင်း၊

ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီ လူမျိုးများနှင့် ပဋိပက္ခဖြစ်ပွား ၍ ရွာများမြို့များ မီးရှို့ခံရသည့်အကြောင်း၊ ရခိုင်လူမျိုး၊ ဘင်္ဂါလီ လူမျိုး များသေကြေ အနာတရ ဖြစ်ကြရသည့်အကြောင်း၊ အချို့ဖြစ်ပွားသော လူသတ်မှုများကို ဖော်ထုတ်မှုတွင် ပွင့်လင်းမြင်သာမှု မတွေ့ရကြောင်း ပျားကို တုတ်နှင့်ထိုးသလိုဖြစ်နေကြောင်း၊

ရှမ်းပြည်နယ် အရပ်ဒေသအချို့တွင် သေနတ်သံများ ပေါ်ထွက် လာပြန်သည့်အကြောင်း၊ မူးယစ်ဆေးဝါးများကို အလုံးအရင်း ပြန်တွေ့ နေရသည့်အကြောင်း၊

ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးတို့တွင် မိုးအပြင်းအထန်ရွာ၍ ရေကြီးရေလျှံကာ ရွာတွေ ရပ်ကွက်တွေ ရေထဲနစ်နေရသည့် အကြောင်း၊ စပါးလယ်များ ပျက်စီးကြသည့်အကြောင်း၊

မိုးခေါင်ရေရှား ရပ်ဝန်းတွင်လည်း မိုးမကြုံစဖူး ခေါင်၍ ပဲသီးနှံ





အမျိုးမျိုး စိုက်ပျိုးမရတော့ကြောင်း၊ ရေတွင်းရေကန်များ ရေရှားပါး ခြောက်လပ်နေကြရသည့် အကြောင်း၊

ဤသို့ မသာယာသည့်အထဲတွင်ပင် တောင်သူ လယ်သမားတို့၏ လယ်ကွက်ယာကွက်များကို ပြည်တွင်းပြည်ပ လုပ်ငန်းရှင်ကြီးများက အာဏာရှိသူအချို့နှင့် ပေါင်း၍ သိမ်းယူနေကြသဖြင့် နေရာများစွာတွင် တောင်သူလယ်သမားများ ဆန္ဒပြကန့်ကွက်နေကြကြောင်း၊

အထူးသဖြင့် မုံရွာမြို့အနီးရှိ လက်ပံတောင်းတောင်၊ ကြေးစင် တောင်၊ စံပယ်တောင်စသည်တို့ရှိ ကြေးနီတူးဖော်ရေး လုပ်ငန်းကြီးများ နှင့် ပတ်ဝန်းကျင် ကျေးရွာ တောင်သူများ အကျိုးစီးပွား ပဋိပက္ခဖြစ် နေကြသဖြင့် တောင်သူအမျိုးသား အမျိုးသမီးတို့၏ ဆန္ဒပြကန့်ကွက် တစ်အော်သံများ မိုးလျှံအောင် ဆူညံတောက်လောင်နေသည့် အကြောင်း၊

ထိုကြေးနီလုပ်ငန်းမှ ရနိုင်မည့် ငွေနှင့် မုံရွာတစ်ဘက်ကမ်း တောတောင်အလှအပများ ထာဝရဆုံးရှုံး၍ သဘာဝပတ်ဝန်းကျင် ထိန်း သိမ်းရေးအတွက် တိုင်းတာမရအောင် နစ်နာနိုင်သည်နှင့် နှိုင်းယှဉ်မရ ကြောင်း၊ ဥပမာ မန္တလေးတောင်၊ စစ်ကိုင်းတောင်တို့ကို ဖြိုလှျင် ဘယ်လို ခံစားကြရမလဲ နှိုင်းယှဉ်ပြောကြသည့် အကြောင်း၊

အလုပ်သမားများ လုပ်ခသင့်လျော်စွာ မရသဖြင့် စားဝတ် နေရေးလည်ပင်းအစ်ကာ ဆန္ဒပြနေကြရသည့် အကြောင်း၊

ထိုအလုပ်သမားများ၏ သမဂ္ဂဖွဲ့ရေး၊ ကျောင်းသားများ၏ သမဂ္ဂ ဖွဲ့ရေးတို့ကို နှောင့်ယှက်နှိပ်ကွပ်နေကြသည့်အကြောင်း မျက်နှာကြော တင်းတင်းငြိမ်းခြောက်နေသည့်အကြောင်း၊

နိုင်ငံရေး အကျဉ်းသားများထောင်ထဲတွင် မြောက်မြားစွာ ကျန် နေသေးကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ပုံစံဟောင်း၊ လေဟောင်းများ ဆက်လက်တိုက်ခတ်နေကြောင်း

ဤသို့ တိုင်းပြည်အခြေအနေ ပွက်ပွက်ထနေသည့် အချိန်တွ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များရှိ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးပါတီဝင် လွှတ်တော်အမတ်များနှင့် ထိုပါတီ၏ ထီးရို အောက်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးစသည်တို့ အငြင်း ပွားမှုကလည်း ထူးဆန်းလှသည်ဟု ယူဆစရာရှိကြောင်း၊ အင်အား ကြီးတစ်ခုတည်း၏ ထီးရိပ်အောက်ရှိသူများ ဆူဆူညံညံ အငြင်းပွား ခြင်း သည် သွေးရိုးသားရိုးလား ဆန်းဆန်းပြားပြားလား တွေးစရာဖြစ်လာ ကြောင်း တမင်ပွဲဆူအောင်လုပ်နေခြင်းတော့ မဟုတ်တန်ကောင်းဟု အောက်မေ့ရကြောင်း၊ ၂၀၀၈ ကပင် ဤအုပ်စုများအားလုံးဝိုင်း၍ ထိုအခြေခံ ဥပဒေကြီးကို ပြုခဲ့ကြသည်မဟုတ်လား။

အကြောင်းကိစ္စအမျိုးမျိုးနှင့် ပတ်သက်၍ မတူကွဲပြားသော အယူအဆ၊ မတူကွဲပြားသော ရပ်တည်လှုပ်ရှားမှု ရှိကြသည်မှာ မဆန်း ပါ။

သို့သော် ယခုကိစ္စများမှာ တိုင်းပြည်၏တည်ငြိမ်မှုကို ခြိမ်းခြောက် သည့် အဆင့်အထိ ရောက်သွားမည်ကို စိုးရိမ်ရပါသည်။

တိုင်းသူ ပြည်သားများမှာ ခဲမှန်ဖူးသည့် စာသူငယ်လို ကြောက် အားပိုနေကြရသည်။ ၁၉၆၂ မတ်လ ၂ ရက် နံနက်က တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က 'ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အထူး ယိုယွင်းလာသော အခြေအနေဆိုးများကို ထိန်းသိမ်းနိုင်ရန် အလို့ငှာ ဗမာ့တပ်မတော်မှ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်လိုက်ပြီဖြစ်ကြောင်း အစီရင်ခံပါသည်'ဟု မြန်မာ့အသံမှ ကြေညာလိုက်သည်။ (ထိုအသံမျိုး ၁၉၈၈ ကလည်း ပြန်ပေါ်သည်။ နောက်ထပ်ပေါ်လာဦးမလား။)





တော်လှန်ရေးကောင်စီမှ တာဝန်ရှိသူများက ၁၉၆၂ မတ်လ ၇-ရက် ဒဂုံရိပ်သာတွင် သတင်းစာဆရာများနှင့် တွေ့ဆုံပြီး

ပထစအစိုးရလက်ထက် နိုင်ငံတော်တွင် အထွေထွေ အကျပ် အတည်းပေါင်းစုံ ကြုံတွေ့နေသည်။ နိုင်ငံရေး အကျပ်အတည်း၊ စီးပွား ရေး အကျပ်အတည်းများ ဖြစ်ပေါ်နေချိန်တွင် ဖက်ဒရယ်မူ အကျပ် အတည်းနှင့် ထပ်မံရင်ဆိုင်ရပြန်သည်။ တော်လှန်ရေးကောင်စီက နိုင်ငံ တော်၏ တာဝန်ကို လွှဲပြောင်းယူရသည့် အဓိက အကြောင်းရင်းမှာ ဖက်ဒရယ်မူ ပြဿနာပင်ဖြစ်သည်။

တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူလိုက်ရခြင်းမှာ စီးပွား ရေး၊ နိုင်ငံရေးနှင့် ဘာသာရေးကိစ္စ အကျပ်အတည်းများဖြစ်ပေါ်နေပြီး နောက်ဆုံး ဖက်ဒရယ်မူ ကိစ္စနှင့်ပတ်သက်သော အကြောင်းတို့ကြောင့် ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ (ပီ ကျော်ဟန်၊ တော်လှန်ရေးကောင်စီခေတ် နှဲ့ ကျွန်တော်၊ စာ ၁၃၊ ၁၆၊ ၁၈)

တိမ်တောင်သဖွယ် မင်းရေးကျယ်ဆိုသကဲ့သို့ တိုင်းပြည်၏ ကိစ္စ ရေးရာ၊ အချုံအခါး အမျိုးမျိုးဖြစ်ပေါ်နေသည်မှာ ဆန်းသည်ဟု မဆို သာပါ။

သို့သော် ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီသားငယ်ကို ဖွားပြီး စ သွေးနုသားနု အခြေအနေဖြစ်သည်။ ဤအချိန်တွင် ညှော်နံ့အမျိုးမျိုး တို မခံနိုင်ပါ။ ဆူညံသံ၊ ပေါက်ကွဲသံများကို မခံနိုင်ပါ။ အပြေးအလွှား မလုပ်နိုင်ပါ။

ဒီမိုကရေစီသားငယ်တာကလေးသည် အေးချမ်းသော အခြေ အနေကို လိုပါသည်။ အားလုံး၏ မေတ္တာကို လိုပါသည်။

ထို့ကြောင့် ဒီမိုကရေစီ သားငယ်ကလေးကို မီးတွင်း၌ အသက်



www.burmeseclassic.com

www.burmeseclassic.com



မဆုံးရှုံးစေလိုလျှင် တိုင်းပြည်တွင် ငြိမ်းချမ်းရေး အမှန်တကယ်ရဖို့လို
သည်။ ဘယ်အကြောင်းပြချက်နှင့်မျှ ငြိမ်းချမ်းရေးကို မပျက်ပြားစေ သင့်
ညီညွတ်ရေး၊ နားလည်မှု ရှိကြရေး၊ သည်းခံခွင့်လွှတ် ကျေ
ရေးတို့လည်းလိုပါသည်။ မာနအမျိုးမျိုးကို ထိန်းကြမှ၊ ဆင်ခြင်ကြမှ၊ ၂၀
အထိ လှော်ခတ်နိုင်မှ။ အချုပ်ဆိုလျှင် လှေလူးအောင်၊ လှေမှောက်အော
မည်သူမျှ မကြံစည်သင့်ကြပါခင်ဗျား။ Rock the boat မလုပ်ကြပါနှ

ဒီတစ်ခါလွဲလျှင် ငရဲက ပွက်ပွက်ထမျိုပါလိမ့်မည်။

၃-၉-၂၀၀၂ မုံရွာ





## ကင်းခြေများပြူကြီးရဲ့ ကျောပေါ်မှာ တွားသွားခြင်း

### တ်ခဲ့လို့ခေါ်

မော်မြေမြင့် တောင်တန်း
ဘယ်ကွေ့ ညာခွေနဲ့
တက်တိုင်းလေ လိမ်ခွေကောက်
တောတောင်ပေါက်လမ်း။

(ဇော်ဂျီ)

ခရီးသွားတဲ့ ကိစ္စတွေဟာ ထမြောက်ခဲ့ပါတယ်။ မအားမလပ်လို့ဖြစ်ဖြစ်၊ ကျန်းမာရေး မကောင်းလို့ဖြစ်ဖြစ်၊ အဆင်မပြေစရာ တစ်ခုခုရှိလို့ဖြစ်ဖြစ်၊ ခရီးသွားဖို့ အကြံပျက်တတ်ပါတယ်။ ကျွန်တော်တို့ လူမျိုးတွေအတွက်တော့ အထူးသဖြင့် ငွေကြေးစရိတ် မပြည့်စုံတတ်လို့ ပျက်ကြရတာများပါတယ်။ ဒါတောင် အခုခေတ်မှာ အုပ်စုလိုက် ဘုရားဖူး ခရီးထွက်ကြတာတွေ အလွန်ခေတ်စားလာပါတယ်။ တောရွာတွေမှာတောင် လူစုပြီး ကားကြီးနဲ့ ဘုရားဖူးခရီးထွက်တတ်ကြတယ်။ ကျောင်းထဲတည်း၊ ဘုရားဇရပ်တွေမှာတည်းနဲ့ ဖြစ်သလို ပျော်ပျော်သွားတတ်နေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



တွေမှာတည်းနဲ့ ဖြစ်သလို ပျော်ပျော်သွားတတ်နေကြပြီ။

တစ်ဦးချင်း၊ တစ်အိမ်ထောင်ချင်းထွက်ကြရတာတွေကတော့ ပိုခက်တတ်ပါတယ်။ သင်္ကြန်တို့၊ နတ်ပွဲတို့မှာ သွားဖြစ်တတ်ကြတယ်။ ကိုယ်ရေးကိုယ်တာထဲမှာတော့ မလွှဲသာတဲ့ နာရေးရှိလာရင် ထပြေး ရတော့တာပဲ။

ကျွန်တော်လည်း မကြာခင်က ဆွေမျိုးသားချင်းတစ်ဦး ကျောက်မဲမှာ ဆုံးသွားလို့ ထပြေးလိုက်ရပါတယ်။

ကျွန်တော်က ပြင်ဦးလွင် (မေမြို့) ရဲ့ ဟိုဘက်ကို တစ်နေရာမှ မရောက်ဖူးဘူး။ အမှန်ပြောရရင် မုံရွာ ရန်ကုန်လမ်း အခေါက်ပေါင်း တစ်ရာရှိချင်ရှိမယ်။ တခြားနေရာတွေ သိပ်မသွားဖြစ်တည့်ဘူး။ ချင်းတွင်း မြစ်တောင် မုံရွာအထက် မဆန်ဖူးသေးဘူး။ ဒေသန္တရ ဗဟုသုတနည်းတယ် ပြောရမှာပါပဲ။ ဒါကြောင့် တစ်ခါ တစ်ခါ ကိုယ်မရောက်ဖူးသေးတဲ့ နေရာများ ရောက်ရရင် စိတ်ထဲမှာ စွဲထင်ချက် အလွန်ကောင်းတတ်ပါတယ်။ အဲဒီလို သွားလာမြင်တွေ့ခံစားရတာ တွေလည်း ပီတိဖြစ်တတ်မိဘာ အမှန်ပါ။ ကိုယ်သိပ်မသွားဖြစ်ပေမဲ့ ခရီးသွားကြ ဘုရားဖူးထွက်ကြတာတွေကို သဘောကျတယ်။ ရောက်ရာ အရပ်မှာ ဝန်မဖိ အနှောင့်အယှက် မလုပ်မိကြရင်ပေါ့လေ။

ကျောက်မဲကို ဘယ်လိုသွားရမလဲလို့နီးစပ်ရာတွေကို မေးကြည့်မိတယ်။ မန္တလေး၊ ကျောက်မဲကားက မနက် ၈ နာရီလောက်ထွက်တတ်ဆိုပဲ။ အဲဒါမှ ခွ။ မန္တလေးမနက် ၈ နာရီရောက်အောင် မုံရွာက ထွက်တဲ့ကားမရှိ။ မုံရွာကားက အစောဆုံး ၅ နာရီထွက်တာဆိုတော့ မန္တလေး ၈ နာရီကျော်မှရောက်မယ်။ ကျောက်မဲကို ဗင်ကားကလေး တွေနဲ့ သွားတာလည်းရှိတယ်လို့ မိတ်ဆွေတစ်ယောက်က ပြောတော့-





ဘယ်အချိန်တွေ ထွက်လဲ

တစ်နေ့လုံးလို ရှိတယ်ထင်တာပဲ

ဘယ်နားသွား စီးရလဲ

ဈေးချိုနားက ကားကွင်းကြီးမှာ ရှိတယ်။ ကားခတစ်ထောင် ကျော်လောက်ပဲ။

ဟန်ကျပဟလို့ တွေးလိုက်မိပါတယ်။ မန္တလေးကို မုံရွာကား ဆိုက်တော့ အဲဒီကားကွင်းနားဆင်း၊ စုံစမ်းလိုက်တော့၊ ထွက်တော့ ထွက်တယ် ပြင်ဦးလွင် အထိသာ ပို့တာတဲ့။

ဒုက္ခပါပဲလို့ အောက်မေ့လိုက်ရပြန်တယ်။ ဒါနဲ့ ကျောက်မဲသွားတဲ့ကားကဘယ်နားရှိလဲလို့ ထပ်စုံစမ်းတော့ ဘူတာကြီးနားဆိုလို့ သွားကြရပြန်တယ်၊ တွေ့တော့ကျောက်မဲ ဘယ်လောက်လဲလို့ မေးတဲ့အခါ ၅၅၀၀-၆၀၀၀-၆၅၀၀ တဲ့။

မဟုတ်သေးပါဘူး။ ပြောလိုက်တဲ့ နှုန်းနဲ့ကွာလှချေရဲ့လို့ အံ့ဒေါ ကလေးထမိတယ်။

ဒါနဲ့ ဘူတာကြီးနဲ့လည်း နီးနီးဆိုတော့ ဘူတာကို ရထားလက် မှတ်သွားမေးတော့ မရောင်းသေးပါဘူး၊ လားရှိုးကရထား အခု ၁၀ နာရီအထိ ဆိုက်မလာသေးတော့ရောင်းလို့ မဖြစ်ဘူး၊ ရထားဆိုက်မှလာတဲ့ အဲဗျား၊ အဲဒီရထားဘယ်အချိန်ကျမှ ဆိုက်မှာပါလိမ့်။ ပြီးခဲ့တဲ့ ညက ဆိုက်ရမယ့်ရထားတဲ့။

ဒါနဲ့ ဖနီးနဲ့ ဘူတာရုံနားက စားသောက်ဆိုင်ကြီးသွားပြီး စားရင်း စဉ်းစားရတော့တယ်။ သူက ပြင်ဦးလွင်ကို ခဏဝင်ချင်တယ်ဆိုတော့ အဲဒီတက်ဖို့ ဆုံးဖြတ်လိုက်ရတယ်။ စားသောက်ဆိုင်ကပဲ ပြင်ဦးလွင် ကားဂိတ်ကို ဖုန်းဆက်လိုက်တော့ ခဏနေရင်ပဲ ဗင်ကားကလေး ရောက်



www.burmeseclassic.com

www.burmeseclassic.com



ဗင်ကားကလေးက နောက်ထပ် မိန်းကလေးခရီးသည် နှစ်ယော
ကို လမ်းမှာပဲ ဝင်တင်တယ်။ အဲဒီ မိန်းကလေးတွေကလည်း ဖုန်းဆက်
မှာထားကြတာတဲ့။ မိန်းမပျိုကလေးတွေ၊ တစ်ယောက်ချင်းစီ သွားနေကြ
တာပဲ။ အကြောက်အလန့် အစိုးအရိမ်မရှိ။

မန္တလေးဟာ တစ်အားဆန့်ထုတ်ထားတယ်။ ကျွန်တော်တို့ မန္တလေး
ကောလိပ်မှာ ကျောင်းနေတုန်းက ကြည့်မဆုံးတဲ့ လယ်ကွင်း ကြီးတွေဟာ
အခုတိုက်တာ ဗိမာန်ကြီးတွေ ဖြစ်နေကြပြီ။ ဧရာမ စံအိမ် စံနန်းလို
ခေါ် ရလောက်အောင် ကျယ်လည်းကျယ်၊ ကြီးလည်းကြီး၊ မြင့်လည်းမြင့်
လှလည်းလှ၊ ကောင်းလည်းကောင်းတဲ့ တိုက်မဟာကြီး တွေပါပဲ။ ဘူးသီး
ကြော်ဆိုင်းဘုတ်တွေနဲ့။ ဟိုတုန်းကတော့ လယ်တောတွေ။ လယ်တောတွေ
မရှိခင်က အောင်ပင်လယ်ကန်၊ ရတနာနဒီ မြစ်ကြီး၊ တောင်သမန်အင်း
တက်သေးအင်း၊ မန္တလေးကို ရေပြင်ကြီး တွေက ဝိုင်းထားတယ်။ အဲဒီတော့
ဥတုလည်းမျှပြီး နေလို့ထိုင်လို့ ပိုကောင်းကောင်း ကောင်းခဲ့မယ်။ အခုတော့
ရေပြင်တွေ ပျောက်၊ လယ်တွေပျောက်၊ တိုက်ကြီးတွေရောက်။ ဥတုလည်း
ဖောက်။ နဂါး အမောက်ထောင်သလို၊ နဂါးငွေ့တွေ ရှိန်တက်လာသလို
အပူရှိန်တွေ ပေါင်းအိုးကြီး ဗလောင်ဆူနေတဲ့ အတိုင်း။

ကားကလေးဟာ အဆက်မပြတ် ရပ်ကွက်သစ်တွေ၊ ရွာဟောင်း
ကလေးတွေ၊ ခြံတွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ စတိုးဆိုင်ကလေးတွေ၊ ကမ္ဘာ့
ဖလား ဘောလုံးပွဲပြ ဗီဒီယိုရုံကလေးတွေကို ဖြတ်ကျော်လာတယ်။ ထုံးဖို
အုန်းချောမြို့ငယ်ကလေးတွေရဲ့ ထုံးပူ၊ ကျောက်ပူ တံလျှပ် လှိုင်းတွေကြား
ဖြတ်လာတယ်။ ရွှေစာရံ ဘုရားသို့ ဆိုတဲ့ဆိုင်းဘုတ် ကလေးကို လွမ်းစိတ်ဝေ
ဝေနဲ့ ဖြတ်လာတယ်။

ကျောက်တောင်ကြီးတွေက အစိတ်စိတ် ပြိုကွဲပြီး လူတွေ အတွက်





င်းကျောက်တွေ၊ နံ့ရံကျောက်တုံးတွေ၊ ထုံးကျောက်တွေ ပေးမဆုံး ပေး
နေတယ်။ ဒီကျောက်တွေနဲ့ ဘုရားတည်၊ ကျောင်းဆောက်၊ တိုက်ဆောက်၊
ဆင်းခင်း။ ကျောက်တောင်တွေ ဖြိုပေးပြီး လူတွေ အတွက် ဘုံဗိမာန်ကြီး
တွေ ဖန်ဆင်းပေးနေတယ်။ ကျောက်တောင်တွေပျောက်၊ ဗိမာန်တွေရောက်။

မန္တလေးရဲ့ အရှေ့တောင်ထဲမှာ အဝေးက လှမ်းမြင်နေရတဲ့
ချွန်ချွန်တက်တက် ခက်ခက်ဖြာဖြာ တောင်ထွတ်ကြီးက ကျွဲနဖားတောင်တဲ့။
အဲဒီတောင်ကြီးနား ရောက်တော့ လမ်းကကွေ့ဝိုက်ပြီး ကျောက်တောင်တွေ
မြတောတွေကြား ထိုးဝင်သွားတယ်။ မန္တလေးက ၁၆ မိုင်။ တောင်ကုန်းတွေ
ပေါ် တက်ပြီ။ လမ်းဟာ အဖြောင့်ပြေးမဟုတ် တော့ဘဲ ငါးမျှားချိတ်လို
ကောက်ချိုးလိုက်၊ နောက်ထပ် ကောက်ချိုးလိုက်၊ နောက်ထပ် ကောက်
ချိုးလိုက်။ အမြင့်တက်တဲ့အခါ အဖြောင့် တက်ဆိုရင် ပန်းလည်းပန်းမယ်၊
အန္တရာယ်လည်း ရှိတယ်။ အကွေ့အကောက် ကြိုးကြိုးချိတ်တက်တက်
သွားတော့ အမောသက်သာတယ်၊ အန္တရာယ်လည်း နည်းတာပေါ့။
တောင်တက်လမ်းဗေဒလို့ ပြောမလား။

၂၀ မိုင်မှာ စမ်းချောင်းကလေးတွေ မြင်ရပြီ။ ခုတော့ စမ်းချောင်းထက်
စားသောက်ဆိုင်တွေ ပေါလှပါဘိ။ ဒုတိယ ကမ္ဘာစစ် မဖြစ်ခင်တုန်းကတော့
ဒီနားမှာ နာနတ်သီးရောင်းတဲ့ ပါးအို့ နီနီမိန်းကလေးတွေရဲ့ လေးတိုင်စင်တဲ
ဆိုင်ကလေးတွေ လောက်ပဲ ရှိတယ်ထင်တယ်။ မြို့ကမြေတွေကို မှီလာတယ်။

၂၂ မိုင်ကျတော့ ကုန်တန်ပိုစစ်ဆေးတဲ့ အခွန်အကောက် စခန်း
ကြီးရှိတယ်။ လုံခြုံရေးဝန်ထမ်း အင်နဲ့အားနဲ့။ ဒီတန်ပိုဂိတ်ကြီးတွေက
လည်း အဝေးပြေးကားလမ်းမကြီးတွေရဲ့ အဆင်တန်ဆာသစ်တွေပဲ
ထင်ပါတယ်။ လမ်းကို ဂိတ်စောင့်တယ်။

ပြင်ဦးလွင်လမ်းဟာ ဟိုတုန်းကတော့ တောကြီးတောင်ကြီးထဲက



www.burmeseclassic.com

ပြင်ဦးလွင်လမ်းဟာ ဟိုတုန်းကတော့ တောကြီးတောင်ကြီးထဲက လမ်းလို့ စိမ့်ဝင်ခံစားခဲ့ရတယ်။ ခုတော့ တောတောင်တွေ ပါးကျဲလာတယ်။ နေရောင် ပိုဝင်းလာတယ်။ အအေးဓာတ် အစိမ့်ဓာတ် လျော့လာသလား ထင်တယ်။

ပြင်စာ၊ ကျောက်ဖြူဦး၊ အောင်ချမ်းသာ၊ ဆင်ဂေါင်းစတဲ့ ရွာကလေးတွေ သီဖြတ်လာတယ်။ အနီးစခန်းလည်း ကျော်လာပြီ။ ကော်စီ ခြံတွေ၊ သစ်ပင်မြင့်တွေ။ စားသောက်ဆိုင်တွေ၊ ရွှေရောင်တဝင်းဝင်း တောင်ကုန်းထိပ် စေတီတော်ကြီး။ ပြင်ဦးလွင်။

ပြင်ဦးလွင်ဟာ ရုံးတွေနဲ့ ဆင်ယင်ထားတယ်။ စစ်တက္ကသိုလ် တွေနဲ့ ခံညားနေတယ်။ ယူကလစ်ပင်မြင့်မြင့်ကြီးတွေကလည်း မြို့ကျက်သရေ ကြည့်လေရာ စိမ်းစိုနေတယ်။ အေးနေတယ်။ အဲကွန်းမြို့။ နေပူထဲက အညာရွာတွေ မြို့တွေနှင့်တော့ အပူအအေး အသွေးအရောင် တခြားစီ

ရေချိုးခန်း အိမ်သာတွဲပါတဲ့ အခန်းမျိုးရှိတဲ့ ဟိုတယ်မှာ ချပေးဖို့ ဆိုတော့ ကားဆရာက မြို့လယ်ဈေးနားက ရွှေအိပ်မက်ဟိုတယ်မှာ ချပေး တယ်။ ကျွန်တော်တို့လည်း တစ်ညနားရုံပဲဆိုတော့ သိပ်ရွေးများ မနေဘူး။ ဟိုတယ်ခက နည်းလိုက်တာ၊ နှစ်ယောက်မှ ၁၂၀၀ ထဲ (တည်း) ရေချိုးခန်း၊ အိမ်သာ၊ ပန်ကာ၊ ဗီရိုကလေး၊ စားပွဲခုံလို့ပါပဲ။

ခဏနေတော့ အောက်ဆင်း လမ်းလျှောက်ကြတယ်။ ပြင်ဦးလွင်မှာ ဘာတွေပေါတုန်းလို့များမေးရင် သေချာပေါက် ဖြေရမယ့် အဖြေက ဆွယ်တာဆိုင်တွေပါဗျာဆိုတာပါပဲ။ လမ်းလျှောက်မိသမျှ အများဆုံးမြင် ရတာကတော့ ဆွယ်တာဆိုင်တွေပါပဲ။ သိုးမွေး၊ ယုန်မွေး၊ လက်ထိုး စက်ထိုး၊ လက်ထိုးကပိုဈေးကြီးတယ်။ မိုးရွာနေတော့ အေးလာလို့ ကျွန်တော်တို့လည်း ဆွယ်တာတစ်ထည်စီ ဝယ်လိုက်ကြရတယ်။





မမြို့ဈေးထဲဝင်ကြည့်ဖူးတော့ သားငါးတန်းမှာတောင် အညှီနံ့မရှိ လောက် သန့်ရှင်းတာ သတိရမိတယ်။ အခု ပြင်ဦးလွင်ဈေးကလည်း များကြီး သန့်ရှင်းပါတယ်။ အခင်းအကျင်းကတော့ ဈေးနဲ့တူရဲ့လား ဆိုနိုင်ဘူး၊ နည်းနည်းရှုပ်ချင်ပါတယ်။

ကျွန်တော်တို့က ညသည်ဆိုတော့ စားကောင်းသောက်ဖွယ် ဆိုင်တွေ မရွေးနိုင်ဘူး။ တွေ့သလိုပဲ စားပြီး သင့်သလို ကျေနပ်ခဲ့ရပါတယ်။ ငြင်ဦးလွင်က ညနဲ့အလုပ်လုပ်တဲ့ မြို့ဆိုတော့ ပိုမျှော်လင့်ချင်တယ်။

မိုးကလည်း ခဏခဏရွာတယ်။ အပြင်သိပ် မထွက်သာဘူး။ ရုက္ခ ဗေဒဉယျာဉ်တောင် မသွားခဲ့နိုင်ဘူး။

အရေးကြီးတာက နောက်တစ်နေ့ ကျောက်မဲသွားဖို့ လက်မှတ် ယ်ရတဲ့ကိစ္စပါပဲ။ ဟိုတယ်ဝန်ထမ်းတွေက အကူအညီပေးလို့ ကား က်မှတ်ဝယ်လို့ ရပါတယ်။ ဟိုင်းလတ်ကား ရှေ့ခန်းက မရတော့လို့ နောက်ခန်းကပဲ ဖြတ်ခဲ့ရသတဲ့။ အို ဘာဖြစ်ဖြစ်လေ အနည်းအကျဉ်း တော့ ဒုက္ခခံရမှာပေါ့လို့ပဲ အောက်မေ့နေလိုက်တယ်။

ကားခကလည်း လားရှိုးအထိစီးစီး၊ ကျောက်မဲဆင်းဆင်း၊ ၁၇၀၀ တဲ့။ လမ်းဆင်းမို့လို့လျှော့တာမလုပ်ဘူး။ ထုံးစံတဲ့။ ဟိုနေ့က မန္တလေး မှာ ၂၀၀၀-၆၀၀၀ ဆိုတာကလည်း လားရှိုးနှုန်းပါပဲ။

နောက်နေ့ မနက်ကျတော့ ကားဂိတ်က ဆန်နီပစ်ကပ်ကလေး လွှတ်ပြီး လာခေါ်တယ်။ ဟိုရောက်လို့ ကြည့်လိုက်တော့ အမယ်လေး-

ကျွန်တော်တို့ လိုက်ရမယ့် ဟိုင်းလတ်မှာ ကုန်သေတ္တာတွေကို နှစ်ပေကျော်လောက် စင်းလုံးပြည့် တင်ထားတယ်။ သရက်သီး သေတ္တာ တွေ။ အဲဒီပေါ်မှာမှ ကားကူရှင်ကလေး သုံးတန်းခင်းထားတယ်။ အမိုးနဲ့ ခေါင်းနဲ့ မလွတ်ချင်။ ကားပေါ်တက်တာကိုက စစ်မြေပြင်မှာ မိကျောင်း



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တွားတက်ရသလိုပါပဲ။ ကျွန်တော်တို့က ဝဝထွားထွားနဲ့ဆိုတော့ မှ တကဲ့ ဒုက္ခကြီးပါပဲ။ ကားပေါ်ရောက်သွားတော့ ခြေထောက်ထ ရမယ့် နေရာက တစ်ထွာပြည့်ပုံ မပေါ်ဘူး။ ဒူးကို ကွေးထောင်ထ ရတယ်။ ခေါင်းနဲ့ ကိုယ်ကို နောက် ခပ်လှန်လှန် နေရတယ်။ အရှေ့ လတ်လတ် ပီကင်းဘဲ ဖြစ်ရတာပါပဲ။ ကျွန်တော်တို့ ရွာမှာ ဝက်တွေ ရောင်းပြီဆိုရင် ခွေးနဲ့လိုက်ကိုက်၊ ခြေလက်တွေတုပ်ပြီး လှည်းပေါ်တင် အပေါ်က သစ်သားကြမ်းဖုံး၊ ဝက်တွေက မလှုပ်သာ မလွန့်သာ တကီကီ မြည်ကြတယ်။ ငါလည်း ဝက်တွေကို အဲဒီလိုလုပ်ဖူးလို့ ဝဋ်လည်တာထ လားလို့ ထင်မိပါတယ်။

မဖြစ်ဘူး၊ ဒီကားနဲ့ မလိုက်ဘူးလို့ စိတ်ဖြစ်မိတယ်။ အဲဒီလို ဘယ်ကားနဲ့ လိုက်မှာလဲ။ ရွေးဖို့ ပြေးဖို့မလွယ်။ ကားပေါ်မှာ ကြည့် လိုက်တော့ ကျွန်တော်တို့ နောက်တန်းမှာ လူ ၁၂ ယောက်ပါတယ် အနက်ရောင်ဝတ် မိန်းမတွေများတယ်။ ယောကျ်ားတစ်ယောက် နှ ယောက်။ အဘိုးကြီးတွေ၊ သူတို့ကတော့ အေးအေးပဲ။ စကားပြောတ မိန်းမတွေကလည်း ကွိစိကွစိ၊ တချို့ကလည်း ငြိမ်လို့၊ ဘာဆိုဘာ မဖြစ်သလို။ အင်း ငါတို့က သည်းသည်းလှုပ်နေရတော့လည်း ရှက်တော ရှက်စရာ။ အများပြည်သူ သွားသလို မသွားနိုင်ဘူးလား။ သူတို့ ငါတို့လိုတော့ မဝဘူး။ ပိန်တဲ့သူများတယ်။ ကဲလေ ဘာပဲဖြစ်ဖြစ်။

မော်တော်ကား ရှေ့ကြည့်ချင်လို့လည်း တယ်မမြင်ရ၊ ဘေး ကြည့်ချ လို့လည်း တယ်မမြင်ရ။ ကျွန်တော်ကလည်း ကြည့်ချင်သပ။ မရမက ရသမျှကလေးတွေကို မျက်လုံးတစ်ဝက်တစ်ပျက် လှတ်ကြည့်ရတယ်။

ပြင်ဦးလွင်က ထွက်လာပြီ။ တောင်ကုန်း တောင်စောင်းတွေ ကောက်ကြောင်း အမျိုးမျိုးဆွဲ အစိမ်းမှုန်သွားတယ်။ ယာကွက်တွေ





ရခါးရွာတွေ၊ တဲနိမ့်နိမ့်ကလေးတွေ၊ အရှေ့ဘက်ကို နိမ့်ဆင်း ကျ တယ်။ နာမည်ကျော်တဲ့ မဟာအံ့ထူးကံသာ ဘုရားကြီး၊ ပိတ်ချင်း တို့ကို ကျော်လာတယ်။ ဝက်ဝံတဲ့၊ ပြင်ဦးလွင် မြေဆုံးပြီး နောင်ချိုမြေက တရက် နှုတ်ဆက်လိုက်ပါတယ်။ ရှမ်းပြည်နယ်ထဲ ဝင်ပြီလေ။

နောင်ချိုမှာ စိုက်ခင်းကြီးတွေ ပေါ်ပုံပေါ်တယ်၊ ကြံစိုက်ခင်း၊ ဖီစိုက်ခင်း၊ ဆိုင်းဘုတ်တွေလည်း ထူထားကြတယ်။ အရင်အနှီး သေးတဲ့ လုပ်ငန်းတွေပါ။ ရွာကလေးတွေမှာ သက်ငယ်မိုးတဲကလေး တွေ အစား၊ သွပ်မိုးတိုက်ကလေးတွေ တော်တော်နေရာယူလာကြ တယ်။ ဆိုင်ကလေးတွေလည်း အစီအရီ ရောင်စုံယှက်လာတယ်။ ကျေးလက်မြို့ပြ ပြောင်းဖြစ်စဉ်။ ဥဒ္ဒုံထဲက လိပ်ပြာကလေး ပျံ ထွက်တော့မလို။

လမ်းဘေးမှာ ကျွဲနဲ့ ထယ်ထိုးနေတာလည်း တွေ့ရတယ်။ ပေါက် ပြားနဲ့ မြေကို ရှုပ်ဆွယက်နေကြတဲ့ အမျိုးသမီးတွေလည်း မြင်ရတယ်။ ထော်လာဂျီ တဂျုန်းဂျုန်းနဲ့ လှုပ်ရှားနေတဲ့ ယာတွင်းလုပ်ငန်းလည်း လှမ်းမြင်ရတယ်။

အဝေးကို လှမ်းကြည့်ရင်တော့ စိမ်းပြာပြာတောင်တွေ ဝိုင်း နေတာပဲ။ သဘာဝပေါက်ပင်တွေနဲ့ စိုက်ခင်းတွေကလည်း စိမ်းနေ တာပဲ။ အစိမ်းကတော့ မြေပြန့်နဲ့ မတူအောင်ကို စိမ်းပါတယ်။ မျက်စိတစ်ဆုံး မြကုန်းမြလျှို မြကော်ဇောမို့မို့ ရှိုင်းရှိုင်းကြီး ခင်းထားသလို ပါပဲ။ အဲဒီထဲမှာမှ တစ်နေရာရာမှာ စိုက်ခင်း၊ ပျိုးခင်း မဝင်သေးရင် အဲဒီ နေရာကတော့ မြေနီသမှုနီ။ ပိတ်စနီကို ဖြန့်ချထားသလိုပဲ။ အစိမ်းထဲကအနီ၊ ကောင်းကင်ပြာကြီး အောက်က အစိမ်းနဲ့အနီဆိုရင် တမ္ဘောဇ ပန်းချီလို့တောင် ပြောနိုင်ပါလိမ့်မယ်။

မန္တလေးက ပြင်ဦးလွင် ၄၂ မိုင်၊ ပြင်ဦးလွင်က နောင်ချို ၃၅



www.burmeseclassic.com

www.burmeseclassic.com



မိုင်၊ နောင်ချိုက ကျောက်မဲ ၃၀ မိုင်၊ ကျောက်မဲနဲ့ သီပေါ ၂၁ မို
မန္တလေးက လားရှိုးအထိ ၁၇၅ မိုင်ဝေးသတဲ့။ ကားလမ်း၊ ရထားလ
ပဝါတစ်ကမ်းလက်တစ်လှမ်း သွားနေကြတယ်။ ရထားကတော့ တစ်
အတက်တစ်စင်း၊ အဆင်းတစ်စင်း၊ ကားတွေကတော့ ပုရွက်ဆိ
ကြောင်းလိုက်နေကြသလိုပါပဲ။ ဂန္ထာလရာဇ်လမ်းမကြီးလေ။

နောင်ချိုဟာ သန့်ရှင်းလှပ ကျေးလက်ဆန်တဲ့ မြို့ကလေးပါ
ဒီနားမှာတော့ ဓနုလူမျိုးတွေ အနေများတယ်ဆိုတယ်။ ၁၉၃၀ လော
တုန်းက တော်လှန်ရေးခေါင်းဆောင်ကြီး ဆရာစံဟာ ဒီနယ်မြေ
အခြေခံပြီး နယ်ချဲ့ဆန့်ကျင်ရေး လက်နက်ကိုင် တိုက်ပွဲကြီး ဆင်
ကြိုးစားခဲ့ဖူးတယ်။ ဆရာစံဘက်ကို စိတ်ညွတ်ကိုယ်ညွတ် အား
ထောက်ခံကြတဲ့ ရှမ်းပြည်သူ လူထုတွေ တောတောင်အပြည့်ပါ
ရဲရဲတောက် မျိုးချစ်စိတ်ဓာတ်တစ်ခု တည်းနဲ့ ကမ္ဘာ့ အင်အားအကြီး 
နယ်ချဲ့ ယန္တရားကို ဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့ ဒီမြန်မာခေါင်းဆောင်ကြီးဟ
အလေးပြု မကုန်စရာပါပဲ။

နောင်ချိုနားတစ်ဝိုက်မှာ တောင်တွေဟာ ဝှမ်းစောင်ဖြူဖြူ 
ထားကြတယ်။ တောင်သားစိမ်းညို့ညို့ကို မမြင်ရ၊ တောင်ခိုးဖြူဖြူ တွေ
မြင်နေရတယ်။ ဝှမ်းစနုဖြူ ဝှမ်းမှုန်ဝေဖြူ ဖြူဖြူ ဖြူဖြူ တရုတ်ပန်းချီဆန်
ရှုခင်း၊ မြန်မာနိုင်ငံက အလှဆုံးနေရာတစ်ခုလို့တောင် ထင်တယ်။

နောင်ချိုလွန်တော့ လမ်းက အောက်ကို ခုန်ဆင်းတယ်
ဘယ်လောက် ဆင်းမှန်း မသိဘူး၊ အနက် အနက်ကြီးပါပဲ။ အောက်
လှမ်းကြည့်လို့ မမြင်ရဘူး။ ကားကသာဆင်း၊ ပြီးတော့ ဆင်း၊ ပြီးတော
ဆင်း။ ဇောက်ထိုး မိုးမျှော် ထိုးဆင်းတာမျိုး မဟုတ်ပါဘူး။ လမ်း
အချိတ်ဆင်လို တစ်ဆစ်ပြီး တစ်ဆစ် ဆင်းတာ။ ဆင်းနေတာပဲ၊ ဘယ်





အထိများ ရောက်လေမလဲလို့ တောင် စိတ်ထဲ ထင်မိသေး၊ ပြောကြတဲ့ ဘုံတွေများတွေ့နေရဦးမလား၊ တချို့နေရာတွေမှာ တောင်နံရံက စမ်းကလေးတွေ စိမ့်ဖြာနေတယ်။ အောက်က ကားတက်လာတဲ့အခါ အပေါ်က ကားက တန့်စောင့်။ တစ်စင်းနဲ့ တစ်စင်း လိုအပ်သလို ရှေ့ထိုးနောက်ငင် ရွှေ့ပေး။ ကားသမားတွေ သိပ်ကိုယ်ချင်းစာကြ၊ နားလည်မှု ရှိကြ တာပဲ။ ဒီကားသမားတွေ လုပ်ပုံမျိုးဟာ လူ့လောကကြီးအတွက် စံဖြစ် လိုက်စေချင်ပါဘိတော့။ ဩော် ဒီနေရာက ဂုတ်တွင်းတဲ့။ ဒါ ဂုတ်တွင်း စိတ်ဓာတ် ခေါ်မှာပေါ့နော်။ လူဟာ အခက်အခဲ ကြီးတဲ့အခါ စည်းလုံး တတ်ကြပါတယ်။ အခက်အခဲက အင်အားကို မွေးဖွားပေးတတ်ပါတယ်။ နည်းပညာရော။

ကျွန်တော်က လမ်းဘေး မိုင်တိုင်ကလေးတွေကို မြင်လို့ရသမျှ လှမ်းကြည့်မိ၊ မှတ်မိပါတယ်။ စိတ်အထင်၊ အပေါ်က ဆင်းလာတာ တစ်မိုင်ကျော်ပြီ။ နောက်ထပ် တစ်မိုင်လောက်။ အချိတ်လမ်းမှာ ဆင်းမ ပြီးသေး။ အောက်က တက်လာတဲ့ ကားတွေနဲ့လည်း ကိုယ်ချင်းစာစာ ရှောင်နေရတယ်။ ဒီတောင်နံရံမှာ ဒီဇောက်ထိုးဆင်းတဲ့ လမ်းကြီးကို ဒီလောက်စိတ်ကူးရဲရဲ၊ လုပ်အားရဲရဲနဲ့ ဖောက်ခဲ့ကြတဲ့ သူတွေကို ချီးကျူး မိတယ်။ တည်ဆောက်ရေး လုပ်သမှုတွေဟာ ချီးကျူးစရာတွေ အလွန် များပါတယ်။ တည်ဆောက်ရေးတွေကို အကောင်းဆုံး လုပ်နေနိုင် ကြပါစေလို့ ဆန္ဒပြုမိပါတယ်။ ငြိမ်းချမ်းရေးအတွက် တည်ဆောက်ရေး။

ရေသံတွေ တဝေါဝေါ ကြားရတယ်။ ဟော အောက်နားမှာ ချောင်း။ ဝါးနှစ်ပြန်စာလောက်လို့ ထင်ရတယ်။ ဒါပေမဲ့ ရေစီးသံ တဝေါ ဝေါ။ ကျောက်တုံးတွေပေါ်မှာ ရေအဟုန်ပြင်းပြင်း ဆင်းနေတာ။ ချောင်းပေါ်မှာ တံတားရှိတယ်။ ရဲအစောင့်လည်းရှိတယ်။ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကတစ်တောင် လောက် ငါးကြီးကိုဆွဲလာတယ်။ တံတား
ဖြတ် လိုက်တော့ တစ်ဘက်က ကျောက်မဲ မြို့နယ်။ (ယခု ဤဂူတ်တွင်
လမ်းကြီးကို ပြင်ထားပြီ။)

ဆင်းလာခဲ့ရသလို အခုပြန်တက်ရပြန်ပြီ။ အဆင်းတုန်းက စော
ပေမဲ့ အတက်ကျတော့ အတော်အတန် ပြေတယ်။ အချိတ်အဆစ် တွေ
ကလည်း သိပ်မတိုတော့ဘူး။ ကားဆရာက စက်အားမြှင့်ပြီး မောင်းပြီ

အမယ်လေး၊ အမယ်လေး၊ ကွက်တက်ပြီဗျလို့ ကျွန်တော်
အော်ရတယ်။ ခြေထောက်က ဆန့်သာလှုပ်သာ မရှိဘဲ ကြိုးနဲ့ တုပ်ထားသလို
ထိုင်ရလွန်းတော့ ခြေသလုံးကြွက်တက်တော့တာပါပဲ။ အဲဒါလည်း
အနေပြင်လို့မရ၊ ကြွက်တက် တက်တဲ့အတိုင်း အောင့်ခံနေရတာပဲ
မင့်သဘောနဲ့မင်းလို့ လွှတ်ထားလိုက် ရတယ်။ ဟာ ပေါင်ကြောတွေ
ကလည်း မျက်ပြန်ပြီ။ ဘာမှ လုပ်လို့မရ။ သူ့အတိုင်းပဲ၊ ထားလိုက် ရတယ်
ခံတော့ မခံသာလှဘူး။

ရှေ့နားကျတော့ ကားက စက်စစ်ဖို့ ခဏအရပ်မှာ ကားပေါ်က
ဆင်းပြီး ကြွက်ကိုဖြေလွှတ်ချလိုက်ရတယ်။

ဇီးပင်စခန်းဆိုတဲ့ ရွာကလေးမှာ ကားရပ်ပြီး နံနက်စာ စား
ကြတယ်။ ထမင်းကြော်၊ မြီးရှည်၊ ရေစိမ်၊ ဆီကျက်၊ ကော်ဖီ၊ ကိုယ်ကြိုက်
ရာ စားကြတယ်။ ကျွန်တော်တို့တော့ မြီးရှည်နဲ့ ရေစိမ်မှာ စားလိုက် တာ
အရည်ဖြောဖြောနဲ့ မြေပြန့်နဲ့ မတူတဲ့အရသာ စားရတယ်။

ကမ္ဘော်ဇရွာတွေ မြို့တွေမှာ မြေပြန့်နဲ့ လုံးဝမတူတဲ့ အရည်
အချင်းတစ်ခု တွေ့ရတယ်။ အဲဒါက သန့်ရှင်းတာပဲ။ မြေပြန့်လို ဖုန်
မထဘူးကိုး။ သူတို့ကိုင်တွယ်ပုံတွေကလည်း သန့်ရှင်းပါတယ်။ ရေနွေး
အလွန်သုံးတယ်။ လူကလည်း ဖြူသေးသကိုးဗျ။





ဆက်လာတော့ ကျောက်မဲဟာ မဝေးတော့ပါဘူး။ လားရှိုး လမ်း
ကြီးပေါ်မှာ ကျောက်မဲမြို့ မုခ်ဦးကြီးကို မြင်ရတယ်။ ဒါပေမဲ့ ကျောက်
မဲမြို့တွင်းရောက်ဖို့ အတွင်း သုံးမိုင်လောက် ဝင်လိုက်ရတယ်။ အဲဒီသုံးမိုင်
လောက်အတွက် ကားမရနိုင်လို့ နာရီဝက်ကျော်စောင့်နေရသေးတယ်။
ကျောက်မဲမှာ မြင်းလှည်းမရှိဘူး၊ ဆိုက်ကားလည်း မရှိဘူး။ ရှားရှားပါးပါး
ဆိုက်ကားတစ်စင်းတော့ မြင်ခဲ့ရတယ်။ မြို့တချို့မှာ အဲဒီလိုပါပဲ။ ကိုယ့်ဝန်
ကိုယ်ထမ်း၊ ကိုယ့် လမ်းကိုယ်သွား။

နာရေးဖြစ်တဲ့ ဆွေမျိုးအိမ်က မြောက်ကုန်းမှာ၊ မြောက်ကုန်း က
တောင်ကုန်းငယ်ကလေးပါပဲ။ ကျောက်မဲဟာ တောင်ပတ်လည် ဝိုင်းနေတယ်
မြို့လယ်က ချောင်းစီးနေတယ်။ ဈေးနဲ့စည်ကားရာ အရပ်တွေက မြေညီပြီး
မြို့ပတ်လည်ရပ်ကွက်တွေက ကုန်းမြင့်မြင့်၊ တောင်ကုန်းတွေပေါ်မှာ
ဘုရားစေတီ၊ ကျောင်း၊ လူနေအိမ်တိုက် တချို့လည်း ရှိကြတယ်။

မြို့ဆိုတော့ ဆိုင်တွေလည်း စုံတာပေါ့။ ကျောက်မဲ မြီးရှည်က
နာမည်ကြီးလို့ စားကြည့်လိုက်တာ နာမည်ကြီးလောက်ပါပေတယ်လို့
စိတ်နဲ့ လက်ခံရတယ်။

တောထဲက ထွက်လာပြီး တောထဲတောင်ထဲ ဝင်သွားတဲ့ ရထား
လမ်းကလေးကိုလည်း တွေ့ရတယ်။ မီးရထားကတော့ အချိန်မမှန်တဲ့
နေရာမှာ တော်တော်သေချာပါတယ်။ မြန်မာဝန်ထမ်း စည်းကမ်း
ပေါ့လျော့လို့လား။ ဟိုတုန်းက မီးရထား အချိန်မှန်ပုံများတော့ မီးရ
ထားအဝင်အထွက်နဲ့ လက်ပတ်နာရီတိုက်ကြရတယ်ဆိုတယ်။ အသက်
ကြီးသူများ မှတ်မိမယ်။

ကျောက်မဲမှာ လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်း အလွန်
ကြီးကျယ်ပါတယ်။ အောက်ပြည်အောက်ရွာက ကျောက်မဲလက်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



အများဆုံး သုံးကြသတဲ့။ မုံရွာဘက်ကလည်း သုံးတယ်။ တချို့ နေရာတွေကျတော့ နမ့်စန်ကို ပိုသုံးကြသတဲ့။ သူ့အကြိုက်နဲ့ သူ ပေါ့လေ။

တောင်ပိုင် လက်ဖက်ပြင်

လယ်ဇင် ဆီလောင်း

နှမ်းမဲတီ ပဲခူးဆားနဲ့

သာဝါးမှ ကောင်း

ဆိုတဲ့ ကဗျာအစကလေးကို သတိရမိတယ်။ တောင်ပိုင်လက်ဖက်က ကျောက်မဲနယ်ကပါ။ လယ်ဇင်ကလည်း ကျွန်တော်တို့ရွာ။ ကျွန်တော်တို့အိမ်မှာ ဆုံတွေနဲ့ ဆီကြိတ်တာ မှတ်မိတယ်။ နာရေးမှာ ရပ်ကွက်ဝန်းကျင်က လှိုက်လှိုက်လှဲလှဲ ဝိုင်းကူကြတာ တွေ့ ရတယ်။ ကူညီတတ်တဲ့ ဓလေ့ကလေး ပွင့်လန်းစွင့်ဝေနေတယ်။

ပန်းတွေက မျိုးစုံပွင့်တာပဲ။ နှင်းဆီ၊ ကံ့ကော်၊ ကစ္စမီတွေ အပြင် လမ်းဘေးမှာ အဝါရောင်၊ ပန်းရောင်၊ ခိုပြာနုရောင် အလှေ့ပေါက် ပန်းကလေး တွေကလည်း ပြည့်လို့။ လက်ဖက်မြို့တော်လို့ ပြောတတ်ကြသလို ပန်းမြို့တော်လို့လည်း ပြောလို့ရမယ်။ ဥယျာဉ် မြို့တော် ဆိုလည်း မှန်တာပဲ။

၂၀၀၂၊ ဇွန်သုံးရက်ကလာတာ ခြောက်ရက်ကျတော့ ပြန်ရပြီ။ အပြန်မှာ မီးရထားနဲ့ ပြန်ပါတယ်။ မီးရထားလက်မှတ် ချောချောမောမောရတယ်။ တစ်နာရီ ကျော်လောက် နောက်ကျတဲ့ ရထားမှာ တွဲ ၇-တွဲ ပါတယ်။ ကုန်တွဲ တစ်တွဲ၊ သူ့ရထားနဲ့ သူ့ခရီးသည် စံစီရွေး ကိုက်အကိုက်ပါပဲ။ အသေးစား ပုခုံးထမ်း မှောင်ခိုတွေ မရှိတော့ မီးရထားချောင်ပါတယ်။ ကုန်တွေက ကွန်တိန်နာကားကြီးတွေနဲ့ သွားနေပြီလေ။ မနက်ကြီးရှိမှ အလုပ်ဖြစ်တော့တာ။ မနေ့ခေတ်၊ မနက်ရှင်ခေတ်။

စခန်းသာ နောင်ပိန်ဘူတာတွေ လွန်တော့ မီးရထားဟာ





ာထဲဝင်၊ တောင်ပေါ်တက်လာပါတယ်။ နောင်ချို နောင်ပိန်ဆိုတဲ့ န့်ရှင်မင်းသားဝင်းဦးရဲ့ သီချင်းနှင့် ရှမ်းမောင်းသံဝေ့ပုံ ကြော့ပုံ ကလေးကို ူးယောင်နေတယ်။ ကျောက်မဲအကျဉ်းသား ဇာတ်ကားကလားမသိ။ ာင်ကို ရစ်ရစ်ပြီး တက်နေပုံ ပေါ်ပါတယ်။ ဝါးတောကြီးတွေ ဆွေ့အား အားကောင်းလိုက် ကြတာ။ တော်တော်ကြာတော့ အောက်က ရထားလမ်းကလေးတွေကို မှုန်မှုန်သေးသေးကလေး မြင်ရတယ်။ ရထားဟာ တောင်ထိပ်ပိုင်းတွေကို ရောက်လာပုံပေါ်တယ်။ ဂုတ် ်တံတားကြီးကို ကျော်တော့မယ်။ ဥမင်လိုဏ် ခေါင်းကြီး နှစ်ခုထဲ ထမဖြတ်ရတယ်။ မှောင်သွားတယ်။ အမှောင်ထဲက ထွက်လိုက်တော့ ာ်ထိပ်တံတားကြီး ကမ်းပါးစောက်အမြင့် ဇရာနမ်းပဆေး မြစ်ပေါ်မှာ ာင်ထိပ်နှစ်ခုကို ယှမ်းဆက်ထားတဲ့ တံတားကြီး။ လေဟာပြင် ထဲက င်းခြေများဖြူကြီးလို။ မီးရထားက ရွှေ့တယ်ဆိုရုံ ရွှေ့ရွှေ့ကလေး ား ဖက်တွားရတယ်။ တံတားသံဘောင်ဖြူဖြူကြီးတွေဟာ အောက် နက်ကြီး ဆင်းသွားတယ်။ အောက်ခြေဟာ မမြင်ရသလောက် မှုန်နေ ယ်။ ရထားကလည်း ရွှေ့ရွှေ့ကလေး၊ လှုပ်လှုပ် လှုပ်လှုပ်။ လူတွေ ုတ်တုတ်မှ မလှုပ်ကြပါဘူး။ စောစောက ငိုနေတဲ့ကလေးတွေတောင် သံမထွက်ကြတော့ပါဘူး။ ရထားကြီးတစ်စင်းလုံး အသံတိတ်။ နှလုံးခုန် ်သွားကြသလို၊ နေပူထဲမှာ တံတားကြီးပေါ်က ရွှေ့ရွှေ့ကလေး ာင်းနေတဲ့ မီးရထားဟာ ပိုးနားသန်ကောင်ကလေးလိုပဲ၊ အောက်မှာ ရိပ်ပေါ်နေတယ်။ တံတား ကြီးနဲ့ ယှဉ်တော့ ရထားက မွှားမွှားမှုန်စီ လေး။ တံတားမှာ ဘေးကာ သံပေါင်ကြီးတွေ မရှိ။ တံတားကတုံးကြီး။ ကြောက်ဘဲ ဘယ်သူနေနိုင်မလဲ။ တံတားသက်တမ်းလည်းလွန်နေပြီဆို ား။ အောက်ကို ပေ ၁၁၀၀ ကျော်နက်သတဲ့။ ဒီလောက်မြင့်တဲ့ တံတား



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ပုံစံထုတ် ဆောက်နိုင်တဲ့ ပညာရှင်တွေကလည်း တော်ကြပါ
ကမ္ဘာပေါ်မှာ ဒုတိယ အမြင့်ဆုံး တံတားလို့ ဆိုကြပါတယ်။ သံမှိုပွင့်
တစ်သန်းရိုက်ထားတဲ့ ဒီတံတား (ပေ ၂၂၆၀) အတွက် ၂၀ ရာစုအဖွင့်
ကျပ် ၁၇ သိန်းကုန်ခဲ့ပါသတဲ့။ ဒုတိယ ကမ္ဘာစစ် အတွင်းက ဒီတံတားကြီး
အင်္ဂလိပ်ကလည်း ဖျက်ခဲ့တယ်။ ဂျပန် ကလည်း ဖျက်ခဲ့တယ်။ မြန်မာ
ပြန်ပြင်ခဲ့ရပါတယ်။ စစ်တိုက်တော့ သင်းတို့၊ နစ်နာတော့ ကျုပ်
ပြန်ပြင်ရတော့လည်း ကျုပ်တို့။

ဂုတ်ထိပ်တံတားဟာ မြန်မာနိုင်ငံမှာ အကြီးကျယ်ဆုံး၊ တည်ဆော
မှု ပညာအမြင့်ဆုံး တံတားလို့များ ပြောလို့ဖြစ်မလား။ တံတားဆော
ပညာတွေကလည်း ဟိမဝန္တာတောင်ထွတ်တွေလို မြင့် သထက်မြင့်မြင့်လာ
ကောင်းသည်ထက် ကောင်းလာပြီ။ ခိုင်ပါစေ။

ရထားကြီးဟာ ကွေ့ဆင်းလာတယ်။ လူတွေက မျှစ်စိမ်း
ကလေးတွေ လျှောက်ရောင်းနေကြတယ်။

၁၉-၆-၂၀





# ကဗျာကလျာ



www.burmeseclassic.com

www.burmeseclassic.com



## တောင် နဲ့ လူ

မိုး မိုး မိုးလား မောင်ရို့
လေ လေ လေလား မောင်ရို့
မိုးရော လေရော သောသောည်၊
အာကာယံက လျှပ်တဝင်းဝင်း။
ချင်းတွင်းမောင်တို့ ထွက်လို့လာ၊
တိုင်းပြည်သာယာ အေးချမ်းစေသား။

မန္တလေးတောင်ကို ဖြိုမယ်ကြံ၊
မန္တလေးသားတွေခံနိုင်မလား။
စစ်ကိုင်းတောင်ကို ဖြိုမယ်ကြံ၊
စစ်ကိုင်းသားတွေ ခံနိုင်မလား။
ကျောက်ဆည်တောင်ကို ဖြိုမယ်ကြံ၊
ကျောက်ဆည်သားတွေ ခံနိုင်မလား။
သိင်္ဂုတ္တရကုန်းကို ဖြိုမယ်ကြံ၊
ရန်ကုန်သားတွေ ခံနိုင်မလား။
မော်လမြိုင်တောင်ကို ဖြိုမယ်ကြံ၊
မော်လမြိုင်သားတွေ ခံနိုင်မလား။
ဖူဂျီတောင်ကို ဖြိုမယ်ကြံ၊
ဂျပန်လူမျိုးတွေ ခံနိုင်မလား။
ကျောက်တောတောင်ကို ဖြိုမယ်ကြံ၊
ယူနန်သားတွေ ခံနိုင်မလား။





ဖိုလ်ဦးတောင်ကို ဖြိုမယ်ကြံ၊
ပြည်မြို့သားတွေ ခံနိုင်မလား။
လက်ပံတောင်းကို ဖြိုမယ်ကြံ၊
မုံရွာသားတွေ ခံနိုင်မလား။
တောင်များအလှ ကျက်သရေ၊
ကမ္ဘာမကြေ လှပါစေသား။
ဟေး လာ မောင်တို့ ဝါး။

အံ့မောင်
၁၁. ၉. ၂၀၁၂ မုံရွာ



www.burmeseclassic.com

www.burmeseclassic.com



## တောင်လက်ပံတောင်း မပျက်ကောင်း

ရွှေကို မလို
ငွေကို မလို
ကြေးဆို သွား ကျောင်း
လက်ပံတောင်းဆို
ပြာမောင်း မြတောင်
အရောင် မပျက်
အဆင်း မပျက်
အမြင့် မပျက်
အလုံးအထည်မပျက်
ဆက်၍ ငါတို့ လိုသတည်း။

အံ့မောင်
၂၈-၁၀-၂၀၁၂ မုံရွာမြို့





## ပြည်သူ့ သူရဲကောင်းများ

လက်ပံတောင်းတောင်
ကြေးနီလုပ်ငန်း လုံးဝဖျက်သိမ်းရေး
လက်ပံတောင်းတောင်
မပျောက်ကွယ်ရေး
ပြည်သူ့ပစ္စည်းဥစ္စာများကို
ကာကွယ်ရေးတို့အတွက်
မိမိတို့ကိုယ်ကို အနစ်နာခံ၍
ဆန္ဒပြကြသူများသည်
ပြည်သူ့အကျိုးကို ဆောင်ရွက်သော
ပြည်သူ့ သူရဲကောင်းများဖြစ်သည်။

အံ့မောင်
နိုဝင်ဘာ ၂၀၁၂



www.burmeseclassic.com

www.burmeseclassic.com



## ဂီဝပင်ငယ်များသို့

ဒီစာရေးတဲ့သူဟာ
သားဖြစ်သူကို
ကင်ဆာနှင့် ဆုံးရှုံးခဲ့
ဆရာဦးဘဟိန်း ဒေါ်ရီရီအေးတို့လည်း
သား ကိုသော်ဇင် (ခ) ကိုမောင်မောင်ကို
လွန်ခဲ့တဲ့လက ဆုံးရှုံးခဲ့
ပြီးတော့ သား ကိုသန့်စင်ကိုလည်း
၂၆-၇-၂၀၀၄ တုန်းက ဆုံးရှုံးခဲ့
ကိုယ်ဝမ်းနည်းကြေကွဲရသလို
သူ၊ သူတို့လည်း ဝမ်းနည်းကြေကွဲ
ဟိုတစ်နေ့က
တူမတစ်ယောက်
သားလေးယောက် ဖျက်စီးခဲ့သတဲ့
မိဘတွေရင်ထဲ
မီးရည်ချောင်းတွေစီးနေမှာပဲ
ဘယ်မိဘမဆို
ကိုယ့်သားသမီးကို
ပန်းကလေးတွေလို လှစေချင်တယ်
အဲဒီပန်းကလေးတွေများ
ကြွေကျရမယ်ဆိုရင် . . .
စဉ်းစားမိတယ်
သားသမီးတွေကလည်း
အသက်ရှည်အောင် နေကြပါလား
ထိခိုက်တတ်တာတွေ မလုပ်ကြနဲ့လေ
အသက်ကို ဉာဏ်နှင့်မွေး၊ သတိနှင့် မွေး





မိဘကိုလည်း ချစ်
အသက်ရှင်မှုကိုလည်း ချစ်
ကိုယ့် ကိုယ်ကိုလည်း ချစ်
ကိုယ့်တန်ဖိုးတွေကိုလည်း ချစ်
ကိုယ့်အသက်အတွက်
တိုက်ပွဲဝင်ရမှာပဲ
ကိုယ့်ဘဝ ပန်းပင်ကို
စောင့်ရှောက်ပြုစုကြရမှာပဲ
အတ္တ အကျိုးလည်း စောင့်ရှောက်
ပရအကျိုးလည်း ထမ်းရမှာပဲ
အကျိုးကျေးဇူးတွေကို
ဆောင်နိုင်ခြင်းဟာ
ခန္ဓာကိုယ်တစ်ခု ဖြစ်လာခြင်းရဲ့
အလှဆုံး အလှပဲ
ဆရာဇန်းမော်တင်အောင်ကတော့ပြောတယ်
လူတစ်ယောက်ရဲ့ တန်ဖိုးဟာ
သူဖြတ်သန်းကျော်လွှားနေတဲ့ ခေတ်ကြီးက
သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့
သမိုင်းတာဝန်ကို
သူဘယ်လောက်
သယ်ပိုးထမ်းဆောင်တယ်ဆိုတဲ့အချက်နဲ့
တိုင်းတာရမှာပဲ။
(ဇန်းမော်တင်အောင်က သူ့သား
ဇဟိန်းအောင်ကို ပြောခဲ့တဲ့စကား)

အုံ့မောင်
၁. ၁၁. ၂၀၁၂ မုံရွာ



www.burmeseclassic.com

www.burmeseclassic.com



# WE NEVER AGREE

Let the world know
the people of Monywa
the people of Myanmar
never agree
to destroy
Letbadung mountain
for copper mining
by whosoever it may be!

## သဘောမတူ

လက်ပံတောင်းတောင်မှာ
ကြေးနီလုပ်ငန်းလုပ်ဖို့အတွက်
တောင်ကြီးဖြိုဖျက်ပစ်ရမယ့်ကိစ္စကို
မုံရွာလူထုက ဘယ်တော့မှ သဘောမတူ
မြန်မာလူထုက ဘယ်တော့မှ သဘောမတူ
ကမ္ဘာသူ ကမ္ဘာသားအားလုံး
ကြားသိစေသတည်း။

အံ့မောင်

၉-၁၁-၂၀၁၂ မုံရွာ







## Letbadaung mustn't be destroyed!

Neither do we want gold
nor silver
nor least of all copper
We want only our mountain
Letbadaung
in all its entity
in all its colour
in all its hues
in all its altitude
in all its formation
in all its glory!

Ant Maung

28-10-2012 Monywa



www.burmeseclassic.com

www.burmeseclassic.com



## အလုပ်သမားနဲ့ အလုပ်ရှင်

အလုပ်သမားနဲ့ အလုပ်ရှင်
အလုပ်ရှင်က စည်းကမ်းဖျက်
အလုပ်သမားနဲ့ အလုပ်ရှင်
အလုပ်ရှင်က အနိုင်အထက်
အလုပ်သမားနဲ့ အလုပ်ရှင်
အလုပ်ရှင်က အာဏာနဲ့ဖက်
ရွှေလက်လက် ငွေလက်လက်။

## Worker and employer

worker and employer
ployer breaks the rules
worker and employer
employer takes the upperhand
worker and employer
employer hugs the power
money and gold dazzling!

1-11-2012





## လားရာ သွားရာ

ကောင်းစိတ်ကောင်းမှု အဖုံဖုံ
အထက်ဘုံမှာ ဆုံ
ဆိုးစိတ်ဆိုးမှု အဖုံဖုံလည်း
အောက်ဘုံမှာ ဆုံတာပဲ။

၁-၁၁-၂၀၁၂ မုံရွာ

## The Way

good hearts and good deeds
meet in the upper world
wicked hearts and wicked deeds
also meet in the
Nether world.



www.burmeseclassic.com

www.burmeseclassic.com



## ဆန်ကော ဆန်ခါ

အကောင်း အဆိုးရောရာ သောင်းပြောင်း
အကောင်းတိုးလာသလို
အဆိုးတွေလည်း ကျန်
ဆန်ကောဝိုင်း ဆန်ခါချမှ
အကောင်းအသန့်ရမယ်။

၈-၁၁-၂၀၁၂ မုံရွာ

## Sift it up!

The good and the bad
mix together
the good have increased
but the bad still remain
use the sieve and the bamboo tray
so that we get the best.





## တီဗီ ဖမ်းစားခြင်း

အိမ်တွေမှာရှိတဲ့ တီဗီများ
ကျောင်းသားနဲ့ အိမ်ရှင်မများကို
ဖမ်းစားထားလိုက်ပြီ
ကျောင်းသားလည်း စာမကျက်
အိမ်ရှင်မလည်း ထမင်းမချက်
အိန္ဒိယဟင်း ကိုရီးယားခေါက်ဆွဲ
နွှဲလိုက် ညမနက်။

၆-၁၁-၂၀၁၂ မုံရွာ

## TV spell

The TV's in every home
have bewitched school
children and housewives
students fail to study
housewives fail to cook
shall we take
Korean or Indian curry
morning and evening



www.burmeseclassic.com

www.burmeseclassic.com



## မျက်ခြည် မပြတ်နဲ့

အဓိက အလုပ်ကို
မျက်ခြည် မပြတ်နဲ့
ဘေးထွက်စတွေနောက်
ကောက်ကောက်ပါလိုက်မသွားနဲ့
ကမ္ဘာကြီး တစ်ခုလုံး
တို့ မထမ်းနိုင်ဘူး
တောင်တစ်လုံးကိုတော့
ထမ်းကြရအောင်

၇-၁၁-၂၀၁၂ မုံရွာ

## Shoulder a mountain

Don't lose sight of
our main work
don't follow the side issues
we can't shoulder the whole world
but let us shoulder
a mountain.



## လူငယ်

တိုင်းပြည်ဟာ မင်းတို့ပခုံးပေါ်
ကမ္ဘာဟာ မင်းတို့ ပခုံးပေါ်
အနာဂတ်ဟာ မင်းတို့ပခုံးပေါ်
ရောက်လာတော့မယ်
ပခုံးမာရဲ့လားကွယ်။

၈-၁၁-၂၀၁၂ မုံရွာ

## To the youth

The country
the world
the future
are coming onto your shoulder
got strong shoulders?

Ant Maung



www.burmeseclassic.com

www.burmeseclassic.com



## ရှစ်ဆယ်

အသက်ရှစ်ဆယ်ပြည့်တော့မယ်
ရှေ့မှာဘာလုပ်မယ်
ငယ်ငယ်တုန်းက ဘာလုပ်လဲ
ကျောင်းသား အကျိုးပဲ
လူလတ်ရွယ်မှာ ဘာလုပ်တယ်
ပြည်သူ့အကျိုးကွယ်
ရှစ်ဆယ်ပြည့်ပြီဘာလုပ်မလဲ
ပြည်သူ့အကျိုးပဲ။

၁၇-၁၁-၂၀၁၂ မုံရွာ

## Eighty

Going to be eighty
what will you do?
what did you do when young?
serve the students
what have you done in middle age?
serve the people
what are you going
to do after eighty?
serve the people on sir.





## ခေါင်းလောင်း

တီးလို့မြည်မှ ခေါင်းလောင်း။
ပြည်သူကြည်မှ အုပ်ချုပ်မှုကောင်း။

၁၇-၁၁-၂၀၁၂ မုံရွာ

## Good governance

A bell is a bell
when only rung
good governance is
good governance
when only people
feel happy about it.



www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူး

ကျေးဇူး မြင်သိခြင်း
သင်းသင်းပျံ့ပျံ့မွှေး။

ကျေးဇူးမမြင်မသိခြင်း
ဖျင်းဖျင်းညံ့ညံ့ သေး။

၁၇-၁၁-၂၀၁၂ မုံရွာ

## Grate fulness

grate fulness
so fragrant,
ungrate fulness
so mean and law.





## နာဂစ်ထက်ဆိုး ကပ်ဆိုးများ

ကမ္ဘာကြီးရဲ့ လူဦးရေဟာ
ခုန်ခုန်ပြီး တိုးလာ
ကမ္ဘာမြေကတော့ ဒီအတိုင်းသာ
စားစရာ တိုးစိုက်ပေမယ့်
မလောက်လေချင်ပါ
နေစရာလည်းကျပ်ကျပ်လာ
နောက်ဆုံးမှာ
သောက်စရာရေတောင်ရှား
ရှူစရာ လေတောင် ခက်
မေတ္တာတစ်စက်နှစ်စက်ရှာမရ
မနုဿတ္တဒုလ္လဘဆိုပြီး
ခက်ခဲတွင်းနက်ထဲက
ကုတ်ကပ်တက်လာတဲ့ လူ
လူအဖြစ်အသက်ဆက်နိုင်ဖို့
သိပ်ကို ခက်လာကြပါပြီ
ရှေးစာစီထားတဲ့အတိုင်း
ဒုဗ္ဘိက္ခန္တရကပ် (အငတ်ဘေး)
ရောဂန္တရကပ် (ရောဂါဘေး)
သတ္ထန္တရကပ် (စစ်မက်လက်နက်ဘေး)
အထပ်လိုက် အထပ်လိုက်ရစ်ထွေး
နာဂစ်တွေ လက်တွဲစုဝေး
ခုမနွေးရောက်တော့မှာလား။

၁၇-၁၁-၂၀၁၂ မုံရွာ



www.burmeseclassic.com

www.burmeseclassic.com



## မနေသာ

မီးတောင်နားမှာ
မနေသာ
ချော်ရည်ဝါထဲ နစ်သွားမယ်။
ဒေါသနားမှာ
မနေသာ
မီးသမုဒ္ဒရာထဲနစ်သွားမယ်။

## Keep away

you can't live
near a volcano
you might be swallowed
up in the lava and fire
you can't live
near an angry man
you might be
swallowed up in
the ocean of flames and fire.

## ဆေး

ဒေါသကို မေတ္တာနဲ့ ကု
လောဘကို ဒါနနဲ့ ကု
မောဟကို ပညာနဲ့ ကု။

## The medicine

Treatment for anger
is metta
treatment for greed
is charity
treatment for ignorance
is knowledge

17-11-2012



www.burmeseclassic.com

www.burmeseclassic.com



## ကိုယ်ချင်းစာတရား

လူ လူချင်း ဆက်ဆံရေး
နိုင်ငံချင်းဆက်ဆံရေး
ဆက်ဆံရေးအားလုံးမှာ
ကိုယ်ချင်းစာတရားသုံးကြရင်
မိုးတစ်ခွင် မြေတစ်ခွင်
ကမ္ဘာတစ်ခွင်အေးမှာပဲ
ကိုယ်ချင်းစာတရားလို့
ပါးစပ်ကပြောပြီး
သူ့တောသူ့ခြံ သူ့လယ်မြေထဲ
ငါ့နွားတွေ ဆွဲကျောင်းလို့တော့
ကောင်းမလားကွာ
ကိုယ်ချင်းစာတရားဆိုတာ
တရားမျှတမှု အခြေခံတယ်
တရားမျှတမှုကိုသာ
လက်တွေ့သုံး
ကမ္ဘာကြီး ပြုံးနေမှာပဲ။

၂-၁၁-၂၀၁၂ မုံရွာ





## ဘီလူးနက်

မသဒ္ဓါရေစာ ပေးခဲ့တဲ့
တိုင်းပြည် လွတ်လပ်ရေး
ဘီလူးနက်ကြီး မွေးခဲ့
ဘီလူးနက်က
လူကောင်းဆိုရင် စားတယ်
နုနုငယ်ငယ်ဆို ပိုစား
စားလာလိုက်တာ
တစ်နှစ် နှစ်နှစ် သုံးနှစ်
လဟောင်းလသစ်ဆက်
အဆက်မပြတ် ရက်မပြတ်
ဘီလူးနက် ပိုပိုကြီးထွား
သူစားတဲ့အရိုးတောင်လိုပုံ
မာန်ဟုန် မီးတောက်
ဘီလူးနက် မာမောက်
ဟိန်းဟောက်ကြေညာ
ငါရှင်ဘုရင် ဘယ်နှပတ်လှည့်လှည့်
လျှောက်လိုက်ဟဲ့ မှန်ပါ့ဘုရား
ငါ စားချင်တာ စား



www.burmeseclassic.com

www.burmeseclassic.com



ငါ စားချင်သလောက် စား
ငါစားချင်သလို စား
ဘာများပြောချင်ကြသလဲ
ရွှဲရွှဲဘီလူးဗိုက်ကြီး
ကြီးကြီးကြီးကြီးလာ
ဝမ်းဗိုက်ထဲက အစာတွေ
ကမ္ဘာမကြေထိုးကြနှက်ကြ
အော့ဝမ်းနာကျ ဘီလူးနက်
ဘိုးဘေးတို့လမ်းထွက်မည်ပါ့
အမျှ အမျှ အမျှ။

၁၂-၁၁-၂၀၁၂ မုံရွာ





## လက်ပံတောင်းတောင်ကို ကာကွယ်

လက်ပံတောင်းတောင်ကို ကာကွယ်။ (ကာကွယ်)
ကြေးသယ်ယာဉ်တွေ ထွက်။ (ထွက်)
လက်ပံတောင်းတောင်ကို ကယ်တင်။ (ကယ်တင်)
ကြေးသယ်ယာဉ်တွေ ထွက်။ (ထွက်)

## Defend our mountain

Defend our mountain!
(our mountain)!
Go away copper wain!
(copper wain)!
save our mountain!
(our mountain)!
go away copper wain!
(copper wain)!

12-11-2012 monywa



www.burmeseclassic.com

www.burmeseclassic.com



**တောင်ပျောက်မခံနိုင်**

လက်ပံတောင်းတောင်မို့မို့
ငါတို့သွေးသား
ငါတို့ မြေ
ငါတို့ ပတ္တမြား
ငါတို့ မဟာပန်းချီကား
မျက်စိအောက်မှ
အပျောက်မခံနိုင်တကား။

၁၂-၁၁-၂၀၁၂ မုံရွာ

**We can't lose the mountain**

Letbadaung mountain
part and parcel of monywa
our flesh and blood
our jewel, our ruby
our great painting
we simply can't
lose you!

12-11-2012 Monywa





# နောက်ဆက်တွဲ ကဏ္ဍ



www.burmeseclassic.com

www.burmeseclassic.com



" . . . ကိုအုံ့မောင်တို့က သတင်းသမားဆိုတော့ နိုင်ငံ့အရေးရော၊ ကမ္ဘာ့အရေးမှာပါ ပါဝင်ဆက်စပ်နေတယ်လေ။

. . . ဒါတွေကြည့်ရင် ငြိမ်းချမ်းရေးကို အားမာန်နဲ့ ပေါင်းစပ်မှုရှိတာကို သိမြင်ရပါတယ်။ ဒါကြောင့် အဘိဓမ္မာလည်း မမဲ့၊ ကာရန်လည်း မမဲ့တာကို သတိထားမိပါတယ်။ ကာရန်ကတော့ ရိုးရာကာရန်စနစ် မဟုတ်တော့ဘူး။ ပြောစကားရဲ့ ရစ်သမ်ကို အားယူတဲ့ ကာရန်သစ် လွတ်လပ်ကဗျာအမျိုးအစားများကို ရေးဖွဲ့နေရင်း ကဗျာသစ်ဖြစ်ထွန်းရေးမှာ ပါဝင်နေတာပါကလားလို့ အားရဝမ်းသာ ဂုဏ်ယူရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကိုကြီးအုံ့ရဲ့ နောက်ထပ်ကဗျာစာအုပ်တွေ ဆက်တိုက်ပုံသန်းလာနိုင်ပါစေလို့ ဆုတောင်းလိုက်ရပါတယ်။ ချိုးငှက်တွေ ပျံသလို "

မောင်စွမ်းရည်
၂၆-၁၂-၂၀၀၀

" . . . ခေတ်ကို ပိုင်းကြည့်ရင် အုံ့မောင်ကို ဘယ်ခေတ်ထဲ ထည့်မလဲလို့ ကျွန်တော်စဉ်းစားကြည့်တယ်။ စဉ်းစားမရဖြစ်နေတယ်။

နောက်ဆုံးတော့

ကျော်ဟိန်းဟာ ကျော်ဟိန်းပဲ ဆိုသလို အုံ့မောင်ဟာ အုံ့မောင်ပါပဲ။

အုံ့မောင်ဟာ အသက် ၆၀ နဲ့ ၇၀ အတွင်း ကဗျာစာအုပ် တွေကို ဟောတစ်အုပ် ဟောတစ်အုပ်နဲ့ ထုတ်နိုင်တဲ့ ရေးနိုင်တဲ့

ကျွန်တော် အထူးပြုထားတဲ့ စကားနဲ့ ပြောရရင်

အုံ့တစ်ပါး-ပါပဲ။"

ကြည်အောင်
၃-၁၂-၁၉၉၉ (အင်း၀)





**ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်မှု**
**(၄၈) နှစ်မြောက်နေ့သို့ မေတ္တာလွှာ**

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖခင်ကြီး၊ ပြည်သူတို့၏ ဖခင်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခဲ့သည်မှာ (၄၈) နှစ် ရှိခဲ့ပါပြီ။

ဆရာမသေခင် အဲ-တိုင်းပြည်မှာ တကဲ့ငြိမ်းချမ်းရေး အစစ်ကို မြင်ကြားသိတွေ့သွားချင်တယ်။ နို့မှုလဲ အသေဖြောင့်လိမ့်မယ်လို့ စိတ်မှာထင်သပေါ့လေဟု ဆရာကြီး သခင်ကိုယ်တော်မှိုင်းက (၂၀-၈-၁၉၆၁) ရက်က ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ စလင်းကျောင်းတိုက်အတွင်း ကျင်းပသော ရန်ကုန်ခရိုင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ တိုက်နယ်ကေဒါ ပေါင်းစုံ အစည်းအဝေးကြီးတွင် အသံသွင်းတိတ်ခွေဖြင့် ပြောကြားခဲ့ သည်။

ဆရာကြီးသည် ဆရာမသေခင် ပြည်တွင်းငြိမ်းချမ်းရေးကို တွေ့မြင်သွားချင်တယ်ဟု အခါအခွင့် ကြုံတိုင်း မကြာခဏ ပြောကြားခဲ့ပါသည်။

၁၉၆၄ ဇူလိုင် ၂၃ တွင် ဆရာကြီးကွယ်လွန်သွားခဲ့သည်။ သူတွေ့မြင်ချင်သော ပြည်တွင်းငြိမ်းချမ်းရေးကို တွေ့မြင်မသွားခဲ့ရပါ။

ဆရာကြီး အသက်ရှိစဉ်တွင် အကောင်အထည်မပေါ်ခဲ့သော ပြည်တွင်းငြိမ်းချမ်းရေးကို အကောင်အထည်ပေါ်လာအောင် ဆက်လက်ဆောင်ရွက်ကြရန်မှာ ယခုခေတ်မျိုးဆက်သစ်လူငယ်များနှင့် ပြည်သူတို့၏ မြင့်မြတ်သော၊ မလွှဲမရှောင်သာသော တာဝန်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကွယ်လွန်ခဲ့သော်လည်း ငြိမ်းချမ်းရေးအလံတော်တို့ ဆက်လက်လွှင့်ထူသယ်ဆောင်သွားကြရန် ငြိမ်းချမ်းရေးမျိုးဆက်သစ်များ ဖူးပွင့်ပေါ်ထွန်းလာကြပါပြီ။

ငြိမ်းချမ်းရေးအောင်ပါစေဟု ငွေခရု သပြေနုနှင့် ဇေယျထု ဆုတောင်းလိုက်ပါသည်။

၁၁-၇-၂၀၁၂ မုံရွာ

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဈာပနဗဟိုကော်မတီ အတွင်းရေးမှူး အဖွဲ့ဝင်

ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) အတွင်းရေးမှူး အဖွဲ့ဝင်

ရန်ကုန်ခရိုင်ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ အမှုဆောင်





## (၂) ရက်ကြာ ကျင်းပတဲ့ လက်ပံတောင်းတောင် ပြည်သူ့ညီလာခံမှ ဆုံးဖြတ်ချက် (၂၆) ရပ်ထွက်ပေါ်လာ

မုံရွာ၊ အောက်တိုဘာ-၁၉

သံဃာတော်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ တိုင်းရင်းသားများ၊ တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားများစတဲ့ အလွှာ အသီးသီးပါဝင်ပြီး အောက်တိုဘာ (၁၈-၁၉) ရက်တွေမှာ ကျင်းပခဲ့တဲ့ လက်ပံတောင်းတောင် ပြည်သူ့ညီလာခံမှ ပြည်သူတွေရဲ့ ထောက်ခံမှုနဲ့ ဆုံးဖြတ်ချက် (၂၆) ရပ်ထွက်ပေါ်လာခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ ဆုံးဖြတ်ချက် (၂၆) ရပ်မှာ -

၁။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း လုံးဝရပ်ဆိုင်းရန်၊

၂။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ စကားအတိုင်း ၁၈၂၄ ခုနှစ်မှ စ၍ နှစ်ပေါင်း ၁၀၀ ကျော်နေထိုင်လာခဲ့သော ဘင်္ဂါလီလူမျိုးများအား မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုပါ။ နိုင်ငံသား အခွင့်အရေးများ အပြည့်အဝပေးရန်နှင့် ယခုလက်ရှိကာလတွင် တရားမဝင်ခိုးဝင်လာသော ဘင်္ဂါလီလူမျိုးများအား ဘင်္ဂလားဒေ့ရှ် (သို့) တတိယနိုင်ငံသို့ ပို့ဆောင်ပေးရန်၊

၃။ ကချင်ပြည်နယ်တွင် စစ်ရပ်စဲရေးကို ချက်ချင်းပြုလုပ်ပြီး တန်းတူညီမျှတဲ့ တွေ့ဆုံဆွေးနွေးပွဲဖြင့် အဖြေရှာရန်၊

၄။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ရေးဆွဲရန်၊

၅။ တိုင်းရင်းသားဒေသများတွင် စစ်အင်အား မတိုးချဲ့ရန်၊

၆။ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်၊

၇။ လယ်ယာမြေမတရားသိမ်းမှုများ ချက်ချင်းရပ်ဆိုင်းရန်၊



www.burmeseclassic.com

www.burmeseclassic.com



၈။ လယ်သမားများ၏ ဘဝကို အာမခံသည့် လယ်ယာမြေဥပဒေ မြေလွတ်မြေရိုင်း ဥပဒေ ပေါ်ထွက်လာစေရန်၊

၉။ ဒေသခံတောင်သူလယ်သမားများ၏ အကျိုးကို အာမခံ အက်ဥပဒေ ပေါ်ထွက်လာစေရန်၊

၁၀။ လွတ်လပ်သော တောင်သူလယ်သမား သမဂ္ဂများပေါ်ထွက် စေရန်၊

၁၁။ အလုပ်သမားများ၏ အကျိုးစီးပွားများကို ကာကွယ်သည့် အ သမား ဥပဒေ ပေါ်ထွက်လာရန်၊

၁၂။ လွတ်လပ်သော အလုပ်သမားသမဂ္ဂများ ပေါ်ထွက်လာရန်၊

၁၃။ အလုပ်သမားထုအပေါ် မတရားဖိနှိပ် ဂုတ်သွေးစုပ်နေမှု ရပ်တန့် ရန်၊

၁၄။ အလုပ်သမားများ၏ စားဝတ်နေရေးကို လုံလောက်သည့် အ ဆုံးအခြေခံလစာကို အမြန်ဆုံးသတ်မှတ်ပြဋ္ဌာန်းရန်၊

၁၅။ အစိုးရတိုက်ရိုက်အုပ်ချုပ်မှုမှ ကင်းလွတ်သည့်၊ သီးခြားလွတ် သည့် တက္ကသိုလ်များပေါ်ထွက်လာစေမည့် ကျောင်းသားထု အ စီးပွားကို ကာကွယ်ပေးနိုင်သော ကျောင်းသားကိုယ်စားလှယ် ပါဝင် ရရှိနိုင်မည့်၊ ပညာရေးလွတ်လပ်ခွင့် အခွင့်အရေးကို လမ်းဖွင့် နိုင်မည့်၊ ကျောင်းသားသမဂ္ဂများ လွတ်လပ်စွာရပ်တည်ဖွဲ့စည်း ကို ရရှိစေနိုင်မည့် ဒီမိုကရေစီနည်းကျ တက္ကသိုလ်အက်ဥပဒေ အမြန်ဆုံးပေါ်ထွက်လာစေရန်၊

၁၆။ ကျောင်းသားသမဂ္ဂအဆောက်အအုံ တရားဝင်တည်ဆောက်ပေး

၁၇။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသည့် ပြည်သူလူထု ဆိုင်နေရသည့် ပြဿနာများကို လွှတ်တော်များနှင့် အစိုးရ တရားမျှတစွာနှင့် ထိရောက်စွာ အမြန်ဆုံး ဖြေရှင်းပေးရန်၊





လက်ပန်းတောင်းတောင် စီမံကိန်းကို လွတ်လပ်သော **ပြည်သူ့** ကော်မရှင်တစ်ရပ်ဖွဲ့၍ စုံစမ်းစစ်ဆေးပေးရန်၊

နိုင်ငံရေး အကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး **ပြန်** လွှတ်ပေးရန်၊

၁၉၅၀ အရေးပေါ်စီမံချက် အက်ဥပဒေ (၅ည) ကို **အမြန်ဆုံး** ဖျက်သိမ်းပေးရန်၊

ဆန္ဒပြခွင့်အက်ဥပဒေနှင့် နည်းဥပဒေများကို ပြင်ဆင်ပေးရန်၊

အမျိုးသမီးများနှင့် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်သည့် နိုင်ငံတကာအဆင့်မီ ဥပဒေတစ်ရပ် ပေါ်ထွက်လာရန်၊

နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ချိုးဖောက်သည့် ကြေညာချက်များထုတ်ပြန်နေခြင်းများ တရုတ်နိုင်ငံမှ တာဝန်ရှိသူများက ချက်ခြင်းရပ်ရန်၊

အမျိုးသမီးများ အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရန်၊

သဘာဝပတ်ဝန်းကျင်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လက်ခံသည့် ဒုတိယအကြိမ် ပင်လုံညီလာခံ အမြန်ဆုံးခေါ်ယူကျင်းပရန်ဆိုတဲ့ ဆုံးဖြတ်ချက် (၂၆) ရပ်ဖြစ်တယ်လို့ သိရပါတယ်။

လပြည့်
မြန္မာ



www.burmeseclassic.com

www.burmeseclassic.com



## လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီ

စာအမှတ် - ၀၀၁/၂၀၁၂

သို့

နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နေပြည်တော်

ရက်စွဲ။ ။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်

အကြောင်းအရာ။ ။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုပ်ငန်းကို လုံးဝဖျက်သိမ်း၍ ပြည်သူ့မျက်ရှု လက်ပံတောင်းတောင်ကို ကယ်တင်ပေးပါရန် ပန်ကြားခြင်း။

၁။ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်ကျေးရွာ (၂၆) ရွာခန့်ရှိ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ပြည်သူများ အသက်ရှင်နေထိုင်ခွင့်၊ အလုပ်လုပ်ခွင့်၊ ကျန်းမာရေးခံစားခွင့် စသော လူ့အခွင့်အရေးများကို ထိခိုက်နစ်နာ ပျက်စီးစေလျက်ရှိပါသည်။

၂။ ထိုကြေးနီစီမံကိန်းကို လုပ်ဆောင်သောအခါ သဘာဝအတိုင်း မြင့်မားလှပစွာတည်ရှိသော တောင် (၃၃) လုံး စုဖွဲ့ထားသည့် လက်ပံတောင်းတောင်စု တောင်တန်းကြီးမှာ လုံးဝပျောက်ကွယ် ပျက်စီးသွားမည်ဖြစ်ပါသည်။ ထိုတောင်တန်းကြီးကို ကြည့်ရှု၍ အလှခံစားခွင့် စိတ်ကြည်နူးခွင့်၊ စိတ်အားတက်ခွင့်များ၊ တစ်ပါတည်း ဆုံးရှုံးသွားတော့မည်ဖြစ်ပါသည်။

၃။ ထိုတောင်တန်းပေါ်တွင် တည်ဆောက်ထားသော လယ်တီဆရာတော်ဘုရားကြီးဝါဆို ဝါကပ်သီတင်းသုံး ကျမ်းပြုတရားအားထုတ်ခဲ့ရာ သိမ်ကျောင်းနှင့် ဘုရားစေတီတို့ ဤနေရာမှ ပျောက်ကွယ်သွားရပါလိမ့်မည်။ စလင်းကန်လယ်ဆရာတော်နှင့် ညောင်ပင်အိုင်ဆရာတော်





ကြီးတို့ တည်ထားခဲ့သော အဏုမြူကပ်ကျော်စေတီတော်နှင့် အခြားစေတီဂူကျောင်းများလည်း ဤနေရာတဝိုက်မှ ပျောက်ကွယ်သွားရပါလိမ့်မည်။

၄။ ထိုတောင်တန်းပေါ်တွင် ပေါက်ရောက်သော ဘယဆေးပင်များ ပျက်စီးသွားရပါလိမ့်မည်။

၅။ ထိုတောင်တန်းနှင့် ဝန်းကျင်တစ်ဝိုက်သည် ကျောက်ခေတ်လူသားတို့ မှီခိုနေထိုင်ခဲ့ရာ အရပ်ဖြစ်ပြီး ကျောက်ခေတ်သုံး လက်နက်ပစ္စည်းများ၊ အခြားယဉ်ကျေးမှု အမွေအနှစ်များတည်ရှိ၍ တက္ကသိုလ်သမိုင်းဌာနများ ကွင်းဆင်းလေ့လာ သုတေသန ပြုလုပ်နေကြရသော သမိုင်းဆိုင်ရာ နေရာဌာနများဖြစ်၍ ထိုနေရာဌာနများ ပျက်စီးဆုံးရှုံးပျောက်ကွယ်သွားမည် ဖြစ်ပါသည်။

ယင်းသို့သော အကြောင်းများကြောင့် နိုင်ငံသားပြည်သူတို့၏ အကျိုးကို စောင့်ရှောက်ရန်အတွက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း လုပ်ငန်းကို အလျှင်အမြန်နှင့် လုံးဝအပြီးအပြတ် ဖျက်သိမ်းပေးရန် နိုင်ငံတော်သမ္မတကြီးအား လေးစားစွာ မေတ္တာရပ်ခံပါသည်။

လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီ (မုံရွာမြို့



www.burmeseclassic.com

www.burmeseclassic.com



## လက်ပံတောင်းတောင်သံဃာနှင့် လူထုသပိတ်စခန်းများ အကြမ်းဖက် တိုက်ဖျက်ခြင်းကို ရှုတ်ချသည်

လက်ပံတောင်းတောင်မပျောက်ရေး၊ ဦးပိုင်နှင့် ဝမ်ပေါင်ကြေးနီလုပ်ငန်းလုံးဝ ဖျက်သိမ်းရေးတို့အတွက် ဆန္ဒပြ သပိတ်မှောက်လျက်ရှိကြသော သံဃာတော်များနှင့် လူထု၏ သပိတ်စခန်းများကို (၂၉-၁၁-၂၀၁၂) နံနက်ကူးပြောင်းစအချိန်တွင် အာဏာပိုင်အဖွဲ့အစည်းတို့က မီးသတ်ပိုက်ဖြင့် ရေနှင့်ပက်ခြင်း၊ မီးလောင်ဗုံးဟု ယူဆရသော ဓာတုပစ္စည်းလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကြောင့် သံဃာတော်ပေါင်းများစွာ မီးလောင်ခံရပြီး ပြင်းထန်စွာ ဒဏ်ရာရကြလျက် အသက်အန္တရာယ် စိုးရိမ်နေကြရပါသည်။ မီးလောင်မှုဒဏ်ရာများမှာ ကာလရှည်ကြာအထိ မပျောက်ကင်းနိုင်ဘဲ အသက်အန္တရာယ် ပေးသည်အထိ ဖြစ်တတ်ပါသည်။ လူပေါင်းများစွာလည်း ဒဏ်ရာရပြီး၊ အဖမ်းအဆီးခံရမည်စိုး၍ တိတ်တဆိတ်ပုန်းရှောင်ကုသနေကြပါသည်။

မိမိတို့မြတ်နိုးသော လက်ပံတောင်းတောင်ကြီး ပျောက်ကွယ်မသွားစေရန်အတွက် ဦးပိုင်၊ ဝမ်ပေါင်ကြေးနီလုပ်ငန်း လုံးဝဖျက်သိမ်းသွားရေးကို ငြိမ်းချမ်းစွာ မေတ္တာသုတ်ရွတ်၍ တောင်းဆိုကြသော သံဃာတော်များနှင့် လူထုအပေါင်းတို့ကို ဤသို့ အကြမ်းဖက် တိုက်ခိုက်ဖြိုခွဲခြင်းကို လူထုက ပြင်းထန်စွာ ရှုတ်ချသည်။ ဓာတုလက်နက်သုံးစွဲခြင်းသည် ကမ္ဘာ့လူသားတို့အား စိန်ခေါ်လိုက်ခြင်းဖြစ်သည်။

ထို တိုက်ခိုက်မှုသည် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် မုံရွာမြို့သို့ ရောက်လာတော့မည့် အချိန်နှင့်ကိုက်၍ ပြုလုပ်ခြင်းဖြစ်သဖြင့် (၁) ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရရှိရေး ကြိုးပမ်းမှုကို ဖျက်ဆီးရန် ရည်ရွယ်သလော၊ (၂) မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ချီတက်မှုကြီးကို တားဆီးရန် ရည်ရွယ်သလောဟုလည်း ဆင့်ပွားတွေးတော စိုးရိမ်ရပါသည်။ နောက်ကြောင်းပြန်ရန် ပစ်ဖောက်အချက် ပေးလိုက်ခြင်းဟုတ်မဟုတ် စဉ်းစားနေရပါသည်။ အထက်ပါ ရည်ရွယ်ချက်များ ရှိကြောင်း





ဆက်လက်တွေ့ရှိရလျှင် ပြည်သူတို့က မုချဆန့်ကျင်မည်ဖြစ်ပါသည်။

လက်ပံတောင်းတောင် တစ်ဝိုက်နေ ပြည်သူလူထုများနှင့် မုံရွာလူထု၊ မြန်မာလူထုအားလုံးတို့က လက်ပံတောင်းတောင်ကြီး ပျောက်ကွယ်သွားအောင် ဖျက်ဆီးခြင်းမပြုရန်အတွက် ဦးပိုင်/ဝမ်ပေါင် ကြေးနီလုပ်ငန်းကို လုံးဝဖျက်သိမ်းသွားပါဟု အလေးအနက် ထပ်မံတောင်းဆိုလိုက်သည်။ အလားတူ အကြမ်းဖက်တိုက်ခိုက်နှိမ်နင်းမှုများ၊ ဖမ်းဆီးမှုများကို ရှောင်ရှားပါဟုလည်း တောင်းဆိုလိုက်သည်။

လက်ပံတောင်းတောင်အရေးနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းလိုက်သော ဒေါ်အောင်ဆန်းစုကြည် အမှူးပြုသည့် ကော်မရှင်သည်လည်း လက်ပံတောင်းတောင်ပျောက်ကွယ်မသွားအောင် ပါဝင်ဆောင်ရွက်ကြပါဟု မေတ္တာရပ်ခံပါသည်။ ယင်းကော်မရှင်သည် ဒေသခံလူထု၏ အကျိုး၊ မုံရွာဒေသ လူထု၏အကျိုး၊ မြန်မာပြည်သူလူထု၏ အကျိုးတို့ကို မထိခိုက်မနစ်နာစေရန် ကြီးမားစွာသော သတိ၊ သတ္တိ၊ မျိုးချစ်စိတ်၊ သဘာဝချစ်စိတ်တို့ဖြင့် အကြောက်တရားကင်းမဲ့စွာ၊ လိုချင်တပ်မက်ကင်းမဲ့စွာ၊ လှည့်ဖြားခြင်းကင်းစွာ ပညာမျက်စိသုံး၍ မောဟကိုပယ်ရှား၊ အမှန်တရားကို မြဲမြဲစွဲစွဲ ဆုပ်ကိုင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

လက်ပံတောင်းတောင် ကယ်တင်ရေး ကော်မတီ (မုံရွာမြို့)
ဒီဇင်ဘာလ ၂ ရက်၊ ၂၀၁၂ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com



သို့

အထွေထွေအတွင်းရေးမှူး

ဗဟိုကော်မတီ

တရုတ်ပြည်ကွန်မြူနစ်ပါတီ

မှ

လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီ

မုံရွာမြို့၊ မြန်မာနိုင်ငံ

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ -၇- ရက်

လေးစားအပ်ပါသော အထွေထွေအတွင်းရေးမှူးခင်ဗျား

ကျွန်တော်တို့ လက်ပံတောင်းတောင် ကယ်တင်ရေး ကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အနောက်မြောက်ပိုင်းရှိ မုံရွာမြို့သူမြို့သားများ၏ ပြည်သူ့အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

ချင်းတွင်းမြစ်ကမ်းပေါ်ရှိ ကျွန်တော်တို့မြို့နှင့် မျက်နှာချင်းဆိုင်တွင် လက်ပံတောင်းတောင်ဟု ခေါ်ဆိုကြသော တောင်တစ်တောင်ရှိပါသည်။ ယခုအခါ ထိုတောင်တွင် ကြေးနီလုပ်ငန်းစီမံကိန်းတစ်ခု လုပ်ကိုင်လျက်ရှိပါသည်။ ထိုကြေးနီလုပ်ငန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် တရုတ်ပြည်မှ မြန်မာဝမ်ပေါင်ကြေးနီလုပ်ငန်းကုမ္ပဏီ (ဟောင်ကောင်အခြေစိုက် ကုမ္ပဏီဖြစ်ပြီး တရုတ်ပြည်မှ နော်ရင်ကို ကုမ္ပဏီ၏ လက်ခွဲဟု သိရသည်) တို့က လုပ်ကိုင်လျက်ရှိကြပါသည်။

အထွေထွေအတွင်းရေးမှူးခင်ဗျား

အဆိုပါ လက်ပံတောင်းကြေးနီလုပ်ငန်းသည် အနီးတစ်ဝိုက်ရှိ ကျေးရွာ (၂၆) ရွာတို့အတွက် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးနစ်နာမှုများ ဖြစ်စေလျက် ထိုရပ်သူရွာသားတို့၏ အသက်မွေးဝမ်းကျောင်းကိစ္စ နှင့် ကျန်းမာရေး၊ လူမှုရေးစသော ကိစ္စအဝဝတွင် ဒုက္ခတောင်ထုရောက်ရှိစေပြီဖြစ်၍ ကျေးရွာလူထုများက လက်ပံတောင်းတောင် ကြေးနီလုပ်ငန်း





တို့ အလျှင်အမြန် လုံးဝဖျက်သိမ်းပေးရန် အဆက်မပြတ် အချိန်မလပ် စိတ်ရောကိုယ်ပါ ကန့်ကွက်ဆန္ဒပြလျက်ရှိကြပါသည်။

ကျွန်တော်တို့ မုံရွာမြို့သူမြို့သားများအတွက်ကား လက်ပံတောင်းတောင်သည် သဘာဝ၏ တန်ဖိုးမြင့်မားလှသော လက်ဆောင်ဖြစ်ပြီး မုံရွာမြို့၏ အလှဆုံးရှုခင်းသာ ရတနာဖြစ်ပါသည်။ ကျွန်တော်တို့သည် ဤလက်ပံတောင်းတောင်ကို တစ်စတစ်ဖွဲ့မှ အဆုံးရှုံးမခံနိုင်ပါ။ ဤတောင်ရှိ ကြေးနီလုပ်ငန်းကို မည်သူလုပ်သည်ပင်ဖြစ်စေ ခွင့်မပြုနိုင်ပါ။ ကျွန်တော်တို့ဆန္ဒမှာ ဤတောင်ကြီးပျက်စီး ပျောက်ကွယ်မသွားစေလိုခြင်း ဖြစ်ပါသည်။ တောင်လုံးပကတိဆက်လက် တည်ရှိနေစေချင်ပါသည်။ ဤလှပသော တောင်ကြီးကို ပိုက်ဆံကြေးငွေနှင့်လည်း မလဲနိုင်ပါ။ ရွှေနှင့်လည်း မလဲနိုင်ပါ။ ဖွံ့ဖြိုးတိုးတက်မှုနှင့်လည်း မလဲနိုင်ပါ။ ယခုကြေးနီလုပ်ငန်းသည် မုံရွာလူထုထံမှ သူတို့အမြတ်နိုးဆုံး ရတနာကို လုယူဖျက်ဆီးနေခြင်းဖြစ်ပါသည်။

အထွေထွေအတွင်းရေးမှူးခင်ဗျား

မုံရွာဒေသတစ်ဝိုက် နေထိုင်ကြသော ပြည်သူလူထုများ၏ ရုပ်ဝတ္ထုအကျိုးစီးပွား၊ စိတ်ပိုင်းဆိုင်ရာ အကျိုးစီးပွား၊ သံယောဇဉ်တရားများကို အလေးအနက်စဉ်းစား၍ လက်ပံတောင်းတောင်ကြေးနီလုပ်ငန်းတို့ လုံးဝနှင့်အလျှင်အမြန် ဖျက်သိမ်းသွားစေရန် ကူညီဆောင်ရွက်ပေးလိမ့်မည်ဟု ကျွန်တော်တို့ မျှော်လင့်ပါသည်။

အထွေထွေအတွင်းရေးမှူးခင်ဗျား

ကျွန်တော်တို့သည် မြန်မာပြည်သူတို့နှင့် တရုတ်ပြည်သူတို့၏ မိတ်ဆွေဖြစ်မှုကို တန်ဖိုးထားပါသည်။ လေးစားအပ်သော အထွေထွေအတွင်းရေးမှူး အနေဖြင့်လည်း အလားတူသဘောထား၍ ထိုစိတ်ဓာတ်နှင့်အညီ ဆောင်ရွက်လိမ့်မည်ဟု ယုံကြည်ပါသည်။ ကျွန်တော်တို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံပြည်သူတို့၏ ဆွေမျိုးပေါက်ဖော် ချစ်ကြည်မှုသည် လူမျိုးဆက်တ
ဆက်ပြီးတစ်ဆက် အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် နှစ်ဖက်လုံးမှ အလေ
အနက်ထားကြိုးစားသွားကြလိမ့်မည်ဟု ယုံကြည်ပါသည်။

လေးစားစွာ
( မြင့်အောင်
အတွင်းရေး

လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီ၊ မုံရွာမြို

မိတ္တူကို - (၁) မြန်မာနိုင်ငံ၊ နိုင်ငံရေးပါတီများ
(၂) မျော





To

The General Secretary
Central Committee
of the Communist Party of China

From

Save the Letbadaung Committee
Monywa, MYANMAR.

Dated December 7, 2012

Respected General Secretary

We are a little committee of the townspeople of Monywa, a town in the northwest of Myanmar.

Opposite our town, which stands on the bank of the river Chindwin, is a small mountain called Letbadaung. Now a copper mine project has begun its operations at Letbadaung mountain. The copper mines are run by the Union Myanmar Economic Holdings Ltd and Myanmar Wanbao Copper Mining Company of China (said to be based in Hong Kong, and alleged to be a subsidiary of Norinco).

Mr. general Secretary,

This copper mine at Letbadaung has caused a lot of environmental problems among some 26 villages there giving people mountains of trouble in their livelihood, health and other social spheres. The folks there have raised vehement and persistent protests against the mine demanding an immediate and complete shut down.

We, the people of Monywa, value Letbadaung as the most precious gift of nature and as the most beautiful scenic spot of our town. We can't lose Letbadaung mountain in



www.burmeseclassic.com

www.burmeseclassic.com



its entity. We don't want any mining project there whoever may run it. We don't want the mountain to get destroyed. We want always to have it as it is. We can't exchange our beautiful mountain for money or gold or development. The copper mines rob the people of Monywa of their most treasured jewel.

Mr. General Secretary,

It is our most earnest request to you to consider the material, spiritual and sentimental interests of the people of Monywa area and kindly have the mining works shut down altogether and immediately.

Mr. General Secretary,

We value friendship between the people of Myanmar and China and hope you have the same heart and act in that spirit. Our Paukphaw friendship should last for generations and generations. We believe that both sides should work seriously towards that direction.

Yours sincerely,
(Myint Aung)
Secretary
Save the Letbadaung Committee, Monywa

Copies to
1, The Political Parties of Myanmar
2. O.C





သို့
နိုင်ငံတော်သမ္မတ
တရုတ်ပြည်သူ့ သမ္မတနိုင်ငံ
မှ
လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီ
မုံရွာမြို့၊ မြန်မာနိုင်ငံ

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ -၇- ရက်

လေးစားအပ်ပါသော နိုင်ငံတော်သမ္မတကြီးခင်ဗျား

ကျွန်တော်တို့ လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ အနောက်မြောက်ပိုင်းရှိမုံရွာ မြို့သူမြို့သားများ၏ ပြည်သူ့အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

ချင်းတွင်းမြစ်ကမ်းပေါ်ရှိ ကျွန်တော်တို့မြို့နှင့် မျက်နှာချင်းဆိုင်တွင် လက်ပံတောင်းတောင်ဟု ခေါ်ဆိုကြသော တောင်တစ်တောင်ရှိပါသည်။ ယခုအခါ ထိုတောင်တွင် ကြေးနီလုပ်ငန်းစီမံကိန်းတစ်ခု လုပ်ကိုင်လျက်ရှိပါသည်။ ထိုကြေးနီလုပ်ငန်းကို မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်နှင့် တရုတ်ပြည်မှ မြန်မာဝမ်ပေါင်ကြေးနီလုပ်ငန်းကုမ္ပဏီ (ဟောင်ကောင်အခြေစိုက် ကုမ္ပဏီဖြစ်ပြီး တရုတ်ပြည်မှ နော်ရင်ကို ကုမ္ပဏီ၏ လက်ခွဲဟုသိရသည်) တို့က လုပ်ကိုင်လျက်ရှိကြပါသည်။

နိုင်ငံတော်သမ္မတကြီးခင်ဗျား

အဆိုပါ လက်ပံတောင်းကြေးနီလုပ်ငန်းသည် အနီးတစ်ဝိုက်ရှိ ကျေးရွာ (၂၆) ရွာတို့အတွက် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးနစ်နာမှုများ ဖြစ်စေလျက် ထိုရပ်သူရွာသားတို့၏ အသက်မွေးဝမ်းကျောင်းကိစ္စနှင့် ကျန်းမာရေး၊ လူမှုရေးစသော ကိစ္စအဝဝတွင် ဒုက္ခတောင်ထုရောက်ရှိစေပြီဖြစ်၍ ကျေးရွာလူထုများက လက်ပံတောင်းတောင် ကြေးနီလုပ်ငန်းကို အလျင်အမြန် လုံးဝဖျက်သိမ်းပေးရန် အဆက်မပြတ် အချိန်မလပ် စိတ်ရောကိုယ်ပါ ကန့်ကွက်ဆန္ဒပြလျက်ရှိကြပါသည်။

ကျွန်တော်တို့ မုံရွာမြို့သူမြို့သားများအတွက်ကား လက်ပံတောင်းတောင်သည် သဘာဝ၏တန်ဖိုးမြင့်မားလှသော လက်ဆောင်ဖြစ်ပြီး မုံရွာမြို့၏ အလှဆုံးရှုခင်းသာ ရတနာဖြစ်ပါသည်။ ကျွန်တော်တို့သည် ဤလက်ပံတောင်းတောင်ကို တစ်စတစ်ဖွဲ့မျှ အဆုံးရှုံးမခံနိုင်ပါ။ ဤတောင်ရှိ ကြေးနီလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



မည်သူလုပ်သည်ပင်ဖြစ်စေ ခွင့်မပြုနိုင်ပါ။ ကျွန်တော်တို့ဆန္ဒမှာ ဤတောင်ကြီး ဖျက်စီးပျောက်ကွယ်မသွားစေလိုခြင်း ဖြစ်ပါသည်။ တောင်လုံးပကာတိဆက်လက်တည်ရှိနေစေချင်ပါသည်။ ဤသို့သောတောင်ကြီးကို ပိုက်ဆံကြေးငွေနှင့်လည်း မလဲနိုင်ပါ။ ရွှေနှင့်လည်း မလဲနိုင်ပါ။ ဖွံ့ဖြိုးတိုးတက်မှုနှင့်လည်း မလဲနိုင်ပါ။ ယခုကြေးနီလုပ်ငန်းသည် မုံရွာလူထုထံမှ သူတို့အမြတ်နိုးဆုံးရတနာကို လုယူဖျက်ဆီးနေခြင်းဖြစ်ပါသည်။

နိုင်ငံတော်သမ္မတကြီးခင်ဗျား

မုံရွာဒေသတစ်ဝိုက် နေထိုင်ကြသော ပြည်သူလူထုများ၏ ရုပ်ဝတ္ထုအကျိုးစီးပွား၊ စိတ်ပိုင်းဆိုင်ရာ အကျိုးစီးပွား၊ သံယောဇဉ်တရားများကို အလေးအနက်စဉ်းစား၍ လက်ပံတောင်းတောင် ကြေးနီလုပ်ငန်းကို လုံးဝနှင့်အလျင်အမြန် ဖျက်သိမ်းသွားစေရန် ကူညီဆောင်ရွက်ပေးလိမ့်မည်ဟု ကျွန်တော်တို့ မျှော်လင့်ပါသည်။

နိုင်ငံတော်သမ္မတကြီးခင်ဗျား

ကျွန်တော်တို့သည် မြန်မာပြည်သူတို့နှင့် တရုတ်ပြည်သူတို့၏ မိတ်ဆွေဖြစ်မှုကို တန်ဖိုးထားပါသည်။ လေးစားအပ်သော နိုင်ငံတော်သမ္မတကြီး အနေဖြင့်လည်း အလားတူသဘောထား၍ ထိုစိတ်ဓာတ်နှင့်အညီ ဆောင်ရွက်လိမ့်မည်ဟု ယုံကြည်ပါသည်။ ကျွန်တော်တို့ နှစ်နိုင်ငံပြည်သူတို့၏ ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှုသည် လူမျိုးဆက်တစ်ဆက်ပြီး တစ်ဆက် အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် နှစ်ဖက်လုံးမှ အလေးအနက်ထားကြိုးစားသွားကြလိမ့်မည်ဟု ယုံကြည်ပါသည်။

လေးစားစွာဖြင့်
( မြင့်အောင် )
အတွင်းရေးမှူး
လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီ၊ မုံရွာမြို့

မိတ္တူကို - (၁) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
(၂) ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
(၃) တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ရန်ကုန်မြို့။
(၄) မျှော





To
The President
People's Republic of China
From
Save the Letbadaung Committee
Monywa, MYANMAR.

Dated December 7, 2012

Respected President,

We are a little committee of the townspeople of Monywa, a town in the northwest of Myanmar.

Opposite our town, which stands on the bank of the river Chindwin, is a small mountain called Letbadaung. Now a copper mine project has begun its operations at Letbadaung mountain. The copper mines are run by the Union Myanmar Economic Holdings Ltd and Myanmar Wanbao Copper Mining Company of China (said to be based in Hong Kong, and alleged to be a subsidiary of Norinco).

Mr. President,

This copper mine at Letbadaung has caused a lot of environmental problems among some 26 villages there giving people mountains of trouble in their livelihood, health and other social spheres. The folks there have raised vehement and persistent protests against the mine demanding an immediate and complete shut down.

We, the people of Monywa, value Letbadaung as the most precious gift of nature and as the most beautiful scenic spot of our town. We can't lose Letbadaung mountain in its entity. We don't want any mining project there whoever may run it. We don't want the mountain to get destroyed



www.burmeseclassic.com

www.burmeseclassic.com



We want always to have it as it is. We can't exchange our beautiful mountain for money or gold or development. The copper mines rob the people of Monywa of their most treasured jewel.

Mr. President,

It is our most earnest request to you to consider the material, spiritual and sentimental interests of the people of Monywa area and kindly have the mining works shut down altogether and immediately.

Mr. President,

We value friendship between the people of Myanmar and China and hope you have the same heart and act in that spirit. Our Paukphaw friendship should last for generations and generations. We believe that both sides should work [illegible]usly towards that direction.

Yours sincerely,
(Myint Aung)
Secretary
Save the Letbadaung Committee, Monywa

Copies to

1. The president, Republic of the union of Myanmar
2. The Chief Minister, Sagaing Region
3. The Embassy of the People's Republic of China, Yangon
4. O.C.

BURMESE CLASSIC .com



www.burmeseclassic.com